http://www.dhammadownload.com

ချမ်းမြေ့ဆရာတော်

နှစ်ဆယ့်နှစ်ကြိမ်မြောက် ဓမ္မခရီး

ကိုရီးယား၊ ဂျပန်၊ နယူးဇီလန်

ကိုရီးယား၊ ဂျပန်၊ နယူးဇီလန် ▸ မောင်ဇော်လင်း

eo8'.

# ချမ်းမြေ့ဆရာတော်

## နှစ်ဆယ့်နှစ်ကြိမ်မြောက် ဓမ္မခရီး

# ကိုရီးယား၊ ဂျပန် နယူးဇီလန်

မောင်ဇော်လင်း

မှတ်တမ်းတင်သည်

GRAPHIC NAY MIN AUNG 09 1336 1597

http://www.dhammadownload.com

# ချမ်းမြေ့ဆရာတော်၏

# နှစ်ဆယ့်နှစ်ကြိမ်မြောက် ဓမ္မခရီး

## ကိုရီးယား ဂျပန် နယူးဇီလန်

မောင်ဖော်လင်း မှတ်တမ်းတင်သည်

သာသနာနှစ် ၂၅၅၀ ပြည့်

မြန်မာနှစ် ၁၃၆၈ ခုနှစ်၊ နတ်တော်လ

ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် ◉ ၃၂၀၀၅၉၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◉ ၃၂၀၁၆၇၀၃၀၇
ထုတ်ဝေသည့်အကြိမ် ◉ ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ မေလ
ထုတ်ဝေသည့်အုပ်ရေ ◉ ၂၀၀၀
ထုတ်ဝေသူ ◉ ဒေါ်ပိုင်းသဖင်
အောင်ပိုင်မင်းစာပေ၊
အမှတ်-၂၂၂၊ စက်ရုံလမ်း၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ◉ ဦးတင်အောင်ကျော် (မြ-၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊
အမှတ်-၈၇၊ ၅၆-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ◉ ဦးအောင်သိန်း
ဓမ္မဒေသနာပြန့်ပွားရေး အဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာကျောင်း
၅၅(က) ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၆၆၁ ၄၇၉၉၊ ၆၅၂ ၅၈၅
Fax : ၆၆၇ ၀၅၀
Email : chanmyay@mptmail.net.mm
Website : www.chanmyay.org

http://www.dhammadownload.com



နယူးဇီလန်ပင်လယ်ပြင်၌ တွေ့မြင်ရသော ဝေလငါးများ

http://www.dhammadownload.com



မောင့်ရှုပေဟူးရေခဲတောင်



တိုကျိုမြို့ ဂျပန်တရားပွဲ

http://www.dhammadownload.com





ဂျပန်နိုင်ငံတိုကျိုမြို့ မြန်မာတရားပွဲ

http://www.dhammadownload.com



ဖေဖေါ်ဝါရီလ၌ နှင်းများကျပြီးစအချိန်

http://www.dhammadownload.com



နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့ ဗောဓိဉာနာရာမကျောင်း၌ ရဟန်းပြုပွဲ

http://www.dhammadownload.com



အိုတာကီ တရားစခန်း၌ ယောဂီများနှင့်အတူ

http://www.dhammadownload.com

http://www.dhammadownload.com



နယူးဇီလန်၊ ဝယ်လင်တန်မြို့
ပါလီမန်အဆောက်အအုံ (ဘီးဟိုက်ပျားအုံပုံ)




ဂျပန်ပြည် ယာမနရှိ တရားစခန်းအပြီး

http://www.dhammadownload.com

http://www.dhammadownload.com



ဂျပန်ပြည် ယာမနရှိ တရားစခန်း

http://www.dhammadownload.com




ဂျပန်ပြည်၊ အုရှိခုမြို့ အုရှိခု ရပ်တော်မူကြေးဆင်းတုတော်ကြီး



ကိုရီးယားနိုင်ငံ ဗုဒ္ဓနေ့ပူဇော်ပွဲအခမ်းအနား

http://www.dhammadownload.com




ကိုရီးယားနိုင်ငံ ဗုဒ္ဓနေ့ပူဇော်ပွဲအခမ်းအနား

http://www.dhammadownload.com

http://www.dhammadownload.com



ကိုရီးယားနိုင်ငံ ဗုဒ္ဓနေ့ပူဇော်ပွဲအခမ်းအနား



ဆိုးမြို့တော်ရှိ ဘုန်းအွန်ဆာ ဘုရားကျောင်းတော်မှ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီးရှေ့ ကျောင်းသား/သူများ ကခုန်နေကြပုံ

http://www.dhammadownload.com



တောင်ကိုရီးယားနိုင်ငံ၊ ဆိုး(လ်)မြို့ ဘုံအွန်ဆာတရားစခန်း ယောဂီများ စင်္ကြံလျှောက် အားထုတ်ကြစဉ်

http://www.dhammadownload.com

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ◉ ၃၂၀၀၅၉၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◉ ၃၂၀၁၆၇၀၃၀၇

ထုတ်ဝေသည့်အကြိမ် ◉ ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ မေလ

ထုတ်ဝေသည့်အုပ်ရေ ◉ ၂၀၀၀

ထုတ်ဝေသူ ◉ ဒေါ်ပိုင်းသဖင်
အောင်ပိုင်မင်းစာပေ၊
အမှတ်-၂၂၂၊ စက်ရုံလမ်း၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ◉ ဦးတင်အောင်ကျော် (မြဲ-၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊
အမှတ်-၈၇၊ ၅၆-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ◉ ဦးအောင်သိန်း
ဓမ္မဒေသနာပြန့်ပွားရေး အဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာကျောင်း
၅၅(က) ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၆၆၁ ၄၇၉၉၊ ၆၅၂ ၁၈၅
Fax : ၆၆၇ ၀၅၀
Email : chanmyay@mptmail.net.mm
Website : www.chanmyay.org

http://www.dhammadownload.com



# မာတိကာ


| | |
|---|---|
| အမှာအထား | ဈ |
| **တောင်ကိုရီးယားနိုင်ငံ** | ၁ |
| တောင်ကိုရီးယားသို့ | ၃ |
| မြန်မာလူငယ်တယောက်အတွက် | ၄ |
| စနစ်တကျ ဦးချတတ်အောင် | ၆ |
| ဘာလို့ကပ်ရသလဲ | ၈ |
| လိုတေဖေါ်ခ်ပြတိုက် | ၁၀ |
| တဲရားအားထုတ်သူ ငါးနင့်တူရမည် | ၁၃ |
| ဘုရင့်ညီလာခံ | ၁၅ |
| ရှေးနန်းတော် | ၁၇ |
| ဖွံ့ဖြိုးတိုးတက်လာခဲ့သော ယဉ်ကျေးမှု | ၁၈ |
| နမ်ဆမ်မျှော်စင် | ၂၀ |
| သွင်းကုန်နည်းစေ ပို့ကုန်ကဲစေ | ၂၂ |
| တိုင်းပြည်အတွက် အဆင်သင့် | ၂၄ |
| မြေအောက်ဈေးကြီးများ | ၂၆ |
| လိုတေကုန်တိုက် | ၂၇ |
| အလုပ်လက်မဲ့ပြဿနာ | ၂၈ |
| ဘီဘင်ပတ် | ၃၀ |
| ကင်(မ်)ချီ | ၃၁ |

http://www.dhammadownload.com



ကလေးများနေ့ ၃၂
အိုလံပစ်အားကစားကွင်း ၃၅
ဆိုးလ်မျှော်စင် ၃၆
တရားစခန်းသို့ ၃၈
တရားစခန်း ၃၉
မြန်မာကြေးစည်နှင့် မခေမာ ၄၁
ဘာသာစကား အတားအဆီး ၄၂
ထင်ရှူးစေ့ဆန်ပြုတ်နှင့် ကိုရီးယားကော်ဖီ ၄၄
ယော်ဂီမုကော် ၄၆
ပီတိမျက်ရည် ၄၇
မြေအောက်ရထား ၄၉
အတုယူသင့်သော လမ်းညွှန်စနစ် ၄၉
ကိုရီးယားမှာ ပစ္စည်းပျောက်မှုမရှိ ၅၁
ကျေးဇူးသိသူ ၅၂
ပဋိသန္ထာရ လွန်ကြွယ်ဝ ၅၃
ကြာဆီးနားမိချို ၅၄
ဆိုးလ်မြို့တရားပွဲ ၅၅
စည်ကားလှသော ဗုဒ္ဓနေ့ပူဇော်ပွဲ ၅၇
စခန်းသိမ်း ၆၄
ကံကောင်းတယ် ၆၅
ပူဆန် ဆိပ်ကမ်းမြို့တော် ၆၆
ပူဆန်တရားပွဲ ၆၈

http://www.dhammadownload.com




| | |
|---|---|
| ပူဆန်ကမ်းရိုးတန်း | ၇၁ |
| ပင်လယ်စာနေ့ဆွမ်း | ၇၄ |
| အပန်းဖြေကမ်းခြေ | ၇၆ |
| ကိုရီးယားမှာ ချမ်းမြေ့ရိပ်သာတဲ့ | ၇၆ |
| ဆိုးလ်မြို့ပြတိုက် | ၇၉ |
| ရှင်းကို တီထွင်သူ | ၈၂ |
| ရှင်ပြုပွဲအတွက် ပြင်ကြဆင်ကြ | ၈၅ |
| ကိုရီးယား၌ ရှင်ပြုပွဲ | ၈၇ |
| ဆိုးလ်မြို့ရှိ မြန်မာဆင်းတုတော် | ၈၈ |
| ဆိုးလ်မှ တိုကျိုသို့ | ၉၀ |
| | |
| **ဂျပန်နိုင်ငံ** | ၉၁ |
| ဂျပန်နိုင်ငံသို့ | ၉၁ |
| အန်တီနီနှင့် မထွေးထွေးဆိုင် | ၉၂ |
| ယာမနရှိ တရားစခန်း | ၉၄ |
| ဂျပန် ဟိုက်ဝေးလမ်းမကြီးများ | ၉၄ |
| ဖူဂျီယာမ | ၉၆ |
| ဂျပန်ဘုန်းကြီးကျောင်းနှင့် ဂျပန်ဘုန်းကြီး | ၉၇ |
| ယာမနရှိတရားစခန်း | ၉၈ |
| ကုန်တိုက်ကြီးများနှင့် ကြော်ငြာတီဗွီ | ၉၉ |
| မဂ္ဂဇင်းတအုပ် ရှစ်ဒေါ်လာ | ၁၀၀ |
| အာခီဟာဘရ | |

http://www.dhammadownload.com




ရုပ်ဝတ္ထုတိုးတက်လို့ စိတ်လိုက်မမီ ၁၀၃
ဘုန်းကြီးဦးကိတ္တိဓဇ ၁၀၅
တိုကျိုတခွင် ၁၀၇
လက်ကိုင်ဖုန်းတွေ ဈေးပေါလှ ၁၀၇
အပန်ဖြေနည်း တမျိုး ၁၈
အလုပ် မလုပ်ချင်သူများ ၁၀၉
အလုပ် လုပ်ချင်သူများ ၁၁၀
ကိုယ်ပိုင်လုပ်ငန်းရှင် မြန်မာများ ၁၁၁
မြန်မာစာနယ်ဇင်းများ ၁၁၂
ပြုံးရသည့် မြန်မာကာတွန်း ၁၁၃
စံပြ ဂျပန်ရဲများ ၁၁၄
ကောင်းလိုက်သည့် ရထားစနစ် ၁၁၅
ဂျပန်တက္ကစီ ၁၁၆
မြန်မာတရားပွဲ ၁၁၈
ဂျပန်တရားပွဲ ၁၁၉
ကမ္ဘာ့အမြင့်ဆုံး ကြေးဆင်းတုတော် ၁၂၀
အူရှိခုငါးရှဉ့် ၁၂၁
ဂျပန်ကျောင်းမှ မြန်မာစေတီတော် ၁၂၄
တိုကျိုမျှော်စင် ၁၂၄
ကမ္ဘာကျော် ကမာကုရ ၁၂၅
ရှိုးဂွန်း၊ ဆာမူရိုင်းနှင့် ယာကူဇာ ၁၂၆
ကမာကုရဘုရားသမိုင်း ၁၂၈

http://www.dhammadownload.com




| | |
|---|---|
| ဆင်းတုတော်ကြီး၏ အတိုင်းအတာများ | ၁၂၉ |
| ယိုကိုဟားမား ရေသတ္တဝါပြတိုက် | ၁၃၀ |
| သရဲအချောက် ခံခဲ့ရခြင်း | ၁၃၃ |
| ယိုကိုဟားမားကမ်းခြေ | ၁၃၄ |
| တိုကျိုဘုရားကြီး | ၁၃၅ |
| ဂျပန်ရုပ်ရှင်ရုံ | ၁၃၆ |
| တိုကျိုတရားပွဲ | ၁၃၇ |
| ဖူဂျီယာမ | ၁၄၀ |
| ဆဖာရီတိရစ္ဆာန်ဥယျာဉ် | ၁၄၁ |
| အဆာဟိပုံပြင် | ၁၄၄ |
| ဆုစုမိ မိသားစု | ၁၄၅ |
| ကမ္ဘာ့အချမ်းသာဆုံး မိသားစု | ၁၄၇ |
| ယိုကိုဟားမား | ၁၄၇ |
| တရုတ်မြို့ | ၁၅၁ |
| ကားပြိုင်ပွဲ | ၁၅၂ |
| အိုဆာကာသို့ | ၁၅၃ |
| **နယူးဇီလန်နိုင်ငံ** | ၁၅၇ |
| နယူးဇီလန်နိုင်ငံသို့ | ၁၅၇ |
| မိုးထိမျှော်စင် | ၁၅၉ |
| အောက္ကလန်၏ ဆည်းဆာအလှ | ၁၆၁ |
| ဆွမ်းကပ်လိုသူများ | ၁၆၃ |

http://www.dhammadownload.com




| | |
|---|---|
| ကိဝိနိုင်ငံ | ၁၇၁ |
| အိမ်ကို ကားပေါ်တင်ရွှေ့ | ၁၇၄ |
| ည တရားပွဲ | ၁၇၅ |
| ပင်လယ်ကမ်းခြေ | ၁၇၇ |
| ဒုတိယ တရားပွဲ | ၁၇၈ |
| ရိုပေဟူး ရေခဲတောင် | ၁၇၉ |
| ရောင်တောက်ပိုးကောင် ဂူ | ၁၈၁ |
| ရိုပေဟူး မီးတောင် | ၁၈၃ |
| တာပိုရေကန်ကြီး | ၁၈၅ |
| မာအိုရီများ | ၁၈၈ |
| နယူးဇီလန်တိုင်းရင်းသား | ၁၈၉ |
| ဥရောပတိုက်သားများ စတင်ရောက်ချိန် | ၁၉၁ |
| ကပ္ပတိန် ကွတ် | ၁၉၂ |
| သူတို့ လာကုန်ကြပြီ | ၁၉၃ |
| ကိုလိုနီ နယ်ချဲ့သမားများ | ၁၉၄ |
| အသက်ပေါင်းများစွာ စတေးရသည် | ၁၉၅ |
| မာအိုရီသန့်သန့် နေရာ | ၁၉၆ |
| သိုးပြပွဲ | ၁၉၈ |
| ပါမာစတန်နော့(သ်)မြို့ | ၂၀၄ |
| အိုတာကီ တရားစခန်း | ၂၀၆ |
| ယောဂီကျောင်းဆောင်အလှူ | ၂၀၈ |
| သဘာဝ၏ အလှနှင့် အန္တရာယ် | ၂၀၈ |

http://www.dhammadownload.com




| | |
|---|---|
| ပြတ်ရွှေ့အန္တရာယ် | ၂၀၉ |
| ပါလီမန်နှင့် ဘီးဟိုက် | ၂၁၀ |
| ပြည်သူ့ဆန္ဒ လေးစားရ | ၂၁၁ |
| ပြည်သူ့ ဝေဖန်သံ | ၂၁၂ |
| မြို့တော်ဝန်လည်း ဒဏ်ငွေဆောင် | ၂၁၄ |
| ဥပဒေကို လက်တလုံးခြားလုပ်သူ | ၂၁၅ |
| ကားနံပါတ်များ | ၂၁၇ |
| မီးပွိုင့်များ | ၂၁၉ |
| မီးပွိုင့်ကြောင့် လှသူများ | ၂၁၉ |
| စာဖတ်နှုန်း | ၂၂၀ |
| မင်းတုန်းမင်းစကား မှတ်သားစရာ | ၂၂၁ |
| နယူးဇီလန် ပညာရေး | ၂၂၂ |
| အကျိုးအမြတ် | ၂၂၃ |
| နယူးဇီလန်မှ ရွှေတိဂုံစေတီတော် | ၂၂၅ |
| တောပပြတိုက် | ၂၂၆ |

http://www.dhammadownload.com



# ချမ်းမြေ့ဆရာတော်ဘုရား၏
# ၂၂ ကြိမ်မြောက် ဓမ္မခရီး

## အမှာအထား

ကျွန်တော်သည် စာဖတ်ဝါသနာပါသူသာ ဖြစ်ပါသည်။ စာရေးတော့ ဝါသနာမရှိပါ။ သို့သော်လည်း ဆရာတော်ဘုရား၏ နောက်ပါးမှ ဓမ္မခရီးတလျှောက် ဝေယျာဝစ္စကုသိုလ် ယူရင်း ပြည်ပနိုင်ငံများသို့ ရောက်ရသောအခါ မှတ်တမ်းမှတ်ရာ ရေးသားလိုသောစိတ် ဖြစ်ပေါ်လာပါသည်။ သို့ဖြင့် ဤဓမ္မခရီးမှတ်တမ်းကို စိတ်ဝင်တစား ရေးသားမိပါတော့သည်။ ရေးတတ်၍ ရေးခြင်းမဟုတ်ပါ။ ရေးလိုသောစိတ်က လှုံ့ဆော်ခြင်းကြောင့်သာ ရေးမိခြင်း ဖြစ်ပါသည်။

ဤမှတ်တမ်းကို ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် အစပိုင်းလောက်မှာ ကျွန်တော် ရေးပြီးပါသည်။ သို့သော်လည်း ဆရာတော်ဘုရား ဖတ်ရှုစစ်ဆေး မပြီးဘဲ စာအုပ်အဖြစ် ပုံနှိပ်စေရန် ကျွန်တော်မဝံ့ပါ။ အမှားအယွင်း ပါမှာ စိုးပါသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကလည်း အလုပ်အလွန် များလှပါသည်။ နှစ်စဉ် ပြည်တွင်း၌ သုံးလေးလလောက်သာ သီတင်းသုံးရ၍ ရှစ်လကျော်ကျော် ပြည်ပဓမ္မခရီး ကြွနေရပါသည်။ ပြည်တွင်း၌ ရှိသည့်အခါလည်း ချမ်းမြေ့ရိပ်သာခွဲ လေးငါးခု ကိစ္စများဖြင့် အလုပ်များလှပါသည်။ သို့ဖြစ်၍ ကျွန်တော်၏ မှတ်တမ်းစာမူကို စစ်ဆေးပေးရန် အချိန်မရနိုင်ဘဲ ရှိနေပါသည်။ ဆရာတော်ဘုရားသည် ယခု ၂၀၀၅ – ၂၀၀၆ ခုနှစ်၊ ၃၅ ကြိမ်မြောက် ဓမ္မခရီး ကြွမှပင် ခရီးသွားရင်း စာမူကို စစ်ဆေးပြီးပါသည်။

ယခုမှပင် ချမ်းမြေ့ထုံးစံအတိုင်း စာမူကို ဓမ္မဒေသနာပြန့်ပွါးရေးအဖွဲ့သို့ အပ်နိုင်ပါတော့သည်။ ဓမ္မဒေသနာပြန့်ပွါးရေးအဖွဲ့၏ ကျေးဇူးကြောင့် ယခု စာအုပ်အဖြစ်သို့ ရောက်၍ စာဖတ်သူ၏ ရှေ့မှောက်သို့ ရောက်နေပါပြီ။

အားလုံးသတ္တဝါတွေ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
လိုအင်ဆန္ဒ မှန်သမျှ ပြည့်ဝကြပါစေ။

**မောင်ဓော်လင်း**

**၁၈ ၊ ၁၂ ၊ ၀၆**

http://www.dhammadownload.com

http://www.dhammadownload.com



## ချမ်းမြေ့ဆရာတော်ဘုရား၏
## နှစ်ဆယ့်နှစ်ကြိမ်မြောက် ဓမ္မခရီး

# တောင်ကိုရီးယားနိုင်ငံ

### ၁၉၉၉ ခုနှစ်၊ မေလ ၁ ရက်မှ ၂၃ ရက်အထိ

ချမ်းမြေ့ ဆရာတော်ဘုရားသည် ၂၂ ကြိမ်မြောက် ပြည်ပ ဓမ္မခရီးအဖြစ် တောင်ကိုရီးယား၊ ဂျပန်နှင့် နယူးဇီလန် နိုင်ငံများသို့ တရားဟော၊ တရားပြ ကြွရောက်သောအခါ ဆရာတော်ဘုရား၏ ဝေယျာဝစ္စ အဝဝကို ဆောင်ရွက်ပေးရန် နောက်ပါ ကပ္ပိယအဖြစ် ကျွန်တော် လိုက်ပါခွင့် ရခဲ့ပါသည်။ ဆရာတော်ဘုရားသည် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဟူသော သာသနာသုံးရပ် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နေသော သာသနာ့ဝန်ဆောင် ဆရာတော်တပါး ဖြစ်ပါသည်။ ပြည်တွင်း၌ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့

http://www.dhammadownload.com



ရိပ်သာကျောင်း၌ သီတင်းသုံးတော်မူလျက် ဝိပဿနာ တရားများကို ဟောပြော ပြသလျက် ရှိပါသည်။

မော်တီချမ်းမြေ့ရိပ်သာ ကျောင်းခွဲသို့လည်း သီတင်း တစ်ပတ်လျှင် နှစ်ကြိမ် ကြွရောက်၍ နိုင်ငံခြားသား ယောဂီများအား ဝိပဿနာတရား ဟောပြောပြသပါသည်။ အခါ အားလျော်စွာ ပင့်ဖိတ်သော အခြားမြို့များရှိ ရိပ်သာ ခွဲများ၊ တရားစခန်းများသို့ ကြွရောက်၍လည်း တရားဟော၊ တရားပြရပါသည်။

ထို့ပြင် ပြည်ပရှိ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော နိုင်ငံခြားသားများနှင့် ပြည်ပရောက် မြန်မာဒကာ၊ ဒကာမ များက ဆရာတော်ဘုရား၏ အဆုံးအမဩဝါဒနှင့် ဝိပဿနာ တရားကို နာယူ ကျင့်ကြံလိုကြ၍ ပြင်းပြသော ဆန္ဒဖြင့် ပင့်ဖိတ်ကြရာ ဆရာတော်ဘုရားသည် တနှစ်လျှင် နှစ်ကြိမ် ပြည်ပသို့ ဓမ္မခရီး ကြွရောက်၍ ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင် ပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိပါသည်။

နှစ်စဉ် ဧပြီလ တတိယပတ်မှ ဂျူလိုင်လကုန်အထိ တကြိမ်၊ နိုဝင်ဘာလ တတိယပတ်မှ နောက်နှစ် မတ်လ တတိယပတ်အထိ တကြိမ် ပြည်ပဓမ္မခရီး ကြွရပါသည်။

ထိုကဲ့သို့ သာသနာ့တာဝန်ကို စွမ်းနိုင်သမျှ ထမ်းဆောင်နေသော ဆရာတော်ဘုရား၏ သာသနာပြု လုပ်ငန်းများတွင် သာသနာပြု ပါရမီဖြည့်ဘက်အဖြစ်

http://www.dhammadownload.com



ဆရာတော်ဘုရား၏ ဝေယျာဝစ္စများကို လိုက်ပါ ဆောင်ရွက်ခွင့် ရသောကြောင့် ကျွန်တော့်မှာ အလွန်ပင် ဝမ်းသာပီတိ ဖြစ်မိပါသည်။

## တောင်ကိုရီးယားသို့

ဆရာတော်ဘုရားသည် ကျွန်တော့်ကို ကပ္ပိယ အဖြစ် ခေါ်ဆောင်၍ **၁၉၉၉ ခုနှစ်၊ မေလ ၁ ရက်** နေ့တွင် ရန်ကုန်၊ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်း အင်တာနေရှင်နယ် လေယာဉ်ဖြင့် ထွက်ခဲ့၍ ထိုင်းနိုင်ငံ၊ ဗန်ကောက် လေဆိပ်၌ ကိုရီးယားအဲယားလိုင်း လေယာဉ်ကို ပြောင်းစီးပြီးလျှင် **တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်** (Seoul) မြို့သို့ ခရီးဆက်ခဲ့ရာ **ဆိုးလ်**မြို့ **အင်ချွန်း**လေဆိပ်သို့ **မေလ ၂ ရက်**နေ့ ကိုရီးယား စံတော်ချိန် နံနက် ၁၀ း၃၀ နာရီ ခန့်တွင် ဆိုက်ရောက်ကြပါသည်။ လေဆိပ်သို့ ကိုရီးယား ဘုန်းတော်ကြီး ဘိုချွန်း၊ မစ္စတာအိုးနှင့် ကိုရီးယား အမျိုးသမီး မခေမာတို့ လာရောက်ကြိုဆိုကြပါသည်။ ကိုရီးယား ဘုန်းတော်ကြီး ဘိုချွန်း၏ သတင်းပေးချက်အရ မြန်မာ လူငယ်များဖြစ်ကြသော ကိုထွန်းထွန်းလတ်နှင့် ကိုဉာဏ်ထွန်း တို့လည်း လေဆိပ်သို့ လာရောက်ကြိုဆို ကြပါသည်။

လေဆိပ်မှ ထွက်ခွါခဲ့၍ လေဆိပ်နှင့် အတော် လှမ်းလှမ်းတွင် ရှိသော ဆရာတော်ဘုရား၏ တပည့်

http://www.dhammadownload.com



ကိုရီးယားအမျိုးသမီးယောဂီ တယောက်က သူ၏အိမ်၌ နေ့ဆွမ်းဆက်ကပ်ပါသည်။ ဆွမ်းဒါယိကာမမှာ ချမ်းမြေ့ ရိပ်သာသို့ လာရောက် တရားအားထုတ်ဖူးသူ ကိုရီးယား အမျိုးသမီးယောဂီ ဖြစ်ပါသည်။

## မြန်မာလူငယ်တယောက်အတွက်

ဆွမ်းဘုဉ်းပေးပြီးသောအခါ မြန်မာလူငယ်တို့က သူတို့ သူငယ်ချင်းတယောက် ကွယ်လွန်သွားသည်မှာ ၇ ရက် ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရက်လည်ဆွမ်းသွတ်ပြီး ရေစက်ချ အမျှပေးဝေလိုကြောင်း ဆရာတော်ဘုရားကို လျှောက်ထားကြပါသည်။ သူတို့စိတ်ထဲ၌လည်း ဆရာတော် ဘုရား ခရီးပန်းလာသောကြောင့် အတော် အားနာနေပုံ ပေါ်ပါသည်။

သို့သော် ဆရာတော်ဘုရားသည် ကိုရီးယားတွင် သံဃာရတနာ မွတ်သိပ်နေကြသော မြန်မာ လူငယ်တို့၏ ဆန္ဒကို ဖြည့်ဆည်းပေးသောအားဖြင့် သေဆုံးသူ မြန်မာ လူငယ်အတွက် ရေစက်ချပေးမည်ဖြစ်ကြောင်း ပြန်လည် မိန့်ကြားလိုက်သောအခါ သူတို့၏မျက်နှာတွင် အတိုင်းမသိ ဝမ်းမြောက်သော လက္ခဏာများ ထင်ဟပ်လာပါသည်။

ထို့နောက် သူတို့၏ မြန်မာသူငယ်ချင်းများထံသို့ ချမ်းမြေ့ဆရာတော်ဘုရားကြီး ကြွလာမည်ဖြစ်၍ နေရာ

http://www.dhammadownload.com



ထိုင်ခင်း အသင့်ပြင်ထားကြရန် ဖုန်းဆက် အကြောင်းကြား ကြပါသည်။ ဆရာတော်ဘုရားသည် ဆွမ်းဘုဉ်းပေးပြီးလျှင် ခဏမျှပင် နားနေခြင်းမပြုဘဲ မြန်မာလူငယ်များ ပင့်ဖိတ်ရာသို့ ကြွရောက်ခဲ့ပါသည်။

တိုက်ခန်းသို့ ရောက်သောအခါ လူ ၁၃ ယောက် နေသော တိုက်ခန်းတွင် မြန်မာလူငယ်ပေါင်း သုံးဆယ်ထက် မနည်း တစုတဝေးတည်း ထိုင်စောင့်နေသည်ကို တွေ့ရပါသည်။ ဤမျှသော အချိန်ကလေးအတွင်း လူပေါင်း သုံးဆယ်ကျော် လာရောက်၍ စုဝေးနိုင်ခြင်းမှာ မြန်မာလူငယ်တို့ သံဃာရတနာ အဘယ်မျှ တောင်းတနေကြကြောင်း သိသာပါသည်။

သေဆုံးသူအား ရေစက်ချ အမျှပေးဝေပြီးသောအခါ ဆရာတော်ဘုရား ခေတ္တ သီတင်းသုံးမည့် ဆိုးလ်မြို့ရှိ **မုံဝင်ဆာ**ကျောင်းသို့ ကြွရာတွင် မြန်မာလူငယ်များက ဆရာတော်ဘုရား ကားပေါ်ရောက်သည် အထိ လိုက်ပါပို့ဆောင်၍ ပြန်ခါနီး ရှိခိုးကန်တော့ကြပါသည်။

နောက်နေ့များတွင်လည်း **မုံဝင်ဆာ** ကျောင်းသို့ မြန်မာ အမျိုးသားများရော အမျိုးသမီးများပါ တသုတ်ပြီး တသုတ် လာရောက်ကြကာ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော် ကန်တော့ကြပါသည်။ ကိုရီးယားနိုင်ငံတွင် မြန်မာလူမျိုး

http://www.dhammadownload.com



ဦးရေ ၄၀၀၀ ခန့် ရှိကြောင်း၊ အမျိုးသမီး ၁၀ ယောက်ခန့် မှတပါး ကျန်လူများမှာ အမျိုးသားများ ဖြစ်ကြောင်း သိရပါသည်။

**စနစ်တကျ ဦးချတတ်အောင်**

မေလ ၃ ရက်နေ့ နံနက်တွင် ဆရာတော်သည် **မုံဝင်ဆာ**ကျောင်း၌ပင် သီတင်းသုံးလျက် အနားယူပါသည်။ အရဏ်ဆွမ်း လာကပ်သူများမှာ ကိုရီးယား လူမျိုးများဖြစ်ပြီး ဆွမ်းကပ်ချင်သူ များနေသောကြောင့် ဆရာတော်ဘုရား ကိုရီးယားနိုင်ငံတွင် သီတင်းသုံးနေစဉ် အတောအတွင်း လှူစေ့လက်စေ့ ဆွမ်းကပ်နိုင်ရန် ဆွမ်းအလှူရှင် နှစ်ဦး သို့မဟုတ် သုံးဦး ပေါင်းပေးထားရကြောင်း ကိုရီးယား ဘုန်းတော်ကြီးက ပြော၍ သိရပါသည်။

ထေရဝါဒ ရဟန်းတော်များ၏ ဝိနည်းစည်းမျဉ်း အတိုင်း ဆရာတော်ဘုရားအား စားပွဲခုံမြှောက်၍ ဆွမ်းကပ် ရသောအခါ ကိုရီးယားတို့အနေဖြင့် အထူးအဆန်းဖြစ်နေ ပါသည်။ ဝမ်းသာနေကြပုံလည်း ပေါ်ပါသည်။

ဆွမ်းဆက်ကပ်ပြီးသောအခါ ဦးချပုံချနည်းကို ကိုရီးယားလူမျိုး မခေမာက သေချာကျနစွာ သင်ပေးပါ သည်။ **နဖူး ဒူး လက်၊ မြေထက်တည်ငြား၊ တည်ခြင်းငါး၊ ဝပ်တွားရှိခိုးလေ** ဟူသော ဆောင်ပုဒ်နှင့်အညီ နဖူး၊ ဒူးနှစ်

http://www.dhammadownload.com



ဘက်၊ လက်နှစ်ဘက်ကို မြေပေါ်၊ သို့မဟုတ် ကြမ်းပေါ်၌ တည်စေ၍ (ပဉ္စ ပတိဋ္ဌိတ) တည်ခြင်းငါးပါးဖြင့် ဦးချရပုံကို ရှင်းပြပါသည်။ ထို့နောက် ဆွမ်းလာကပ်သူများ ကိုယ်တိုင် ဦးချစေပါသည်။

**[ပဉ္စပတိဋ္ဌိတကို တချို့က ထိခြင်းငါးပါးဟု ဆိုကြပါသည်။ သို့သော်လည်း ပတိဋ္ဌိတ ဆိုသည်မှာ ထိခြင်း မဟုတ်၊ တည်ခြင်း ဖြစ်ကြောင်း ဆရာတော်များ မိန့်ကြားသည်ကို မှတ်သားရဘူးပါသည်။ ထို့ကြောင့် ပဉ္စပတိဋ္ဌိတ တည်ခြင်းငါးပါး ဟု ရေးလိုက်ပါသည်။]**

သူတို့ ကိုးကွယ်နေသော ကိုရီးယားဆရာတော် ကိုယ်တိုင်ကပင် ဆရာတော်ဘုရားကို ဦးချ၍ ရှေ့တွင် ကျုံ့ကျုံ့ထိုင်ကာ ဆရာတော်အား ဟင်းထည့်ပေးခြင်း၊ ရေနွေးကြမ်းပြင်ပေးခြင်းများ ပြုလုပ်လျက်ရှိရာ ကိုရီးယား ဒကာ၊ ဒကာမ တို့ အနေဖြင့် မြန်မာဆရာတော်ကို ကြည်ညို သဒ္ဓါအား ပိုမို ပွါးများနေကြပုံ ရပါသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုများ လှူဒါန်းကြပါသည်။ ထိုအခါ ဦးချသည်မှာ ပထမ တကြိမ်ကထက် ပို၍ ကျကျနန၊ လေးလေးစားစား၊ မြတ်မြတ်နိုးနိုး ဦးချသည်ကို တွေ့ရပါသည်။ တယောက်က အကြိမ်ကြိမ် ဦးချ ကန်တော့နေ၍ မခေမာက လက်ကုတ်ပြီး တော်လောက်ပြီဖြစ်ကြောင်း အချက်ပြသည်ကို တွေ့လိုက်ရ ပါသည်။ နောက်ပြီး သုံးကြိမ် ဦးချရမည်ဖြစ်ကြောင်း

http://www.dhammadownload.com



ဘုရား၊ တရား၊ သံဃာကို ရည်ညွှန်းခြင်း ဖြစ်ကြောင်း ပြောပြပုံရပါသည်။

ဆွမ်းဘုဉ်းပေးပြီး၍ ရေစက်ချ အမျှဝေသောအခါ ဆရာတော်ဘုရားက အင်္ဂလိပ်လိုပြောပြီး မခေမာက ကိုရီးယားဘာသာ ပြန်ဆို၍ ရှေ့ကတိုင်ပေးကာ အလှူရှင်များက နောက်က လိုက်ဆို၍ အမျှဝေ ရေစက်ချကြသည်။ သာဓုခေါ်ဆိုသော အခါ၌ကား ပါဠိလိုပင် **ဆာဓု၊ ဆာဓု၊ ဆာဓု** ဟု ပီပီသသ သာဓုခေါ်ဆိုကြပါသည်။

## ဘာလို့ ကပ်ရသလဲ

ထို့နောက် ကိုရီးယားဘုန်းတော်ကြီး ဘိုချွန်း၊ ကျွန်တော်နှင့် အလှူရှင်များ အတူတူ နံနက်စာ စားကြသည်။ ကိုရီးယားနိုင်ငံရှိ မဟာယာနဗုဒ္ဓဘာသာ၌ လူနှင့် ဘုန်းကြီး အတူတူစားသောက်ခြင်းမှာ အဆန်းမဟုတ်၊ အဆင်ပြေ သလို စားကြတယ်လို့ ဘိုချွန်းကပြောပါသည်။ နောက်ပြီး ထမင်းစားနေတုန်း စကားစမြည် ပြောဆိုကြရာမှာ ဘုန်းကြီး ဘိုချွန်းက စကားပြန်လုပ်ပေးပါသည်။

သူတို့က ဘာကြောင့် လက်နှစ်ဖက်ဖြင့် စားပွဲခုံ ကိုင်ပြီး ကပ်ရတာလဲ ဟု မေးကြပါသည်။ ဘိုချွန်းက မြန်မာပြည်တွင် **ဦးပညာသာရ** ဘွဲ့အမည်ဖြင့် ရဟန်းဝတ်ခဲ့ ဖူးသောကြောင့် သိပြီးဖြစ်သော်လည်း တိုက်ရိုက်မပြောဘဲ

http://www.dhammadownload.com



ကိုရီးယားဘာသာစကား မတတ်သူ ကျွန်တော့်ကို ယဉ်ကျေးမှုအရ အရင်မေးပြီးမှ ကျွန်တော့်အဖြေကို ကိုရီးယားဘာသာဖြင့် ပြန်ရှင်းပြပါသည်။ ကျွန်တော်ကလည်း ထေရဝါဒဘုန်းကြီးများ အကပ်ခံပြီးမှ အစားအစာ ဘုဉ်းပေးရကြောင်း၊ အကပ်မခံဘဲဘုဉ်းပေးလျှင် အပြစ် ဖြစ်ကြောင်း၊ ဒါဟာမြတ်စွာဘုရားရဲ့ ဝိနည်း စည်းကမ်းကို တိတိကျကျ လိုက်နာခြင်းဖြစ်ကြောင်း ပြန်ရှင်းပြရပါသည်။

ကျွန်တော်က ဆက်လက်ပြီး မြန်မာဘုန်းကြီးများ အိမ်ထောင်မပြုရပုံ၊ ညစာ မစားရပုံတို့ကို ပြောပြသောအခါ သူတို့ကလည်း သူတို့ ဘုန်းကြီးများလည်း အိမ်ထောင်မပြုကြကြောင်း ပြန်ပြောကြပါသည်။ အိမ်ထောင်ပြုလျှင်လည်း အိမ်ထောင်ပြုသော ဘုန်းကြီးကို သံဃာ့ အဖွဲ့အစည်းမှ ဝိုင်းပယ်ထားတတ်ကြ၍ အိမ်ထောင်ပြုသော မဟာယာနဘုန်းကြီး အလွန်ပင်နည်းကြောင်း ဆရာတော်ဘိုချွန်းက ပြန်ပြောပြပါသည်။

စင်စစ်မူ ကိုရီးယားဗုဒ္ဓဘာသာသည် မူလက ဘုန်းကြီးများ အိမ်ထောင်ပြုသော ဗုဒ္ဓဘာသာ မဟုတ်ပါ။ ၁၉၁၀ ခုနှစ်၌ ကိုရီးယားနိုင်ငံကို ဂျပန်တို့ တိုက်ခိုက်သိမ်းယူပြီးနောက် ဂျပန်ဗုဒ္ဓဘာသာ၏ ဩဇာအာဏာ တဖြည်းဖြည်း လွှမ်းမိုးလာသဖြင့် ဂျပန်ဘုန်းကြီးများ အိမ်ထောင်ပြုသော အစဉ်အလာပါ ကိုရီးယားဗုဒ္ဓဘာသာ အပေါ်သို့ လွှမ်းမိုး

http://www.dhammadownload.com



လာပါသည်။ ထိုအချိန်မှ စ၍ ကိုရီးယားဘုန်းကြီးတချို့ အိမ်ထောင်ပြုသော အစဉ်အလာ ပြန့်ပွါးလာပါသည်။ သို့သော် အချို့သော ကိုရီးယားဘုန်းကြီးများက အိမ်ထောင်ပြုသော အစဉ်အလာကို လက်မခံကြပါ။ သို့ဖြစ်၍ ကိုရီးယား ဗုဒ္ဓဘာသာ၌ ဘုန်းကြီးများ အိမ်ထောင်ပြုသောဂိုဏ်းနှင့် အိမ်ထောင်မပြုသောဂိုဏ်း ဟု နှစ်ဂိုဏ်းကွဲလျက် ရှိပါသည်။

အိမ်ထောင်ပြု, မပြု နှစ်ဂိုဏ်းကွဲ နေသော်လည်း ကိုရီးယားဘုန်းကြီးအားလုံး ညစာ စားရာမှာတော့ တူညီကြပါသည်။

ဦးချုပ်ကိုတော့ နေရာဌာနအလိုက် ဂါ၀ရပြုပုံ ကွဲပြားသွားတာပဲဟု နားလည်ထားပုံပေါ်ပါသည်။ ဘာမျှ မမေးကြပါ။ ဆွမ်းကပ်ပုံကိုတော့ အလှူရှင်များက မကြာခဏ မေးကြသောကြောင့် နောင်အခါများမှာ ဘိုချွန်းက ကျွန်တော့်အား ပြန်မေးမနေတော့ဘဲ တိုက်ရိုက်ပင် ဖြေကြားသွားပါသည်။

## လိုတေဖေါ့ခ်ပြတိုက်

ဆရာတော်ဘုရားသည် ဧည့်သည်များ လာရောက်ဖူးမြော်ချိန်၌ ဧည့်သည်များကို ဧည့်ခံ၍ ဧည့်သည်မရှိသည့် အချိန်များ၌ စာကြည့်နေတတ်ပါသည်။ နေ့ဆွမ်းဘုဉ်းပေး ပြီးသောအခါ ခဏနားနေ၍ ညနေ ၃ နာရီခန့်တွင် ဘိုချွန်း၊

http://www.dhammadownload.com



မစ္စတာအိုးနှင့် မခေမာတို့က ဆရာတော်ဘုရားကို ဆိုးလ်မြို့ အတွင်း လိုက်ပြလိုပါသည်ဟု လာရောက် ပင့်လျှောက်ကြ သောကြောင့် ၃ နာရီခွဲခန့်တွင် မြို့ထဲသို့ ထွက်လာခဲ့ကြ ပါသည်။ ကားကို မစ္စတာအိုးက မောင်းပါသည်။

မစ္စတာအိုးက "ဆရာတော်ဘုရား ဘယ်နေရာကို ကြွရောက်ချင်ပါသလဲ ဘုရား" ဟု လျှောက်ထားပါသည်။ ဆရာတော်ဘုရားက ဗဟုသုတရမည့် တနေရာရာကို ကြွချင်တယ်ဟု ပြောပါသည်။ ထို့ကြောင့် ဆရာတော်နှင့် ကျွန်တော်တို့အား လိုတေဖေါ့ခ် ( **LOTTE FOLK**)ပြတိုက်သို့ လိုက်ပို့ပါသည်။ ပြတိုက်အတွင်းသို့ စ,ဝင်တော့ ညနေ ၆ နာရီခန့် ရှိနေပြီဖြစ်သည်။

ဝင် ဝင်ချင်းပင် အဝင်ဝမှ လက်မှတ်ထုတ်ပေးသော အမျိုးသားက အထက်လူတယောက်ထံ သွားပြောပြီး ကျွန်တော်တို့အား မေတ္တာလက်ဆောင် ပြတိုက်ဝင်ခွင့် လက်မှတ်များ ထုတ်ပေးပါသည်။ ယင်းအမျိုးသားမှာ မဟာယာနဗုဒ္ဓဘာသာ ဖြစ်ပုံရပါသည်။ ဆရာတော် ကိုလည်း လက်အုပ်ချီ၊ ခါးကုန်း၊ ဦးညွှတ်၍ မဟာ ယာနပုံစံဖြင့် ကန်တော့လိုက်သေးသည်။ ဘုန်းတော်ကြီး ဘိုချွန်း၏ ပြောပြချက်အရ ကိုရီးယားနိုင်ငံတွင် ဗုဒ္ဓ ဘာသာဝင် အရေအတွက်မှာ တနိုင်ငံလုံး လူဦးရေ၏ သုံးပုံ တပုံခန့်သာ ရှိ၍ ကျန် နှစ်ပုံခန့်မှာ တာအိုဝါဒ၊

http://www.dhammadownload.com



ကွန်ဖြူးရှပ်ဝါဒနှင့် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြောင်း သိရသည်။

ပြတိုက်၏အလယ်တွင် ရေခဲပြင် ပြုလုပ်ထား၍ ရေခဲပြင်စကိတ်စီးသူ တဆယ်၊ ဆယ့်ငါးယောက်ခန့် တွေ့ရသည်။ ဘောပတ်ပတ်လည့် ဘဲဥပုံ စက်ဝိုင်းအတွင်း၌ ဖျော်ဖြေရေးအဖွဲ့ အမျိုးမျိုး တဖွဲ့ပြီးတဖွဲ့ ထွက်လာ၍ ရိုးရာဝတ်စုံအမျိုးမျိုး ဝတ်ကာ ကပြဖျော်ဖြေနေကြသည်။ ရဟတ်များ၊ ရိုလာကိုစတာများ၊ မိုနိုထရိန်းများ၊ ဟိုက်ဒရိုဂျင် လေသဘော်များကိုလည်း သူ့နေရာနှင့်သူ စီစဉ်ထားရာ လာရောက်လည်ပတ်သူများ အပျင်းပြေစီးနိုင်အောင် အသင့် ဖြစ်နေသည်။ သို့သော် ထိုအပျော်စီးယာဉ်များကို စီးလျှင်တော့ ပိုက်ဆံထပ်ပေးရမည် ဖြစ်သည်။

ကျွန်တော့် အတွက်တော့ ဤမျှလောက်က ဘာမျှ မဆန်း၊ "ဟင် – ပြတိုက်က ဒါတင်ပဲလား"ဟု စိတ်ထဲတွင် သက်ပြင်းချ ညည်းတွားမိပါသည်။ မှားလေစွ၊ မကြာမီပင် အနောက်တိုင်း ဝတ်စုံကို ကျကျနန ဝတ်ဆင်ထားသော အသက် ၄၀ ခန့် ကိုရီးယားအမျိုးသား တယောက် သုတ်သုတ် သုတ်သုတ်ဖြင့် ရောက်လာပြီး သူ့ကိုယ်ကို မိတ်ဆက်လေသည်။

သူသည် လိုတေဖေါ်ခ် ပြတိုက်မှ မန်နေဂျာ ဖြစ်ကြောင်း ပြောပြ၍ ဆရာတော်ကိုလည်း ဘယ်ကလာပါ

http://www.dhammadownload.com



သလဲဟု မေးလေသည်။ ဘိုချွန်းက ဆရာတော်သည် မြန်မာပြည်မှ ဝိပဿနာတရား ဟောပြောပြသရန် ရောက်ရှိလာသော ဆရာတော်ဖြစ်သည်ဟု ရှင်းပြပါသည်။ သူက "ဆရာတော် လိုအပ်တာရှိလျှင် သူ ကူညီချင်ပါတယ်"ဟု ဘိုချွန်းအား ပြန်ပြောပါသည်။ ထို့နောက် ကျွန်တော်တို့ကို အပေါ်ထပ်သို့ ခေါ်သွား၍ လိုက်လံပြသပါသည်။

## တရားအားထုတ်သူ ငါးနှင့်တူရမည်

ပထမဦးဆုံး ရောက်သွားသောအခန်းမှာ ကိုရီးယား မဟာယာန ဘုန်းတော်ကြီးတပါး ကုလားတက်ခေါက်၍ ဘုရားဝတ်တက်နေပုံ ရုပ်တု ဖြစ်ပါသည်။ လက်က ကုလားတက်ခေါက်နေဟန် တလှုပ်လှုပ်လုပ်နေပုံနှင့် ဘုရားစာ ရွတ်ဆိုနေပုံကို ခေါင်းတညိတ်ညိတ် လည် တဆန့်ဆန့်ဖြင့် လှုပ်ရှားနေအောင် စက်ယန္တရားတပ်ဆင်၍ ပြုလုပ်ထားပြီး အမှန်တကယ် ရွတ်ဆိုသံနှင့် ကုလားတက် ခေါက်သံကိုတော့ နောက်ဘက်မှ ကက်ဆက်ဖွင့်၍ အသံလွှတ်ထားခြင်းဖြစ်သည်။ သို့သော် အသံ အနိမ့် အမြင့်နှင့် ဦးခေါင်းလှုပ်ပုံ၊ လည်ပင်းလှုပ်ပုံနှင့် ကုလားတက်သံတို့မှာ အံဝင်ခွင်ကျ ဖြစ်နေ၍ အမှန် တကယ်ပင် ဘုန်းကြီးတပါး ကုလားတက်ခေါက်၍ ရွတ်ဆိုနေသလား ထင်မှတ်ရပေသည်။

http://www.dhammadownload.com



ကုလားတက်မှာ လုံးရှည်ရှည် ပုံစံကလေးဖြစ်၍ နောက်ဘက်တွင် လက်လျှိုနိုင်ရန် ကွင်းကလေးနှစ်ကွင်း ပြုလုပ်ထားသည်။ ရှေ့ဘက်တွင်တော့ ထိပ်မှ သုံးပုံတပုံခန့် အထိ သေးသေး ရှည်ရှည် အပေါက်ကလေး ဖောက်ကာ အတွင်းဘက်သို့လှိုက်၍ ထွင်းထားခြင်း ဖြစ်သည်။ အလျား လိုက်ထား၍ ဘေးဘက်မှကြည့်လျှင် ငါးတကောင်နှင့် ခပ်ဆင်ဆင်တူသည်။

မခေမာကို "အဲဒီ ဘုန်းကြီးက ဘာဖြစ်လို့ ဘုရား ရှိခိုးရင်း အဲဒီဟာလေးကို တတောက်တောက် ခေါက်နေ တာလဲ"ဟု မေးသောအခါ "ဒါလေးဟာ ငါးကိုအတုယူပြီး ထွင်းထားတာ"လို့ ပြောပါသည်။ ဘာကြောင့် အတုယူ သလဲဟု ထပ်မေးကြည့်သည့်အခါ မခေမာက "ကျွန်မလဲပဲ သေသေချာချာ မသိပါဘူး၊ မဟာယာနဗုဒ္ဓဘာသာ သမိုင်းမှာ သူကြားဖူးတာကတော့ ငါးဟာဘယ်တော့မှ မျက်လုံး မပိတ်ဘူး၊ အဲဒီလိုပဲ တရားကျင့်တဲ့ ရဟန်းဟာလဲ သတိကို အမြဲတမ်းဖွင့်ထားရမယ်၊ အမြဲတမ်း သတိ ရှိနေရမယ်၊ အဲဒါကြောင့် သတိရှိနေပါတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ ငါးကို ပုံစံယူ ထွင်းထုထားတာပါ" လို့ ရှင်းပြပါသည်။

ဈင်းဗုဒ္ဓဘာသာကို စတင်တည်ထောင်သော မဟာယာနဘုန်းကြီး **ဗောဓိဓမ္မ** သည်လည်း မျက်လုံးမမှိတ်ပဲ ဂူနံရံကို ကြည့်ပြီး တရားကျင့်ပါသည်။ သည်သဘောကို

http://www.dhammadownload.com



သရုပ်ဖော်ရန် ငါးရုပ်ကို ထုထားသလား လို့လည်း တွေးစရာရှိပါသည်။ မည်သို့ပင် ဖြစ်စေ မခေမာ ရှင်းပြလိုက်တော့လည်း အတော်အသင့် ရုပ်လုံးပေါ်လာပြီး အဓိပ္ပါယ်ရှိသလိုလို နားလည်ခံစားလိုက်ရပါသည်။

## ဘုရင့်ညီလာခံ

နောက်ထပ် ရောက်သွားသော အခန်းမှာ ဘုရင့်ညီလာခံ ကျင်းပနေပုံဖြစ်ပါသည်။ ဘုရင်၏ နံဘေးနှစ်ဖက်၌ ယပ်ခတ်ပေးနေသော မိန်းမပျိုနှစ်ဦးနှင့် အနီးတဝိုက်တွင် မိဖုရား၊ မင်းသား၊ မှူးမတ်၊ အခြွေအရံ စသည်တို့က သူ့နေရာနှင့်သူ ထိုင်နေကြပြီး တိုင်းရေး ပြည်ရေး ဆွေးနွေးနေကြပုံ ဖြစ်ပါသည်။ နောက်ခံအသံများ ဖွင့်ပေးထားပြီး တယောက်နှင့်တယောက် အတိုင်အချ ပြောပုံ၊ ဆိုပုံ၊ လျှောက်ထားပုံနှင့် ရုပ်ပုံများ၏ လှုပ်ရှားမှုမှာ တစ်ထပ်တည်းကျနေပြီး နောက်ခံတီးလုံးသံ ချိုချိုလေးများလဲ ထည့်သွင်းထားရာ အဝေးမှကြည့်လျှင် ပြဇာတ်တခု ကပြနေသကဲ့သို့ ထင်ရပါသည်။

ကျွန်တော်က မခေမာကို "အဲဒါ ဘယ်ဘုရင်လဲ"လို့ မေးတဲ့အခါ မခေမာက သူမ မသိကြောင်း ပြောပါသည်။ "အဲဒါ **ချင်ဟာန်** ဆိုတဲ့ဘုရင် ဖြစ်ပုံရတယ်" လို့ပြောတော့ သူမက "ဘာ့ကြောင့်အဲဒီလို ပြောနိုင်သလဲ"လို့

http://www.dhammadownload.com



ပြန်မေးပါသည်။ ကျွန်တော်က "ကိုရီးယားနိုင်ငံဟာ အစက သုံးနိုင်ငံ ကွဲနေခဲ့တယ်၊ အဲဒါကို **ချင်ဟန်** * ဆိုတဲ့ဘုရင်က ဗုဒ္ဓဘာသာကို အကြောင်းပြုပြီး အဲဒီသုံးနိုင်ငံကို ပြန်ပေါင်းစည်းအောင် လုပ်နိုင်ခဲ့တယ်။ အဲဒါကြောင့် **ချင်ဟန်ဘုရင်** ဖြစ်ပုံရတယ်လို့ ပြောတာပါ"လို့ ပြန်ပြောလိုက်ပါသည်။ သူက "ကိုရီးယားသမိုင်းကို ငါတော့ အဲဒီလောက်အထိ မသိဘူး။ မင်းကော ဘယ်လိုလုပ်သိသလဲ" ဟု ထပ်မေးပြန်ပါသည်။

ကျွန်တော်က "ချမ်းမြေ့မှာ နွေရာသီဆိုရင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းရှိတယ်၊ အဲဒီ သင်တန်းမှာ ကိုရီးယား ဗုဒ္ဓဘာသာအကြောင်းလဲ သင်ရတယ်၊ ဆရာတော်ကိုယ်တိုင် စာမေးပွဲစစ်တယ်၊ အဲဒီအချိန်က ဗုဒ္ဓဘာသာနိုင်ငံတွေရဲ့ ဗုဒ္ဓဘာသာ ပြန့်ပွားပုံ အဆင့်ဆင့်အကြောင်း သင်ပြီး ဝင်ရောက်ဖြေဆိုခဲ့ဖူးတယ်၊ ဒါပေမယ့် ကျွန်တော့်အထင် မှန်သလား မှားသလား ကျွန်တော်မသိဘူး၊ တိတိကျကျ သေသေချာချာ သိချင်ရင် ဆရာတော်ဘုရားကို မေးကြည့်ပါ"လို့ ပြောလိုက်ပါသည်။

---

* ချင်ဟန်ဘုရင်ဆိုသည်မှာ ထိုစဉ်က အမှတ်မှား၍ ပြောမိခြင်းဖြစ်ပါသည်။ **676 AD** ၌ ကိုရီးယားသုံးနိုင်ငံလုံးကို တနိုင်ငံတည်းဖြစ်အောင် စုစည်းခဲ့သည့် ဘုရင်မှာ **မွန်မူး MONMU** ဟု အမည်ရသော ဆီလ္လနိုင်ငံဘုရင် ဖြစ်ပါသည်။

http://www.dhammadownload.com



နောက် အခန်းများမှာလဲ ရုပ်တုများကို သေသေချာချာ သရုပ်ပေါ်အောင် ထုလုပ်ထားတာကို တွေ့ရပါသည်။ လူသားအဖြစ် အဆင့်ဆင့်တိုးတက်လာပုံ၊ ရှေးအခါက ကိုရီးယားတို့ သားကောင်လိုက်ပုံ၊ အိုးဖုတ်ပုံ၊ အိုးဖုတ်ခါနီး ယဇ်ပူဇော်ပုံ၊ ရှေးအခါက ကိုရီးယားနိုင်ငံရှိ ကျေးလက် မိသားစုနေထိုင်ကြပုံ၊ မောင်းထောင်းပုံ စသည်ဖြင့် အခန်း ပေါင်းများစွာကို စိတ်ဝင်စားဖွယ် လေ့လာကြည့်ရှုခဲ့ရပါသည်။

## ရှေးနန်းတော်

အဲဒီနောက် အပြင်သို့ ခဏထွက်ခဲ့ကြပြီး အနားယူကြသည်။ အနားယူပြီးသောအခါ ပြတိုက်မန်နေဂျာက ဆရာတော်ဘုရားအား ယာဉ်တခုခု စီးပါဦးဟု ဘိုချွန်းမှ တဆင့် လျှောက်ထားသောကြောင့် MONOTRAIN ကို တပတ်ပြည့်အောင် လိုက်စီးကြရပါသေးသည်။ ထို့နောက် မန်နေဂျာက အထက်ထပ်သို့ ခေါ်သွား၍ ရှေးအခါက ကိုရီးယားတို့ နန်းတော်တည်ဆောက်ပုံ၊ နန်းတော် ပတ်လည်တွင် တည်ဆောက်ထားသော အဆောက်အအုံများ နေရာချထားပုံနှင့် နန်းတော်တခုလုံးကို မည်ကဲ့သို့ ခင်းကျင်း တည်ဆောက်ထားပုံတို့ကို အဆောက်အအုံယ်ကလေးများ ဆောက်၍ စနစ်တကျ ခင်းကျင်းပြသ ထားပါသည်။

http://www.dhammadownload.com



ထို အဆောက်အအုံငယ်များ အတွင်း၌လည်း သုခမိန်များ ငြင်းခုံနေပုံ၊ ဆွေးနွေးနေပုံနှင့် နန်းရင်ပြင်တွင် စစ်သားများ စစ်ရေးလေ့ကျင့်နေကြပုံ၊ မင်းလမ်းတွင် အရာရှိများ လမ်းလျှောက်နေပုံ တို့ကိုပါ အရုပ်သေးသေး လေးများ ပြုလုပ်၍ သူ့နေရာအလိုက် ခင်းကျင်းပြသထား သည်မှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

## ဖွံ့ဖြိုးတိုးတက်လာခဲ့သော ယဉ်ကျေးမှု

ထို့နောက် ရှေးဟောင်းပစ္စည်းများ ပြသသည့် နေရာသို့ ရောက်သွားပါသည်။ ရှေးဟောင်းပစ္စည်းများကို ဘယ်ရာစုနှစ်တွင် သုံးစွဲသော ပစ္စည်းဟု သိသာစေရန် ရာစုနှစ်များကိုလည်း ရေးသားဖော်ပြထားပါသည်။ မြင်တွေ့ ရသော သမိုင်းဆိုင်ရာ ပစ္စည်းအထောက်အထားများ အရ ကိုရီးယားတို့သည် ကိုရီးယားလူမျိုးဟု စတင်ပေါ်ပေါက် လာစကပင် ထမင်းစားရာတွင် တူကို စတင်သုံးစွဲလာခဲ့ ကြဟန် ရှိပါသည်။ မည်သည့်ခေတ်၌မဆို တူကို ပုံစံ တစ်မျိုးမျိုးဖြင့် တွေ့မြင်ရသည်။ တူများမှာ သစ်သား၊ ဝါး၊ ကြေး၊ သံ၊ ဒန် စသည်တို့ဖြင့် ပြုလုပ်ထားသော တူများဖြစ်သည်။ ယခုအခါမှာတော့ စတီးဖြင့် ပြုလုပ် ထားသော တူများကို အများဆုံး အသုံးပြုနေကြသည်ကို တွေ့ရသည်။

http://www.dhammadownload.com



ပြသထားသော သမိုင်းဝင်ပစ္စည်းများ၊ သမိုင်းအထောက်အထားများအရ AD ၅ ရာစု နှင့် AD ၆ ရာစုနှစ်များတွင် ယဉ်ကျေးမှု အတိုးတက် အထွန်းကားဆုံးဟု ပြောနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုရာစုနှစ်များတွင် သုံးစွဲခဲ့သော ဓား၊ လှံ၊ လက်နက်များ၊ နန်းတွင်းအသုံးအဆောင်များ၊ မြင်းကုန်းနှီးနှင့် မြင်းကများ၊ ဇွန်း၊ တူစသော သံထည်ပစ္စည်းများမှာ အလွန် လက်ရာသန့်ပြီး အမျိုးပေါင်းလည်း စုံလင်လှသည်။ AD ၃ ရာစု၊ AD ၄ ရာစု လုပ် ပစ္စည်းများနှင့် စာလျှင် လက်ရာ၊ အရည်အသွေး၊ အရောင်၊ ပုံစံ စသည်တို့မှာ သိသိသာသာ ထင်ထင်ရှားရှား တိုးတက် လာပါသည်။ AD ၇ ရာစု နှင့် AD ၈ ရာစု နှစ်များတွင် ယဉ်ကျေးမှု နိမ့်ကျသွားပြန်၍ AD ၉ ရာစု နှင့် AD ၁၀၊ ၁၁ ရာစု နှစ်များတွင် တဖြည်းဖြည်း ပြန်လည် တိုးတက် လာပါသည်။

AD ၁၁ ရာစုက ပြုလုပ်ထားသော နန်းတွင်းအဆောင်အယောင် ပစ္စည်းတခုမှာ လက်ရာ အသေးစိပ်လွန်း၍ ယုံကြည်နိုင်စရာပင် မရှိပေ။ သာမန်မျက်စိနှင့် ကြည့်လျှင်ပင် အသေးစိပ်လွန်းသော ထိုပစ္စည်းသည် မှန်ဘီလူးဖြင့် ပြသထားသော နေရာကို ကြည့်လိုက်သည့်အခါမှ ထင်ထားသည်ထက်ပင် ပို၍ အသေးစိပ်အောင် ပြုလုပ်ထားမှန်း သိရသည်။ ထိုကဲ့သို့သော ပစ္စည်းများကို

http://www.dhammadownload.com



NATIONAL TREASURE ဟုရေး၍ ဝင့်ဝင့်ကြွားကြွား ပြသထားသည်မှာ ၇ ခုခန့် ရှိလေသည်။ "အမျိုးသား ယဉ်ကျေးမှု အမွေအနှစ် ရတနာ"ဟု ဘာသာပြန်ရလျှင် သင့်တော်မည် ထင်ပါသည်။

အားလုံးကြည့်ရှုပြီးကာမှ "သြော် – အလွန်ရှေးကျတဲ့ အချိန်ကတည်းကပင် ဒီလောက်တောင် ကြီးကျယ်ခမ်းနားစွာ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခဲ့တာပါကလား"ဟု စိတ်ထဲမှာ ကျေနပ်အားကျ နေမိပါတော့သည်။ ကျွန်တော်တို့ လိုတေဖေါ်ခ်ပြတိုက် မှ ပြန်ထွက်လာသောအခါ ည ၁၁ နာရီပင် ထိုးနေလေပြီ။ ကုန်လွန်သွားသော အချိန်မှာ ဘာမျှကြာသည်ဟု မထင်လိုက်ရပေ။

## နမ်ဆမ်မျှော်စင်

နောက်တနေ့ မေလ ၄ ရက်နေ့ နံနက်တွင် မစ္စတာအိုးက နမ်ဆမ်မျှော်စင်သို့ လိုက်ပို့ပါသည်။ မခေမာနှင့် မြန်မာလူမျိုး ကိုမြင့်မိုးလည်း ပါလာပါသည်။ လမ်းတွင် ကျွန်တော်တို့နှစ်ယောက် မြန်မာစကားကို မြန်မာလို အားရပါးရပြောရင်း တဟားဟားနှင့် ပွဲကျလာရာ မခေမာက "ဟော့ – ဒီနေ့ သိပ်ပျော်နေပါလား"ဟု လှမ်းပြောပါသည်။ ကျွန်တော်ကလည်း "ဟုတ်တယ်၊

http://www.dhammadownload.com



မြန်မာစကားကို မြန်မာ တယောက်နဲ့ အားရပါးရပြောရလို့ သိပ်ပျော်တယ်" လို့ ပြန်ပြောလိုက်ပါသည်။

နမ်ဆမ်မျှော်စင်ကို နမ်ဆမ်တောင်ပေါ်တွင် တည်ဆောက်ထားသည်။

နမ်ဆမ်တောင်မှာ ကိုရီးယား လူငယ်လူရွယ်တို့ ပါးစပ်ဖျားတွင် အလွန် ရေပန်းစားသည်ဟု မစ္စတာအိုး ပြောပြချက်အရ သိရပါသည်။ အဘယ့်ကြောင့်ဆိုသော် ယောကျ်ားလေးတယောက်သည် မိမိ ကြိုက်နှစ်သက်၍ လက်ထပ်လိုသည့် မိန်းကလေးကို နမ်ဆမ်တောင်ပေါ်သို့ အလည်အပတ်သွားရန် ဖိတ်ခေါ်နိုင်သည်၊ အကယ်၍ မိန်းကလေးက အလည်လိုက်လာလျှင် အခြေအနေ ကောင်းပြီ၊ မိမိကို လက်ထပ်ဖို့ သဘောတူလိုက်ပြီဟု မှတ်ယူနိုင်သည်။

နမ်ဆမ်မျှော်စင်မှ အပြန်တွင် နမ်ဆမ်ဈေးသို့ ဝင်၍ ပစ္စည်းတချို့ ဝယ်ကြသေးသည်။

နေ့ဆွမ်း ဘုဉ်းပေးပြီးချိန်တွင် မစ္စတာအိုးက လေ့လာရေးခရီးထွက်ရန် လာပင့်ပြန်ပါသည်။ ဆရာတော်က "ဒီနေ့တော့ အနားယူဦးမယ်၊ ကပ္ပိယသွားချင်ရာ လိုက်ပို့ လိုက်ပါ"ဟု မိန့်ပါသည်။ ထို့ကြောင့် မစ္စတာအိုးနှင့် ကျွန်တော် နှစ်ယောက်တည်း လျှောက်လည်ကြပါသည်။ မစ္စတာအိုးက ဘယ်သွားချင်လဲ၊ ဘယ်လိုက်ပို့ပေးရမလဲ

http://www.dhammadownload.com



မေးသောကြောင့် ဘယ်သွားရမှန်းမသိသော ကျွန်တော်ကလည်း မြို့ထဲ ကားနှင့်လျှောက်သွားကြတာပေါ့၊ အဓိက အားဖြင့် လူစည်ကားတဲ့နေရာတွေ လိုက်ပို့ပေးပါ ဟု ပြောလိုက်သည်။

## သွင်းကုန်နည်းစေ ပို့ကုန်ကဲစေ

လမ်းတွင် အရောင်အသွေး မျိုးစုံသော ကားများကို တွေ့ရသည်။ များသောအားဖြင့် **ဟွန်ဒိုင်း** (HUNDHAI) (ကိုရီးယားအခေါ် **ဟျုန်းဒဲ**)၊ **ကီယာ** (KIA)၊ **ဆန်ပြောင်း** (SANGPYONG) နှင့် **ဒေဝူး** (DAEWOO)ကုမ္ပဏီတို့မှ ထုတ်လုပ်သော မော်တော်ကားများ ဖြစ်ကြသည်။ တိုယိုတာ၊ ဟွန်ဒါ၊ မစ်ဆူဘီရှီ၊ အစ်ဆူဇူး၊ ဆူဇူကီး စသော ဂျပန်ကားများ မတွေ့ရသလောက် နည်းပါးသည်။ ကိုရီးယားကားများမှာ ဂျပန်ကားများ၏ ပုံစံကိုတုရ၍ ထပ်မံဆန်းသစ် ထုတ်လုပ် ထားသောကြောင့် ကားပုံစံမှာ ကွကြွရွရွရှိသည်။ သို့သော် ကားဘော်ဒီနှင့် အင်ဂျင် ကြံ့ခိုင်မှုတွင်တော့ ဂျပန်ကားများကို လိုက်မမီဟု သိရသည်။

ပြည်ပမှ ကားများကို ဈေးကွက်မဝင်နိုင်အောင် အခွန်စည်းကြပ်မှု အဆမတန် မြှင့်ထားကြောင်း မစ္စတာအိုး ပြောပြ၍ သိရပါသည်။ ပြည်တွင်းဖြစ်ကားများကို ဈေးနှုန်း ချိုသာစွာဖြင့် ဝယ်ယူနိုင်သလို ပြည်တွင်းဈေးကွက်အတွက်

http://www.dhammadownload.com



အလုံအလောက်လည်း ထုတ်လုပ်ပေးထားကြောင်း သိရပါသည်။

ပြည်တွင်းကားဈေးကွက်ကို ဟွန်ဒိုင်းနှင့် ကီယာ တို့က နေရာယူထားသည်။ **ဒေဝူး***မှာ ပြည်ပဈေးကွက်ကို ထိုးဖေါက်သော ကားကုမ္ပဏီဖြစ်ပြီး ဆန်ပြောင်းကား ကုမ္ပဏီမှာ ကားထုတ်လုပ်မှုတွင် လက်ရာသေသပ်ပြီး အရည်အသွေး ကောင်းမွန်သော်လည်း တည်ထောင်စဦ်ပင် အာရှစီးပွါးရေးကပ်နှင့် ကြုံကြိုက်၍ အစုရှယ်ယာ အများ အပြား ထုတ်ရောင်းခဲ့ရသည်ဟုသိရပါသည်။

လျှပ်စစ်ပစ္စည်းများ၊ အစားအသောက်များ၊ အဖျော်ရည်များ၊ သရေစာများကိုလည်း ပြည်တွင်းဖြစ် များကပင် နေရာယူထားသည်။ လျှပ်စစ်ပစ္စည်းတွင် LG (LUCKY GOLDSTAR)နှင့် **ဆမ်ဆောင်း** (SAMSUNG) တို့က နေရာယူ ထားသည်။ မစ္စတာအိုး၏ ပြောပြချက်အရ ကိုရီးယားနိုင်ငံတစ်ဝန်းလုံး ဘယ်နေရာသွားသွား LG ကုန်တိုက်နှင့် **လိုတေ** ( LOTTE) ကုန်တိုက်များကို တွေ့နိုင် သည်ဟု သိရပါသည်။ ကိုရီးယားနိုင်ငံ၏ စီးပွါးရေးပုံစံမှာ သွင်းကုန်ကို အခွန်များများ စည်းကြပ်၍ တတ်နိုင် သလောက် ပိတ်ဆို့ထားပြီး ပို့ကုန်ကို အတတ်နိုင်ဆုံး ကြိုးစား ထုတ်လုပ်ကြောင်း သိရပါသည်။

---

* ယခုအခါဒေဝူး ကားကုမ္ပဏီကို GEကုမ္ပဏီအား ရောင်းလိုက်ရပြီ ဖြစ်သည်။

http://www.dhammadownload.com



အယ်လ်ဂျီ၊ ဆမ်ဆောင်းနှင့် ဒေဝူးကုမ္ပဏီတို့မှ ထုတ်လုပ်သော ရုပ်မြင်သံကြား၊ ရေခဲသေတ္တာ အစရှိသော လျှပ်စစ် ပစ္စည်းများ ကမ္ဘာအနံ့ ပျံ့နှံ့နေသလို ဆမ်ဆောင်းမှ ထုတ်လုပ်ထားသော ကွန်ပျူတာဆားကစ် များကလည်း ဥရောပဈေးကွက်တွင် အခိုင်အမာ နေရာရနေပြီးဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ဆမ်ဆောင်းသည် ဆယ်လူလာ ဖုန်းများကို သေးနိုင်သမျှ သေး၍ လှနိုင်သမျှ လှအောင် ကြိုးစား တီထွင်နေပါသည်။ တချို့ဖုန်းများမှာ ဓါတ်မီးခြစ် အရွယ်မျှသာ ရှိပါသည်။ ဒီဂျစ်တယ်ကင်မရာ များကိုလည်း သေးသေးနှင့် လှအောင် တီထွင်ထား၍ တချို့ကင်မရာ လေးများမှာ COMPACT ဖြစ်၍ အလွန် လှပါသည်။

## တိုင်းပြည်အတွက် အဆင်သင့်

လမ်းတလျှောက်တွင် တွေ့ရသော ယာဉ်ထိန်းရဲ များမှာ အသက်နှစ်ဆယ်ဝန်းကျင်မျှသာ ရှိပါသည်။ မစ္စတာ အိုး၏ ပြောပြချက်အရ ယာဉ်ထိန်းရဲများသည် ကားတစီး လမ်းကြောင်းမှားဝင်မိလျှင် မဖမ်းကြကြောင်း၊ လမ်းမှန် ပေါ်သို့ ပြန်ရောက်ရန်သာ အဓိကထား၍ ဆောင်ရွက်ကြ ကြောင်း သိရပါသည်။ သို့သော် အရက်မူးပြီး ကားမောင်းလာ လျှင်တော့ ထိထိရောက်ရောက် အရေးယူကြောင်း သိရသည်။

http://www.dhammadownload.com



ယာဉ်ထိန်းရဲငယ်များမှာ စစ်သားကလေးများ ဖြစ်ကြပါသည်။ ကိုရီးယားတွင် ယောကျ်ားလေးတိုင်း အသက်ဇော့လျှင် ၂ နှစ် စစ်မှုထမ်းကြရပါသည်။ ထိုစစ်သား ကလေးများကို စစ်ပွဲမရှိဘဲ အားလပ်နေသည့် အချိန်တွင် ယာဉ်ထိန်း၊ ကြက်ခြေနီ စသည်ဖြင့် လူမှုရေးအဖွဲ့အစည်း များ၌ တာဝန်ထမ်းဆောင်ခိုင်းထားကြောင်း သိရသည်။ တိုင်းပြည်အတွက် လိုအပ်လာလျှင် နေရာတိုင်းတွင် အသုံး ချနိုင်ရန် လေ့ကျင့်ပေးထားခြင်း ဖြစ်ပုံရပါသည်။

ကိုရီးယားတွင် အမျိုးသားများရော အမျိုးသမီး များပါ လမ်းသွားရာတွင် အလွန် ခြေလှမ်းသွက်ကြသည်။ အမျိုးသမီးများမှာ ယောကျ်ားလေးများကဲ့သို့ ကျားကျား လျားလျား၊ မြန်မြန် ဆန်ဆန် လျှောက်တတ်ကြပါသည်။

မီးပွိုင့် မီးနီနေလျှင် လမ်းဖြတ်ကူးလိုသော သူသည် ခြေတလှမ်း ကုဋေတသန်းတွေ အေးချိတ်ထား၍ ရောက်ရာ အရပ်မှ လူကူးမျဉ်းကျားရှိရာသို့ အလျင်အမြန် ပြေးလာတတ် ကြသည်။ တတ်နိုင်သလောက် အချိန်ကို ချုံ့ပစ်ချင်ကြပုံ ရလေသည်။

လမ်းကျဉ်းများတွင် မျဉ်းကျား မရှိသော်လည်း လူဖြတ်ကူးမည့်ဟန်ပြင်လျှင် ကားမောင်းလာသူက ကားကို ရပ်ပေးတတ်သည်။ တခါတရံ လမ်းကူးမည့်သူက "ကားဆရာ ဆက်မောင်းပါ"ဟု အမူအရာပြ ပြော၍

http://www.dhammadownload.com



ကားဆရာကလည်း "ခင်ဗျား အရင်ကူးပါ၊ ကျွန်တော် နောက်မှ မောင်းပါ့မယ်"ဟု အမူအရာဖြင့်ပင် ပြန်ပြောကာ အပြန်အလှန် ဦးစားပေးနေတတ်ကြသည်။ ထိုကဲ့သို့ အချင်းချင်း မသိသူနှစ်ဦး လေးလေးစားစား ဆက်ဆံနေကြပုံမှာ မြင်ရသူအတွက် ကြည်နူးနှစ်သိမ့်ဖွယ် ကောင်းလှပါသည်။

တချို့ လမ်းကျဉ်း လမ်းဆုံ များတွင်မူ မီးပွိုင့် လုပ်မထားဘဲ လမ်းဆုံအလယ်ဗဟိုတွင် သင်္ဘောဆေးဖြင့်ပင် အဝိုင်းပုံ ဆွဲထားသည်။ ကားများက လမ်းဘယ်လောက်ပင် ရှင်းရှင်း ထိုအဝိုင်းကို ပတ်မောင်းကြသည်။ အတော် စည်းကမ်းကောင်းသော လူမျိုးဖြစ်သည်။

လူများသည် လမ်းကျယ်များ၌ မီးပွိုင့်၊ လူကူးမျဉ်းကျားများမှ ဖြတ်ကူးကြသည်။ မျဉ်းကျား ပြုလုပ်မထားသော နေရာများ၌ မြေအောက်ဈေးမှ တဆင့် လမ်း၏ အခြားတဘက် လူသွားစင်္ကြံသို့ ကူးကြသည်။

## မြေအောက်ဈေးကြီးများ

မြေအောက်ဈေး (UNDERGROUND MARKET) များမှာ ကိုရီးယားနိုင်ငံ၏ ထူးခြားမှုတရပ်ဖြစ်သည်။ မြေအောက်ဈေးဟု ဆိုသော်လည်း သေးသေးငယ်ငယ် မဟုတ်ပေ။

http://www.dhammadownload.com



အဝတ်အထည်ဆိုင်တန်း၊ အစားအသောက်ဆိုင်တန်း၊ အသီးအရွက် ဆိုင်တန်း၊ အလှပြင်ပစ္စည်းဆိုင်တန်း စသည်ဖြင့် ဆိုင်တန်းပေါင်းများစွာကို ကျယ်ကျယ် ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ရေအိမ်များလည်း ထားပေးသည်။

## လိုတေကုန်တိုက်

ညနေ ၄ နာရီခန့်တွင် လိုတေ ( LOTTEE ) ကုန်တိုက်သို့ ရောက်ကြသည်။ လိုတေ ကုန်တိုက်သည် အထပ်ပေါင်း မြောက်များစွာရှိပြီး စက်လှေကားဖြင့်ရော ဓာတ်လှေကားဖြင့်ပါ တက်နိုင်သည်။ အထပ်တိုင်းသည် ကျယ်ပြန့်ပြီး အရောင်းပစ္စည်းများ ခင်းကျင်းပြသထားပုံမှာလည်း သပ်ရပ်လှပ၍ ဆွဲဆောင်မှု အပြည့်ရှိသည်။

အထပ်တိုင်းတွင် ရေအိမ်လေးခု ထားပေးသည်။ ကုန်ပစ္စည်းချင်း အတူတူပင် ဖြစ်သော်လည်း လိုတေကုန်တိုက်တွင်တင်၍ ရောင်းချသော ကုန်ပစ္စည်းက အများကြီးပို၍ ဈေးကြီးသည်ဟု မစ္စတာအိုးက ပြောပါသည်။ သို့သော်လည်း ဝယ်သူများ စည်ကားလှသည်ကို တွေ့ရသည်။ နာမည်ကြီးပြီး ဈေးလည်းကြီးသော ကုန်တိုက်မှ ပစ္စည်းကို ဝယ်ယူသုံးဆောင်နိုင်ပါမှ ပို၍ဂုဏ်ရှိသည်ဟု ထင်မှတ်နေကြလေသလား မသိပါ။

http://www.dhammadownload.com



မိန်းကလေးတချို့မှာ ခွေး ငယ်ငယ်ကလေးများကို လက်ထဲပိုက်လာလျက်လည်းကောင်း၊ ကျောပိုးအိတ်ဖြင့် ထည့်လျက် လည်းကောင်း ကုန်တိုက်ပေါ်အထိ တက်လာကြပါသည်။ ဤကဲ့သို့ ခွေးကလေးများကို ကိုယ်နှင့်အတူ ယူဆောင်လာခြင်းကို ဖက်ရှင်တခုအဖြစ် လက်ခံကျင့်သုံးနေကြပုံရပါသည်။

အလှပြင်ပစ္စည်းများ ရောင်းသော နေရာမှာလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။ သူ့နေရာနှင့်သူ နှုတ်ခမ်းဆိုးဆေးဆိုင်ရှေ့ ရောက်သွားလျှင် နှုတ်ခမ်းဆိုးဆေးနံ့က လှိုင်နေ၍ ရေမွှေးဆိုင်ရှေ့ ရောက်သွားလျှင် ရေမွှေးနံ့မျိုးစုံက သင်းပျံ့နေပါသည်။

ထို့အပြင် နာမည်ကြီးသော နှုတ်ခမ်းဆိုးဆေး၊ လက်သည်းဆိုးဆေး၊ ရေမွှေး စသည်တို့ကိုလည်း နမူနာအဖြစ် အသုံးပြုနိုင်ရန် သီးသန့်ဗူးများ ချပေးထားသည်။ ထိုပစ္စည်း များကို စမ်း၍ သုံးကြည့်နိုင်သည်။ အဝတ်အထည် ဆိုင်တန်းများ၌လည်း အဝတ်လဲခန်းများရှိ၍ စိတ်ကြိုက် စမ်းသပ်ဝတ်ဆင် ကြည့်နိုင်ပါသည်။

## အလုပ်လက်မဲ့ပြဿနာ

ကျွန်တော်တို့ **လိုတော** ကုန်တိုက်မှ ပြန်အထွက်တွင် ရှေ့မျက်နှာစာ၌ စာရွက်များကပ်ထားရာ ကျွန်တော်က

http://www.dhammadownload.com



ဘာကြောင့်ငြာလဲဟု မစ္စတာအိုးကို မေးကြည့်ပါသည်။ မစ္စတာအိုးက ကိုရီးယားနိုင်ငံတွင် အာရှစီးပွါးရေးကပ်ကြောင့် အလုပ်လက်မဲ့ဦးရေ လေးသိန်းကျော်ရှိလာကြောင်း၊ ထို့ကြောင့် အလုပ်ရှိသော အလုပ်သမားများက အလုပ်လခထဲမှ ၁၅ ရာခိုင်နှုန်းကို အစိုးရအား ပေးစေလိုကြောင်း၊ သို့မှသာ ထိုငွေဖြင့် လုပ်ငန်းများ ပြန်လည်ထူထောင်ပြီး အလုပ်လက်မဲ့သူများ အလုပ်ရစေရန် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်ဟု ရေးသားထားကြောင်း ရှင်းပြပါသည်။ "အမှန်တကယ်ရော ပေးကြလား၊ မပေးရင်ဘာဖြစ်မလဲ"လို့ ထပ်မေးသောအခါ အတော်များများက ပေးကြကြောင်း၊ မပေးလျှင်လည်း ဘာမျှမဖြစ်ကြောင်း ပြောပြပါသည်။

အပြန်တွင် ဆိုး(လ်)မြို့မှာ လူအစည်ကားဆုံးနေရာကိုသွားပြီး ညစာ စားမယ်ဆိုပြီး ကျွန်တော့်ကို ခေါ်သွားပါသည်။ ထိုနေရာမှာ မြို့လယ်တွင်ရှိပြီး လူများ ရှုပ်ထွေး များပြားလွန်းသောကြောင့် တဖာလုံခန့် ခရီးကို နာရီဝက်ခန့် ကားမောင်းဝင်ရပါသည်။

စားသောက်ဆိုင်သို့ရောက်၍ စားသောက်ဖွယ်ရာများ မှာကြားလိုက်ရာ မကြာမီပင် ရောက်လာပါသည်။ နောက်ပြီး တူတစုံကို ချပေးလာပါသည်။ တူမှာ စတီးဖြင့် ပြုလုပ်ထားသောကြောင့် အနည်းငယ် လေးနေပါသည်။ စတီးတူကို ကျွန်တော်က မသုံးတတ်သောကြောင့် ဝန်ထမ်း

http://www.dhammadownload.com



တယောက်အား လက်ယပ်ခေါ်၍ **ဖော့(စ်)**လို့ ပြောလိုက်ပါသည်။ သူကလည်း နားလည်ဟန်နှင့် အထဲကို ပြန်ဝင်သွားပြီး ထွက်လာသောအခါ ခက်ရင်းတချောင်းကို ယူလာ၍ ပေးပါသည်။ ကျွန်တော်က “အင်း.. ဒီ ကိုရီးယားကတော့ အင်္ဂလိပ်စကား နားလည်သားပဲ”လို့ တွေးလိုက်မိပါသည်။

နောက်မှ သိရသည်မှာ ခက်ရင်း၏ အင်္ဂလိပ်အသံထွက် ဖော့(ခ်)ကို ကိုရီးယားဘာသာဖြင့်လည်း ဖော့(ခ်)ဟုပင် ခေါ်ကြောင်း သိရသည်။ ငှက်ပျောသီးဘနားနား(Banana) ကိုလည်း ကိုရီးယားလို ဘနားနားဟုပင် ခေါ်ကြောင်း၊ ထိုကဲ့သို့ အင်္ဂလိပ်စကားမှ မွေးယူထားသော ကိုရီးယား စကားလုံး များစွာရှိကြောင်း သိရပါသည်။

## ဘီဘင်ပတ်

ကျွန်တော်စားသော အစားအစာမှာ **ဘီဘင်ပတ်** ဟုခေါ်သော ကိုရီးယားအစားအစာ ဖြစ်ပါသည်။ ဘီဘင်ပတ်မှာ ခပ်စေးစေးချက်ထားသော ထမင်းပျော့ပျော့ကို သင့်လျော်ရာ ဟင်းမယ်များနှင့် ရောထားသော အစားအစာ ဖြစ်ပါသည်။ ဘီဘင်ပတ်ကို ခြစ်ခြစ်တောက်အောင် အပူပေးထားသော မြေပန်းကန်လုံးထဲတွင်ထည့်ပြီး ကျွေးပါသည်။ တော်တော်နှင့် မအေးဘဲ ပူပူနွေးနွေး စားနိုင်ပါသည်။

http://www.dhammadownload.com



စားလို့လည်း အလွန်ကောင်းပါသည်။ ကျွန်တော်က အလွန် စားလို့ကောင်းကြောင်း ပြောသောအခါ မစ္စတာအိုးက " ဟုတ်မယ် ဟုတ်မယ်, နိုင်ငံခြားသားတွေ လာရင် ဒီဘီဘင်ပတ်ကို ပိုပြီး ခံတွင်းတွေ့တတ်ကြတယ်၊ ပေါ့ပ်စတား အဆိုတော် မိုက်ကယ်ဂျက်ဆင် လာတုန်းကဆို ဘီဘင်ပတ်ကို တအားကြိုက်၊ တအားစားတာပဲ" ဟု ပြန်ပြောပြပါသည်။

## ကင်(မ်)ချီ

ကိုရီးယားတို့၏ စားပွဲများတွင် မပါမဖြစ်သော အရာမှာ **ကင်(မ်)ချီ**ဟု ခေါ်သော ချဉ်ဖတ်ဟင်းများ ဖြစ်ပါသည်။ ချဉ်ငံ၊ ချဉ်စပ်၊ ချဉ်ဆိမ့်၊ ချဉ်ချို စသည်ဖြင့် အချဉ်ခွက်ပေါင်း ငါးခွက်၊ ခြောက်ခွက် ပါတတ်ပါသည်။ ထို့အပြင် **ကင်(မ်)**ဟုခေါ်သော ပင်လယ်ရေညှိလည်း အမြဲတမ်းလိုလို ပါတတ်သည်။ ပင်လယ်ရေညှိကို အခက်အခဲမရှိ စားနိုင်သော်လည်း အချဉ်ဖတ်များကိုတော့ စားလို့မရပါ။ သို့သော် မစ္စတာအိုးက စားကြည့်ရန် အတင်း တိုက်တွန်းသောကြောင့် အားနာသဖြင့် ကြိတ်မှိတ်၍ စားခဲ့ရပါသည်။ နောက်ကျတော့ စားနေကျသွားလို့ ထင်ပါသည်။ ကင်(မ်)ချီဟု ခေါ်သော အချဉ်ဖတ်ကိုစားလို့ ခံတွင်းတွေ့လာပါသည်။

http://www.dhammadownload.com



စားသောက်ပြီးသောအခါ ဗုံဝင်ဆာကျောင်းသို့ ပြန်ခဲ့ကြပါသည်။ အပြန်လမ်းတလျှောက်တွင် မီးရောင်များ လင်းထိန်နေသော **ဟန်းမြစ်၏** အလှအပကိုလည်း ခံစားခဲ့ရသည်။

**ဟန်းမြစ်**မှာ ဆိုး(လ်)မြို့အတွင်း အလျားလိုက် ဖြတ်၍ စီးဆင်းနေသော မြစ်ဖြစ်သည်။ မြစ်ရိုးတလျှောက် တံတားကြီးပေါင်း မြောက်များစွာကို တခုနှင့် တခု သိပ်မဝေးလှဘဲ ဆောက်လုပ်ထားပါသည်။

တချို့ တံတားများမှာ မြစ်လယ်တွင် ထောက်တိုင် တခုတည်း စိုက်ထား၍ တံတားတခုလုံးကို စတီးကြိုးဖြင့် ဆွဲထိန်း ထားပါသည်။ ညအခါ မီးထွန်းထားလျှင် အလွန်လှ၍ ဟန်းမြစ်ကြီးကို တံတားများဖြင့် အုပ်မိုး ထားသလား အောက်မေ့ရပါသည်။ တို့နိုင်ငံလို တံတား တခု ဆောက်ပြီးတိုင်း ဖွင့်ပွဲတခါ တခါ လုပ်ရရင်တော့ ဖွင့်ပွဲ ကုန်ကျစရိတ်နဲ့တင် မွဲရချည်ရဲ့၊ သတင်းစာ စာမျက်နှာ မှာလဲ နေ့တိုင်း တံတားအကြောင်းပဲ ရေးနေရတော့ မှာပါကလား" ဟု မဆီမဆိုင် တွေးမိလိုက်ပါသေးသည်။

**ကလေးများနေ့**

နောက်တနေ့ **မေလ ၅ ရက်**နေ့တွင် ကိုရီးယား၌ ကလေးများနေ့ ဖြစ်သောကြောင့် အစိုးရရုံးများ၊ အလုပ်ရုံများ

http://www.dhammadownload.com



ပိတ်ထားပါသည်။ ထို့ကြောင့် မြန်မာလူငယ်များ လာရောက်၍ ဆရာတော်ဘုရားအား ဖူးမြော်ကန်တော့ ကြပါသည်။ ထိုနေ့ကျမှပင် **ဖုံဝင်ဆာ**ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုလေ့လာ ဖြစ်ပါသည်။

နံနက် ၈ နာရီခန့်တွင် ဗုံသံ၊ လင်းကွင်းသံများ ကြားရ၍ ထွက်ကြည့်ရာ **ပေ ၃၀ ခန့်** မြင့်သော ကြေးဆင်းတု တော်ကြီး တဆူ၏ရှေ့၌ ရှိသော ရင်ပြင်တော်ပေါ်တွင် ၁၅ နှစ် ၁၆ နှစ်အရွယ် ကျောင်းသား ကျောင်းသူ ကိုးယောက် ခန့်က ဗုံတီးရင်း ကနေကြပါသည်။ ဆင်းတု တော်ကြီးမှာ မတ်ရပ်ဘုရားဆင်းတုပုံ ဖြစ်သော်လည်း ဦးခေါင်းပေါ်တွင် လေးထောင့်ပုံ ကျောက်ပြားလေးတချပ် တင်ထား၍ ဦးခေါင်း နောက်ဘက်တွင်လည်း အတက်ကလေးတခု တပ်ထားပါသေးသည်။ ဘာအဓိပ္ပါယ်မှန်းတော့ မသိပါ။

ကျောင်းသား ကျောင်းသူကလေးများ၏ ဗုံသံသည် သူ့ချည်းသက်သက် နားထောင်လျှင် နားငြီးဖွယ်ကောင်းလှ သော်လည်း အကနှင့် တွဲဖက်၍ ကြည့်ရသောအခါ အလွန် မြူးကြွဖွယ် ကောင်းလာပါသည်။ သူတို့သည် တူရိယာ ပစ္စည်း တယောက်တမျိုးစီကိုင်၍ ဗုံတီးရင်းပင် ပတ်ချာလှည့် ပြေးလိုက်၊ ဘေးတိုက်ပြေးလိုက်၊ ရှေ့နောက် ပြေးလိုက်၊ လူချင်း နေရာလဲလိုက်နှင့် ခွေး တလုံးလုံးဖြင့် မမောတမ်း ကနေကြသည်။

http://www.dhammadownload.com



ဆင်းတုတော်ကြီးကို လက်ညှိုးထိုးပြ၍ ဘာပုံလဲဟု ဘိုချွန်းကို မေးကြည့်ရာ ဘိုချွန်းက "FUTURE BUDDHA" ( **အနာဂတ်ဘုရား** ) ဟု ပြောပြပါသည်။ ကျွန်တော်က "**အရိမေတ္တေယျ** မြတ်စွာဘုရားလား"ဟု ဆက်မေးသော အခါ "အေးဟုတ်တယ်၊ အဲဒါပဲ" ဟုပြန်ဖြေပါသည်။ ခပ်လှမ်းလှမ်းရှိ ကြာဖူးကိုင်ထားသော ရုပ်ထုကိုလဲ လက်ညှိုးထိုးပြ၍ အဲဒါက **ကွမ်ယင်**လားဟု ဆက်မေး ကြည့်ပါသည်။ သူကလည်း "ဟုတ်ပါတယ်၊ ကွမ်ယင်လဲ အနာဂတ်ဘုရား ပါပဲ" ဟု ရှင်းပြပါသည်။

**မဟာယာန ဗုဒ္ဓဘာသာ** ၏ အယူအဆမှာ ယင်း ဘုရားလောင်းတို့သည် ဘုရားမဖြစ်မီအချိန်ကာလ အတောအတွင်း လူသားတို့၏ ကောင်းကျိုးကို လိုက်လံ ဆောင်ရွက်ပေးနေသည် ဟု ယုံကြည်ကြသဖြင့် ဘုရား အလောင်းတော်ကို အလေးထား၍ ကိုးကွယ်ကြသည်။ ထို့အပြင် သက်ရှိတိုင်းသည် **ဗုဒ္ဓဗီဇ(ဘုရားမျိုးစေ့)** ရှိသော ဘုရားလောင်းများချည်း ဖြစ်သည် ဟု မဟာယာန ဗုဒ္ဓ ဘာသာဝင်များက ယူဆကြပါသည်။

**ကွမ်ယင် ဗောဓိသတ္တ**ကို မြဝတီ ရုပ်မြင် သံကြားမှ ထုတ်လွှင့်ပြသသော "အနောက်သို့ ခရီးသွားခြင်း" JOURNEY TO THE WEST ဇာတ်လမ်းတွဲတွင် မကြာခဏ တွေ့မြင်ရပါသည်။

http://www.dhammadownload.com



## အိုလံပစ်အားကစားကွင်း

နံနက် ၉ နာရီခွဲခန့်တွင် မစ္စတာအိုး ရောက်လာပါသည်။ ဆရာတော်နှင့် ကျွန်တော်တို့ ကားပေါ်ရောက်သောအခါ "ဆရာတော်ဘုရား၊ ဒီနေ့ ဘယ်နေရာကို ကြွချင်ပါသလဲ" ဟု လျှောက်ပါသည်။ ဆရာတော်ဘုရားကလည်း "ကပ္ပိယ သွားချင်တဲ့နေရာ လိုက်ပို့လိုက်ပါ"ဟု ပြန်၍ အမိန့်ရှိလိုက်ပါသည်။ ကျွန်တော်က "**ဆိုး(လ်) အိုလံပစ်** အားကစားကွင်းကို သွားကြည့် ချင်ပါတယ်" ဟု ပြောလိုက်ပါသည်။ ထို့ကြောင့် ဆိုး(လ်)အိုလံပစ် အားကစားကွင်းသို့ လိုက်ပို့ပါသည်။

ကျွန်တော်တို့ အားကစားဝင်းအတွင်း လှည့်ပတ်ကြည့်ရှုကြသည်။ ဓာတ်ပုံများ ရိုက်ယူကြသည်။ ဆရာတော်ဘုရားကတော့ ကားပေါ်မှာပဲ သီတင်းသုံးနေခဲ့ပါသည်။ အားကစားကွင်းသည် အတော်ကျယ်ဝန်း၍ ခမ်းခမ်းနားနားရှိလှပါသည်။ အားကစားမျိုးစုံ ကစားနိုင်ရန် အဆောက်အအုံများကို သူ့နေရာအလိုက် ဘောလုံးကွင်း ဘေးပတ်လည်တွင် ဆောက်လုပ်ထားသည်။ အဝင်ဝမှ အတွင်းရင်ပြင်အထိ ကြွေပြားများ ခင်းထားသည်။ လမ်းဘေးတလျှောက်တွင် တိုင်များကို စိုက်ထူထားပြီး တိုင်ထိပ်များတွင် ကိုရီးယားရိုးရာ အရုပ်မျိုးစုံကို ပုံစံအမျိုးမျိုး ထွင်းထုထား သောကြောင့် ကြည့်၍ တမျိုး ခန့်ညားလှပ နေပါသည်။

http://www.dhammadownload.com



အိုလံပစ် မီးရှူးတိုင်ထိပ်တွင်တော့ မီးများ အဆက်မပြတ် ထွန်းညှိထားသည်ကို တွေ့ရသည်။ အိုလံပစ်ကွင်းပတ်ပတ်လည်တွင်တော့ အိုလံပစ် အားကစားပြိုင်ပွဲ ကျင်းပစဉ်က ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံများ၏ အလံများကို ဝင့်ဝင့်ကြွားကြွား လွှင့်ထူထားပါသည်။

ကွင်းပြင်ရှိ နေရာလွတ်များတွင် လူများ သူ့အဖွဲ့နှင့်သူ ကျန်းမာရေး လေ့ကျင့်နေကြသည်ကို တွေ့ရပါသည်။ အလည်အပတ် လာကြသူများ၊ ပျော်ပွဲစား ထွက်လာကြသူများကိုလည်း နေရာအနှံ့အပြား တွေ့ရပါသည်။ အပြန်လမ်းတစ်လျှောက်တွင်လည်း ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ဆောက်လုပ်နေဆဲ ဖြစ်သော ဘောလုံးကွင်းကြီးများကို မြင်တွေ့ခဲ့ရသည်။

## ဆိုး(လ်)မျှော်စင်

ညနေသုံးနာရီခန့်တွင် **ဆိုးလ်မျှော်စင်** (SEOUL TOWER) သို့သွားရောက် လေ့လာကြည့်ရှုကြပါသည်။ ဆိုးလ်မျှော်စင်ပေါ်မှနေ၍ တမြို့လုံးကို အပေါ်စီးမှ ကြည့်ရှုကြသည်။ မခေမာနှင့် မစ္စတာအိုးတို့က အဆောက်အအုံများကို လက်ညှိုးညွှန်လျက် အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ၊ မြို့တော်ဝန်အိမ် စသည်တို့ကို

http://www.dhammadownload.com



ရှင်းလင်းပြပါသည်။ မစ္စတာအိုးက ခပ်စိမ်းစိမ်း အဆောက်အအုံတခုကို လက်ညှိုးထိုး၍ "အဲဒါ သမ္မတ အိမ်ပေါ့၊ အမေရိကန်မှာ သမ္မတအိမ်ကို **အိမ်ဖြူတော်**လို့ ခေါ်သလို ငါတို့ဆီမှာလဲ သမ္မတအိမ်တော်ကို **အိမ်စိမ်းတော်** (GREEN HOUSE) လို့ခေါ်တယ်" ဟု ရှင်းပြပါသည်။ ထို့နောက် သမ္မတ၏ အိမ်စိမ်းတော်နှင့် ပတ်ဝန်းကျင်တဝိုက်ကို မှန်ဘီလူးဖြင့် တယောက်တလှည့်စီ ကြည့်ရှုကြပါသည်။

မျှော်စင်အတွင်း ပတ်ပတ်လည်တွင် မှန်ဘီလူးများ ငါးခုခန့် တပ်ဆင်ထားပါသည်။ မှန်ဘီလူးဖြင့် ကြည့်လိုလျှင် မှန်ဘီလူးထိပ်ရှိ ပိုက်ဆံထည့်ရန် ပြုလုပ်ထားသော အပေါက်အတွင်းသို့ ပိုက်ဆံအကြွေစေ့ ထည့်ပြီးမှ ကြည့်လို့ရသည်။ ပိုက်ဆံထည့်လျှင် အလိုအလျောက်ဖွင့်ပေး၍ အချိန်စေ့လျှင် သူ့အလိုအလျောက် ပြန်ပိတ်သွားသည်။ ထည့်လိုက်သော အကြွေစေ့မှာ ၅၀၀ တန် အကြွေစေ့ဖြစ်နေပါက ထိပ်နားတွင် ရှိသော ခလုတ်တခုကို နှိပ်လိုက်လျှင် ပိုသောပိုက်ဆံကို အလိုအလျောက် ပြန်အမ်းပေးသည်။

လှည့်ပတ်ကြည့်ရှု၍ အားရသောအခါ မျှော်စင်ထိပ်ရှိ စားသောက်ဆိုင်သို့ သွား၍ အဆာပြေ စားသောက်ကြသည်။ ဆရာတော်ဘုရားက အဖျော်ရည် ဘုဉ်းပေး၍ ကျွန်တော်တို့က ကော်ဖီ သောက်ကြသည်။

http://www.dhammadownload.com



ထို့နောက် မျှော်စင်ပေါ်တွင် ရှိသော ဈေးဆိုင်များသို့ သွား၍ အမှတ်တရပစ္စည်းများ ဝယ်ပြီး ပြန်ဆင်းခဲ့ကြသည်။ မျှော်စင် အတက်အဆင်း ပြုလုပ်ရန်အတွက် ဓာတ်လှေကား တပ်ဆင်ပေးထားသောကြောင့် တက်ရဆင်းရသည်မှာ အဆင်ပြေလှသည်။

**တရားစခန်းသို့**

မေလ ၆ ရက်နေ့ နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးလျှင် တရားစခန်းသို့ကြွရန် အသင့်ပြင်ဆင်၍ စောင့်နေကြသည်။ တရားစခန်းကို ဆိုး(လ်)မြို့မှ ကားဖြင့် ၂ နာရီခွဲခန့် မောင်းရသော **ယော်ဂျူးနယ်ရှိ ဗန်နယားဆာ** ကျောင်းတွင် စီစဉ်ထားသည်။ ထိုကျောင်းသည် ကိုးရီးယားဘုန်းကြီး ဘိုချွန်း ပိုင်ဆိုင်သော ကျောင်း ဖြစ်သည်။

နံနက် ၈ နာရီခန့် အချိန်တွင် ဆိုး(လ်)မြို့မှ ထွက်ခဲ့ ကြသည်။ ကိုရီးယားဘုန်းတော်ကြီး ဘိုချွန်းကိုယ်တိုင် ကားမောင်း၍ လိုက်ပို့သည်။ မစ္စတာအိုးမှာ မအားလပ်၍ နောက်နေ့မှ လိုက်လာမည်ဖြစ်ကြောင်း မခေမာက ပြောပြပါသည်။

လမ်းတလျှောက်တွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို မကြာခဏတွေ့ရသည်။ စိုက်ခင်းများမှာ ကျယ်ပြန့်၍ အပူအအေးဒဏ် ကာကွယ်ရန် ပလပ်စတစ်ပေါင်းမိုး များဖြင့်

http://www.dhammadownload.com



ဖုံးအုပ်ထားရာ အဝေးမှကြည့်လျှင် ပင်လယ်ထဲတွင် လိမ့်နေသော လှိုင်းလုံးကြီးများ ကဲ့သို့ ထင်ရသည်။ ၁၀ နာရီခွဲခန့်တွင် တရားစခန်း ပြုလုပ်မည့် ဗန်နယားဆာ ကျောင်းသို့ ရောက်ကြသည်။

ဗန်နယားဆာ ကျောင်းနှင့် မလှမ်းမကမ်း ပတ်ဝန်းကျင်တွင် တောင်တန်းငယ်များနှင့် ထင်းရှူးတောများက ဝိုင်းရံထားပြီး အနီးအနား ပတ်ပတ်လည်တွင် လယ်ကွင်းပြင်များနှင့် လယ်သမားတို့၏ တိုက်အိမ်တချို့ကို တွေ့ရသည်။

လယ်သမားများမှာ ကိုယ်ပိုင်တိုက်နှင့် တာနှင့် နေထိုင်နိုင်ကြပြီး ကိုယ်ပိုင်ကားများလည်း ရှိကြသည်။ လယ်ထွန်ယက်ရာတွင်လည်းကောင်း၊ စပါးစိုက်ရာတွင် လည်းကောင်း စက်ဖြင့်သာ ထွန်ယက် စိုက်ပျိုးကြသည်ကို တွေ့ခဲ့ရသည်။ စပါးရိတ်သိမ်းပုံကိုတော့ မတွေ့ခဲ့ရပေ။

**တရားစခန်း**

ညနေ ၆ နာရီမှစ၍ ဆရာတော်ဘုရားက ယောဂီများကို ဝိပဿနာအလုပ်ပေးတရား ဟောပြောပြသပါသည်။ မခေမာက ဘာသာပြန်ပေးပါသည်။ ဆရာတော်က တရားထိုင်ပုံ ထိုင်နည်း၊ စင်္ကြံလျှောက်ပုံ လျှောက်နည်းနှင့် အသေးစိတ်မှတ်ပုံ မှတ်နည်း တို့ကို သေချာစွာ ရှင်းလင်းဟောပြသည်။

http://www.dhammadownload.com



တရားပွဲပြီးသောအခါ မခေမာက ယောဂီများ စနစ်တကျ တရားရှုမှတ်နိုင်ရန် တရားရှုမှတ်ပုံ ရှုမှတ်နည်းကို လက်တွေ့ ထိုင်ပြ၊ လျှောက်ပြ၊ ရှုမှတ်ပြပါသည်။ ဆရာတော်ဘုရားက နေ့စဉ် ညနေ ၆ နာရီတွင် တရားဟော၍ မခေမာက အမြဲတမ်း ဘာသာပြန်ပေးပါသည်။

နေ့စဉ် နံနက်ဆွမ်း ဘုဉ်းပေးပြီးချိန်တွင် အမျိုးသမီးယောဂီများအား တရားစစ်၍ ညနေ ၂ နာရီခန့်မှ စတင်ကာ အမျိုးသားယောဂီများကို တရားစစ်ပါသည်။

တနာရီ တရားထိုင်၊ တနာရီ စင်္ကြံလျှောက် စနစ်ဖြင့် ရှုမှတ်နိုင်ရန် ဆရာတော်ဘုရားက အချိန်ဇယားဆွဲပေးထားပါသည်။ ထို့ကြောင့် တနာရီ ပြည့်တိုင်းကြေးစည်တီး၍ အချက်ပေးရသည်။ ယောဂီ အားလုံးကြိုးကြိုးစားစား ရှုမှတ်ကြပါသည်။

တရားစခန်း၌သာ ၁ နာရီစင်္ကြံလျှောက်၊ ၁ နာရီထိုင်စနစ်ကို ဆရာတော် ညွှန်ကြားခြင်း ဖြစ်ပါသည်။ ရန်ကုန်နှင့် မော်ဘီတို့လို အမြဲတမ်းတရားရိပ်သာများ၌မူ ရက်ရှည်လများအားထုတ်ကြခြင်းဖြစ်၍ စင်္ကြံလျှောက်ချိန်၊ တရားထိုင်ချိန်များကို သတ်မှတ်မထားပါ။ ယောဂီများ တရားလာ၍လျှောက်သည့် အခါမှသာ တရားတိုးတက်မှု အခြေအနေကိုကြည့်၍ သင့်လျော်သလို စင်္ကြံလျှောက်ချိန်၊ ထိုင်ချိန်များကို ပြုပြင် ညွှန်ကြားပေးပါသည်။

http://www.dhammadownload.com



## မြန်မာကြေးစည်နှင့် မခေမာ

ပထမနေ့တွင် မခေမာက ကြေးစည်တီး၍ အချက်ပေးပါသည်။ ကြေးစည်ကြိုးကို ဟန်ပါပါကိုင်၍ ကြေးစည်ကို အလယ်တည့်တည့်မှ ထုနေသဖြင့် တန် , တန် ဟူသော အသံသာ ထွက်လာပါသည်။

ကျွန်တော်က သူ့ကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်လိုက်မိပါသည်။ သူမက "ဘာမှားနေလို့လဲ"ဟု ပြန်မေးပါသည်။ ကျွန်တော်က ကြေးစည်ကိုယူ၍ အစွန်းတစ်ဘက်ကို ထုပြလိုက်ပါသည်။ ထိုအခါမှ ကြေးစည်သံက တူ ဝေ.. ဝေ.. ဝေ.. ဟူသော ကြည်လွင်သည့်အသံ ထွက်လာကာ ပတ်ဝန်းကျင်ကို အသံလှိုင်း ရိုက်ခတ်သွားပါသည်။ ထိုအခါမှ သူမက ခွက်ထိုးခွက်လန် ရယ်ပြန်၍ "ငါ – တော်တော် အ , သေး တာပဲ"ဟုပြောပြီး ကိုယ့်ကိုယ်ကို အပြစ် တင်နေပါသည်။

ကျွန်တော်က ကြေးစည်ကို ဘယ်က ရသလဲ ဟု မေးကြည့်ပါသည်။ ဘိုချွန်း မြန်မာနိုင်ငံမှ အပြန်တွင် ဝယ်လာကြောင်း သူမက ပြန်ပြောပါသည်။ ထို့နောက် မခေမာသည် ကြေးစည်၏ အစွန်းနှစ်ဘက်ကို တလှည့်စီ ကျယ်ကျယ်ထုလိုက် တိုးတိုးထုလိုက်ဖြင့် အသံကို နားထောင်နေပါသည်။

http://www.dhammadownload.com



မခေမာက ကြေးစည်သံ အလွန်သာယာကြောင်း၊ အသံလှိုင်းရိုက်ခတ်၍ ပျံ့နှံ့ ဖြာထွက်ပုံ အလွန်ပင် ကောင်းကြောင်း ပြောပါသည်။ ကျွန်တော်က ဘာကြောင့် အဲဒီလို ပြောနိုင်သလဲလို့ မေးကြည့်ပါသည်။ မခေမာက အရင်က အဆိုသင်တန်းတွင် သင်တန်းဆရာမ လုပ်ခဲ့ဖူးကြောင်း၊ ဒါကြောင့် အသံကို ကောင်းကောင်း နားလည် ခံစားတတ်ကြောင်း ပြောပြပါသည်။

မခေမာက ကြေးစည်ကို မြန်မာနိုင်ငံမှာ မည်သည့် အခါမှာ တီးသလဲ ဟု မေးပါသည်။

ကျွန်တော်က မြန်မာနိုင်ငံမှာ ကြေးစည်ကို ကုသိုလ် ကောင်းမှု ပြုလုပ်အပြီး အမျှဝေရာတွင် အသုံးပြုကြောင်း၊ တစ်စုံတစ်ယောက်သည် ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး၍ အမျှဝေသောအခါ သူ အမျှဝေနေမှန်း သိသာစေရန် ကြေးစည်ကို သုံးချက်တီးကြောင်း၊ ထိုအခါ ကြားတဲ့လူက ကြားတဲ့အရပ်မှ သာဓုခေါ်နိုင်ကြောင်း သေသေချာချာ ရှင်းပြပါသည်။ သူမက “အင်မတန် ကောင်းတဲ့ စိတ်ကူးပဲ” ဟု မှတ်ချက်ချပါသည်။

**ဘာသာစကား အတားအဆီး**

ယောဂီများအတွက်ရော ဆရာတော်ဘုရား အတွက်ပါ စားသောက်ဖွယ်ရာများကို ဘိုချွန်း၏ အစ်မ

http://www.dhammadownload.com



ယော်စူးဟန်က ဒိုင်ခံ၍ ချက်ပြုတ်ပါသည်။ တခါတရံ ကျောင်းဝင်းအနီးမှ လယ်သူမကြီး တဦးကလည်း လာကူ တတ်ပါသည်။

ယော်စူးဟန်မှာ အနေအထိုင် အေးဆေး၍ သဘော ကောင်းသော အသက် ၆၀ ခန့်အရွယ်ရှိ အဒေါ်ကြီးတဦး ဖြစ်သည်။ အင်္ဂလိပ်စကားမတတ်ပါ။ အန်တီဟု ခေါ်သည် ကိုပင် နားမလည်ပါ။ ကျွန်တော်က ယော်စူးဟန်ကို အင်္ဂလိပ်လို သွား၍ပြောမိသည်။ ယော်စူးဟန်က ဘာမှ နားမလည်၍ ကိုရီးယားလိုပဲ ပြန်ပြောသည်။

ကျွန်တော်လည်း သူပြောသောစကားကို ဘာမှ နားမလည်ပါ။ ထို့ကြောင့် ကျွန်တော်အလိုရှိသော အရာကို အင်္ဂလိပ်လိုပဲပြော၍ ထပ်တောင်းပါသည်။ သူမကလည်း ကိုရီးယားလိုပဲ ပြုံးပြုံးကြီးလုပ်၍ ပြန်ပြောနေသည်။ ကျွန်တော်က မထူးတော့ပါဘူးဟု တွေးပြီး သူ့ကို မြန်မာလိုပဲ ရောက်တတ်ရာရာ စိတ်ကူးရှိသမျှ လျှောက်ပြောပါသည်။ သူမကလည်း ကိုးရီးယားလိုပဲ ပြန်ပြောပါသည်။

ငါးမိနစ်လောက်ကြာသောအခါ မခေမာ ရောက်ရှိ လာ၍ ကျွန်တော်တို့နှစ်ယောက်သား ပြိုင်တူ ရယ်မိကြသည်။ မခေမာရောက်လာ၍ သူနှင့်ပြောမှပဲ ဆရာတော်ဘုရားအား မွန်းလတ်ဆွမ်း ဆက်ကပ်လိုသည့်ကိစ္စမှာ ပြေလည်သွား ပါသည်။

http://www.dhammadownload.com



တတိယနေ့တွင် ကိုထွန်းထွန်းလတ် ရောက်လာပါသည်။ ကိုထွန်းထွန်းလတ်က ဆရာတော်ဘုရားကို နံနက်ပိုင်းတွင် မုန့်ဟင်းခါး၊ နန်းကြီးသုတ်၊ ရှမ်းခေါက်ဆွဲ စသည့် မြန်မာအစားအစာ တမျိုးမျိုးလုပ်၍ ဆက်ကပ်ပါသည်။

နေ့ဆွမ်းအတွက်လည်း မြန်မာဟင်း နှစ်မျိုးခန့် ချက်၍ ကပ်ပါသည်။ တခါတရံ ပုန်းရည်ကြီးသုပ်၊ ချဉ်ပေါင်ရွက်ကြော် စသည်တို့ကိုလည်း ကပ်ပါသည်။ သူ့အတွက် သူ့မိဘက မြန်မာနိုင်ငံမှ ပို့ထားသော စားသောက်ဖွယ်များကို ယူလာ၍ ဆရာတော်ဘုရားအား ချက်ပြုတ် လှူဒါန်းခြင်း ဖြစ်ပါသည်။ ကျွန်တော်က နေ့စဉ် ကော်ဖီ၊ ရေနွေးကြမ်းနှင့် မွန်းလတ်အတွက် ခဲဖွယ်တို့ကို စီစဉ်၍ဆက်ကပ်ပါသည်။

## ထင်းရှူးစေ့ဆန်ပြုတ်နှင့် ကိုရီးယားကော်ဖီ

ဆရာတော်ဘုရားသည် နေ့စဉ် အရုဏ်ဆွမ်းပွဲ၌ ဆန်ပြုတ်ဘုဉ်းပေးပြီးမှ ကျန်သည့် ခဲဖွယ်ဘောဇဉ်များကို ဘုဉ်းပေးလေ့ရှိပါသည်။ ဆရာတော်ဘုရားက မခေမာအား "တို့ နိုင်ငံခေါင်းစုံရောက်ပြီးပြီ ချမ်းမြေ့ဆန်ပြုတ် အရသာကို ဘယ်ဆန်ပြုတ်ကမှ မမီဘူး၊ အခု ဒီ တရားစခန်းမှာကပ်တဲ့ ဆန်ပြုတ်ကတော့ ချမ်းမြေ့ဆန်ပြုတ်ထက်တောင် ပိုကောင်း၊

http://www.dhammadownload.com



ပိုဆိမ့်တယ်" ဟု ပြောပြသည်။ မခေမာက "ဆရာတော်ဘုရား၊ အပဟုတ်ပြောတာလားဘုရား၊ တပည့်တော် အရမ်းဝမ်းသာပါတယ်ဘုရား" ဟု ဝမ်းသာအားရ ပြန်လည်လျှောက်ထားသည်။ နောက်ပြီး ဆန်ပြုတ်မှာ ထင်းရှူးစေ့ထည့်၍ ပြုတ်ထားသောကြောင့် ဆိမ့်၍ အရသာရှိကြောင်းရှင်းပြပါသည်။

အရဏ်ဆွမ်း ဘုဉ်းပေးပြီးသောအခါ ကျွန်တော်က ကော်ဖီဖျော်၍ ဆရာတော်ဘုရားအား ဆက်ကပ်ပါသည်။ ဆရာတော်ဘုရားက သောက်ဖူးသမျှ ကော်ဖီများထဲတွင် **ကင်ညာနိုင်ငံတွင်** သောက်ရသော ကော်ဖီနှင့် ယခု **ကိုရီးယားတွင်** သောက်ရသော ကော်ဖီမှာ အကောင်းဆုံးဖြစ်ကြောင်း ဆက်လက်မိန့်ကြား၍ မခေမာမှာ အလွန်ဝမ်းသာပီတိ ဖြစ်နေပါသည်။ ဆရာတော်ဘုရား ပြန်ကြွသွားလျှင် ဆရာတော်ဘုရားအတွက် ထင်းရှူးစေ့နှင့် ကော်ဖီမှုန့် ပို့လိုက်ပါဦးမည် ဟု အထပ်ထပ် ကတိပေးလျှောက်ထားပါသည်။

ဆရာတော်ဘုရား ဆွမ်းဘုဉ်းပေးပြီးသောအခါ ကျွန်တော်၊ ဘိုချွန်း ၊ကိုထွန်းထွန်းလတ်၊ ယော်စူးဟန်နှင့် မခေမာတို့ စားပွဲတဝိုင်းတည်း ထမင်းအတူတူ စားကြပါသည်။ ကျွန်တော်က မခေမာအား ကော်ဖီမှုန့်မှာ ပြောပလောက်အောင် မကောင်းကြောင်း၊ ကော်ဖီဖျော်တဲ့

http://www.dhammadownload.com



သူက တော်လွန်းလို့သာ ကော်ဖီကောင်းခြင်း ဖြစ်ကြောင်း ပြော၍ နောက်ပါသည်။ မခေမာကလည်း အားကျမခံ မူလကော်ဖီမှုန့်က အလွန်ကောင်းတဲ့အတွက် ဘယ်သူ ဖျော်ဖျော် ကော်ဖီ ကောင်းမှာဖြစ်ကြောင်း ပြန်ချေပါသည်။ သည်လိုမျိုး မိသားစုသဖွယ် ပြောဆိုငြင်းခုံရသည်မှာလည်း တမျိုး ပျော်စရာ ကောင်းပါသည်။

နောက်ဆုံးတော့ ဘိုချွန်းက ကော်ဖီမှုန့်ကော၊ ကော်ဖီ ဖျော်တဲ့သူကော ကောင်းလို့ ကော်ဖီကောင်းတယ် ပဲ ထားလိုက်ပါတော့ ဟု ဝင်၍ ဖျန်ဖြေပေးလိုက်မှပင် အာလုံး ကြည်နူးဝမ်းသာ ပြုံးပန်းတွေဝေလိုက်ကြ ပါသည်။

## ယော်ဂီမုကော်

ပါခါတရံ ဘာသာစကားကြောင့် ကိုးလို့ ကန့်လန့် ဖြစ်နေတတ်ပါသည်။ ကျွန်တော်သည် ဘာသာပြန် ရှိသောအချိန်တွင် ယော်စူးဟာန်နှင့် စကား ပြောလေ့ ရှိပါ သည်။ သူပြောသော ကိုရီးယားစကာလုံးတချို့ကို မှတ်သားမိ နေပြီး အလျင်းသင့်လျှင် ကိုရီးယားလို ပြန်ပြောမိပါသည်။

ထိုအခါမျိုးတွင် ပြောသူဆိုလိုသော အဓိပ္ပါယ်နှင့် နားထောင်သူ နားလည်သော အဓိပ္ပါယ်မှာ များစွာ ကွဲလွဲ သွားတတ်ပါသည်။ ဥပမာ – ယော်စူးဟာန်က သူ့ဘက်တွင် ရှိသော ဟင်းပန်းကန်ကို ကျွန်တော့်ဘက်သို့ တိုး၍

http://www.dhammadownload.com



"ယော်ဂီမုကော်" လို့ ပြောလိုက်ပါသည်။ ကျွန်တော်က ထိုစကားလုံးကို မှတ်ထားပြီး ကျွန်တော့်ဘက်၌ ရှိသော ဟင်းပန်းကန်ကို သူ့ဘက်သို့တိုး၍ "ယော်ဂီမုကော်" ဟု ပြန်ပြောလိုက်သောအခါ အားလုံးကဝိုင်းရယ်ကြပါသည်။ မခေမာက ဆက်ပြောဆက်ပြောဟု ဝင်ထောက်ပါသည်။ နောက်မှသိရသည်မှာ "ယော်ဂီမုကော်" အဓိပ္ပါယ်မှာ "ရော့ – ကောင်လေး စား"လို့ ပြောခြင်းဖြစ်ကြောင်း သိရပါသည်။

သူ့ဘက်ကပြောစဉ်က အဓိပ္ပါယ်မှာ အမှန်ဖြစ်သော်လည်း ကျွန်တော့်ဘက်က ပြန်ပြောလိုက် သောအခါ အဓိပ္ပါယ်လည်းမှား၊ စကား အသုံးအနှုန်းလည်း ရိုင်းသလိုဖြစ်သွားပါသည်။ ထိုကဲ့သို့ အဓိပ္ပါယ်ပြောင်းပြန်ပြောင်းလဲသော အသုံးအနှုန်းမျိုးကို မကြာခဏများ၍ သုံးမိတတ်ပါသည်။ သို့သော် အားလုံးက နားလည်ခွင့်လွှတ်ကြပါသည်။

## ပီတိမျက်ရည်

နောက်တနေ့ နေ့လယ်ဘက်တွင် ကိုစိုးနိုင်ရောက်လာ၍ ဆရာတော်ဘုရားနှင့် ယောဂီများကို တရက်စာ ဆွမ်းကပ်လိုကြောင်း လျှောက်ထားပါသည်။ တညအိပ်၍ နောက်တနေ့တွင် ပြန်သွားပါသည်။ ဆွမ်းကပ်မည့်နေ့သို့

http://www.dhammadownload.com



ရောက်သောအခါ ကိုစိုးနိုင်၊ ကိုခင်ဇော်နှင့် ကိုဖုန်းတို့က မြန်မာစားသောက်ဖွယ်ရာများ ချက်ပြုတ်ကာ ချိုင့်များနှင့် ထည့်၍ ယူလာကြပါသည်။ မြန်မာဟင်းအမယ်မျိုးစုံနှင့် ဆရာတော်ဘုရားအား ဆွမ်းခဲဘွယ်များ ဆပ်ကပ်လှူဒါန်းကြပါသည်။

ယောဂီများ ဆွမ်းစားနေစဉ်တွင် မခေမာက ဒီနေ့ အလှူရှင်များမှာ မြန်မာလူငယ်ကလေးများ ဖြစ်ကြကြောင်း၊ သူတို့၏ လုပ်ခလစာထဲမှ စုဆောင်းထားသော ငွေကြေးဖြင့် လာရောက်၍ လှူဒါန်းကြခြင်း ဖြစ်ကြောင်း၊ ယခုအချိန်မှာ စီးပွါးရေး ကပ်ဆိုက်နေ၍ တော်ရုံတန်ရုံ သဒ္ဓါတရားမျိုးဖြင့် မလှူမတန်းနိုင်ကြကြောင်း၊ ယောဂီများကို ကြည်ညိုသဒ္ဓါ ဖြစ်လွန်းသောကြောင့်သာ ထက်သန်သော စေတနာသဒ္ဓါဖြင့် လာရောက် လှူဒါန်းကြခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဆထက်တံပိုး ပိုမိုကြိုးစား၍ တရားအားထုတ်ကြပါရန် တိုက်တွန်း ပြောကြားပါသည်။

ထိုအခါ ယောဂီ ဒကာမကြီးတဦးက ဝမ်းသာလွန်း၍ မျက်ရည်များကျပြီး ငိုပါသည်။ မခေမာက "ဘာလို့ ငိုလဲ"လို့ မေးတဲ့အခါမှာ "မြန်မာလေးများရဲ သဒ္ဓါတရားထက်သန်ပုံကို သိရလို့ ဝမ်းသာလွန်းလို့ မျက်ရည်ကျတာပါ"ဟု ပြန်ပြောပြပါသည်။

http://www.dhammadownload.com



**မြေအောက်ရထား**

တရားစခန်း ကျင်းပနေစဉ်အတွင်း အားလပ်သော အချိန်များတွင် တခါတရံ ကိုစိုးနိုင်၊ ကိုထွန်းထွန်းလတ်၊ မစ္စတာအိုးတို့ နှင့်အတူ ဈေးဝယ်ခြင်း၊ အလည်အပတ် ထွက်ခြင်းများ ပြုလုပ်၍ တခါတရံ ယော်စူးဟန်၏ စိုက်ခင်းများကို မြေဆွပေးခြင်း၊ မျိုးစေ့ချပေးခြင်း စသည်ဖြင့် ကူညီပါသည်။ ကိုစိုးနိုင်၊ ကိုထွန်းထွန်းလတ်တို့နှင့် လျှောက်လည်ခြင်း အားဖြင့် ကျွန်တော့်မှာ ဗဟုသုတ များစွာ တိုးပွါးပါသည်။

ပထမဦးစွာ မြေအောက်မီးရထား ဗဟုသုတကို တင်ပြလိုပါသည်။ ကိုးရီးယားတွင် မီးရထားကို အသုံး များသည်။ မီးရထားများသည် ကျယ်ဝန်း၍ ခန့်ညား လှပသည်။ မီးရထားအဝင်ပေါက်၏ အမြင့်နှင့် လူသွား စင်္ကြံအမြင့် တူညီအောင် စီစဉ်ပြုလုပ်ထားသောကြောင့် အထွေအထူး တက်နေစရာမလိုပဲ ခြေတလှမ်း လှမ်း၍ ကူးလိုက်ရုံနှင့် ရထားပေါ်သို့ အလွယ်တကူ ရောက်သွား နိုင်သည်။

**အတုယူသင့်သော လမ်းညွှန်စနစ်**

ရထား၏ ဝင်ပေါက် အတွင်းဘက် အထက် နားတွင် ရထားရောက်မည့် ဘူတာများကို မြေပုံဆွဲ၍

http://www.dhammadownload.com



ရေးသားထားပြီး ရထားဆိုက်နေသည့် ဘူတာနေရာတွင် မီးကလေး လင်းနေသည်။ နောက်တဘူတာ ရောက်ခါ နီးတွင် မီးကလေးမှာ နေရာပြောင်း၍ လင်းပြန်သည်။ အသံချဲ့စက်မှလည်း မည်သည့်ဘူတာသို့ ရောက်တော့မည် ဖြစ်ကြောင်း ကြေညာပေးသည်။

ရထားတွဲ၏ လူမြင်သာသော နေရာများတွင် မြို့တော်အတွင်း ပြေးဆွဲနေကြသော အခြားရထားများ၏ ခရီးစဉ်နှင့် ရောက်နိုင်မည့်ဘူတာတို့ကို မြေပုံများ ရေးဆွဲ၍ ပြသထားသည်။ ရထားလိုင်းများကို သိသာစေရန် ရထား တလိုင်းချင်းကို အရောင်ဖြင့် ခွဲခြား ဖော်ပြထားသည်။ တယောက်နှင့်တယောက် မိမိသွားလိုသောနေရာကို လမ်းမသိ၍ မေးကြ စမ်းကြလျှင် ဘယ်အရောင်လိုင်းကိုစီး၊ ဘယ်ဘူတာရောက်လျှင် ဆင်း၊ နောက်ပြီး ဘယ်အရောင် လိုင်းကိုပြောင်းစီး စသည်ဖြင့် အချင်းချင်း လမ်းညွှန်တတ် ကြရာ မှတ်ရသားရ အလွန်လွယ်ကူသဖြင့် ခရီးသွားရ သည်မှာ အဆင်ပြေလှပါသည်။

ရထားတွဲများမှာ ဘေးတဘက်တချက်စီတွင် တံခါးပေါက် သုံးပေါက်စီပါပါသည်။ တဘက်မှ တံခါး သုံးပေါက်ကို ရထားပေါ်သို့ တက်သူများက အသုံး ပြုကြ၍ အခြားတဘက်မှ သုံးပေါက်ကို ရထားပေါ်မှ ဆင်းသူများက အသုံးပြုကြသည်။ မီးရထားမှာ

http://www.dhammadownload.com



ခုတ်မောင်းနေစဉ် မြေအောက်သို့ ငုပ်လျှိုးသွားလိုက် မြေပေါ်သို့ ပြန်တက်လာလိုက်ဖြင့် စီးနင်းလိုက်ပါရသည်မှာ အရသာတမျိုး ဖြစ်သည်။ ရထားများမှာ တစီးပြီးတစီး ၅ မိနစ်ခန့် ခြား၍ ဝင်လာလိုက် ထွက်သွားလိုက်ဖြင့် ပြတ်လတ်သည်ဟူ၍ မရှိတော့ပါ။

## ကိုရီးယားမှာ ပစ္စည်းပျောက်မှုမရှိ

ရထားအဝင်အထွက် အချိန်မှန်ခြင်း၊ ဆိုက်ရောက်ချိန် တိကျခြင်းတို့ကြောင့် ရထားကို လူအများစုက အသုံးပြု သွားလာကြသည်။ ခရီးသည်များသည် ဘူတာမှ ဝယ်လာသော ဂျာနယ်၊ သတင်းစာ စသည်တို့ကို ရထားပေါ်တွင် ဖတ်ပြီး ဆင်းသွားသောအခါ အမိုးကပ်စင်ပေါ်တွင် တင်ထားခဲ့တတ်ကြသည်။ ထိုအခါ နောက်ထပ်တက်လာသူတို့က ယူ၍ဖတ်ကြပြန်သည်။

ခရီးသည်များသည် ရထားပေါ် ရောက်သည်နှင့် စာဖတ်သူက စာဖတ်နေ၍ စာမဖတ်သူက ပါလာသည့် ပစ္စည်းကို အမိုးကပ်စင်ပေါ်တွင် စိတ်ချလက်ချတင်၍ ထိုင်လျက် အိပ်လိုက်ကြသည်။ ကျွန်တော့်ကို လိုက်ပို့သော ကိုစိုးနိုင်အား "အဲဒီလိုထားတော့ ပစ္စည်းတွေ မပျောက်ဘူးလား"ဟု မေးမြန်းကြည့်မိပါသည်။ ကိုစိုးနိုင်က "ဆိုး(လ်)မြို့မှာ ပိုက်ဆံကလွဲပြီး ကျန်တဲ့ပစ္စည်းကို ကြိုက်တဲ့

http://www.dhammadownload.com



နေရာမှာထား၊ လုံး၀ မပျောက်ပါဘူး၊ လုယက်မှုလဲ မရှိဘူး" လို့ ပြောပြပါသည်။

## ကျေးဇူးသိသူ

စားသောက်ဆိုင် တဆိုင်တွင် ၀င်ရောက်၍ စားသောက်သောအခါ ကျွန်တော်တို့ဝိုင်း၏ ဘေးဝိုင်းတွင် ထိုင်နေသော အဖိုးကြီးတယောက်က ကျွန်တော်တို့ဝိုင်းဘက် ကူးလာ၍ ဘယ်နိုင်ငံကလဲဟု မေးပါသည်။ ကျွန်တော်တို့က မြန်မာပြည်ကပါဟု ဖြေသည်၊ အဖိုးကြီးက နားမလည်ပါ။ ဘားမားဟု ပြင်ပြောပါသည်၊ နားမလည်ပါ။ ဘိရုမာဟု ပြောသောအခါမှ ရဲ ရဲ ဘရူးမားဟုပြော၍ ကျွန်တော်တို့ နှစ်ယောက် ပုခုံးကို တရင်းတနှီး လာ၍ဖက်ပါသည်။

ထိုကဲ့သို့ပင် ကိုးရီးယားလူမျိုးများက ဘယ်နိုင်ငံ ကလဲဟု မေးသောအခါ မြန်မာ၊ ဗမာ၊ ဘားမား၊ ဘိရုမာ၊ ဘရူးမား၊ ဘူးမား စသည်ဖြင့် စကားလုံးအမျိုးမျိုးပြောင်းဖြေမှ တခုခုကို နားလည်တတ်ကြသည်။ ခေတ်လူငယ်များက မြန်မာ ဟု ပြောလျှင် နားလည်လွယ်ကြ၍ လူကြီးများ ကတော့ ဘရူးမား ဟု ပြောမှ နားလည်သူများပါသည်။

အဖိုးကြီးသည် ကျွန်တော်တို့ဝိုင်းသို့ သူ့ဟင်း ခွက်များ ယူလာ၍ ချပေးပြီး အတူတူရောထိုင်လေသည်။ ထို့နောက် သူ့ဟင်းများကို စားဖို့ အတင်းတိုက်တွန်း

http://www.dhammadownload.com



လေသည်။ သူ့ကိုအားနာ၍ အချဉ်ဖတ်အနည်းငယ်တော့ စားခဲ့ပါသည်။ ထိုအဖိုးကြီးက "မင်းတို့မြန်မာတွေ စီးပွါးရေးကောင်းတုန်းက တို့ကို အများကြီးအကူအညီ ပေးခဲ့ဘူးတယ်၊ အဲဒါတွေ ခုခေတ်လူငယ်တွေ မသိကြဘူး၊ ရှော့ပါ၊ အကုန်စားစမ်းပါ" ဟုပြောကာ အတင်း တိုက်တွန်း ပါသည်။ ကျေးဇူး သိတတ်သော အဖိုးကြီးပေပဲ ဟု စိတ်ထဲမှ ချီးကျူးမိပါသည်။

## ပဋိသန္ထာရလွန်ကြွယ်ဝ

ကိုရီးယားလူမျိုးတို့တွင် ပဋိသန္ထာရ စကားလုံးများ အလွန်ပေါကြွယ်ဝပါသည်။ ဆိုင်တခုခုထဲ ဝင်သွားလျှင် ကြွကြပါ၊ အခုလိုတွေ့ရတာ သိပ်ဝမ်းသာပါတယ်၊ ကြိုက်တာ ရွေးဝယ်ပါ၊ ဘယ်နိုင်ငံက လာတာပါလဲ စသည်ဖြင့် ပြောဆို တတ်ကြပြီး ဆိုင်မှ ပြန်ထွက်သွားလျှင်လည်း လမ်းခရီး ဖြောင့်ဖြူးပါစေ၊ နောက်တခါ ကြုံမယ်ဆိုရင် ထပ်တွေ့ချင် ပါသေးတယ် စသည်ဖြင့် ပြောတတ်ကြသည်။

တက္ကစီ ငှားစီးလျှင်လည်း ဘယ်ကလာတာလဲ၊ ဘာလာဝယ်တာလဲ စသည်ဖြင့် မေးတတ်ပြီး ကားပေါ်က ဆင်းလျှင်လည်း တက္ကစီမောင်းသမားက "ခင်ဗျားတို့ကို ချောချောမောမော ရောက်အောင်လိုက်ပို့နိုင်တာ သိပ် ဝမ်းသာပါတယ်"ဟု ပြောတတ်ကြသည်။ တက္ကစီ ငှား၍

http://www.dhammadownload.com



စီးသူကလည်း "အပြန်လမ်း ဖြောင့်ဖြူးပါစေ" "လမ်းကောင်းကောင်း ကြည့်မောင်းနော်" "သတိထားပြန်၊ ကားသိပ်ရှုပ်တယ်"စသည်ဖြင့် ကားမောင်း သမား၏ အသက်အစွယ်ကို ကြည့်၍ ပြောတတ်ကြသည်။ ထိုမျှသာမက သူ့နေရာဒေသအလိုက်၊ အခြေ အနေအလိုက် ပြောဆိုကြသော အခြားပဋိသန္ထာရ စကားလုံးများလည်း များစွာရှိသေးသည်။

## ကြာဆီးနားမိုချီ

ကိုရီးယားရှိ ဆိုင်များတွင်တွေ့ရသော ဟင်းသီးဟင်းရွက်၊ သစ်သီး စသည်တို့မှာ ကြီးမားပြီး လတ်ဆတ်သည်။ စားလို့လဲကောင်းသည်။ အထူးသဖြင့် ကိုရီးယား ပန်းသစ်တော်သီးနှင့် ဖရဲသီးများမှာ အလွန်ပင်စားလို့ချိုမြိန်၍ အရည်ရွှမ်းသည်။

ကိုရီးယားတွင်စားသောက်သော အစားအစာဆန်းတစ်မျိုးမှာ "ကြာဆီးနားမိုချီ"ဆိုသော အစားအစာဖြစ်သည်။ ကျွန်တော်က "ကျားသားမိုးကြိုး"ဟု အလွယ်မှတ်ထားလိုက်သည်။ ထိုအစားအစာကို မှာသောအခါ ဆိုင်ရှင်က ကျွန်တော်တို့ဝိုင်းသို့လာ၍ ပထမ ဂက်(စ်)မီးဖို ချပေးသည်။ နောက်ပြီးဝက်သားစိမ်းများ ထည့်ထားသော ပက်လက် ဒယ်အိုးတလုံးကို ယူလာ၍ မီးဖိုပေါ်တင်ပြီး မီးမွှေးပေးသည်။

http://www.dhammadownload.com



ထို့နောက် ဟင်းသီးဟင်းရွက်စိမ်းများ ရောထဲ့ထားသော ဆလပ်ပွဲတပွဲ၊ အချဉ်ဖတ် ငါးခွက်ခန့်နှင့် တို့စားစရာ အချဉ်ရေ အငန်ရေ နှစ်ခွက် ထပ်ချပေးသည်။ စားမည့်သူက ဝက်သားကို ဒယ်အိုးပူဖြင့် ကိုယ်တိုင်ကင်၍ အချဉ်အငန် စသည်တို့ဖြင့် တို့စားရသည်။

## ဆိုးလ်မြို့တရားပွဲ

မေလ ၁၅ ရက်နေ့တွင် ဆိုး(လ်)မြို့၌ ညနေ တရားပွဲရှိသည်။ ထို့ကြောင့် ဆရာတော်သည် ယောဂီများအား မှာစရာရှိသည်များကို အကျဉ်းမျှ မှာကြားပြီး ညနေ ၂ နာရီခွဲခန့်တွင် **ဗန်နယားဆာ**ကျောင်းတိုက်မှ ဆိုး(လ်)မြို့သို့ ထွက်ခွါလာခဲ့သည်။

ဆိုး(လ်)မြို့တွင် ညနေ ၆ နာရီခန့်မှစ၍ ၂ နာရီခွဲခန့် တရားချီးမြှင့်သည်။ တရားပွဲကို ဗွီဒီယိုခွေများ အသံဖမ်းစက်များဖြင့် မှတ်တမ်းတင် ရိုက်ကူးထားကြသည်။ တရားပွဲပြုလုပ်ရာ အဆောက်အအုံမှာ စုပေါင်း၍ တရားအားထုတ်ရာ ဘာသာရေး အဆောက်အအုံတခု ဖြစ်သည်။ ဆရာတော်ဘုရား အကြောင်းကို ကိုရီးယားဘာသာဖြင့် ရိုက်နှိပ်ထားသော စာအုပ်ငယ်ကလေးများ ကိုလည်း တံခါးပေါက်ဝတွင် ဝေငှကြသည်။ တရားချီးမြှင့် ပြီးသောအခါ အမေးအဖြေကဏ္ဍ ပြုလုပ်သည်။ ပရိသတ်က မိမိတို

http://www.dhammadownload.com



သိလိုသည်များကို မေးမြန်းကြပြီး ဆရာတော်ဘုရားက ဖြေကြားပေးသည်။

မေလ ၁၆ ရက်နေ့သည် ကိုရီးယားနိုင်ငံ၏ ဗုဒ္ဓနေ့ဖြစ်သည်။ သူတို့၏ ဗုဒ္ဓနေ့မှာ မြတ်စွာဘုရား ဖွါးမြင်သောနေ့ ဖြစ်သည်။ နေရာအနှံ့တွင် **Buddha's Birthday**ဟူသော စာတမ်းများကို ချိတ်ဆွဲထားကြသည်။ အိမ်များ၊ ဆိုင်များနှင့် လမ်းတလျှောက်တွင် ရောင်စုံမီးပုံး များကို စီ၍ ချိတ်ဆွဲထားကြသည်။ ဘုန်းကြီးကျောင်း များမှာတော့ ထောင်ပေါင်းများစွာသော ရောင်စုံမီးပုံးများကို အမြင့်တွင် ကြိုးများတန်း၍ နေရာအနှံ့ ခပ်စိပ်စိပ်လေး ချိတ်ဆွဲထားရာ ကောင်းကင်ကိုပင် မမြင်ရလောက်အောင် များပြားလှသည်။

ဗုံဝင်ဆာကျောင်း တရားပွဲမှာ တရားနာယူသူ ပရိသတ် ၂၅၀ ခန့်ရှိသည်။ ဘာသာပြန်အဖြစ် မခေမာကပင် ဆောင်ရွက်သည်။ တရားနာပရိသတ်မှာ စူးစူးစိုက်စိုက် စိတ်ဝင်တစား နာယူကြသည်။ သို့သော်လည်း နေ့ဆွမ်း ဘုန်းပေးချိန် နီးကပ်နေသဖြင့် ၁ နာရီခွဲခန့်သာ ဟောကြားခဲ့ရသည်။

မခေမာက မြန်မာဘုန်းကြီးတွေဟာ ၁၂ နာရီ ကျော်လျှင် ဆွမ်းမစားရကြောင်း၊ ထို့ကြောင့် ဆွမ်းစားရန် အချိန်ကျနေပြီ ဖြစ်သောကြောင့် တရားပွဲကို ဤမျှနှင့်

http://www.dhammadownload.com



အဆုံးသတ်လိုက်ရကြောင်း ပြော၍ ပရိသတ်ကို တောင်းပန်လိုက်သည်။

## စည်ကားလှသော ဗုဒ္ဓနေ့ပူဇော်ပွဲ

ညနေပိုင်းတွင် ဗုဒ္ဓနေ့ အခမ်းအနားကို သွားရောက်ကြည့်ရှု လေ့လာကြသည်။ ဗုဒ္ဓနေ့အခမ်းအနား ပွဲများကို အားကစားကွင်းကြီး တခုထဲတွင် စုပေါင်း၍ ပြုလုပ်ဆင်နွှဲကြသည်။

ဗုဒ္ဓနေ့ပွဲတော်ကို ကိုရီးယားနိုင်ငံ တဝှမ်းလုံးရှိ ဘာသာရေး လူမှုရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူအဖွဲ့များနှင့် နိုင်ငံခြားတိုင်းပြည်များမှ ကိုရီးယားသို့ ရောက်ရှိနေကြသော မြန်မာ၊ တရုတ်၊ နီပေါ၊ မွန်ဂို လီးယား၊ သီရိလင်္ကာ၊ ထိုင်း၊ မလေးရှားစသော နိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များက ဝင်ရောက်ဆင်နွှဲကြသည်မှာ အဖွဲ့ပေါင်း ၃၅ ဖွဲ့ခန့်ရှိသည်။ ကျွန်တော်တို့ ရောက်ရှိသွားချိန်တွင် အားကစားကွင်းကြီးထဲ၌ အဖွဲ့လိုက် တီးမှုတ်ကခုန်နေကြသည့် အသံများမှာ ဘဝဂ်တိုင်ထိ ပျံ့လွင့်နေသည်။

ကျွန်တော်တို့မှာ အားကစားကွင်းထဲသို့ မဝင်နိုင်သဖြင့် အပေါက်နှင့် မလှမ်းမကမ်းနေရာတွင် ကားကိုရပ်၍ အားကစားကွင်းအတွင်းမှ ထွက်လာမည့်သူများကို စောင့်မျှော် နေရသည်။

F5A

http://www.dhammadownload.com



တနာရီလောက် ကြာသောအခါတွင် ကိုရီးယား ရဟန်းပျိုအဖွဲ့များက တံခွန်များ၊ စာတမ်းများ၊ ရောင်စုံ မီးပုံးများကိုင်၍ တဖွဲ့ပြီးတဖွဲ့ ထွက်လာကြကာ စုရပ်ဖြစ်သော **ချိုဂဲဆာ** ဘုန်းကြီးကျောင်းသို့ ချီတက် သွားကြသည်။ ထိုစုရပ်တည်ရှိရာ ဘုန်းကြီးကျောင်းမှာ အားကစားကွင်းနှင့် တမိုင်ကျော်ကျော် ဝေးသည်ဟု သိရသည်။ ရဟန်းတော်အဖွဲ့များပြီးသည့်အခါ သီလရှင် အဖွဲ့များကလည်း စာတမ်းများ၊ တံခွန်များ၊ ရောင်စုံမီးပုံးများ ကိုင်ကာ တဖွဲ့ပြီးတဖွဲ့ ထွက်လာကြပြီး ဆက်လက် ချီတက်သွားကြပြန်သည်။

ထူးထူးခြားခြား ဘုန်းကြီးနှင့် သီလရှင် စုံတွဲအဖွဲ့ တဖွဲ့ကိုလည်းတွေ့လိုက်ရသည်။ မည်သည့်အရောင်က အိမ်ထောင်ပြုသော ဘုန်းကြီးအဖွဲ့၊ မည်သည့်အရောင်က အိမ်ထောင်မပြုသော ဘုန်းကြီးအဖွဲ့ဟု မခေမာက ရှင်းပြပါသည်။

နောက်ထပ်ထွက်လာသော အဖွဲ့များမှာ လူများ ဖြစ်ကြပြီး ဆင်တူဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ပထမဆုံး ထွက်လာသော အဖွဲ့မှာ အမျိုးသမီးကြီးများဖြစ်၍ တဖွဲ့လုံး ပန်းနုရောင်ရိုးရာဝတ်စုံကို လှပစွာ ဝတ်ဆင်ထား ကြသည်။ ခေတ်ပုံရိုက်သူများ ဗွီဒီယို ရိုက်သူများကလည်း ခြေချင်းလိမ်နေကြသည်။ ယာဉ်ထိန်းရဲများက လမ်းရှင်း

http://www.dhammadownload.com



ပေးသည်။ အမျိုးသမီးများမှာ ရိုးရာဝတ်စုံ အရောင်အသွေး အမျိုးမျိုးကို ရောင်တူဆင်တူဝတ်ဆင်၍ တဖွဲ့ပြီးတဖွဲ့ ဆက်လက်ထွက်လာကြသည်။ ပန်းနု၊ အစိမ်းနု၊ အဝါနုရောင်များကို အဝတ်များကြသည်။

ထို့နောက် အမျိုးသားကြီးများအဖွဲ့ ထွက်လာကြသည်။ အမျိုးသားအဖွဲ့များမှာ တူရိယာများကို တီးမှုတ် က,ခုန်လာကြသည်။ စီးချက် ဝါးချက်ညီညီ တီးမှုတ်သော အဖွဲ့ ရှိသလို၊ ဖြစ်သလို တီးမှုတ်သော အဖွဲ့များလည်းရှိသည်။ အဖွဲ့တိုင်းသည် မကြာခဏ တနေရာရာတွင် ရပ်၍ တီးမှုတ် က,ခုန် နေတတ်ကြသည်။ သူတို့ အားလုံးမှာ အလွန်အမင်း တက်ကြွပျော်ရွှင်နေကြပုံ ရပေသည်။ အသက်ခြောက်ဆယ်ခန့် အဖိုးများပင် တက်တက်ကြွကြွ လက်လှုပ်လှုပ် ခြေလှုပ်လှုပ် စည်းချက်ကျကျ ကနေကြသည်ကို ရှင်မြူးဖွယ်ရာ မြင်ကြရသည်။

အမျိုးသားကြီးများအဖွဲ့ ပြီးသောအခါ လူငယ်လူရွယ် အမျိုးသားအဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ ထွက်လာကြသည်။ သူတို့မှာ အများအားဖြင့် ခေတ်ပေါ် ဆင်တူဝတ်စုံများကို ဝတ်ဆင်ကြသည်။ အမျိုးသားအဖွဲ့ နှစ်ဖွဲ့မှာ ဆလွန်းကား အရွယ်ခန့်ရှိသော မိုးပျံဘောလုံးကြီး သုံးလုံးစီကို ကိုင်ဆောင် လာကြသည်။ မိုးပျံ ဘောလုံးကြီးများက ကောင်းကင်တွင် တငြိမ့်ငြိမ့် လွင့်ပျံလှုပ်ရှား နေကြသည်။

http://www.dhammadownload.com



မိုးပျံဘောလုံးကြီးများ၌ မျက်နှာစာတဘက်တွင် **Buddha's Birthday** ဟူသော စာတန်းကို ထင်ထင်ရှားရှား ရေးထားပြီး အခြားတဘက်တွင် ဘုရားအလောင်းတော် ကလေး ဖွားမြင်ပြီးခါစ ပုံကို ရေးဆွဲထားသည်။ ကြာပွင့်ပေါ်တွင် မတ်တပ်ရပ်လျက် လက်ညှိုးထောင်ကာ လောကသုံးပါးကို ကြွေးကြော်ကြုံးဝါးနေပုံ ဖြစ်သည်။ ထိုပုံများကို ကိုရီးယား၌ ထွန်းသမျှ မီးပုံးများပေါ်တွင်လည်း တွေ့ရသည်။ တချို့ကလေးငယ်များ၏ ပါးပေါ်တွင်လည်း ထိုပုံကို စတစ်ကာပေါ်၌ ရေး၍ ကပ်ထားတတ်ကြသည်။ ထိုအမျိုးသားအဖွဲ့များသည် ရှေ့ဆုံးအတန်းက မိုးပျံဘောလုံးကြီးများကို ကိုင်၍ နောက်မှ အတန်းက မီးပုံးများ ကိုင်ဆောင်လာကြသည်။ နောက်တန်းများကတော့ တီးမှုတ်က,ခုန် ကြသည်။ တဖွဲ့နှင့် တဖွဲ့ အပြိုင်အဆိုင် တီးမှုတ်ကြသည်။ တဖွဲ့နှင့် တဖွဲ့ အပြိုင်အဆိုင် ဝတ်စားကြ၍ အရောင်အသွေး စုံလင်လှသည်။

ထို့နောက် ကျောင်းသားအဖွဲ့များ ကျောင်းသူအဖွဲ့များ တဖွဲ့ပြီးတဖွဲ့ တဖွဲ့ဖွဲ့ ထွက်လာကြပြန်သည်။ ကျောင်းသားကျောင်းသူတို့ အဖွဲ့များကတော့ ရှင်းသည်။ သူများထက် ထူးအောင် လုပ်သည်။ တနှစ် တခါသာ ဆင်နွှဲရသော သည်ပွဲကို အားလုံးထက်သာအောင် လုပ်ပြချင်ကြပုံ ရပေသည်။

http://www.dhammadownload.com



ကျောင်းသားအဖွဲ့ နှစ်ဖွဲ့ သုံးဖွဲ့မှာ စကိတ်များစီး၍ ထွက်လာကြသည်။ လက်မှလည်း ဘင်တိုများကို တဒိန်းဒိန်း ပြိုင်တူ ထုနေကြသေးသည်။ ကျောင်းသားအဖွဲ့ တဖွဲ့က သိုင်းဝတ်စုံများနှင့် သိုင်းကွက်နင်း၍ ထွက်လာကြသည်။ ရှေ့မှ ဗုံတီးသူနှင့် အံကျ ညီညီညာညာ သိုင်းကွက် က, လာကြသည်။ ကျောင်းသူအဖွဲ့ နှစ်ဖွဲ့မှာ ရောင်စုံပန်းဖွားများ ကိုင်၍ မြှောက်ကာမြှောက်ကာ က,လာကြသည်။ အခြားကျောင်းသူအဖွဲ့ နှစ်ဖွဲ့ကလည်း ခေါင်းတွင် ဖဲကြိုးရှည်ကြီးများ ချည်လာ၍ ကိုးရီးယား ခေါင်းယိမ်း ဖဲကြိုးအကကို က,လာကြသည်။

ကျောင်းသား ကျောင်းသူ အဖွဲ့များ ပြီးသောအခါမှ နိုင်ငံခြားသားအဖွဲ့များ ထွက်လာကြသည်။ နိုင်ငံခြားသား အဖွဲ့များသည် ကိုယ့်အမျိုးသား ရိုးရာဝတ်စုံများကို ဝတ်ဆင်ထားပြီး ရိုးရာတီးလုံးများကို တီးကာ ရိုးရာ အကများ က,၍ တဖွဲ့ပြီးတဖွဲ့ ထွက်လာကြသည်။ နီပေါအဖွဲ့မှာ သက်ကြီးအဖွဲ့နှင့် သက်လတ်အဖွဲ့ နှစ်ဖွဲ့ခွဲပြီး ထွက်လာကြသည်။ သက်ကြီးအဖွဲ့တွင် အဖိုးကြီး အဖွားကြီး များက တီးလုံးများ မြိုင်နေအောင်တီးကြပြီး အသက် ၆၅ နှစ်ခန့်ရှိ အဘိုးကြီးတယောက်က ကွေးနေအောင် က,နေသည်။ လမ်းဘေးမှ ကြည့်နေကြသူများက လက်ခုပ်တီး၍ သြဘာပေးကြသည်။ ထွက်လာသော

http://www.dhammadownload.com



အဖွဲ့များမှာ မိမိတို့နိုင်ငံ အမည်များကို ဆိုင်းဘုတ်များရေး၍ ကိုင်လာကြသည်။

မြန်မာအဖွဲ့ ထွက်လာသောအခါ ရှေ့ဆုံးမှ **ကိုရီးယားနိုင်ငံ မြန်မာဗုဒ္ဓဘာသာအသင်း MYANMAR BUDDHIST ASSOCIATION, KOREA** ဟု ရေးထိုး ထားသော ဆိုင်းဘုတ်ကြီးကို မြှောက်ကိုင်၍ ထွက်လာကြသည်။ နောက်မှလည်း ကြေးစည်ကို နှစ်ယောက်ထမ်း၍ တီးလာသည်။ ကျန်လူများမှာ ရရာ တူရိယာပစ္စည်းများကို တီးခတ်လာကြသည်။

အမျိုးသမီး သုံးဦးက မြန်မာဇာတ်မင်းသမီး ဝတ်စုံကို ဝတ်ဆင်လာကြသည်။ သူတို့မှာ ဗုဒ္ဓနေ့ပူဇော်ပွဲ အဖြစ် အငြိမ့်ကနေရာမှ အချိန်ကျသဖြင့် အဝတ်မလဲနိုင်ဘဲ မင်းသမီးဝတ်စုံဖြင့်ပင် ဇာတ်စင်ပေါ်မှ ဆင်းပြီး လိုက်ခဲ့ကြရခြင်းဖြစ်သည်။ အောက်သို့ ပုံကျနေသော မင်းသမီး ထမီ အနားစကို လက်တဘက်က မ,ကိုင်ပြီး လမ်းလျှောက် ကြရသဖြင့် မလွတ်မလပ် ကသိကအောက် ဖြစ်နေကြပုံ ရပေသည်။ အခြားလက်တဘက်ကလည်း ရောင်စုံမီးပုံး များကို ကိုင်ဆောင်ထားကြရသေးသည်။

ဆရာတော်ဘုရားကို မြင်သောအခါ လက်အားသူ များက လမ်းပေါ်၌ပင် ဦးကုန်းချကြသည်။ မင်းသမီးများ ကတော့ လက်အုပ်ချီ ဂါဝရပြုပြီး "ဆရာတော်ဘုရား၊

http://www.dhammadownload.com



အထိုင်အထ ခက်နေတဲ့အတွက် ဦးမချနိုင်တာ ခွင့်လွှတ်ပါ ဘုရား" ဟု တဆင့် လျှောက်တင်ခိုင်းကြသည်။

ထို့နောက် ကိုရီးယားနိုင်ငံ မြန်မာဗုဒ္ဓဘာသာ အသင်း ဥက္ကဋ္ဌ ကိုအေးမြင့် ရောက်လာသည်။ ကိုအေးမြင့်က "ဆရာတော်ဘုရား၊ ဒီနှစ်တော့ ပြင်ဆင်ချိန် သိပ်မရလို့ ဒီလောက်ပဲ လုပ်နိုင်လိုက်ပါတယ်ဘုရား၊ နောက်နှစ်တွေ ကျရင်တော့ အိုးစည်၊ ဒိုးပတ်ဝိုင်းနဲ့ ဝင်နွဲနိုင်အောင် ကြိုးစားပါ့မယ် ဘုရား"ဟု လျှောက်ထားသည်။ ဆရာတော် ဘုရားက ပြုံး၍ ခေါင်းညိတ်တော်မူသည်။

နိုင်ငံခြားသားအဖွဲ့များ အားလုံးကုန်သောအခါ ငါးနှစ်အရွယ် ကိုရီးယား ကလေးငယ်များ မီးပုံးများကိုင်၍ ဝေါခနဲ ပြေးထွက်လာကြသည်။ စုစုပေါင်း အယောက် ငါးဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ထို့နောက်မှ နှစ်နှစ် သုံးနှစ်အရွယ် ကလေးငယ်များက မီးပုံးများကိုင်လျက် လူကြီးများ၏ ဂုတ်ပေါ်တွင် ခွ၍ စီးလာကြသည်။ ပါးနှစ်ဖက် ပေါ်တွင်လည်း ဘုရားအလောင်းတော် ကြာပွင့်ပေါ်၌ မတ်တပ်ရပ်နေပုံကို စတစ်ကာတွင်ရေး၍ ကပ်ထားကြသည်။ ကလေးငယ်များသည် နောက်ဆုံးအသုတ် ဖြစ်သည်။

ချီတက်သွားရာ လမ်းတလျှောက်မှာ တဝုန်းဝုန်း တဒိုင်းဒိုင်းဆူညံနေကာ မီးရောင်များကလည်း ထိန်ထိန်လင်း နေလေသည်။ စီတန်းချီတက်သူ များသည် နံနက်စောစော

http://www.dhammadownload.com



၃ နာရီကျမှ နောက်ဆုံးအဖွဲ့ပါ အဖွဲ့ပေါင်းစုံ စုရပ် ဘုန်းကြီးကျောင်းသို့ ရောက်ကြပြီး ဗုဒ္ဓနေ့ပူဇော်ပွဲ အခမ်းအနား ကျင်းပကြမည်ဟု သိရသည်။

ည ၈ နာရီခန့်တွင် တရားစခန်း တည်ရှိရာ ဗန်နယားဆာကျောင်းသို့ ကျွန်တော်တို့ ပြန်ခဲ့ကြရာ ည ၁၀ နာရီခွဲ ခန့်တွင် တရားစခန်းသို့ ပြန်ရောက်ကြသည်။

**စခန်းသိမ်း**

မေလ ၁၇ ရက်နေ့နံနက်တွင် တရား စခန်းသိမ်းပွဲ ပြုလုပ်၍ ဆရာတော်ဘုရားက ဩဝါဒစကား မိန့်ကြားသည်။ ဆရာတော်က "နောင်လဲ အချိန်ရတိုင်း အားလပ်တိုင်း တရားထိုင်ကြ"ဟု ယောဂီများကို မိန့်ကြားသည်။ ယောဂီများကလည်း "တပည့်တော်တို့ အခြေခံ ကောင်းကောင်း ရသွားပြီမို့ အားလပ်ရင် တရားထိုင် ပါ့မယ်ဘုရား"ဟု ပြန်လျှောက် ကြသည်။ ထို့နောက် အဖွဲ့လိုက် အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

တရားစခန်းအတွင်း ၁၀ ရက်ပတ်လုံး စကားမပြော ရဘဲ အောင့်ထားကြရသောကြောင့် တရားစခန်းသိမ်းပြီး သောအခါ ယောဂီများစု၍ စကားပြောနေကြသည်။ မိမိတို့ တွေ့ရှိခဲ့သည့် တရားများကို တယောက်နှင့် တယောက် အပြန်အလှန် ပြောကြရင်း ဝမ်းသာကြည်နူး နေကြသည်။

http://www.dhammadownload.com



## ကံကောင်းတယ်

ယောဂီ တယောက်က ကျွန်တော့်အား လာရောက် မိတ်ဆက်ပြီး "မစ္စတာမြန်မာ၊ မင်း မြန်မာ ပြည်သားဖြစ်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ သိပ် ကံကောင်းတယ်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာပြည့်စုံတဲ့ ဆရာတော်များနေရလို့ မင်းက တခြား မြန်မာတွေထက် ပိုပြီး ကံကောင်းတယ်"ဟု လာပြောသည်။

ကိုရီးယား မဟာယာနဘုန်းကြီး ဂျိစန်း*ကလည်း လာရောက် မိတ်ဆက်ပြီး "ငါက အစက တိဘက်ကို သွားမလို့ စဉ်းစားနေတာ၊ ခမောပြောပြလို့ ဒီလာပြီး တရားထိုင်ဖြစ်တာ၊ အခုတော့ တိဘက်ကိုသွားဖို့ မလို တော့ဘူး၊ အခု တရားအစစ်အမှန်ကို တွေ့လိုက်ရပြီ၊ မင်းတို့ မြန်မာနိုင်ငံကို နောက်နှစ်ကျ လာဖြစ်အောင်လာပြီး ဘုန်းကြီးဝတ်ဦးမယ်၊ တရားလဲထိုင်မယ်"ဟု ရှည်လျားစွာ ပြောပြသည်။ ကျွန်တော်ကလည်း "လာဖြစ်အောင်သာ လာခဲ့ပါ၊ မြန်မာနိုင်ငံက အမြဲတမ်း ကြိုဆိုနေပါတယ်"ဟု ပြန်ပြောလိုက်သည်။

နေ့လယ်စာ စားပြီးသောအခါ ယောဂီများက ပြန်ရန်စီစဉ်ကြသည်။ ယောဂီတယောက်၏ ကားမှာ

* ထို ကိုရီးယားဘုန်းကြီး ဂျိစန်းသည် ၂၀၀၀ စုနှစ်၊ ဇူလိုင်လက စ၍ ရှမ်းမြေရိပ်သာ၌ ထေရဝါဒ ရဟန်းပြုပြီး တရားအားထုတ်နေပါပြီ။

http://www.dhammadownload.com



ရပ်ထားတာ ကြာပြီဖြစ်၍ စက်နှိုးမရပဲ ဖြစ်နေသည်။ ကိုရီးယားဘုန်းကြီး ဘိုချွန်းက ကားကို ဟိုနှိုက်သည်နှိုက် လျှောက်နှိုက်နေသည်။ ကျွန်တော်ကလည်း တတ်သမျှ မှတ်သမျှ ဝင်ကူ၍ ပြင်ပေးသည်။ မိနစ် နှစ်ဆယ်ခန့် ကြာသော်လည်း ကားမှာ စက်နှိုး၍မရသေးပေ။ နှစ်ယောက်စလုံး စိတ်ညစ်နေကြပြီ။ ထို့ကြောင့် ကျွန်တော်က စိတ်ပေါက်ပေါက်ဖြင့် ကားကို နှစ်ချက်လောက် ကန်ပစ်လိုက်သည်။ ဘုန်းကြီး ဘိုချွန်းကလည်း လက်ထဲမှ ပလာယာဖြင့် ကားအင်ဂျင်ကို ပစ်ပေါက်လိုက်သည်။ နှစ်မိနစ်ခန့် အနားယူကြသည်။ နောက်ပြီး ကားကို တစ်ဖန်ပြန်၍ စက်နှိုးကြည့်လိုက်သောအခါ ကားမှာ စက်နိုးသွားသည်။ ဘိုချွန်းက လက်ရုံးဆန့်၍ "I have experiences in everything"ဟု အော်သည်။ ကျွန်တော်ကလည်း "Me too"ဟု အော်၍ လက်ဝါးချင်း ရိုက်လိုက်ကြသည်။ အားလုံးက ဝိုင်းရယ်ကြသည်။

## ပူဆန် ဆိပ်ကမ်းမြို့တော်

ကျွန်တော်တို့လည်း ညနေ ၂ နာရီခွဲ ခန့်တွင် ပစ္စည်းများသိမ်း၍ **ယော်ဂျူးနယ်ရှိ ဗန်နယားဆာကျောင်းမှ** အပြီးထွက်ခဲ့ကြသည်။ ဆိုးလ်မြို့သို့ ရောက်သောအခါ ဘုံဝင်ဆာကျောင်းတွင် ခဏ အနားယူကြသည်။ ထို့နောက်

http://www.dhammadownload.com



ဆရာတော်ဘုရားနောက်မှ ကိုထွန်းထွန်းလတ်၊ မခေမာနှင့် ကျွန်တော်တို့လိုက်ပါကာ ည ၇နာရီ မိနစ်၂၀ လေယာဉ်ဖြင့် ဆိုးလ်မြို့မှ ထွက်ခွါခဲ့ကြပြီး တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယမြို့တော် **ပူဆန် ( PUSAN)**မြို့သို့ သွားကြသည်။

ပူဆန်မြို့သို့ ည ၈ နာရီခွဲခန့်တွင် ရောက်ကြသည်။ **ပူဆန်မြို့၊ ထဲ့ဂျုန်းဆာကျောင်း၌** တည်းခိုကြရသည်။ ထဲ့ဂျုန်းဆာကျောင်းမှ ကိုရီးယာဘုန်းကြီးသည် အသက် ၇၀ ခန့်ရှိ၍ ထေရဝါဒ ဘုန်းတော်ကြီးဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်က ချမ်းမြေ့ရိပ်သာသို့ ကြွလာဘူးသည်။

နောက်တနေ့ မေလ ၁၈ ရက်နေ့ နံနက်တွင် ကျွန်တော်နှင့် ကိုထွန်းထွန်းလတ်တို့ ပူဆန်မြို့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုကြသည်။ ဒုတိယမြို့တော် ပူဆန်မြို့မှာ ကိုရီးယားနိုင်ငံ၏ အကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ နေအိမ်များကို ဆိပ်ကမ်းတလျှောက်ရှိ တောင်စောင်းများပေါ်တွင် တည်ဆောက်ထားသောကြောင့် ကြည့်၍လည်း အလွန်လှပသည်။ လမ်းတလျှောက်တွင် စိမ်းလန်းသော သစ်ပင်များကို စိုက်ပျိုးထားပြီး လုံးဝန်းနေအောင် တိတိပပ ညှပ်ထားသောကြောင့်လည်း ပို၍ မျက်စိပသာဒ ရှိလှသည်။ ကိုရီးယားနိုင်ငံ၏မြို့တော် ဆိုလ်းမြို့ထက်ပင် ပိုမို၍လှပ သည်ဟု ဆိုနိုင်သည်။ ကျန်းမာရေး လေ့ကျင့်သူများကိုလည်း နေရာအနှံ့ တွေ့ရသည်။

http://www.dhammadownload.com



အပြန်တွင် ပန်းခြံတခုအတွင်းသို့ ဝင်၍ ကြည့်ရှုကြသည်။ ပန်းခြံမှာ ခပ်သေးသေးဖြစ်ပြီး အခမဲ့ ဝင်နိုင်သည်။ ကျန်းမာရေးအတွက် လမ်းလျှောက်သူများနှင့် အပြေးလေ့ကျင့်သူ များ၏ ခဏတာ နားနိုရာဌာန ဖြစ်သည်။ ပန်းခြံအတွင်း၌ ကျန်းမာရေးလေ့ကျင့်သည့် ပစ္စည်းများ အစုံအလင် ထားပေးသည်။ လေ့ကျင့်ရေး ပစ္စည်းများကို သံကြိုးဖြင့်ချိတ်တွဲ ထားသည်။ ကျွန်တော် တို့လည်း ဝင်၍ ဝိတ်မခြင်း၊ ဒိုက်ထိုးခြင်း၊ ဘားဆွဲခြင်းများ ပြုလုပ်ခဲ့ကြသေးသည်။

ထုံဂျုန်းဆာကျောင်းသို့ နံနက် ၁၀ နာရီခန့်တွင် ပြန်ရောက်ကြသည်။ နေ့ဆွမ်း ဘုဉ်းပေးပြီးသောအခါ **ထဲကပ်ဆာ** ဘုန်းကြီးကျောင်းနှင့် **ထုံဒေါဆာ** ဘုန်းကြီးကျောင်းများသို့ သွားရောက်လေ့လာကြသည်။ သက်တော်ရှည် ဆရာတော်ကြီးများကို ဖူးတွေ့ခဲ့ကြရသည်။

## ပူဆန်တရားပွဲ

**မေလ ၁၉ ရက်**နေ့ နံနက်ပိုင်းတွင် ပူဆန်မြို့ရှိ ဆရာတော်ဘုရား ခေတ္တသီတင်းသုံးနေထိုင်သော **ထုံဂျုန်းဆာ** ကျောင်း၌ ကိုရီးယားလူမျိုးများအတွက် တရားပွဲ ကျင်းပပေးသည်။ ဆရာတော် ဟောကြားသော တရားတော်ကို

http://www.dhammadownload.com



မခေမာကပင် ဘာသာပြန်ပေးသည်။ တရားပွဲကို ဗွီဒီယို ရိုက်ကူး၍ ကိုရီးယား ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးမည်ဟု သိရသည်။ ကိုရီးယားနိုင်ငံတွင် ရုပ်မြင်သံကြား ထုတ်လွှင့်သည့် တီဗွီလိုင်း **TV Channal** များစွာရှိရာ ဘာသာရေး အတွက် သီးသန့်လိုင်း တခုအဖြစ် ထုတ်လွှင့်ပြသပေး ထားသည်။ ထို ဘာသာရေးလိုင်းမှ ဆရာတော်ဘုရား၏ တရားပွဲကို ထုတ်လွှင့်ပြသပေးမည်ဟု သိရသည်။

တရားနာပရိသတ် ၅၀ ခန့် လာမည်ဟု ခန့်မှန်း ထားသော်လည်း တရားဟောသောအခါ ပရိသတ် ၁၅၀ ခန့် လာရောက် နာကြားကြသည်။ တရားပွဲအစတွင် တရားပွဲ ခန်းမဆောင်အပြည့် ပရိသတ် ၈၀ ခန့် နေရာရကြသည်။ နောက်ပိုင်းရောက်လာသူများမှာ အပြင်ဘက်မှ နာကြား ကြရသည်။

တချို့က သမံတလင်းပေါ်တွင် ဖုံခင်း၍ နာကြား ကြသည်။ သူတို့အတွက် တခြားအဆောင်များမှ ကော်ဇော များကို ယူ၍ ထိုင်စရာနေရာ စီစဉ်ပေးရသည်။ တချို့က နေရာမရသောကြောင့် မြေကြီးပေါ်တွင်ပင် ထိုင်၍ တရားနာကြရသည်။

တရားပွဲကို စောင့်ရှောက်နေသော စစ်သားလေး နှစ်ယောက်မှာ ပထမတွင် ဟိုလျှောက် ဒီလျှောက် လုပ်နေ

http://www.dhammadownload.com



ကြပြီး ခဏကြာတော့ မြေကြီးပေါ်တွင် ကျကျနန ထိုင်ကာ တရားနာနေကြသည်ကို တွေ့ရသည်။

ဆရာတော်ဘုရားသည် တရားစခန်း၌ နေ့စဉ် တရားဟောစဉ်ကပင် တချို့ ပါဠိစကားလုံးများကို ညှပ်၍ သုံးတတ်ရာ ပါဠိစကားလုံးများကို ဘာသာပြန်သူ မခေမာ နားယဉ်နေပြီ ဖြစ်သည်။ ထို့ကြောင့် ယခု တရားပွဲတွင် ဟောသော ပါဠိစကားလုံး များကို မခေမာက အခက်အခဲ မရှိဘဲ ချောချောမောမော ဘာသာပြန် သွားနိုင်သည်ကို တွေ့ရသည်။

မခေမာသည် တရားစခန်း၌ ဘာသာပြန်သူ လုပ်စဉ်ကပင် တရားပွဲအပြီး၌ ပါဠိ စကားလုံးများကို အဓိပ္ပါယ်နှင့် တကွ ရေးမှတ်ထားတတ်သည်။ မေ့ကျန်သော ပါဠိစကားလုံးတချို့ကို ကျွန်တော့်အား အဓိပ္ပါယ်ပြောပြ၍ ပြန်မေးတတ်သည်။ "နီဝရဏတရား ငါးပါးရှိတယ်လို့ ဆရာတော်ဘုရားက ဟောတယ်၊ အဲဒီအထဲက တရား ထိုင်နေရင်း ငိုက်မြည်းတာကို ဘာ နီဝရဏလို့ ခေါ်သလဲ၊ တရားထိုင်နေရင်း စိတ် ပျံ့လွင့်ပြီး တခြား အကြောင်းတွေ လျှောက်ပြီးတွေးတော စဉ်းစားမိတာကို ဘာ နီဝရဏလို့ ခေါ်သလဲ" စသည်ဖြင့် ပြန်ပြန်မေး၍ စာအုပ်ထဲတွင် ရေးမှတ်ထားကာ အလွတ်ရအောင် ပြန်၍ ရွတ်ဆိုနေ တတ်သည်။

http://www.dhammadownload.com



သစ္စာလေးပါး၊ နိဝရဏတရား ငါးပါး၊ မဂ္ဂင်ရှစ်ပါး စသည်တို့ကို ပါဠိလိုရော အဓိပ္ပါယ်ပါ မခေမာက ကောင်းကောင်းမှတ်မိသည်။ ထို့ကြောင့် ယခုတရားပွဲတွင် အခက်အခဲမရှိ ဘာသာပြန်သွားနိုင်ခြင်း ဖြစ်သည်။

တရားပွဲမှာ ၁ နာရီခွဲခန့် ကြာပါသည်။ တရားပွဲ ပြီးသောအခါ မခေမာက " ဆရာတော်ဘုရားက ဟောတတ်လိုက်တာ၊ ခဏလေးနဲ့ အကုန်လုံးပါအောင် အနှစ်တွေချည်း ဟောသွားတာ သိပ်ရှင်းတာပဲ" ဟု ကျွန်တော့်ကို ဝမ်းသာအားရ လာပြောသည်။

တရားပွဲ ပြီးသောအခါ ဆွမ်းလောင်းလှူပွဲ ကျင်းပသည်။ တရားနာပရိသတ်က အသင့်ယူဆောင်လာသော ဆွမ်းထုပ်၊ ဆွမ်းဟင်းထုပ်နှင့် အချိုအချဉ် ဘောဇဉ်ခဲဘွယ် စသည်တို့ကို သပိတ်ထဲသို့ ကိုယ်တိုင်လာထဲ့၍ လောင်းလှူကြသည်။ အစီအစဉ်မရှိဘဲ သတင်းကြား၍ ပြေးလာသူ၊ လမ်းကြုံ၍ ဝင်ပြီး တရားနာသူတို့က နဝကမ္မ ဝတ္ထုငွေတို့ကို လှူဒါန်းသွားကြသည်။

**ပူဆန်ကမ်းရိုးတန်း**

ညနေတွင် ပူဆန်ကမ်းရိုးတန်း တလျှောက်ကို စက်လှေငှား၍ လှည့်ပတ်ကြည့်ရှုကြသည်။ စက်လှေပေါ် မတက်ခင် အနီးရှိ ဆိုင်တဆိုင်မှ ဒကာတယောက်က

http://www.dhammadownload.com



ဆရာတော်ဘုရားနှင့် အဖွဲ့ကို ဖျော်ရည်များ လှူလိုပါသည်ဟု မ်ခေမာထံ လာရောက် ခွင့်တောင်းသည်။ ထို့နောက် ဆရာတော်ဘုရားကို အအေးတပုလင်း လာကပ်သည်။ ကျွန်တော်တို့ကိုလည်း အအေးပုလင်း တယောက် တပုလင်းစီ လိုက်ပေးသည်။

စက်လှေသည် ပထမ မှန်မှန်ခုတ်မောင်းနေ၍ တဖြည်းဖြည်း မြန်လာသည်။ အတန်ငယ်ကြီးသော လှိုင်းလုံးများကလည်း တခါတခါ လာရောက်ရိုက်ခတ် သောကြောင့် တချက် တချက်တွင် စက်လှေမှာ ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်သွားတတ်သည်။ စက်လှေတစီးနှင့် တစီး ရှောင်လျှင် အချင်းချင်း အော်ဟစ် နှုတ်ဆက်ကြသည်။ အပြန်အလှန် ဓာတ်ပုံများ ရိုက်ယူကြသည်။ အလွန် ပျော်စရာ ကောင်းလှပါသည်။

စက်လှေသည် ကမ်းခြေတလျှောက် လှည့်ပတ် ခုတ်မောင်းနေ၍ မျက်စိလည်ချင်စရာ အလွန်ကောင်း ပါသည်။ နေလုံးက အရှေ့ဘက်ရောက်သွားလိုက်၊ အနောက် ဘက် ရောက်သွားလိုက်၊ တောင်ဘက်မှ ပေါ်လာလိုက်နှင့် မျက်လှည့်ပြနေသလိုပင် ကျီစယ် နေပါသည်။ မတ်စောက် လှသော တောင်ကမ်းပါးများမှာ ကျောက်သားပကတိ ဖြစ်နေ၍ တချို့နေရာများတွင် ရေတိုက်စားကာ ဂူများ ဖြစ်နေသည်ကို တွေ့ရသည်။ တချို့စက်လှေများက

http://www.dhammadownload.com



ခရီးတထောက်နား၍ ခရီးသည် အချို့က ထိုဂူများသို့ ရောက်အောင် သွားနေကြသည်ကို မြင်တွေ့ရသည်။

ကျောက်တောင်များထက်တွင် အိမ်ကလေးများ တလုံးစ နှစ်လုံးစ ဆောက်ထားသည်ကို တွေ့ရသည်။ တချို့နေရာများ၌ တောင်ထိပ်တည့်တည့်ပေါ်တွင် ဘုံအဆင့်ဆင့်ပါသော ဘုရားကျောင်းများကို ဆောက်လုပ်ထားတတ်ကြရာ အလွန်ကြည့်၍ ကောင်းလှသည်။

ပင်လယ်ပြင်အတွင်း ကမ်းခြေနှင့် အတော်ခပ်လှမ်းလှမ်းတွင် အရွယ်တူ ပုံစံတူ တောင်ပူစာညီနောင်က ပင်လယ်ရေမျက်နှာပြင်မှ ထိုးထွက်နေသည်။ ထို တောင်ပူစာနှစ်လုံးကို **မှော်တောင်ညီနောင်** ဟု ခေါ်ကြောင်း မခေမာပြောပြ၍ သိရပါသည်။ ထို တောင်ညီနောင် နှစ်လုံးတွင် တခါတရံ တလုံးမှာ ပျောက်၍ပျောက်နေတတ်သောကြောင့် မှော်တောင်ညီနောင် ဟု ခေါ်ကြောင်း ပြောပြသည်။

ကျွန်တော့်အထင်တော့ ကြည့်သူနှင့် တောင်နှစ်လုံး စဉ်လျက် တတန်းတည်း ကျသောအခါ တလုံးလုံးက ကွယ်နေခြင်း ဖြစ်မည်ဟု ထင်ပါသည်။ နောက်ဆုံးတွင် ပင်လယ်ပြင်မှ ထိုးထွက် နေသော တောင်ပူစာကြီး တလုံးကို တပတ်ပတ်၍ ပြန်လှည့်ခဲ့ကြသည်။

F6A

http://www.dhammadownload.com



မေလ ၂၀ရက်နေ့တွင် ပူဆန်မြို့ရှိ ရောက်သင့် ရောက်ထိုက်ရာ နေရာများကို လှည့်ပတ်ကြည့်ရှု၍ အပြန်တွင် စာအုပ်ဆိုင်တဆိုင်သို့ ဝင်ရောက်ကြည့်ရှုကြသည်။ စာအုပ်ဆိုင်ကြီးမှာ ကျယ်ဝန်းပြီး အထပ်လေးထပ်ရှိသည်။ သူ့အထပ်နှင့်သူ စာအုပ်အမျိုးအစားများ ခွဲခြားထားသည်။ ကျွန်တော်တို့ အလိုရှိသော အင်္ဂလိပ်စာအုပ်၊ အင်္ဂလိပ် သတင်းစာများကို တတိယထပ်သို့ တက်၍ ဝယ်ယူကြရသည်။ ဆရာတော်ဘုရား အလိုရှိသော စာအုပ်များကို မခေမာက ဝယ်ယူလှူဒါန်းသည်။ ကျွန်တော်အလိုရှိသော စာအုပ်များကိုလည်း မခေမာကပင် ဝယ်၍ လက်ဆောင် ပေးသည်။ စာအုပ်များဝယ်ပြီးနောက် ထုံဂျုန်ဆာကျောင်းသို့ ပြန်ခဲ့ကြသည်။

## ပင်လယ်စာနေ့ဆွမ်း

၁၀ နာရီခန့်တွင် ကိုရီးယားနိုင်ငံလုံးဆိုင်ရာ ဂုဏ်ထူးဆောင်သံဃာမန် ဟု ဆိုသော မဟာယာနဘုန်းကြီးက နေ့ဆွမ်းဘုဉ်းပေးရန် လာရောက် ပင့်ဆောင်သည်။

သူ၏ကျောင်းမှာ အခြား ကျောင်းများကဲ့သို့ အချွန်အတက်များပါသော အဆောက်အဦး မဟုတ်ဘဲ သာမန်ရှေးဆန်သော အဆောက်အဦး တခုမျှသာ ဖြစ်သည်။

http://www.dhammadownload.com



ညှော်ခန်းကိုတော့ ခေတ်မှီ ပရိဘောဂများဖြင့် အစွမ်းကုန် ပြင်ဆင်မွမ်းမံ ထားသည်။

ဘေးပတ်လည် နံရံများတွင်တော့ နှစ်ဆယ်ခန့် ရှိသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များက ဝင့်ကြွားစွာ နေရာယူထား ကြသည်။ ၆ ခုမှာ ကိုရီးယားနိုင်ငံမှ ပေးသော ဘွဲ့တဆိပ်များ ဖြစ်၍ ကျန်ဘွဲ့တံဆိပ်များမှာ တခြား နိုင်ငံများမှ ပေးသော ဘွဲ့တံဆိပ်များဖြစ်သည်။

နေ့ဆွမ်းကို ထိုဘုန်းကြီးကပင် ဟော်တယ်တခုသို့ ပင့်ဆောင်၍ ဆက်ကပ်သည်။ ဟော်တယ်မှာ ချမ်းသာသော လူတန်းစားများအတွက်သာ သီးသန့်လုပ်ထားသော ဟော်တယ်ဖြစ်သည်။ ခန်းမထဲတွင်စားနိုင်သလို သီးသန့် ခန်းထဲတွင်လည်း စားသုံးနိုင်သည်။ တခန်းကို ဝန်ထမ်း သုံးယောက် ထားပေးသည်။

စားသောက်ဖွယ် ဟင်းအမယ်များမှာ စုံလင် လှပေသည်။ ပင်လယ်ဂဏန်း၊ ပင်လယ်ခရု စသည့် အလွန်ဈေးကြီးသော အစားအစာများလည်း ပါဝင်သည်။ ပင်လယ်ခရုကို ဆရာတော်ဘုရားက ဘုဥ်းပေးခြင်းမပြုပေ။ ကျွန်တော်တို့ကတော့ ဗဟုသုတအဖြစ် တယောက် တကောင်စီ စားခဲ့ကြသည်။ အရသာမှာ ချို၍ အီဆိမ့်ဆိမ့် အရသာ ရှိသည်။ အားလုံး စားသောက်ပြီးကြသောအခါ

http://www.dhammadownload.com



သံတမန် ဘုန်းတော်ကြီး၏ ကျောင်းသို့ ပြန်၍ အနားယူကြသည်။

## အပန်းဖြေကမ်းခြေ

ညနေတွင် ပူဆန်မြို့ရှိ အပန်းဖြေကမ်းခြေသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ ပင်လယ်ကမ်းခြေမှာ နွေရာသီ မဟုတ်သေး၍ လူတယောက်စ နှစ်ယောက်စသာ တွေ့ရသည်။ ကမ်းခြေမှာ ကျယ်ဝန်း၍ သာယာပြန့်ပြူးသည်။ ရေမှာစိမ်း၍ ကြည်လင်နေပြီး ဖျာလိပ်ခန့် ရှိသော လှိုင်းလုံးငယ်တို့က ကမ်းခြေရှိ ကျောက်တုံးတို့ကို စီးချက်ကျကျ ရိုက်ခတ်နေကြသည်။

ဆရာတော်က ကမ်းခြေ ဟော်တယ်ပေါ်မှသာ ဖျော်ရည်ဘုဉ်းပေးရင်း ကြည့်ရှုနေသည်။ ကျွန်တော်တို့ကတော့ စားသောက်စရာများ ကိုင်၍ အောက်သို့ ဆင်းလာကြပြီး ကမ်းခြေရှိ ကျောက်တုံးများ ပေါ်တွင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် လေဆိပ်သို့ဆင်း၍ ညနေ ၆ နာရီ လေယာဉ်ဖြင့် ဆိုး(လ်)မြို့သို့ ပြန်ခဲ့ကြသည်။

## ကိုရီးယားမှာ ချမ်းမြေ့ရိပ်သာတဲ့

မေလ ၂၁ ရက်နေ့ နံနက်တွင် **ဆိုး(လ်)မြို့** အနီးတွင်ရှိသော တောင်ပေါ်ဒေသရှိ ဘုန်းကြီးကျောင်းသို့

http://www.dhammadownload.com



သွားကြသည်။ လမ်းတလျှောက်တွင် နွားမွေးမြူရေးခြံများ၊ ဆိတ်မွေးမြူရေးခြံများ၊ သမင်မွေးမြူရေးခြံများကို တွေ့ခဲ့ရသည်။ ဘုန်းကြီးကျောင်းမှာ ရှေ့ဆောက်လုပ်လက်စဖြစ်သည်။ တရားရှုမှတ်ဆောင်၊ နားနေဆောင်၊ ဆွမ်းစားဆောင်၊ မီးဖိုဆောင် စသည်တို့ကို စနစ်တကျ နေရာချ၍ ဆောက်လုပ်နေသည်။ ဘုန်းကြီးလေး ၂ပါးနှင့် သီလရှင်လေး ၂ပါးကို တွေ့ရသည်။ ဘုန်းကြီး လေးများနှင့် သီလရှင်လေးများမှာ ရန်ကုန် ချမ်းမြေ့ရိပ်သာကျောင်းသို့ လာရောက်၍ တရားအားထုတ်ဖူးသူ များ ဖြစ်ကြသည်။

ဘုန်းကြီးလေးများက ယခု ဆောက်လုပ်နေသောကျောင်းဆောင်များမှာ ကိုးရီးယားနိုင်ငံ၌ ချမ်းမြေ့ရိပ်သာကျောင်းခွဲ တည်ထောင်နိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်နေကြခြင်း ဖြစ်ကြောင်း ဆရာတော်ဘုရားအား လျှောက်ထားကြသည်။ "ဆရာတော်ဘုရားလဲ တနှစ် တခေါက်လောက် လာရောက်၍ တရားပြပေးတော်မူပါဘုရား၊ ကျောင်းထိုင်ဘုန်းကြီးလဲ လွှတ်ပေးတော်မူပါဘုရား" ဟု လျှောက်ထားကြသည်။ ဆရာတော်ဘုရားက "တနှစ် တခေါက်တော့ ကြွနိုင်မယ် မထင်ပါဘူး၊ သုံးနှစ် တခေါက် လောက်တော့ ကြွပေးနိုင်လိမ့်မယ် ထင်ပါတယ်။ ရိပ်သာခွဲ တည်ထောင်လိုလျှင်တော့ တရားပြပေးနိုင်မဲ့ ကျောင်းထိုင်ဘုန်းကြီး တပါး သို့မဟုတ် နှစ်ပါးခန့် ပို့လွှတ်ပေးနိုင်ရန် ကြိုးစား

http://www.dhammadownload.com



ကြည့်ပါဦးမယ်”ဟု မယုတ်မလွန် ပြန်လည်၍ မိန့်ကြားခဲ့သည်။

ကိုရီးယားဘုန်းကြီးလေးများက “ ဆရာတော်ဘုရား ကျောင်းဝိုင်းအတွင်း လှည့်ပတ်ကြည့်ရှု ပါဦးဘုရား” ဟု လျှောက်ထားသောကြောင့် ကျောင်းဝင်းအတွင်း လှည့်ပတ်ကြည့်ရှုကြသည်။

ကျောင်းဝင်းမှာ အတော်လေး ကျယ်ဝန်းသည်။ တိတ်လည်း တိတ်ဆိတ်သည်။ တဘက်တွင် တောင်ကမ်းပါးယံများ၊ တောင်ကုန်း တောင်စောင်းများ ရှိသည်။ တောင်ကမ်းပါးယံများမှ ကျောက်စက်ရေများ ထွက်နေသည်ကို တွေ့ရသည်။

ကျောင်းဝင်း တနေရာတွင် နတ်သားတပါးက ခရသင်းဖြင့် ရေစင်သွန်းလောင်းနေပုံကို ထုလုပ်ထားပြီး ခရသင်းမှ ရေများ ပန်းထွက်နေသည်။ ကျောက်စက်ရေအထွက်ကောင်းသော နေရာတွင် တည်ဆောက်ထားပြီး ပိုက်လုံးမြှုပ်ထား၍ ကျလာသော ကျောက်စက်ရေကို ပိုက်လုံးမှတဆင့် ခရသင်းဖြင့် သွယ်ဆက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ခရသင်းမှ ထွက်လာသောရေသည် အေးမြကြည်လင်နေသော ကျောက်စက်ရေ အေးအေးလေးများ ဖြစ်သည်။

http://www.dhammadownload.com



ကိုရီးယားလူမျိုးတို့က သောက်ရေသန့်ထက် ကျောက်စက်ရေကို ပို၍ တန်ဖိုးထား သောက်သုံးကြသည်။ ကျောက်စက်ရေကို သောက်သုံးလျှင် ကျန်းမာရေး ကောင်းတယ်ဟု ပြောကြသည်။

## ဆိုးလ်မြို့ပြတိုက်

နေ့ဆွမ်းကို တရုတ်ဟော်တယ်တခုမှ ပိုင်ရှင် မိသားစုက ဆက်ကပ်လှူဒါန်းကြသည်။ ညနေ ၂ နာရီခွဲ ခန့်တွင် **ဆိုးလ်ပြတိုက်** (SEOUL MEUSIUM)သို့ သွားရောက် ကြည့်ရှု လေ့လာကြသည်။ ဆိုးလ်ပြတိုက်တွင် ရှေးဟောင်း ပစ္စည်းတချို့ကို ပြသထားသည်။ ဘာသာရေးဆိုင်ရာ အထောက်အထားများ၊ ရုပ်တုများ၊ ရုပ်ပုံကားချပ် ပန်းချီပုံ များကို အများအပြား တွေ့ရသည်။

ဘာသာရေးဆိုင်ရာ အထောက်အထား ပစ္စည်း များကို မှန်ဘီဒိုထဲတွင် ထည့်ထားသောကြောင့် ကိုင်ကြည့်၍ မရပေ။ ရုပ်တုများ၊ ရုပ်ပုံကားချပ်များကိုတော့ အပြင်တွင်ချ၍ ပြသထားသောကြောင့် ကိုင်တွယ်ကြည့်ရှုနိုင်သည်။ ရုပ်တုများ အနီးတွင် ရုပ်တု၏ သမိုင်းကြောင်းနှင့် ထုလုပ် ကိုးကွယ်သူတို့၏ အမည်ကို ကျောက်ပြားပေါ်တွင် ရေးထွင်း၍ ပြသထားသည်။

http://www.dhammadownload.com



ရှေးဟောင်းပစ္စည်းများ ပြသထားသော နေရာတွင် အလွန် တွေ့ရမြင်ရခဲသော အမိန့်တော်တံဆိပ် တချို့ကို တွေ့ရသည်။ အမိန့်တော်တံဆိပ်၏ ရှေ့တွင် သုံးစွဲခဲ့သည့် ခေတ်၊ သုံးစွဲသူ၏ နာမည်၊ အဖွဲ့အစည်းအမည်ကို ရေး၍ ပြသထားသည်။

အမိန့်တော်တံဆိပ်ကို ရှေးအခါက ဘုန်းတန်ခိုး ကြီးသော ရှင်ဘုရင်များ၊ အာဏာစွမ်းထက်သူများနှင့် အာဏာရှိသော အဖွဲ့အစည်းများက သုံးတတ်ကြသည်။ အမိန့်တော်တံဆိပ်၏ ပုံစံမှာ အဝိုင်းပုံ၊ လေးထောင့်ပုံ၊ ခြောက်ထောင့်ကြယ်ပုံ စသည်ဖြင့် ပုံစံအမျိုးမျိုးရှိသည်။ ကိုယ်ပိုင်အမှတ်တံဆိပ်ကို ကျောက်စိမ်း သို့မဟုတ် အဖိုးတန် ကျောက်မျက် တမျိုးမျိုးပေါ်တွင် ထွင်းထု၍လည်းကောင်း၊ သံ သို့မဟုတ် ကြေး စသည်တို့ကို ပုံစံသွန်းလောင်း၍ လည်းကောင်း ပြုလုပ်ထားခြင်းဖြစ်သည်။

အမိန့်တော်တံဆိပ် ပိုင်ရှင်သည် ကိစ္စတခုအတွက် ကိုယ်တိုင် မသွားရောက်နိုင်သောအခါ၊ သို့မဟုတ် ကိုယ်တိုင် မသွားလိုသောအခါများတွင် အားကိုးယုံကြည် စိတ်ချရသော လက်အောက်ငယ်သား တယောက်ယောက်အား ထို အမိန့်တော်တံဆိပ်ကို ပေး၍ စေလွှတ်တတ်သည်။

ထို ဆက်သားမှာလည်း ယုံကြည် စိတ်ချနိုင် လောက်သူ ဖြစ်ရပြီး ထိုဆက်သားကို အမိန့်တော်

http://www.dhammadownload.com



တံဆိပ်ပိုင်ရှင်က အာဏာကုန်လွှဲအပ်သော သဘော သက်ရောက်သည်။ ထိုဆက်သားက တွေ့လိုသူကို ရှာ၍ ထိုသူအား အရေးကိစ္စကြီးငယ်ကို တံဆိပ်တော်ပြ၍ ခိုင်းရသည်။

တံဆိပ်တော်ပြခြင်းမှာ အမိန့်တော်တံဆိပ် ပိုင်ရှင်၏ အာဏာဖြစ်ကြောင်း လက်ဆုပ်လက်ကိုင် သက်သေပြခြင်းဖြစ်သည်။ အခိုင်းခံရသူကလည်း အမိန့်တော်တံဆိပ် ပိုင်ရှင်ကိုယ်တိုင် လာရောက်၍ ခိုင်းသကဲ့သို့ လိုက်နာလုပ်ဆောင် ပေးရသည်။

အမိန့်တော်တံဆိပ်ကို အပ်နှင်းခြင်း ခံရသော ဆက်သား ကလည်း မပျက်မစီး မပျောက်မရှ ရအောင် ထိန်းသိမ်းရန် အလွန်အရေးကြီးသည်။ ပျောက်ရှသွားပါက သေဒဏ်အထိ အပြစ်ပေးခြင်းကို ခံရနိုင်သည်။ အဘယ့် ကြောင့်ဆိုသော် ထို အမိန့်တော်တံဆိပ်ကို မသမာသူတို့ ရရှိသွားပါက မကောင်းသည့် အဖျက်လုပ်ငန်းများကို တံဆိပ်တော်ကိုပြ၍ ပြုလုပ် ကျူးလွန်နိုင်သောကြောင့် ဖြစ်သည်။

အမိန့်တော် တံဆိပ်ပိုင်ရှင်များသည် သူတို့ ကွယ်လွန်ခါနီး အချိန်တွင် ထို အမိန့်တော်တံဆိပ်ပြားကို ဖျောက်ဖျက် ပစ်တတ်ကြသည်ဟု သိရသည်။ ထို့ကြောင့် အမိန့်တော်တံဆိပ်များကို တွေ့ရမြင်ရခဲခြင်း ဖြစ်သည်။

http://www.dhammadownload.com



ပန်းချီကားများ ပြသထားသော နေရာတွင် ဘုရားပုံတော်များ၊ ကိုးရီးယား သမိုင်းတွင် ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ မဟာယာနဗုဒ္ဓဘာသာ သမိုင်းတွင် ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ ပုံများကို တွေ့ရှိရသည်။ တချို့နေရာများတွင် ရှုခင်းပုံသက်သက် ပန်းချီကားများ၊ ရေမြေတောတောင်များကို နောက်ခံထားလျက် သားရဲ၊ ကျေးငှက်တိရစ္ဆာန် ပုံ ပန်းချီကားများကိုလည်း များစွာ တွေ့ရသည်။

## ချင်းကိုတီထွင်သူ

တနေရာတွင် မျက်လုံးပြူးပြူး၊ ထိပ်ပြောင်ပြောင်၊ အသားညိုညို၊ ဆံပင်စုတ်ဖွားဖွား၊ မုတ်ဆိတ်မွေး ဗလပွနှင့် ပုဂ္ဂိုလ်တဦး၏ ပုံကို လက်ရာမြောက်စွာ ရေးဆွဲထားသည်ကို တွေ့ရသည်။

ကျွန်တော်က ထိုပုံကို မခေမာအားပြ၍ "အဲဒါ ဘယ်သူ့ပုံလဲ၊ ဗောဓိဓမ္မ ပုံလား"ဟု မေးသည်။ မခေမာက လက်ဖက်ခြောက်ရွက် "Tea leaf - Tea leaf"ဟု ပြော၍ ဘာမှဆက်မပြောနိုင် ဖြစ်နေသည်။ ခဏအကြာတွင် ဆရာတော်ဘုရားက လာရောက်၍ ထိုပုံကို စိတ်ဝင်တစား ကြည့်ကာ ပြုံးသည်။ နောက်ပြီး "ခေမာ – အဲဒါ ဘယ်သူ့ ပုံလဲ သိလား"ဟု မေးပြန်သည်။ မခေမာ ကလည်း "Tea

http://www.dhammadownload.com



leaf - Tea leaf"ဟုပဲ ဖြေပြန်သည်။ ဆရာတော်က "Tea leaf - ဟုတ်တယ် ဟုတ်တယ်၊ သူ့နာမည်က ဗောဓိဓမ္မလို့ ခေါ်တယ်"ဟု ပြောသည်။ မခေမာက "ဆရာတော်ဘုရား၊ ရှင်းပြပေးပါဦးဘုရား"ဟု လျှောက်သည်။

ဆရာတော်က "အဲဒီ ဗောဓိဓမ္မဆိုတာ တရုတ်ပြည်မှာ နာမည်ကြီးတဲ့ အိန္ဒိယလူမျိုး မဟာယာန ဘုန်းကြီးပေါ့၊ တရုတ်ပြည်မှာ ဈာနဝါဒကို သူက စ,ပြီး တီထွင်လိုက်တာပဲ။ သူက ဖွဲ့ကြီးတယ်၊ ဒေါသလဲကြီးတယ်၊ ဂူနံရံကို စိုက်ကြည့်ပြီး ၉နှစ်တိတိ ကမ္မဋ္ဌာန်းထိုင်တာ၊ တခါမှာ ငိုက်သွားလို့ သူ့ကိုယ်သူ စိတ်တိုပြီး မျက်ခွံနှစ်ဖက်ကို ဓားနဲ့ လှီးဖြတ်ပစ်လိုက်တယ်၊ အဲဒီ မျက်ခွံနှစ်ဖက်က မြေပေါ်ကျပြီး သစ်ပင်နှစ်ပင် ချက်ချင်းပေါက်လာတယ်တဲ့၊ အဲဒီသစ်ပင်က အရွက်ကို ရေနွေးနဲ့ ရောစိမ်ပြီး သောက်တဲ့အခါ အိပ်ချင်စိတ်ပျောက်လို့ နောက်နောက် ဘုန်းကြီးတွေက တရားမထိုင်ခင် အဲဒီအရွက်ကို ခပ်ပြီး ရေနွေးကြမ်း သောက်တယ်။ အဲဒါ သောက်ပြီးမှ တရားထိုင်တဲ့အခါ မအိပ်ချင်တော့ဘူးတဲ့။ အဲဒီအပင်က အရွက်ကို အခု လက်ဖက်ရွက်လို့ ခေါ်နေကြတာပေါ့။ အဲဒီ ပုံပြင်ဟာ ဈာန်နဲ့ မဟာယာနသမိုင်းမှာ ထင်ရှားတယ်"ဟု ရှင်းပြသည်။

မခေမာက "Oh My God" "Sayadawpaya. You know everything very well"ဟု ပြောသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားက ပြုံးသည်။ ကျွန်တော်က မခေမာအား "ဗုဒ္ဓဘာသာဆိုတော့ Oh My Lord Buddha လို့သုံးရင် ပိုမကောင်းဘူးလား"ဟု ပြောရာ မခေမာက " Oh My Lord Buddha " " Oh My Lord Buddha "ဟု ပြန်ရွတ်ကြည့်သည်။ နောက်ပြီးမှ "သဘောပေါက်ပြီ၊ သဘောပေါက်ပြီ၊ ငါ့ကို အခုလို ပြောပြတာ ကျေးဇူးပဲ"ဟု ပြောသည်။ နောက်ပြီးမှ "Lord Buddha Bless You"ဟု ဆက်ပြောလိုက်သည်။

မခေမာ ဗောဓိမွေ့အကြောင်း မသိသည်မှာ အဆန်း မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူမတို့ မိသားစုမှာ ခရစ်ယာန်ဘာသာကို လေးလေးနက်နက် ယုံကြည် ကိုးကွယ်ကြသူများဖြစ်သည်။ သူမသည်လည်း မူလက ခရစ်ယာန်ဘာသာဝင် တယောက်ပင်ဖြစ်သည်။ နောက်မှ ဆရာတော်ဘုရား၏ တရားတော်ကို နာကြားရ၍ ဗုဒ္ဓ ဘာသာဝင်တယောက် ဖြစ်လာပြီး ရန်ကုန်၊ ချမ်းမြေ့ ရိပ်သာကျောင်းသို့ လာရောက် သီလရှင်ဝတ်ကာ ဝိပဿနာ တရား အားထုတ်ခဲ့သူဖြစ်သည်။

သူမနာမည် မခေမာ ဆိုသည်မှာလည်း သူမ သီလရှင်ဝတ်စဉ်က ဘွဲ့နာမည်ပင် ဖြစ်သည်။ ယခုအချိန် အထိလည်း ထိုနာမည်ကိုပင် သူမနာမည်ဟု အတည်ယူ၍ အသုံးပြုနေသည်။

http://www.dhammadownload.com



ကျွန်တော်တို့ **ဆိုးလ်ပြတိုက်** မှ အပြန်တွင် ထင်ရှားသော ဆရာတော်တပါး၏ ကျောင်းသို့ သွားရောက် ကြည့်ရှု လေ့လာကြသည်။ ဆရာတော်ဘုရားမှာ ထို ဆရာတော်နှင့် အလ္လာပ သလ္လာပစကား ပြောကြားနေသည်။ ကျွန်တော်တို့က ကျောင်းဝင်းအတွင်း လှည့်ပတ်ကြည့်ရှု ကြသည်။

ကျောင်းတော်မှာ ရှေးကျောင်းဖြစ်သောကြောင့် ကိုရီးယား ရှေးဟောင်းလက်ရာများကို လေ့လာခွင့်ရခဲ့သည်။ ကျောင်းဆောင်များမှာ တရုတ်ဘုံကျောင်းများကဲ့သို့ပင် အမိုးတွင် အချွန်အတက်များကို လှလှပပ ပြုလုပ်ထားသည်။ ခေါင်းလောင်းကြီး တလုံးမှာ ကြီးမား ခန့်ထည်ပြီး ခေါင်းလောင်း ပတ်ပတ်လည်တွင် ကိုရီးယားဗုဒ္ဓဝင် ရုပ်ပုံ များကို ကြွကြွရွရွ လှလှပပ သွန်းလောင်း ပြုလုပ်ထားသည်။ အပြန်တွင် ကိုရီယား ထိုဆရာတော်က ကျွန်တော်တို့အား စားပွဲတင် ခေါင်းလောင်းကလေး တလုံးကို လက်ဆောင် ပေးလိုက်သည်။

## ရှင်ပြုပွဲအတွက်ပြင်ကြဆင်ကြ

ဗုံဝင်ဆာကျောင်းသို့ ပြန်ရောက်ကြသောအခါ ည ၇ နာရီခန့် ရှိပေပြီ။ နောက်တနေ့ မေလ ၂၂ ရက်နေ့ တွင် မြန်မာလူငယ်တို့၏ အလှူပွဲနှင့် ရှင်ပြုပွဲရှိသဖြင့်

http://www.dhammadownload.com



ချောချောမောမော ကျင်းပနိုင်ရန် ကိုထွန်းထွန်းလတ်နှင့် အတူ အစီအစဉ်များ ရေးဆွဲကြသည်။ ဖိတ်ကြားထားသော မြန်မာလူမျိုးများ လမ်းမှန်မှန် လာတတ်ရန်အတွက် လမ်းညွှန်မြေပုံ အမှတ်အသားများ ရေးဆွဲ၍ မြေအောက် ဘူတာရုံများနှင့် လမ်းမများတလျှောက်တွင် လိုက်လံ၍ ကပ်ကြသည်။

အစီအစဉ်များ အားလုံး ပြုလုပ်ပြီးစီးသောအခါ ည ၂ နာရီပင် ထိုးနေပေပြီ။ ညအိပ်ယာဝင်ကြပြီး ခဏတာမျှ အိပ်စက်အနားယူကြသည်။ နံနက်တွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းမည့် အလှူရှင် မဝင်းဝင်းနိုင်တို့ ညီအစ်မနှစ်ယောက်နှင့် မြန်မာအမျိုးသမီးများမှာ နံနက်စောစော ၃ နာရီခန့်တွင် ရောက်ရှိလာကြ၍ ထွက်ဧည့်ခံရပြန်သည်။

ဆရာတော်ဘုရားသည် ထိုနေ့ နံနက်ပိုင်းတွင် ဘုံဝင်ဆာကျောင်း၌ပင် သီတင်းသုံးလျက် ရောက်ရှိလာကြသော မြန်မာဧည့်သည်များကို ဧည့်ခံတော်မူသည်။ ကျွန်တော်တို့က အပြင်ထွက်၍ လိုအပ်သော ပစ္စည်းများ ထွက်ဝယ်ကြသည်။

နေ့ဆွမ်းကို ကိုအေးမြင့်နှင့် မမိုးမိုးလွင်တို့က ဆက်ကပ်လှူဒါန်းကြသည်။ ကြွရောက်လာကြသော

http://www.dhammadownload.com



ဥယျာဉ်သည်များ အားလုံးကိုလည်း ကျွေးမွေးဧည့်ခံ လှူဒါန်းကြသည်။

ဆရာတော်ဘုရားသည် နေ့ဆွမ်း ဘုဉ်းပေးပြီးသောအခါ နာရီဝက်ခန့် အနားယူသည်။ ဆရာတော်ဘုရား အနားယူနေချိန်တွင် ရှင်လောင်း နှစ်ပါးတွင် တပါး အပါအဝင် ဖြစ်သော ကိုထွန်းထွန်းလတ်နှင့် ကျွန်တော်တို့ ဈေးဝယ်ထွက်ကြသည်။ ကိုရင်ဝတ်နေစဉ်အတွင်း စားသုံးရန် အစားအစာတချို့နှင့် အဖျော်ရည်ဘူးများ ဝယ်ပြီး ပြန်လာကြသည်။

## ကိုရီးယား၌ရှင်ပြုပွဲ

ကျောင်းသို့ ပြန်ရောက်သောအခါ ကျန်ခဲ့သော ရှင်လောင်းမှာ ဆံချပြီးနေပြီဖြစ်သည်။ ဆရာတော်ဘုရားကလည်း ရှင်ပြုပေးရန် အဆင်သင့် စောင့်နေပြီဖြစ်သည်။ ထို့ကြောင့် ကိုထွန်းထွန်းလတ်ကို ဝိုင်း၍ ဆံချကြသည်။ ဂျူတ်ဓား သုံးလက်ဖြင့် လူသုံးယောက်က ဝိုင်းဝန်း၍ ခေါင်းရိတ်ပေးကြသည်။ ကျွန်တော်က "အခုဟာ ကိုရီးယား စတိုင်နဲ့ ဆံချနေတာလား ဟေ့" ဟု လှမ်းနောက်လိုက်သည်။ တယောက်က "ဟုတ်တယ်ဟေ့ မမြင်ဘူးရင် လာပြီးလေ့လာထားဦး၊ မြန်မာပြည်မှာ ဒါမျိုးမတွေ့နိုင်ဘူး" ဟု ပြန်နောက်သည်။

http://www.dhammadownload.com



ညနေ ၂ နာရီခွဲခန့်တွင် ရှင်ပြုပွဲ ပြီးဆုံးသွားသည်။ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသော ရှင်သာမဏေ နှစ်ပါးကို ဆရာတော်ဘုရားက **ရှင်ဓမ္မစေ** နှင့် **ရှင်ဝိသိဋ္ဌ** ဟူ၍ ဘွဲ့နာမည် ပေးတော်မူသည်။ ယခုအကြိမ်သည် ကိုရီးယားမြေ၌ ပထမဆုံးအကြိမ် ရှင်ပြုခြင်းဖြစ်သည်ဟု သိရပေသည်။

ဗုဒ္ဓသာသနာ ရောင်ဝါထွန်းပြောင်ရေးအတွက် ခြေလှမ်းသစ် ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်ပေသည်။ ညနေ ၃ နာရီတွင် ရှင်ပြုအလှူပွဲသို့ လာရောက်ကြသော မြန်မာ ပရိသတ်များအား ဆရာတော်ဘုရားက တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။

တရားပွဲသို့ မြန်မာပရိသတ် ၂၅၀ ခန့် လာရောက် နာကြားကြ သည်။ ပါလာသော ချမ်းမြေ့ဂုဏ်တော်ဘုရားရှိခိုး စာအုပ်လေးများကို ဝေငှသည်။ ညနေ ၅ နာရီခွဲ ခန့်တွင် ကိုရီးယားနိုင်ငံ မြန်မာတရားပွဲကို အောင်မြင်စွာ ကျင်းပ ပြီးဆုံးသွားသည်။

## ဆိုးလ်မြို့ရှိမြန်မာဆင်းတုတော်

ညနေ ခြောက်နာရီတွင် မြန်မာရုပ်ပွါးဆင်းတုတော် ကိန်းဝပ်စံပါယ်တော်မူရာ **ဆော့(ဂ်)ဝမ်းဆာ** ကျောင်းသို့ သွားရောက်၍ ဘုရားဖူးကြသည်။ ဆော့(ဂ်)ဝမ်းဆာ

http://www.dhammadownload.com



ကျောင်းမှာ ယခင်ကပင် မြန်မာလူမျိုးများ အဝင်အထွက် များသော ဘုန်းကြီးကျောင်းဖြစ်သည်။ **ကိုရီးယားနိုင်ငံ မြန်မာဗုဒ္ဓဘာသာအသင်း** အဖွဲ့ချုပ်ကိုလည်း ဆော့(ဂ်) ဝမ်းဆာကျောင်းမှာပင် ပြုလုပ်ထားသည်။

ဆော့(ဂ်)ဝမ်းဆာ ကျောင်းတွင် ဖူးမြော်ရသော ဆင်းတုမှာ **တိလောကမုနိ ဗုဒ္ဓရုပ်ပွါး ကျောက်ဆင်းတုတော်** ဖြစ်၍ ဉာဏ်တော် ၂ တောင်ခန့်ရှိသော ထိုင်တော်မူ ရုပ်ပွါးတော်ဖြစ်သည်။ ဆင်းတုတော်မှာ အတော်ပင် သပ္ပါယ် လှသည်။ ဘုရားဆင်းတုတော်ကို မြန်မာနိုင်ငံမှ ကိုရီးယား နိုင်ငံသို့ ပင့်ဆောင်ခဲ့စဉ်က တွေ့ကြုံရသော အခက်အခဲများကို မြန်မာလူငယ်များက ဆရာတော်ဘုရားအား လျှောက်ထား ကြသည်။

ဆင်းတုတော်ကို ပင့်ဆောင်ခဲ့စဉ်က မြန်မာ လေဆိပ်မှ သယ်ဆောင်စရိတ်ကို လေးသိန်း (400,000)ဟု ရေးလိုက်ကြောင်း၊ သို့သော် ရေ့တွင် မြန်မာကျပ်ငွေ အမှတ်အသား "**Ks**" မပါကြောင်း၊ ထို့ကြောင့် ကိုရီးယားလေဆိပ်သို့ ရောက်သောအခါ အကောက်ဌာန တာဝန်ရှိသူများက အခွန်ငွေကိုလည်း ဒေါ်လာလေးသိန်း တောင်းကြကြောင်း လျှောက်ထားသည်။

သို့သော်လည်း **ဆော့(ဂ်)ဝမ်းဆာ** ကျောင်းရှိ ကိုရီးယား မဟာယာနဘုန်းတော်ကြီးများက လိုက်ပြောပေး

http://www.dhammadownload.com



သောကြောင့် အစစ အဆင်ပြေသွားကြောင်း လျှောက်ထားကြသည်။ ရုပ်ပွါးတော် နှင့်အတူ စုပေါင်း၍ အမှတ်တရ ဓါတ်ပုံများ ရိုက်ကြသည်။

## ဆိုးလ်မှတိုကျိုသို့

မေလ ၂၃ ရက်နေ့ နံနက်သည် ဆရာတော်ဘုရား တောင်ကိုးရီးယားမှ ထွက်ခွါမည့်ရက်ဖြစ်သဖြင့် ဒကာ ဒကာမများက လာရောက် ကန်တော့ကြသည်။ ဆရာတော် ဘုရားက ရှင်သာမဏေနှစ်ပါးကို ခေါ်၍ ပြောဆိုဆုံးမစရာ ရှိသည်တို့ကို ပြောဆိုဆုံးမ မှာကြားသည်။

ရှင်သာမဏေ ဝတ်သည့် ကာလအတွင်း ချမ်းမြေ့ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ စာအုပ်မှ စည်းမျဉ်း စည်းကမ်းများ အတိုင်း သီလတော်ကို မကျိုး၊ မပေါက်၊ မပျောက်၊ မကျားအောင် စောင့်စည်းထိန်းသိမ်းရန် မှာကြားပြီးနောက် လေဆိပ်သို့ ထွက်ခဲ့ကြသည်။

လေဆိပ်သို့ ကိုးရီးယား ဘုန်းတော်ကြီး ဘိုချွန်း၊ မစ္စတာအိုးလ်၊ ကိုစိုးနိုင်၊ မခေမာနှင့် ကိုးရီးယားဘုန်းကြီး ဂျိစန်း တို့က လိုက်ပါပို့ဆောင်ကြသည်။

၁၉၉၉ ခုနှစ်၊ မေလ ၂၃ ရက်၊ နံနက် ၁၀ နာရီခွဲ လေယာဉ်ဖြင့် ကိုရီးယားမှ ဂျပန်နိုင်ငံသို့ ခရီးဆက်ခဲ့ ကြသည်။

http://www.dhammadownload.com



# ချမ်းမြေ့ဆရာတော်ဘုရား၏
## ၂၂ ကြိမ်မြောက် ခရီး

# ဂျပန်နိုင်ငံ

## ၁၉၉၉ မေလ ၂၃ ရက်မှ ဇွန်လ ၁၉ ရက်နေ့အထိ

### ဂျပန်နိုင်ငံသို့

ဆရာတော်ဘုရားသည် ကျွန်တော့်ကို ကပ္ပိယအဖြစ် ခေါ်ဆောင်၍ တောင်ကိုးရီးယားနိုင်ငံ ဆိုးလ် (SEOUL) မြို့မှ ၂၃၊ ၅၊ ၉၉ ရက်နေ့၊ နံနက် ၁၀ နာရီခွဲ လေယာဉ်ဖြင့် ဂျပန် JAPAN နိုင်ငံသို့ ခရီး ဆက်လက် ကြွတော်မူခဲ့ပါသည်။ နေ့ဆွမ်းဘုဉ်းပေးရန် အချိန်မရသောကြောင့် ဆရာတော်ဘုရားမှာ လေယာဉ်ပေါ်မှာပင် နေ့ဆွမ်း ဘုဉ်းပေးခဲ့ရပါသည်။

ဂျပန်နိုင်ငံ **နာရီတ** လေဆိပ်သို့ မေလ ၂၃ ရက်၊ နေ့လယ် ၁ နာရီခွဲအချိန်တွင် ဆိုက်ရောက်ကြသည်။

http://www.dhammadownload.com



လေဆိပ်သို့ ဆရာတော်ဘုရား၏ ဒကာရင်းဖြစ်သော ကိုတင့်အောင် လာရောက်ကြိုဆိုသည်။ ကိုတင့်အောင်မှာ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် အလွန်ကြည့်ကောင်းသော ပုဂ္ဂိုလ်ဖြစ်သည်။ ဂျပန်ဘာသာစကားကို ကောင်းကောင်း ပြောတတ်ပါသည်။ နေ့လယ် ၂ နာရီခွဲခန့်တွင် ဂျပန်နိုင်ငံ၏ မြို့တော် **တိုကျိုသို့** ရောက်ကြပါသည်။

တိုကျိုမြို့သို့ ဝင်လာစဉ်ကပင် မြို့တော်၏ ခမ်းနားထည်ဝါမှုများက ဆီးကြိုနေသည်။ ညနေ ၃ နာရီ ခန့်တွင် ဆရာတော်သီတင်းသုံးမည့် **တိုကျို မြို့**၊ **အီခဲဘုကုရို့** **(IKEBUKURO)** ရှိ ဂရင်းစီတီးဟိုတယ်လ် **(Hotal Grand** City)သို့ ရောက်ကြသည်။ ကိုခင်မောင်ဇော်၊ ကိုမြသွင်နှင့် ကိုနန္ဒာချစ်ဦး တို့က ဟိုတယ်လ်မှ ကြိုဆိုနေကြသည်။

## အန်တီနီနှင့် မထွေးထွေးဆိုင်

မေလ ၂၄ ရက်နေ့ နံနက်တွင် ဒေါ်နီ(အန်တီနီ) နှင့် မထွေးထွေးဆိုင်တို့က ဟိုတယ်လ်သို့လာ၍ အရုဏ်ဆွမ်း ကပ်ကြသည်။ အန်တီနီမှာ ဆရာတော်ဘုရား ဂျပန်နိုင်ငံတွင် သီတင်းသုံးသမျှ ကာလပတ်လုံး စေတနာ သဒ္ဓါတရား အပြည့်ဖြင့် ဆွမ်းချက်ကပ်သော စေတနာရှင်တယောက် ဖြစ်သည်။ ဆရာတော်ကြွရောက်ရာ နေရာ အားလုံးသို့

http://www.dhammadownload.com



လိုက်ပါ၍ ဆွမ်းကပ်သည်။ မြန်မာမိသားစုများ၊ မြန်မာ ထမင်းဆိုင်များက ပင့်၍ ဆွမ်းကပ်သော နေ့များမှာတော့ အန်တီနီ နားရပါသည်။ အန်တီနီမှာ အလွန် သဘော ကောင်း၍ အလွန်လည်း ဖော်ရွေသည်။ တိုကျိုရှိ မြန်မာ အသိုင်းအဝိုင်းတွင် မန္တလေးအန်တီနီ ဟု ပြောလျှင် မသိသူ မရှိသလောက် ဖြစ်သည်။

မထွေးထွေးဆိုင်မှာလည်း အလွန်ပင် စိတ် သဘောထား ပြည့်ဝ၍ အနေအထိုင် အေးဆေးသည်။ သူမက တိုကျိုမြို့ တဝိုက် ဆရာတော်ဘုရား ကြွရောက် လိုသော နေရာများသို့ လိုက်ပါပို့ဆောင်ပေးသည်။

နေ့ဆွမ်းကိုလည်း အန်တီနီကပင် လာကပ်သည်။ မြန်မာထမင်းဟင်း အစုံချက်၍ ယူလာသောကြောင့် ဆရာတော်ဘုရားမှာ ဆွမ်းဘုဉ်းပေး၍ အတော်လေး အဆင်ပြေပုံ ရပါသည်။ လက်ဖက်သုပ်ကိုလည်း မြန်မာ ပြည်မှာလိုပင် အကြော် အလှော် အစုံအလင် မွှမ်းမံလျက် ယူဆောင်လာသည်။ အန်တီနီ၏လက်ရာမှာ လွန်စွာ ကောင်းလှသည်။ တိုကျိုမြို့တွင် "မန္တလေး အန်တီနီ" ဟူသော အမည်ဖြင့် မြန်မာထမင်းဟင်းဆိုင် ဖွင့်ဘူး သောကြောင့် ဟင်းချက်လက်ရာကောင်းခြင်း ဖြစ်ပုံရသည်။

http://www.dhammadownload.com



## ယာမနရှိတရားစခန်း

မေလ ၂၅ ရက်နေ့ နံနက်တွင် ဂျပန်ဘုန်းကြီး **မစ္စတာဆူဇူကီး** (Mr. Suzuki) ၏ ကြိုတင်ပင့်ဖိတ်လျှောက်ထားချက်အရ ဂျပန်လူမျိုးများကို တရားစခန်းပြုလုပ်ပေးရန်အတွက် **ယာမနရှိ (YAMANA SHI)** မြို့၌ရှိသော **ယာမနရှိကျောင်း**သို့ ကြွသည်။ အန်တီနီနှင့် မထွေးထွေးဆိုင်တို့လည်း လိုက်ပါလာကြသည်။ ကားမောင်း၍ လိုက်ပို့ပေးသူမှာ ကိုဝေလင်း ဖြစ်သည်။

## ဂျပန် ဟိုက်ဝေးလမ်းမကြီးများ

ဂျပန်နိုင်ငံရှိ ဟိုက်ဝေးလမ်းများမှာ အတော်ပင်ကျယ်ဝန်း၍ ကောင်းလည်းကောင်းသည်။ တဘက်တဘက်တွင် လေးလမ်းသွားဖြစ်၍ နှစ်ဘက်ပေါင်း ရှစ်လမ်းသွား ကားလမ်းမကြီး ဖြစ်သည်။ လမ်းမအလယ်တွင် သံဘောင်များတား၍ ထားသည်။ တချို့နေရာတွင် လမ်းလယ်မှ သံဘောင်များအတွင်း လှပသော ပန်းပင်များ စိုက်ပျိုးထားတတ်သေးသည်။

လူနေအိမ်များနှင့် နီးသော တချို့နေရာများ၌ ကားသံ ဆူညံမှု သက်သာစေရန် လမ်းဘေးတလျှောက်တွင် ဆယ့်နှစ်ပေခန့် မြင့်မားသော ကွန်ကရစ်နံရံကြီးများ

http://www.dhammadownload.com



ကာရံပေးထားသည်။ လမ်းဘေးတွင် လေတိုက်နှုန်း တိုင်းတာသော ကိရိယာများ စိုက်ထူထားသည်ကိုလည်း မကြာခဏ တွေ့ရသည်။ လမ်းဘေးနှစ်ဘက်တွင် တိုင်များ စိုက်ထား၍ သံကြိုးများကို ကာရံထားသောကြောင့် မည်သည့်လူ၊ မည်သည့် တိရစ္ဆာန်မျှ လမ်းကူး၍မရပေ။ ကားမောင်းသူများ သက်တောင့်သက်သာနှင့် စိတ်ချလက်ချ မောင်းနှင်နိုင်ပေသည်။

နောက်မှ ကျော်တက်မည့်ကား လာလျှင် ရှေ့ကားက အလိုက်တသိပင် လမ်းဖယ်ပေးလိုက်သည်။ တချို့နေရာများတွင် ကီလိုမီတာ ၁၅၀ ကျော်နှုန်းဖြင့် မောင်းနှင်နေသော ကျွန်တော်တို့ကားကို နောက်မှ ကုန်တင်ကားကြီးများက အေးအေးဆေးဆေး ကျော်တက် သွားတတ်သည်။ တခါတရံ ကုန်တင်ကားကြီးများကို မိန်းကလေးများကပင် မောင်းနှင်လာသည်ကို တွေ့ရသည်။ ဘတ်စ်ကားမောင်းသည့် အမျိုးသမီးများကိုလည်း တွေ့ရသည်။

လမ်းမှာ တောင်တက်လမ်း ဖြစ်သောကြောင့် တဖြည်းဖြည်း မြင့်တက်သွားသည်။ တချို့နေရာများတွင် လေတိုက်အားပြင်းသောကြောင့် ကားမှာ ရုတ်တရက် အထက်သို့ မြောက်မြောက် သွားတတ်သည်။

http://www.dhammadownload.com



တောင်တက်ကားလမ်းဖြစ်သော်လည်း လမ်းမှာ ဖြောင့်ဖြူးသော လမ်းဖြစ်သည်။ ချောင်းရှိလျှင် တံတား ထိုးပြီး တောင်ရှိလျှင် ဥမင်ဖောက်၍ လမ်းခင်းထားသည်။ တံတားများမှာ တချို့နေရာများတွင် အလွန်ရှည်လျား သည်။ ဟိုက်ပေးလမ်းမကြီး တခုလုံးကို တံတားပေါ်တွင် ပြုလုပ်ထားသလား အောက်မေ့ရပေသည်။ ဥမင်များ ကိုလည်း မကြာခဏ တွေ့ရ၍ ဂျပန်နိုင်ငံတွင် အရှည်ဆုံး ဥမင်လမ်းကိုလည်း ဖြတ်ခဲ့ရသည်။ ထို ဥမင်လမ်းမှာ သုံးမိုင်ခန့် ရှည်လျားသည်။ ဥမင်လိုဏ်ခေါင်း ထဲမှာပင် လမ်းခွဲများ၊ ဓါတ်ဆီဆိုင်များကို တွေ့ရသည်။

## ဖူဂျီယာမ

ခရီးတဝက်ခန့်ရောက်သောအခါ ဂျပန်နိုင်ငံမှ နာမည်ကြီး ဖူဂျီယာမ **FUJI YAMA** ရေခဲဖုံးတောင်ကို အဝေးတွင် လှမ်းမြင်နေရသည်။ နွေရာသီဖြစ်၍ ရေခဲများ တဖြည်းဖြည်း အရည်ပျော်ကုန်သဖြင့် ရေခဲအနည်းငယ်သာ ကျန်နေတော့သည်။ ဖူဂျီတောင်မှာ တောင်ခေါင်းတုံးများ၊ တောင်တန်းများ အလယ်တွင် ထီးထီးကြီး ထိုးထွက် နေသောကြောင့် အလွန်ထည်ဝါ ဝင့်ကြွားစွာ လှပနေသည်။ ထိုနေရာတွင် ကြည့်လေရာရာ အရပ်၌ တောင်တန်းများ၊ တောင်ခေါင်းတုံးများကို တွေ့ရသည်။ တချို့တောင်များ

http://www.dhammadownload.com



ပေါ်တွင် ရေခဲမုံးနေသော်လည်း ဖူဂျီယာမတောင်လို ခန့်ထည် လှပခြင်းမရှိပေ။

## ဂျပန်ဘုန်းကြီးကျောင်းနှင့် ဂျပန်ဘုန်းကြီး

နေ့လယ်ပိုင်းတွင် ယာမနရှိကျောင်းသို့ ဆိုက်ရောက်ကြသည်။ ယာမနရှိကျောင်းတွင် နေထိုင်သော ကျောင်းထိုင်ဆရာတော် မဟာယာနဘုန်းကြီး Otani Takui Chi လက်ထောက်ဘုန်းကြီး Hongangနှင့် Honganji တို့၏ သဘောအရ တရားစခန်း ကျင်းပကြခြင်းဖြစ်သည်။

ယာမနရှိကျောင်းဝင်းအတွင်း တနေရာ၌သင်္ချိုင်းဂူများကိုတွေ့ရသည်။ ကျွန်တော် တွေ့ခဲ့ရသော ဂျပန်ဘုန်းကြီးကျောင်းတိုင်းမှာပင် သင်္ချိုင်းဂူများရှိကြသည်။

သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုများသည် နှစ်စဉ်ဖြစ်စေ၊ လစဉ်ဖြစ်စေ သေဆုံးသူအတွက် ဆုမွန်ကောင်းတောင်းခြင်း၊ တရားစာပေ ရွတ်ဖတ်ခြင်း၊ စားဖွယ်သောက်ဖွယ်နှင့် ဆီမီးပန်းရေချမ်းစသည်များ တင်လှူပူဇော်ခြင်းတို့ကိုပြုလုပ်လေ့ရှိကြကြောင်း သိရသည်။ ထိုသို့ ပြုလုပ်ရာတွင် သေဆုံးသူ၏အိမ်တွင်ဖြစ်စေ၊ အုတ်ဂူရှေ့တွင်ဖြစ်စေ ဂျပန်ဘုန်းကြီးများက သူတို့ကိုယ်စား ပြုလုပ်ပေးကြရသည်။ ထိုအခါ ဂျပန်ဘုန်းကြီးများ အလှန်ပင် ဝင်ငွေဖြောင့်ကြသည်။ တချို့ ဂျပန်ဘုန်းကြီးကျောင်း

http://www.dhammadownload.com



များသည် ဖယောင်းတိုင် တတိုင်ကုန်အောင် ရွတ်ဖတ်၍ ပေးရလျှင် ပိုက်ဆံဘယ်လောက်၊ နှစ်တိုင်ကုန်အောင် ရွတ်ဖတ်ပေးရလျှင် ပိုက်ဆံဘယ်လောက် စသည်ဖြင့် တန်ဖိုး သတ်မှတ်ထားချက်များပင် ရှိသည်ဟု သိရပါသည်။

**ယာမနရှိတရားစခန်း**

မေလ၂၅ ရက် နေ့မှာပင် ယာမနရှိကျောင်း၌ တရားစခန်း စတင် ဖွင့်လှစ်ကာ ဆရာတော်က ယောဂီများကို စတင် တရားပြပါသည်။ ဆရာတော်ဘုရားက တရားဟော တရားပြရာတွင် မြန်မာလိုပြော၍ ဂျပန် ဦးပဥ္စင်းလူထွက် **ဦးဝိမလက** ဘာသာပြန်ပေးပါသည်။ ဦးဝိမလမှာ မြန်မာပြည်၌ ရဟန်းဝတ်၍ ၅ ဝါခန့် ဝါဆိုခဲ့ဘူးသောကြောင့် မြန်မာ စကားကိုရေလည်စွာ ပြောတတ်ပါသည်။ ဦးဝိမလသည် အင်္ဂလန်၊ အမေရိကန်နှင့် ကနေဒါ နိုင်ငံ များတွင်လည်း ရဟန်းဝတ်ဖြင့်ပင် နေထိုင်ခဲ့ဖူးသည်ဟု သိရသည်။ ရဟန်းဝါ ၈ ဝါ ရမှ လူဝတ်လဲခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ နေစဉ်ကပင် မြန်မာစာနှင့် ပါဠိစာပေများကို သင်ကြား တတ်မြောက်ခဲ့သည်။

ယာမနရှိ တရားစခန်းမှာ အချိန်မရသောကြောင့် ၅ ရက်သာ ပြုလုပ်ခဲ့ရသည်။ ဤမျှလောက် ဆိုလျှင်ပင်

http://www.dhammadownload.com



ဝိပဿနာတရား အားထုတ်ပုံ အားထုတ်နည်း အခြေခံတော်တော်ကလေး ရလောက်ပေပြီ။ မေလ ၃၁ ရက်နေ့တွင် တရားစခန်းသိမ်း၍ ယာမနရှိမှ တိုကျိုမြို့သို့ ပြန်ကြခဲ့သည်။ ဂရင်းစီတီးဟိုတယ်လ်သို့ ည ၇ နာရီခန့်တွင် ပြန်ရောက်ကြသည်။

## ကုန်တိုက်ကြီးများနှင့် ကြော်ငြာတီဗွီ

ဇွန်လ ၁ ရက်နေ့တွင် ဆရာတော်ဘုရားသည် ဟိုတယ်လ်၌ပင် နားနေ၍ စာအုပ်များကို ဖတ်ရှုလေ့လာနေသည်။ ကျွန်တော်က အိခဲဘုကုရို့တခွင်ရှိ ဟိုတယ်လ်များ၊ ကုန်တိုက်ကြီးများ၊ စတိုးဆိုင်များ၊ စာအုပ်ဆိုင်များကို ဗဟုသုတအဖြစ် လှည့်ပတ်ကြည့်ရှုသည်။

ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံ ဖြစ်သည့်အလျောက် မြင်ရသမျှ အဆန်းအပြားချည်း ဖြစ်နေသည်။ ဟိုတယ်လ်များတွင်လည်း ဝင်သူ၊ ထွက်သူ စားသောက်သူများနှင့် စည်ကားလှသည်။ ကုန်တိုက်ကြီးများတွင် ကုန်ပစ္စည်းများကို အကန့်လိုက် နေရာချထားပြီး ခင်းကျင်းရောင်းချထားသည်။ ကုန်ပစ္စည်း အထူးအဆန်းများ၊ အသစ်များ အနီးအနား၌ တီဗွီတစ်လုံးစီ ချထားသည်။ လူ အနီးရောက်လာလျှင် တီဗွီကသူ့အလိုအလျောက် ပွင့်လာ၍ ကုန်ပစ္စည်း အသုံးပြုပုံကို ရှင်းပြသည်။ ကြော်ငြာသည်။

http://www.dhammadownload.com



ကုန်တိုက်ကြီးများမှအစ စတိုးဆိုင်ငယ်များအဆုံး တံခါးပေါက်များကို လျှပ်စစ်တံခါးများ တပ်ဆင်ထားသည်။ ဆိုင်တိုင်းတွင် Accounting Machine ကိုသုံး၍ ကုန်ပစ္စည်း တန်ဖိုးကို စာရင်းသွင်းပြီး Invoice ကို ထုတ်ပေးကြသည်။ ဈေးဆိုင် တော်တော်များများတွင် အကြွေးကပ် (Credit Card) ဖြင့် ဝယ်ယူနိုင်သည်။

## မဂ္ဂဇင်းတအုပ် ရှစ်ဒေါ်လာ

စာအုပ်ဆိုင်ကြီးများကိုလည်း တအံ့တသြ တွေ့ခဲ့ရသည်။ စာအုပ်ဆိုင်ကြီးတချို့မှာ လေးထပ်၊ ငါးထပ်အထိ ရှိကြသည်။ ဂျပန်ဘာသာ စာအုပ်နှင့် အင်္ဂလိပ်ဘာသာ စာအုပ်များကို သူ့အထပ်နှင့်သူ ခွဲထား ကြသည်။ အင်္ဂလိပ်စာအုပ်များကို ဂျပန်ဘာသာပြန်၍ ရိုက်နှိပ်ထားသော စာအုပ်များကိုလည်း တွေ့ခဲ့ရသည်။ များသောအားဖြင့် ပညာရေးစာအုပ်များ၊ ကွန်ပျူတာ စာအုပ်များကို ဘာသာပြန်ပြီး ထုတ်ဝေထားသည်ကို တွေ့ရှိရသည်။

ကိုယ့်အားကိုယ်ကိုး၍ တိုးတက်အောင် လုပ်နိုင် သော ဂျပန်နိုင်ငံက ဘာသာစကား အခက်အခဲကြောင့် အသိပညာ ချို့တဲ့မှုကို တွန်းလှန်နိုင်ရန် ဘာသာပြန် စာအုပ်များ ထုတ်ထားခြင်း ဖြစ်ပုံရပေသည်။ စာအုပ်

http://www.dhammadownload.com



ဈေးမှာ အတော်မြင့်သည်။ TIME မဂ္ဂဇင်းတအုပ်လျှင် ဂျပန်ယန်း ၈၀၀ ကျော် (၈ ဒေါ်လာခန့်) ပေးဝယ်ရသည်။ တချို့လူများမှာ စာအုပ်ဆိုင်တွင်ပင် စာတအုပ်လောက် ပြီးအောင် ဖတ်တတ်ကြသည်။

ဇွန်လ ၃ ရက်နေ့တွင် **ရှင်ဂျူကု** (SHINJUKU) မြို့နယ်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ ကိုခင်မောင်ဇော်နှင့် မထွေးထွေးဆိုင် တို့က လိုက်ပို့ကြသည်။ ရှင်ဂျူကုမြို့မှာ အလွန်စည်ကားသည်။ **အီဆေတန်** (ISETAN) ကုန်တိုက်ကြီး သို့လည်း ရောက်ခဲ့ကြသည်။ အီဆေတန် ကုန်တိုက်မှာ မြန်မာများနှင့် ရင်းနှီးပြီးသား ဖြစ်ပါသည်။ မြန်မာ့ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော ဂျပန်ဇာတ်ကား တခုမှာ ထို အီဆေတန် ကုန်တိုက်ကို အခြေတည်၍ ဇာတ်လမ်းဆင်ကာ ရိုက်ကူးထားခြင်း ဖြစ်သည်။ အီဆေတန် ကုန်တိုက်သည် ကြီးကျယ်ခမ်းနား သလောက် ကုန်ပစ္စည်းများ၏ ဈေးနှုန်းမှာလည်း တခြား ကုန်တိုက်များနှင့် နှိုင်းယှဉ်လျှင် အလွန်မြင့်သည်။

## အာခီဟာဘရ

ညနေဘက်တွင် **အာခီဟာဘရ** (AKIHABARA) **အီလက်ထရွန်နစ်မြို့တော်** (ELECTRONIC CITY) သို့ သွားရောက်လည်ပတ်ကြသည်။ ကျွန်တော်တို့ ရောက်ရှိ

http://www.dhammadownload.com



သွားသောအချိန်မှာ ညနေဖက် နေဝင်ရီတရော အချိန် ဖြစ်သောကြောင့် အနည်းငယ် မှောင်ရိပ်သန်းနေပေပြီ။ သို့သော် အာခီဟာဘရ မြို့တွင်ကား လျှပ်စစ်မီးများ ထိန်ထိန်လင်းလျက် နေ့လယ်ခင်းအလား အောက်မေ့ ရပေသည်။

ကမ္ဘာပေါ်တွင် မော်တော်ကားနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်းများတွင် တခြား မည်သည့်နိုင်ငံကမှ ဂျပန်ကို လိုက်၍ မမီနိုင်အောင် တိုးတက်လျက် ရှိနေသောကြောင့် တွေ့ရမြင်ရသမျှ အဆန်းချည်း ဖြစ်နေသည်။ တီဗွီ၊ တယ်လီဖုန်း၊ ကင်မရာ အားလုံးမှာ ပုံစံ အဆန်းများချည်း ဖြစ်သည်။ တခြား မသိဘူး မမြင်ဘူးသေးသော Electronic ပစ္စည်းများလည်း အမျိုးအစား များပြားလှသည်။

ဒစ်ဂျစ်တယ်လ် ဗွီဒီယိုကင်မရာ (Digital Video Camera)လေးများမှာ လက်တဝါးသာသာခန့် အရွယ်အထိ ရှိသည်။ ထို ဗွီဒီယိုကင်မရာလေးများမှာ ခရီးဆောင်၍ လွယ်ကူခြင်း၊ သာမန် ဝါသနာရှင်များအတွက် ဗွီဒီယို တည်းဖြတ်ခြင်း (Video Editing)များပြုလုပ်ရာ၌ ပိုမိုလွယ်ကူ အဆင်ပြေခြင်းကြောင့် လူကြိုက် များလှသည်။

ဖလင်မပါဘဲနှင့် ရိုက်ကူး၍ ရသော ဒစ်ဂျစ်တယ် ကင်မရာ (Digital Camera) မျိုးစုံကိုလည်း တွေ့ရသည်။ ဒစ်ဂျစ်တယ်လ် ကင်မရာများမှာ ရိုးရိုးကင်မရာထက်

http://www.dhammadownload.com



အနည်းငယ်ပို၍ ဈေးကြီးသော်လည်း အင်တာနက်နှင့် ဆက်သွယ်၍ ဓာတ်ပုံများ တိုက်ရိုက်ချက်ချင်း ပေးပို့နိုင်ခြင်း၊ ကွန်ပျူတာနှင့် ဆက်သွယ်၍ ဓာတ်ပုံများ ကူးထည့်နိုင်ခြင်း တို့ကြောင့် အလွန် လူကြိုက်များလှသည်။

Mini Disc ခေါ် ကက်ဆက်ခွေတစ်ဝက်စာ လောက်ရှိသော Disc သေးသေးလေးကိုထည့်၍ ဖွင့်ရသော Mini Disc Recorder များကိုလည်း တွေ့ရသည်။ Mini Disc မှာလည်း Digital System ဖြစ်သောကြောင့် ဘယ် လောက်ပင် အသံထပ်ကူးကူး အရည်အသွေး ကျသွားခြင်း မရှိပေ။

## ရုပ်ဝတ္ထုတိုးတက်လို့ စိတ်လိုက်မမီ

ထိုကဲ့သို့ ဂျပန်နိုင်ငံတွင် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်း ကိရိယာများ တိုးတက်သလောက် စိတ်ပိုင်းဆိုင်ရာ ချွတ်ချုံ ကျမှုများ၊ စိတ်ဖိစီးမှုဒဏ် ခံစားနေရသူများကိုလည်း အများအပြား တွေ့ရသည်။ သူတို့သည် အလုပ်ကို နေ့မနား ညမနား လုပ်ကိုင်၍ ငွေရှာကြသည်။ ငွေရသော်လည်း အလုပ်ဒဏ်ပိ၍ စိတ်ဖိစီးမှုများ ခံစားလာရသဖြင့် သွေးလေချောက်ချား၍ စိတ်ဖောက်ကာ အူလည်လည်၊ ကြောင်တောင်တောင် ဖြစ်နေသူများကို လမ်းလျှောက်ရင်း မကြာခဏ တွေ့ရတတ်သည်။

http://www.dhammadownload.com



လမ်းလျှောက်ရင်း တယောက်တည်း စကားပြောနေသူများကိုလည်း မကြာခဏ တွေ့ရသည်။ ရှေ့မှ လာနေသော ဝတ်ကောင်းစားလှဖြင့် သန့်သန့်ပြန့်ပြန့် ဝတ်စားထားသော လူက ပြုံးပြလို့ ဝေဝါးဝါးနှင့် ကိုယ့်အသိ အကျွမ်းထဲက ထင်ကာ ရောယောင်ပြီး ပြန် ပြုံးမပြလိုက်ပါနှင့်၊ အမှန်တော့ သူ့ဘာသာ သူတွေးချင်ရာတွေး၍ သဘောကျပြီး ပြုံးနေခြင်းသာ ဖြစ်ပါသည်။ ထိုကဲ့သို့ လူကြီးလူကောင်းပုံစံနှင့် စိတ်မူမမှန် ဖြစ်နေသော လူများကို လမ်းလျှောက်ရင်း မကြာခဏ တွေ့ရတတ်သည်။

မည်မျှလောက်အထိ ဆိုးဆိုးဝါးဝါး စိတ်ဖိစီးမှုဒဏ် ခံစားနေကြရသနည်းဆိုလျှင် ကျွန်တော်တို့ ဂျပန်နိုင်ငံ ရောက်သောနေ့၊ မေလ ၂၃ ရက်နေ့ တနေ့တည်း၌ပင် တိုကျိုမြို့ သုံးနေရာတွင် ရထားတိုက်၍ လူသုံးယောက် သေသွားသည်။ အမှန်တော့ ရထားက လူကို တိုက်ခြင်း မဟုတ်ပေ။ လူက ပြေးနေသော ရထားရှေ့သို့ ခုန်ချ၍ အသေခံကြခြင်းဖြစ်သည်။

ထိုကဲ့သို့ ရထားတိုက်မိ၍ သေသူများအကြောင်းကို သက်ဆိုင်ရာက သေသေချာချာ စုံစမ်းသည်။ သေဆုံးသူမှာ စိတ်မနှံ့၍ ရထားရှေ့ ခုန်ချသူဖြစ်ပါက ဘာမျှမဖြစ်ပါ။ သို့သော် သေဆုံးသူမှာ မိသားစုနှင့် အဆင်မပြေခြင်း၊ အလုပ်နှင့် အဆင်မပြေခြင်း၊ ကြွေးဆပ်ရမှာ ကြောက်ခြင်း

http://www.dhammadownload.com



စသည်တို့ကြောင့် ထိုအဆင်မပြေမှုများမှ ထာဝရ ထွက်ပြေးပုန်းရှောင်လို၍ မိမိကိုယ်ကို သေကြောင်းကြံသူ ဖြစ်ပါက ကျန်ရစ်သူ မိသားစုက ရထားလိုင်းပိုင်ရှင် ကုမ္ပဏီကို လျော်ကြေး ပေးကြရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ရထား တိုက်မိလျှင် ထိုရထားလိုင်းကို အခိုက်အတန့် ရပ်ဆိုင်းထား လိုက်ရသည်။ မိနစ်နှင့်အမျှ ပြေးဆွဲနေသော ရထားများကို ရပ်ထားလိုက်ရ၍ ရထားကုမ္ပဏီမှာ ဝင်ငွေများစွာ နစ်နာ ဆုံးရှုံးသွားသည်။ ထို နစ်နာဆုံးရှုံးသော ငွေများ၏ တချို့ တဝက်ကို သေဆုံးသူ၏ ကျန်ရစ်သူ မိသားစုက ပေးဆပ်ကြရသည်။

## ဘုန်းကြီးဦးကိတ္တိဓေ

ဂျွန်လ ၄ ရက်နေ့တွင် အင်္ဂလန်မှ **ဘုန်းကြီးဦးကိတ္တိဓေ** တိုကျိုသို့ ကြွရောက်လာမည်ဖြစ်သောကြောင့် ကျွန်တော်နှင့် ကိုတင့်အောင်တို့က နာရီတလေဆိပ်သို့ သွားရောက်ကြိုဆိုကြသည်။ ဦးကိတ္တိဓေမှာ **ဆွစ်ဇာလန်**တွင် လေယာဉ်ပြောင်းစီးပြီးသော်လည်း ရာသီဥတုကြောင့် ဆွစ်ဇာလန်မှ လေယာဉ်ထွက်မရပဲ ဖြစ်နေသည်။ ညနေ ၄ နာရီမှ ရောက်မည်ဟု သိရသည်။ ထို့ကြောင့် ကိုတင့်အောင်နှင့် ကျွန်တော်တို့ လေဆိပ်နှင့် မလှမ်းမကမ်းရှိ ဂျပန်ကျေးလက်တခွင် လှည့်ပတ်ကြည့်ရှုကြသည်။

http://www.dhammadownload.com



ကားအဟောင်း ရောင်းသည့် ဆိုင်များသို့လည်း ရောက်ခဲ့ကြသည်။

ဂျပန်ကျေးလက် လယ်သမားများမှာ လူနေထိုင်မှု အဆင့်အတန်း အတော်မြင့်မားကြသည်။ ဂျပန်နိုင်ငံတွင် လယ်သမားများမှာ ဒုတိယအတန်းအစား Second Class များဖြစ်ကြသည်။ ဘဏ်ပိုင်ရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ လုပ်ငန်းဆိုင်ရာမန်နေဂျာများ ပြီးလျှင် လယ်သမားများက ဝင်ငွေအကောင်းဆုံး ဖြစ်သည်ဟု သိရသည်။

ကားအဟောင်း ဈေးတွင်လည်း ဈေးနှုန်းတပ်ထားသော ကားအဟောင်းများကို တွေ့ခဲ့ရသည်။ ၁၉၉၀ ဝန်းကျင်ခန့်မော်ဒယ်လ်ဖြစ်သော ဆလွန်းကားများကို ဂျပန်ယန်းငွေ တသိန်းနှစ်သောင်းခန့် (ဒေါ်လာ ၁၂၀၀ ခန့်) နှင့် ရနိုင်ပေသည်။ (ဂျပန်နိုင်ငံတွင် ၁၀သောင်း၊ ၁၂သောင်း စသည်ဖြင့် သောင်းဂဏန်းဖြင့် သုံးနှုန်းပြောဆိုကြသည်)။ ဂျပန်နိုင်ငံ၌ ကားထားရန် နေရာ အခက်အခဲကြောင့် မြို့နေလူတန်းစားများက ကားဝယ်စီးသူ နည်းပါးသည်။ ကားထားရန် နေရာ အခက်အခဲမရှိသော ကျေးလက်နေ လူတန်းစားများကသာ ပို၍ဝယ်စီးကြသည်ဟု သိရသည်။ ညနေ ၅ နာရီခန့် ရောက်မှပင် လေယာဉ်ဆိုက်လာ၍ ဘုန်းကြီးဦးကိတ္တိဓဇကို ကြိုဆိုကာ အီခဲဘုကုရို့သို့ ပြန်ခဲ့ကြသည်။

http://www.dhammadownload.com



## တိုကျိုတခွင်

နောက်တနေ့ နံနက်တွင် တိုကျိုမြို့တခွင် လှည့်လည်ကြည့်ရှု လေ့လာကြပြန်သည်။ မထွေးထွေးဆိုင်က လိုက်ပို့သည်။ ဆေးအိဘ ကုန်တိုက်များသို့လည်း ရောက်ခဲ့ကြသည်။ ငါးပြတိုက် တခုသို့လည်း ရောက်ခဲ့ကြသည်။ ထူးဆန်းသော ငါးမျိုးစုံကို တွေ့ခဲ့ကြရသည်။ ပင်လယ်ဖျံ ပြပွဲကိုလည်း ကြည့်ရှုခွင့် ရခဲ့သည်။

ဂျပန်နိုင်ငံ ဂျပန်လူမျိုးတို့၏ လူနေမှုပုံစံကို လေ့လာခွင့် ရခဲ့သည်။ ဂျပန်နိုင်ငံတွင် စက်ဘီးစီးသူများက ပလက်ဖောင်း စကြံပေါ်တက်၍ စီးနင်း ကြသည်။ လမ်းကူး လျှင်လည်း စက်ဘီးဖြင့်ပင် မျဉ်းကျားမှ ဖြတ်ကူးကြသည်။

## လက်ကိုင်ဖုန်းတွေ ဈေးပေါလှသည်

ဂျပန်နိုင်ငံတွင် Hand Phone များ အလွန်ပင် ဈေးပေါသည်။ အတော်အသင့်ကောင်းသော လက်ကိုင်ဖုန်း တလုံးကိုမှ ယန်း ၄၀၀၀ ခန့် (ဒေါ်လာ ၄၀ ခန့်)သာ ပေးရသည်။ မိမိဝယ်လိုသည့် တယ်လီဖုန်းဆိုင်တွင် ရွေး၍ ဝယ်ယူနိုင်သည်။ ဝယ်ယူသူမှာ ဂျပန်လူမျိုးဖြစ်လျှင် ရောင်းသည့်ဆိုင်ကပင် ချက်ချင်း တယ်လီဖုန်းလိုင်း ချိတ်ပေးလိုက်ပြီး ကိုယ်ပိုင်တယ်လီဖုန်းနံပါတ် ချက်ချင်း ရနိုင်သည်ဟု သိရသည်။

http://www.dhammadownload.com



တချို့ မော်ဒယ်လ်အောက်နေသော လက်ကိုင်တယ်လီဖုန်းများကို အလကားပင် ထုတ်ပေး၍ တစ်လသို့မဟုတ် သုံးလအတွင်း အခမဲ့ ဖုန်းအသုံးပြုခွင့် ပေးထားပြီး သတ်မှတ်ရက် ကျော်လွန်မှသာ တယ်လီဖုန်းခွန် ဆောင်ရသည်ဟု သိရပါသည်။

တချို့လူများမှာ ခါးတွင် တယ်လီဖုန်း ၂ လုံးပင် ချိတ်ထားလိုက်သေးသည်။ ဂျပန်တွင် တွေ့ရသူတိုင်း Hand Phone တလုံးတော့ ကိုယ်နှင့်အတူ ပါလာတတ်ကြသည်။ ကျွန်တော့်အတွက်လည်း မျက်စိလည် လမ်းပျောက်လျှင် ဆက်သွယ် အကူအညီတောင်းနိုင်ရန် တယ်လီဖုန်းတလုံးကို ကိုခင်မောင်ဇော်က စီစဉ်ပေးထားသည်။

## အပန်းဖြေနည်းတစ်မျိုး

ပါချင်ကိုခေါ် လောင်းကစားဒိုင်များလည်း အလွန်ပေါများ၍ လူလည်း အလွန်စည်ကားသည်။ အလောင်းအစား နေရာများတွင် အက ကစားစက် (Dancing Machine, Dancing Satation) များကိုလည်း တည်ထောင်ထားတတ်သည်။ အက ကစားစက်များ၏ ပုံစံမှာ ရှေ့တွင် TV Screen တစ်ခုရှိ၍ အောက်တွင် မီးများလင်းသော ခြေနင်းခုံရှိသည်။ တီးလုံးဖွင့်လိုက်လျှင် ရှေ့မှ Screen

http://www.dhammadownload.com



ပေါ်တွင် နင်းရမည့် ခြေနင်းကွက်များ ပေါ်လာပြီး အောက်မှ ခြေနင်းခုံပေါ်တွင်လည်း ခြေထောက်နင်းရမည့် နေရာများမှ မီးများလင်းလာသည်။ က,တဲ့သူက မီးလင်းသော အကွက်များကို လိုက်နင်းရင်း က,ရသည်။ ခန္ဓာကိုယ် အပေါ်ပိုင်းမှာ ကိုယ်ကြိုက်သလို စိတ်ကြိုက် လှုပ်ရှားလို့ရသည်။ ထိုအခါ လှုပ်ရှားမြူးကြွသော တီးလုံးနှင့် က,ကွက်များ ဖြစ်ပေါ်လာတော့သည်။

သူတို့သည် အလုပ်မှ ပြန်လာလျှင် ထိုအကစက်များသို့ လာ၍ လွတ်လွတ်လပ်လပ် က,ကြတော့သည်။ တယောက်တည်း က,နိုင်သလို နှစ်ယောက်တွဲလည်း က,၍ ရသည်။ တချို့နေရာများတွင် က,မည့်သူများမှာ တန်းစီ၍ပင် စောင့်နေကြရသည်။ က,ရမည့်အလှည့်ရောက်လျှင် အပေါ်အင်္ကျီချွတ်၍ စိတ်ကြိုက် က,ကြတော့သည်။ တခါတရံ နောက်မှ စောင့်နေကြသူများကပင် လိုက်၍ က,နေကြသည်ကို တွေ့ရသည်။ တနေ့တာ ပင်ပန်းခဲ့သမျှကို တခဏတာ က,၍ အပန်းဖြေကြခြင်း ဖြစ်ပုံရသည်။

## အလုပ်မလုပ်ချင်သူများ

တချို့နေရာများတွင် အလုပ်လက်မဲ့ လူတန်းစားများက စားစရာ ထမင်းရရန် အစားအစာပေးဝေမည့်

http://www.dhammadownload.com



နေရာတွင် တန်းစီ၍ စောင့်နေကြသည်ကို တွေ့ရသည်။ ၄င်းတို့မှာ ညအခါများတွင် ပန်းခြံများ၊ ဘူတာများတွင်ပင် အိပ်စက် နားနေကြရသည်။ ထို့ကြောင့် သူတောင်းစားဟုပင် ခေါ်ဆိုနိုင်ပေသည်။

ထူးဆန်းသည်မှာ ထိုသူတောင်းစားများမှာ အလုပ်မရသောကြောင့် တောင်းစားနေကြခြင်း မဟုတ်ပေ။ အစိုးရက အလုပ်ရရန် စီစဉ်ပေးပါလျက်နှင့် ပျင်းသောကြောင့် အလုပ်မလုပ်ဘဲ တောင်းစားနေကြခြင်းဖြစ်ကြောင်း သိရသည်။

## အလုပ် လုပ်ချင်သူများ

အလုပ်လုပ်လိုသော သူများကျတော့လည်း တမျိုးထူးခြားနေသည်ကို တွေ့ရပြန်သည်။ ရထားပေါ်တွင် တွေ့ရသော သက်ကြီးရွယ်အိုများကို ကျွန်တော်က နေရာဖယ်ပေးဖူးသည်။ သူတို့က ကျွန်တော်ဖယ်ပေးသော နေရာတွင် မထိုင်ကြသည့်အပြင် နေရာဖယ်ပေးသော ကျွန်တော့်ကိုပင် မျက်မှောင်ကုတ်၍ မကြည့်ကြည့်ပြန်ကြည့်တတ်ကြသည်။ ဤကဲ့သို့ သုံးကြိမ်ခန့်ကြုံပြီးမှ ထိုအတွေ့အကြုံကို အသိမြန်မာတယောက်အား မေးစမ်းကြည့်ရသည်။ ကျွန်တော်ဖယ်ပေးသော နေရာတွင် သူတို့ထိုင်လိုက်ပါက တခြားမြင်သူများက မှီခိုသူဟု

http://www.dhammadownload.com



အထင်ခံရမည်စိုးသောကြောင့် မထိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မှီခိုသူဖြစ်ကြောင်း သူတို့အလုပ်ရှင် သိသွားပါက အသက်ကြီးပြီ အလုပ်လုပ်ဖို့ မသင့်တော့ဘူး ဆိုပြီး ထောက်ပံ့ကြေးပေးကာ အလုပ်မှ ထုတ်ပစ်နိုင်သည်ဟု သိရသည်။ အစိုးရက လောက်လောက်ငငပေးထားသော ထောက်ပံ့ကြေးကို မယူဘဲ ကိုယ့်လုပ်အားဖြင့် ကိုယ့်ဘဝကို ကိုယ်ဘာသာ ရပ်တည်နိုင်သေးကြောင်း ပြချင်ပုံရပေသည်။ တကယ့်ကို ထူးဆန်းပါပေ့ ဟု ပြောရလောက်သည်။

## ကိုယ်ပိုင်လုပ်ငန်းရှင် မြန်မာများ

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ဂျပန်နိုင်ငံမှ အလုပ်လုပ်ပြီး ပြန်လာသူများကို ဂျပန်မှာ **အိုက်တိုးပဲဆေးဆံ** (အိုးတိုက်၊ ပန်းကန်ဆေး)သွားလုပ်တယ် ဟု ဟာသဆန်ဆန် ပြောတတ်ကြသည်။ ထိုအလုပ်ကို လုပ်သူများလည်း မရှိမဟုတ်ပါ၊ တော်တော်များများ ရှိပါသည်။ သို့သော် အခြေအနေကောင်းသော မြန်မာလုပ်ငန်းရှင်များလည်း တော်တော်များများ ရှိပါသည်။ ကျွန်တော် လေ့လာမိသလောက်ကတော့ တိုကျိုတွင် မြန်မာလူမျိုးပိုင် စားသောက်ဆိုင် ၁၈ ဆိုင်ခန့် ရှိသည်ဟု သိရသည်။

http://www.dhammadownload.com



ထို့အပြင် မြန်မာပိုင် စတိုးဆိုင်၊ ကွန်ပျူတာ သင်တန်း၊ မြန်မာပစ္စည်းဆိုင်၊ မြန်မာစာအုပ်အရောင်းဆိုင်၊ မြန်မာဗွီဒီယိုခွေ အငှားဆိုင်၊ ဆိုင်းဘုတ်လုပ်ငန်း၊ ဗွီဒီယို ရိုက်ကူးရေးလုပ်ငန်း၊ **Internet** အကျိုးဆောင်လုပ်ငန်း၊ **Beauty Parlour , Transportation , Trading Corporation, Courier Service** စသည့် လုပ်ငန်းပေါင်း များစွာကို ရွှေမြန်မာတို့ ပိုင်ဆိုင်လုပ်ကိုင် နေနိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံ မိဘမဲ့ကလေးဂေဟာများ ထောက်ပံ့ ရေးအဖွဲ့ **MOSA** နှင့် မြန်မာတို့၏ အလှူအတန်း၊ ပျော်ပွဲ ရွှင်ပွဲနှင့် မင်္ဂလာဆောင် များတွင် အသုံးတော်ခံနိုင်ရေး အတွက် မြန်မာဇာတ်သဘင်နှင့် မြန်မာစတီရီယို တီးဝိုင်း များလည်း တည်ထောင်ထားနိုင်သည်မှာ ကျေနပ်အားရဖွယ် ဖြစ်သည်။

## မြန်မာစာနယ်ဇင်းများ

လစဉ် ဂျာနယ်၊ မဂ္ဂဇင်းများလည်း နှစ်စောင် သုံးစောင်ခန့် ပုံမှန်ထွက်နေနိုင်ပြီ ဖြစ်ပေသည်။ ထို မဂ္ဂဇင်း၊ ဂျာနယ်များ၌ ကြော်ငြာများ ထည့်သွင်းဖော်ပြနိုင်သည်။ လက်ထပ်မင်္ဂလာနှင့် မွေးနေ့ဆုတောင်းများလည်း ထည့်သွင်း ဖော်ပြပေးသည်။ တချို့စာစောင် မဂ္ဂဇင်းများက မြန်မာ များနှင့် ပတ်သက်၍ သာရေး၊ နာရေး ကိစ္စရပ်များကို

http://www.dhammadownload.com



အခမဲ့ပင် စာမျက်နှာပေါ်တင်၍ ဖော်ပြကြော်ညာပေးနေပြီ ဖြစ်သည်။

ထိုမဂ္ဂဇင်းများတွင် ဂျပန်ရောက် ရွှေမြန်မာများအတွက် ဂျပန်နိုင်ငံအတွင်း သိစရာ၊ မှတ်စရာ၊ သတိထားစရာများကို ဖော်ပြပေးသည့်အပြင် မြန်မာများနှင့် ပတ်သက်သည့် ကောင်းသတင်း ဆိုးသတင်းများ၊ နိုင်ငံခြားသတင်းများ၊ အလုပ်လျှောက်လျှင် ရနိုင်သည့်နေရာများကို ပုံမှန်ကြီး ဖော်ပြပေးနေပြီ ဖြစ်သည်။ ထို့အပြင် ဂျပန်တွင် မြန်မာများ လိုလားသော အခွင့်အရေးတချို့ကို မဂ္ဂဇင်းတချို့က ဖော်ပြပေးနေပြီး အာရှနိုင်ငံသားများ ချစ်ကြည်ရေးအဖွဲ့ **APFS** နှင့်လည်း ဆက်သွယ်ကူညီ ဆောင်ရွက်ပေးသည်။

## ပြုံးရသည့်မြန်မာကာတွန်း

မဂ္ဂဇင်းတအုပ်တွင် ဖော်ပြထားသော ရုပ်ပြောင်ကာတွန်း တပုဒ်ကို ကျွန်တော်က အလွန်သဘောကျသည်။ ရုပ်ပြောင်ထဲတွင် ဂျပန်ရည်ဝနေသော မြန်မာအမျိုးသား တယောက်က "ပိုက်ဆံရှိတော့ ဘီယာသောက်လို့ ရတာပေါ့"ဟု ခပ်ကြွားကြွား ပြောသည်။ အတော်အတန် အခြေ အနေကျ၍ အလုပ်အကိုင်ရှိနေသော မြန်မာအမျိုးသမီး တယောက်ကတော့ "အလုပ်အကိုင်ရှိတော့ ပီဇာစားလို့ ရတာပေါ့"ဟု ပြန်ထေသည်။ နောက်ဆုံး လူ တယောက်

http://www.dhammadownload.com



ကတော့ ဂျပန်ရောက်ခါစ ဖြစ်မည်ထင်သည်၊ သူကလည်း "ဗီဇာရှိတော့" ဟု ပြောပြီး ဘယ်လို ပြန်လည်ချေပလိုက်ရမလဲ အကွက်ရှာမရ၍ ခဏစဉ်းစားသည်။ နောက်မှ "ဟော့၊ – – ကျယ်လို့ရတယ်ကွ" ဟု ကြုံး၍ ဟစ်အော်လိုက်သည်။

**စံပြဂျပန်ရဲများ**

တခါတွင် ကျွန်တော်က အလည်အပတ်လျှောက်သွားရင်း လမ်းပျောက်နေသည်။ ရဲနှစ်ယောက်ကို မြင်သောအခါမှ ထိုရုပ်ပြောင်ကာတွန်းကို သတိရလာသည်။ ထို့ကြောင့် ထိုရဲနှစ်ယောက်ထံသို့ သွား၍ ကျွန်တော်လမ်းပျောက်နေတယ် Hotal Grand City ကို သွားချင်တယ် ကျေးဇူးပြုပြီး လမ်းပြပေးပါလား ဟု သွားပြောသည်။

ရဲတစ်ယောက်မှာ အင်္ဂလိပ်လို အတော်အတန်နားလည်ပုံ ရပေသည်။ Yes Sir ဟု လေးလေးစားစား ဦးညွတ်၍ ပြောသည်။ နောက်ပြီးမှ Country ဟု ပြောသည်။ ကျွန်တော်ကလည်း မြန်မာ ဟု ပြန်ဖြေလိုက်သည်။ ထိုရဲကပဲ Work ဟုပြောပြန်သည်။ အလုပ်လုပ်ဖို့ လာတာလားဟု မေးချင်ပုံ ရပေသည်။ Just sight seeing and shopping ဟု ပြောလိုက်ရာ ထိုရဲမှာ အနည်းငယ် အံ့ဩသွားပုံရသည်။ နောက်မှ But Sir, visa visa ဟု ပြောသည်။ ကျွန်တော်က ဟိုတယ်လ်မှာ Passport ထားခဲ့တယ်ဟု ပြန်ပြောလိုက်သည်။

http://www.dhammadownload.com



ထို့နောက် သူတို့အချင်းချင်း စကားပြောကြပြန်သည်။ တိုင်ပင်၍ နှစ်ယောက်သား သဘောတူသွားပုံပေါ်သည်။ Come ဟု ပြောပြီး ကျွန်တော့်ကို ဟိုတယ်လ်သို့ လိုက်ပို့သည်။ မျက်စိလည်နေ၍သာ၊ ဟိုတယ်လ်မှာ မလှမ်းမကမ်း၌ပင် ရှိနေပါသည်။ ဟိုတယ်လ်သို့ ရောက်သောအခါ ကျွန်တော်က လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်။ ဗိဇာကော ကြည့်ဦးမလား ဟု မေးလိုက်သည်။ ရဲက No need, No need ဟု ပြောပြီး ဦးညွတ်၍ နှုတ်ဆက်ကာ ထွက်ခွါသွားသည်။

## ကောင်းလိုက်သည့် ရထားစနစ်

စကားကြုံတုန်း ဂျပန်နိုင်ငံ မီးရထားနှင့် တက္ကစီအကြောင်း ပြောပြချင်သေးသည်။ ဂျပန်နိုင်ငံမှ ဘူတာရုံကြီးများမှာ အံ့မခန်း ကြီးကျယ်ခမ်းနားလှသည်။ ရထားပြေးဆွဲပုံမှာလည်း စနစ်တကျရှိသည်။ ရထားစီးမည့်ခရီးသည်က လက်မှတ်ဝယ်ပြီး ဂိတ်ပေါက်ဝရှိ လက်မှတ်စစ်ဆေးသည့်စက်ထဲသို့ ထိုးထည့်ရသည်။ ထိုအခါမှ ဂိတ်ပေါက်က ဖွင့်ပေးပြီး တခါစီး လက်မှတ်များ ဖြစ်နေလျှင် လက်မှတ်စစ်သည့်စက်က တခါတည်း သိမ်းယူလိုက်သည်။ ဈေးနှုန်းကြီးသော တရက်လုံးစီးလက်မှတ် သို့မဟုတ် တလလုံးစီးနိုင်သည့်လက်မှတ် ဆိုလျှင်တော့ လက်မှတ်

http://www.dhammadownload.com



စစ်သည့်စက်၏ အခြားတဖက်မှ ရထားလက်မှတ် ပြန်ထွက်လာသည်။ ထိုလက်မှတ်ကို ပြန်ယူ၍ ရထား ဆိုက်မည့်နေရာသို့ သွားရသည်။

ရထားဆိုက်မည့် နေရာ စင်္ကြံ (ပလက်ဖေါင်း) ပေါ်၌ ဘယ်ရထားက ဘယ်နေရာမှာ ရပ်မည်ဟု သိသာစေရန် အဝါရောင်၊ အစိမ်းရောင်၊ အပြာရောင်စသည်ဖြင့် အမှတ်အသားများ လုပ်ထားသည်။ ရပ်မည့် တွဲနံပါတ်ကိုလည်း ရေးထားသည်။ ခရီးသည်က မိမိစီးမည့် ရထားရပ်မည့် နေရာတွင် သွားရပ်စောင့်နေရသည်။ နောက်မှ ရောက်လာသည့်လူများက နောက်မှတန်းစီ၍ ရပ်ကြသည်။ ရထားဆိုက်လာလျှင် ထိုရေးမှတ်ထားသော နံပါတ်နေရာနှင့် နံပါတ်တူသော ရထားတွဲအပေါက် တည့်တည့်ကျအောင် ရပ်ပေးသည်။ ရပ်နေသည့်ခရီးသည်က အခက်အခဲမရှိ တက်လိုက်ရုံသာ ဖြစ်သည်။ ဆင်းမည့် ခရီးသည်များကတော့ အခြားတဘက် အပေါက်မှ ဆင်းသွားကြသည်။

## ဂျပန်တက္ကစီ

တခါတွင် ရထားလျှောက်စီးရင်း ကျွန်တော် မျက်စိလည်သွားသည်။ အန်တီနီ တို့အိမ်သို့ သွားရောက်ပြီး **ဟီဂရှိနာဂဆာကီ**မှ အပြန်တွင် ဘူတာများ၍ ဆင်းမိခြင်း ဖြစ်သည်။ ဘူတာအပြင်ဘက် ရောက်သွားပြီးမှ မှားမှန်း

http://www.dhammadownload.com



သိသည်။ ဆရာတော်ဘုရားကို ဆွမ်းကပ်ချိန်ကလည်း နီးနေပြီဖြစ်သောကြောင့် ဟိုတယ်လ်ကို တယ်လီဖုန်းဆက်၍ အကြောင်းကြားရသည်။ ထို့နောက် တက္ကစီတစီး ငှားစီး၍ ပြန်လာရသည်။

ဂျပန်နိုင်ငံတွင် တက္ကစီများမှာ မီတာဖြင့် ပြေးဆွဲကြသည်။ တက္ကစီပေါ်သို့ တက်လျှင်တက်ချင်း တက္ကစီမီတာက ယန်း ၃၆၀ သို့မဟုတ် ၆၆၀ မှ စ,ပြသည်။ ၆၆၀ မှ စ,ယူသည်ကများသည်။ တက္ကစီဆရာမှာလည်း အင်္ဂလိပ်စကား လုံးဝမပြောတတ်၊ Hotel Grand City ကိုသာ အကြိမ်ကြိမ်အခါခါ ပြော၍ ဟိုတယ်လ်လမ်းညွှန်စာအုပ်ပေါ်တွင် ပါသော ဟိုတယ်လ်ပုံစံနှင့် နေရာကိုသာ လက်ထောက်ပြရသည်။

တက္ကစီဆရာကလည်း သူ့ မြေပုံ စာအုပ်ကိုထုတ်၍ လမ်းရှာသည်။ ၁၅ မိနစ်ခန့်ကြာမှ ဟိုတယ်လ်နေရာကို ရှာတွေ့၍ ဘယ်လမ်းမှသွားရမည်ကို ဆက်ရှာကြည့်သည်။ ဂျပန်နိုင်ငံတွင် ကားမောင်းသမားတိုင်းပင် ဂျပန်နိုင်ငံ၏ ရှုပ်ထွေးလှသော လမ်းများကြောင့် မြေပုံလမ်းညွှန်စာအုပ် တအုပ်တော့ ဆောင်ထားရသည်။

ခရီးဆုံးသော် ပေါ်လာသောအဖြေမှာ ကျွန်တော့် အိတ်ကပ်ထဲမှ ဂျပန်ယန်းငွေ ၃၅၀၀ (၃၅ ဒေါ်လာခန့်) ခုန်ထွက်သွားသည်။ ဟိုတယ်လ်သို့ ပြန်ရောက်သောအခါမှ

http://www.dhammadownload.com



စိတ်အေးရတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်ဘုရားနှင့် ဦးကိတ္တိတို့အား ကိုသူရက ဆွမ်းကပ်ထားနှင့်သောကြောင့် ဖြစ်သည်။

## မြန်မာတရားပွဲ

ဇွန်လ ၆ ရက်နေ့ ညနေတွင် မြန်မာများအတွက် တရားပွဲကျင်းပသည်။ တရားပွဲကို တိုကျို **TOKYO** မြို့၊ အီခဲဘုကုရို့ **IKEBUKURO** ရှိ **IKEBUKURO-ECO TOSHIMA PLAZA** အဆောက်အအုံတွင် ဟောကြား ချီးမြှင့်တော်မူသည်။ အဆောက်အအုံမှာ ပရိသတ် ၂၅၀ ခန့် ဆံ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ တရားပွဲကို ညနေ ၅ နာရီမှ ည ၉ နာရီအထိ ဟောကြားချီးမြှင့်ပါသည်။ တရားနာပရိသတ် ၁၅၀ ခန့် လာရောက်နာကြားကြသည်။

တရားပွဲတွင် ဆရာတော်ဘုရား၏ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ စာအုပ်ကို ဂျပန်ရှိ **ဗုဒ္ဓဘာသာပြန့်ပွါးရေး မြန်မာလူငယ်အဖွဲ့**က ပြန်လည်ရိုက်နှိပ်၍ ကြွရောက်လာသော တရားနာပရိသတ်အား လှူဒါန်းသည်။ ထို့ကြောင့် တရားမဟောမီ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်ကြသည်။ တရားပွဲပြီးသောအခါ ၁၅ မိနစ် တရားထိုင်ကြသည်။

http://www.dhammadownload.com



## ဂျပန်တရားပွဲ

ဇွန်လ ၇ ရက်နေ့တွင်မူ ဝိပဿနာတရားတော်ကို စိတ်ဝင်စားကြသော ဂျပန်ဒကာ၊ ဒကာမများက ပင့်ဖိတ် လျှောက်ထားကြသောကြောင့် ဂျပန်လူမျိုးများအတွက် သီးသန့် တရားတပွဲ ဟောကြားပေးသည်။ တရားပွဲကို **တာမချိ** **TAMACHI** ဘူတာအနီးရှိ **BUKKYO DENDO KYO - KAI** အဆောက်အအုံ၌ ကျင်းပပြုလုပ်သည်။ တရားပွဲတွင် ဆရာတော်ဘုရားက အင်္ဂလိပ်ဘာသာဖြင့် ဟောကြားပြီး **မစ္စတာ ကီတာတာနီ (Mr. Katsuhide Kitatani)** က ဂျပန်ဘာသာသို့ ပြန်ဆိုပေးသည်။

မစ္စတာ ကီတာတာနီ သည် **၁၉၈၆** မှ **၁၉၉၀** အထိ မြန်မာပြည်တွင် **ကုလသမဂ္ဂဖွံ့ဖြိုးရေး ဌာနေကိုယ်စားလှယ်** အဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မစ္စတာ ကီတာတာနီသည် ချမ်းမြေ့ရိပ်သာကျောင်း၌ ဘုန်းကြီး ဝတ်လျက် ၃ – ၄ ကြိမ်မျှ တရားအားထုတ်ဖူးသည်။ သူ့အကြောင်းကို စာရေးဆရာ **ဆန်းလွင်** (ဦးဆန်းလွင်) က **" တရားတွေ့ဖို့ ချမ်းမြေ့ဖို့ "** အမည်ဖြင့် စာအုပ်ရေးသား ထုတ်ဝေဖူးသည်။ ထိုစာအုပ်ကို ဖတ်ကြည့်လျှင် သူ၏ ဝိပဿနာတရားအပေါ် သဘောထားပုံနှင့် သူ့ဘဝ၏ တစိတ်တဒေသကို တွေ့မြင် သိရှိနိုင်သည်။

http://www.dhammadownload.com



တရားပွဲကို ၁ နာရီမှ ၂ နာရီအထိ ဟောကြား ချီးမြှင့်သည်။ တဖန် ၂ နာရီမှ ၃ နာရီအထိ ဝိပဿနာ တရားကို တရားနာပရိသတ်အား လက်တွေ့ကျင့်ကြံပွါးများ အားထုတ်စေသည်။ ထို့နောက် ၃ နာရီမှ ၄ နာရီအထိ တရားနာ ပရိသတ်က ဝိပဿနာတရားနှင့် ပတ်သက်၍ သူတို့ အမြင်မရှင်းသော မေးခွန်းများကို မေးကြသည်။ ဆရာတော်ဘုရားက မေးခွန်းများကို လက်တွေ့ဘဝဖြင့် နှိုင်းယှဉ်၍ ချက်ကျလက်ကျ ဖြေဆိုပေးသည်။

ပရိသတ်ထဲမှ တချို့ ပုဂ္ဂိုလ်များမှာ အင်္ဂလိပ် စကား ပြောတတ်ကြသည်။ ထိုသူတို့က ဆရာတော် ဘုရားထံ တိုက်ရိုက်လျှောက်ထား မေးမြန်းကြသည်။ ဆရာတော်ဘုရားကလည်း အင်္ဂလိပ်လိုပင် တိုက်ရိုက် ဖြေဆိုပေးပါသည်။

တရားပွဲသို့ ဂျပန်တရားနာ ပရိသတ် ၁၅၀ ခန့်နှင့် မြန်မာပရိသတ် ၇၀ ခန့် လာရောက် နာကြားကြသည်။ ညနေ ၄ နာရီ ၂၀ မိနစ်တွင် တရားပွဲ ပြီးစီးသည်။

## ကမ္ဘာ့အမြင့်ဆုံး ကြေးဆင်းတုတော်

ဇွန်လ ၈ ရက်နေ့တွင် **အုရှိခု** (USHIKHU) မြို့၌ ရှိသည့် အမြင့် ၁၂၀ မီတာ (၃၆၀ ပေခန့်) မြင့်သော

http://www.dhammadownload.com



ကမ္ဘာ့အမြင့်ဆုံး **အုရှိုခု** ရုပ်တော်မှု ကြေးဆင်းတုတော်ကို သွားရောက် ဖူးမြော်ကြသည်။ အုရှိုခု ဘုရားသို့ ဂျပန်လူမျိုး တယောက်က ကားမောင်း၍ လိုက်ပို့ပေးသည်။ ဆရာတော် နှင့်အတူ ဦးကိတ္တိ၊ ကျွန်တော်၊ ကိုမြသွင်၊ ကိုခင်မောင်ဇော်၊ အန်တီ နီ၊ မထွေးထွေးဆိုင်နှင့် ဦးသိန်းထွန်း TWP မိသားစုတို့ပါ လိုက်ပါလာကြသည်။ အုရှိုခုဘုရားကို ဘုရားသို့ မရောက်မီ အဝေးမှပင် ဖူးမြော်နိုင်သည်။ မိုးကောင်းကင်တွင် မားမားကြီး ထိုးထွက်နေ၍ တည်ကြည်သော အိန္ဒြေကို ဆောင်လျက် စံနေတော်မူသည်ကို အဝေးမှပင် ကြည်ညိုဖွယ်ရာ ဖူးမြင်ရသည်။ ရုပ်တော်မှု ဘုရားကြီးမှာ အနီးရှိ သစ်ပင်များထက် သုံးပြန် လေးပြန်ခန့် ပို၍ မြင့်မားနေသောကြောင့် ကောင်းကင်တွင် တည်နေ သလား ထင်မှတ် မှားရသည်။

## အုရှိုခုငါးရှဉ့်

ရုပ်ပွါးတော်ကြီး အနီးသို့ ရောက်သောအခါ နေ့ဆွမ်းကပ်ချိန် နီးနေသဖြင့် ဘုရားမဖူးသေးဘဲ စားသောက်ဆိုင် တဆိုင်၌ ဆရာတော်ဘုရားကို နေ့ဆွမ်း ဆက်ကပ်ကြသည်။ ကျွန်တော်တို့လည်း နေ့လယ်စာ စားကြသည်။ လွန်ခဲ့သည့်ညက ဆရာတော်ဘုရား၏ တပည့် ဂျပန်ဒကာမကြီးတယောက်က အုရှိုခုငါးရှဉ့်

http://www.dhammadownload.com



ဘုဉ်းပေးဖြစ်အောင် ဘုဉ်းပေးခဲ့ဖို့ ဆရာတော်ဘုရားအား လျှောက်ထားသည်ကို သတိရ၍ ငါးရှဉ့်ဟင်းကို အထူး သတိထား စားကြည့်မိသည်။ ထူးထူးခြားခြား အရသာ ရှိလှသည်ကို တွေ့ရသည်။ နူးညံ့ချိုဆိမ့်သော အရသာ ဖြစ်သည်။ ဂျပန်အမျိုးသမီးကြီး လျှောက်ထားသော စကား သည် အပို အကြွားမဟုတ်ဘဲ လိုများပင် လိုနေဦးမည်လားဟု စဉ်းစား နေမိပါသည်။

နေ့ဆွမ်းကိစ္စ ပြီးစီးသောအခါ ခန့်ညားတင့်တယ် သပ္ပါယ်တော်မူလှသော မတ်ရပ် ဗုဒ္ဓရုပ်ပွါးတော်ကြီးကို ကြည်ညိုရိုသေစွာ ဖူးမြော်ကြပါသည်။

ဖူးမြော်ပြီးသောအခါ ကိုယ်လုံးတော် အတွင်းရှိ ဓါတ်လှေခါးဖြင့် လေးထပ်အထိ တက်ခဲ့ကြသည်။ နောက်တထပ်ကို လှေခါးမှပင် ခြေလျင်တက်ခဲ့ကြသည်။ အခန်းများကို ဘုရားကိုယ်လုံးတော်အတွင်း၌ အထပ်လိုက် ခွဲ၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ ရင်ဘတ်တော်တွင် အပေါက်များ ဖေါက်လုပ်ပေးထား၍ ထိုအပေါက်များမှ ကြည့်လိုက်လျှင် ပတ်ဝန်းကျင် တခုလုံးကို အပေါ်စီးမှ ကြည့်ရှုနိုင်သည်။

အတွင်းအခန်းထဲ၌ ဘုရားတည်ဆောက်စဉ်က မှတ်တမ်း ဓာတ်ပုံများကို ပြသထားသည်။ အတွင်းဘက် ဘေးနံရံများပေါ်တွင် အခန်းငယ်ကလေးများ ဖွဲ့ထား၍

http://www.dhammadownload.com



ထိုအခန်းကလေးများ ထဲတွင် ဘုရားရုပ်တုကလေးများ ထည့်သွင်းလှူဒါန်းနိုင်ရန် စီစဉ်ပေးထားသည်။ MYANMAR ဟု ကမ္ပည်းရေးထိုးထားသည့် မြန်မာမိသားစုများ စုပေါင်းလှူဒါန်းထားသော ဘုရားရုပ်တုလေး တဆူကိုပင် ဖူးတွေ့ခဲ့ရသေးသည်။ ဂျပန်ရောက် ရွှေမြန်မာများ စုပေါင်း၍ ဘုရားလေးတဆူ လှူဒါန်းနိုင်ရန်အတွက် ဦးဝင်းအောင် က ဦးစီး၍ အလှူငွေကောက်ခံကာ လှူဒါန်းထားကြခြင်း ဖြစ်သည်ဟု သိရပါသည်။

အပြင်ဘက်တွင်တော့ တတောင်ခွဲခန့် ဉာဏ်တော် အမြင့် ရှိသော မြန်မာရုပ်ပွါးတော် တဆူ၊ ထိုင်းရုပ်ပွါးတော် တဆူ နှင့် သီရိလင်္ကာရုပ်ပွါးတော် တဆူကို ဖူးတွေ့ခဲ့ရသည်။

ဘုရားတနေရာတွင် အမှတ်တရ စာတမ်းများ ရေးသား၍ ချန်ထားခဲ့နိုင်ရန် သစ်သားပြားကလေးများ ချထားပေးသည်။ ထိုသစ်သားပြားကလေးပေါ်တွင် မိမိ ရေးချင်သည့်စာကို ရေးသား၍ ချိတ်ဆွဲထားခဲ့နိုင်သည်။ ကျွန်တော်က ထို သစ်သားပြားကလေး တပြားကိုယူ၍ "ချမ်းမြေ့ဆရာတော်၊ ဦးကိတ္တိဓဇ၊ ကျွန်တော်နှင့် အပေါင်းအသင်းများ ၈၊ ၆၊ ၉၉ နေ့မှာ ဒီဘုရားကို လာရောက်ဖူးမြော်ခဲ့ကြပါတယ်" ဟု ရေးပြီး နာမည်နှင့် လက်မှတ် ရေးထိုးကာ ချိတ်ဆွဲထားခဲ့သည်။

http://www.dhammadownload.com



## ဂျပန်ကျောင်းမှ မြန်မာစေတီတော်

အုရှိခုဘုရားမှ အပြန်တွင် မြန်မာစစ်ပြန် ဂျပန်ဘုန်းကြီးတပါး တည်ထောင်ထားသော **ဘူရှောဂျိ** မြန်မာဘုန်းကြီးကျောင်းသို့ သွားခဲ့ကြသည်။ ကျောင်းဝင်းအတွင်း၌ မြန်မာစေတီတော်တဆူ တည်ထားသည်ကို တွေ့ရှိဖူးမြော်ခဲ့ရသည်။ ဂျပန်ဘုန်းကြီးက မြန်မာများကို မြင်ရသောအခါ ဝမ်းသာအားရ ကြိုဆိုသည်။ ဆရာတော်ဘုရားအား ဖျော်ရည်ဆက်ကပ် လှူဒါန်း၍ နောက်ပါပရိသတ်များကိုလည်း ကော်ဖီနှင့် စားသောက်ဖွယ်ရာများ ထုတ်ကျွေးကာ ဧည့်ခံသည်။

## တိုကျိုမျှော်စင်

ဂျွန်လ ၉ ရက်နေ့တွင် **၃၂၈ မီတာ** မြင့်သော **တိုကျိုမျှော်စင်** TOKYO TOWER သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ တိုကျိုမျှော်စင်သို့ ကိုသူရက လိုက်ပါပို့ဆောင် ပြသပေးသည်။ မျှော်စင်ပေါ်မှ ကြည့်လိုက်လျှင် တိုကျိုမြို့ ပတ်ဝန်းကျင် တခုလုံးကို တွေ့မြင်နိုင်သည်။

တိုကျိုမြို့မှာ အတော်ပင်ရှုပ်ထွေးသည်။ မိုးပျံတံတားများကိုလည်း လမ်းတိုင်း၊ နေရာတိုင်းတွင် တွေ့ရသည်။ တချို့လမ်းများမှာ ဟိုလမ်းက ဒီလမ်းကိုကျော်လိုက်၊ ဒီလမ်းက တခြားတလမ်းကို ထပ်ကျော်လိုက်ဖြင့်

http://www.dhammadownload.com



ဆောက်လုပ်ထားသည်မှာ ၆ထပ် ၇ထပ်ခန့် အထိပင် ရှိသည်။ တချို့ တိုက်ခေါင်မိုးများပေါ်တွင် ရေကူး ကန်များတွေ့ရ၍ တချို့ တိုက်ခေါင်မိုးများပေါ်တွင် ရဟတ်ယာဉ်ဆင်းရန် ကွင်းများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

**ကမ္ဘာကျော်ကမာကုရ**

ဩန်လ ၁၀ ရက်နေ့တွင် နာမည်ကြီး **ကမာကုရ** **KAMAKURA** ကြေးဆင်းတုတော်ကြီးသို့ သွားရောက်ဖူးမြော် ကြသည်။ ကမာကုရဘုရားသို့ ကိုမျိုးနှင့် သူ့အမျိုးသမီးက လိုက်ပါပို့ဆောင်ပေးသည်။ ကမာကုရဘုရားတွင် ပျော်ပွဲစား ထွက်လာသော ကလေးများနှင့် ကျောင်းဆရာမလေးများကို တွေ့ခဲ့ရသည်။ ဘုရားကို မည်သူမျှ ဦးချသည်ကို မတွေ့ရပေ။ သို့သော် အမွှေးတိုင်များ ထွန်းညှိကြသည်ကိုတော့ တွေ့ခဲ့ ရသည်။ ကျွန်တော်တို့က ဘုရားကို ဦးချကြသောအခါ အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။

ဂျပန်နိုင်ငံမှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ပုံရသည်။ ကျွန်တော်တို့ အမြင်မှာတော့ ဘာသာ ကိုးကွယ်မှု လေးလေးနက်နက် မရှိသလို ဖြစ်နေပေသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ ဘုရားကိုဦးချသောအခါ အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြခြင်း ဖြစ်ပုံရပေသည်။

http://www.dhammadownload.com



သို့သော် ရှေးယခင်ကတော့ ဂျပန်လူမျိုးများ ဘာသာတရားကို တော်တော်လေး ကိုင်းရှိုင်းခဲ့ကြပုံ ပေါ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားကြီးကို **နိရှိဂိုအဲ** ပင်လယ်ဘက်သို့ မျက်နှာမူ၍ တည်ထားပြီး ထိုသို့တည်ထားခြင်းမှာ ရှေးအခါက ဘုရင်မင်းမြတ်များ ပင်လယ်ကို အဝင်အထွက် ပြုသောအခါ ဝင်တိုင်းထွက်တိုင်း ဘုရားကို ဖူးမြော်နိုင်ရန် စီမံ၍ တည်ဆောက်ထားသည်ဟု သိရသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့ ဘုရားဝတ်ချပြီးသောအခါ ဂျပန်ကျောင်းသားလေး နှစ်ယောက်က ဆရာတော်ဘုရားနှင့်အတူ ဓါတ်ပုံရိုက်လိုကြောင်း လက်ဟန်ခြေဟန်ဖြင့် လာပြော၍ ဆရာတော်ဘုရားနှင့် အတူ ဓါတ်ပုံတွဲရိုက်ကြသည်။

**ကမာကုရ**ဘုရားမှာ **ကမာကုရ**မြို့ကလေးတွင် တည်ရှိသည်။ မြို့ကလေးဆိုသော်လည်း ယခင် **ရှိုးဂွန်း**များ ခေတ်ကောင်းစဥ်က ရှိုးဂွန်းတို့နန်းစိုက်ရာ ဂျပန်နိုင်ငံ၏ မြို့တော်ပင် ဖြစ်ခဲ့ဘူးသည်။

## ရှိုးဂွန်း၊ ဆာမူရိုင်းနှင့် ယာကူဇာ

ဂျပန်နိုင်ငံတွင် **ရှိုးဂွန်း၊ ဆာမူရိုင်းနှင့် ယာကူဇာ** တို့မှာ သမိုင်းအစဥ်အလာ ကြီးမားခဲ့ကြသည်။ ကမ္ဘာက သိသည်အထိ ကျော်ကြားခဲ့သည်။

http://www.dhammadownload.com



ဂျပန်ဘာသာစကား ရှိုးဂွန်း ၏ မူလအဓိပ္ပါယ်မှာ စစ်တပ်ကို အုပ်ချုပ်သော စစ်ဗိုလ်ချုပ်ကြီးများဟု ဆိုလိုသည်။ သို့သော် စစ်ဗိုလ်ချုပ်ကြီးများ တဖြည်းဖြည်း တန်ခိုးထွား လာသောအခါ ဘုရင်က သူတို့အား တိုင်းပြည်အုပ်ချုပ် ရေးကိုပါ လွှဲအပ်ထားရသည်။ ထိုအခါ ရှိုးဂွန်းဆိုသည်မှာ စစ်တပ်ကိုအုပ်ချုပ်သော စစ်ဗိုလ်ချုပ်ကြီးများ မဟုတ်တော့ပဲ တိုင်းပြည်ကို အုပ်ချုပ်သော စစ်ဗိုလ်ချုပ်ကြီးများဟု အဓိပ္ပါယ် ပြောင်းလဲသွားသည်။ တိုင်းပြည်အုပ်ချုပ်ရန် ဘုရင်က အာဏာကုန် လွှဲအပ်ထားရသော ဘုရင်လောက်နီးနီး အခွင့် အာဏာ အပြည့်အဝရှိသော Military Rular အုပ်ချုပ်ရေး စစ်ဗိုလ်ချုပ်ကြီးများ ဖြစ်လာကြသည်။

ရှိုးဂွန်းများသည် **၁၂ ရာစု နှစ် ကမာကုရခေတ်**တွင် စ,တင် ပေါ်ပေါက်ခဲ့သည်။ ၁၁၉၂ ခုနှစ်တွင် ဘုရင်က **မိနာမိုတို** ဆာမူရိုင်းမျိုးနွယ်စုမှ **ယိုရိတိုမို** ကို ရှိုးဂွန်းရာထူး ခန့်အပ်၍ တိုင်းပြည်ကိုအုပ်ချုပ်စေရာ ထိုအချိန် မှစ၍ ဂျပန်နိုင်ငံသမိုင်း၌ ရှိုးဂွန်းခေတ် စ,တင်ခဲ့လေသည်။ ရှိုးဂွန်းတို့သည် ဂျပန်နိုင်ငံကို နှစ်ပေါင်း ၇၀၀ ကျော်ကြာမျှ အုပ်ချုပ်ခဲ့ကြသည်။ သို့သော် သူတို့သည် ဘုရင်၏အမှုထမ်း များသာ ဖြစ်ကြသည်။ **၁၈၆၈ ခုနှစ်**တွင် နောက်ဆုံးဖြစ်သည့် **ရှိုကူဂါဝါ** ရှိုးဂွန်းသည် တိုင်းပြည်ကို နိုင်နင်းအောင် မအုပ်ချုပ်နိုင်၍ ဘုရင်က အုပ်ချုပ်ရေးအာဏာကို ပြန်လည်

http://www.dhammadownload.com



သိမ်းယူလိုက်သည်။ အုပ်ချုပ်ရေး အာဏာသည် **မေဂျီဘုရင်** လက်သို့ ပြန်ရောက်သွားသည်။ ထိုအချိန်မှစ၍ ဂျပန်နိုင်ငံသမိုင်း၌ ရှိုးဂွန်းများခေတ် စခန်းသိမ်းသွားသည်။

**ဆာမူရိုင်း**များမှာ စစ်သူရဲကောင်းများ ဖြစ်ကြပြီး **ယာကူဇာ**များကတော့ လူဆိုးများ ဖြစ်ကြသည်။

## ကမာကုရခေတ်ဘုရားသမိုင်း

ကမာကုရမြို့တော်နှင့် ကမာကုရဘုရား ဖြစ်ထွန်းပေါ်ပေါက် လာပုံသမိုင်းမှာ လူသိများကျော်ကြားလှသည်။ ဖြစ်ထွန်း ပေါ်ပေါက်လာပုံမှာ ဂျပန်နိုင်ငံ၏ သူရဲကောင်းဆာမူရိုင်းမျိုးနွယ်စု တစုဖြစ်သော **မီနာမိုတို** (Minamoto) မျိုးနွယ်စုမှာ ပြိုင်ဘက်ဖြစ်သော **တိုက်ရ** (Taira) မျိုးနွယ်စု၏ အပြတ်အသတ် ခြေမှုန်းသုတ်သင်ခြင်းကို ခံလိုက်ရသည်။ သို့သော် ကံကောင်းထောက်မ၍ **မီနာမိုတို**မျိုးနွယ်စုဝင် **ယိုရှိတိုမို**( Yoshitomo)၏ တတိယသားဖြစ်သော **ယိုရီတိုမို** (Yoritomo)မှာ လွတ်မြောက်သွားသည်။ ထို သားတော်က တဖြည်းဖြည်း အင်အားစုဆောင်းပြီး **၁၁၈၀ ခုနှစ်**တွင် ကမာကုရကို အခြေကုပ်ပြုကာ ရန်သူကို တိုက်ခိုက်တွန်းလှန်သည်။

**၁၁၉၂ ခုနှစ်**တွင် ရန်သူကို တိုက်ခိုက်အောင်မြင်သွားသောအခါ ဘုရင်က **ယိုရီတိုမို**ကို **ရှိုးဂွန်း** ရာထူးပေး၍

http://www.dhammadownload.com



တိုင်းပြည်ကို အုပ်ချုပ်စေသည်။ ထိုအခါ ယိုရိုတိုမိုသည် သူ၏ ဘူမိနက်သန် အောင်မြေအမှန်ဖြစ်သော **ကမာကုရ** မြို့ကို ဂျပန်နိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်၍ ထီးနန်းစိုက်တော်မူသည်။ ကမာကုရ ကြေးဆင်းတုတော်ကြီး ကိုလည်း တည်ထားကိုးကွယ်ရန် စတင်ကြိုးစားသည်။

## ဆင်းတုတော်ကြီး၏ အတိုင်းအတာများ

ကမာကုရဘုရားကြီးကို ခရစ်နှစ် **၁၂၅၂ ခုနှစ်**တွင် ပြုလုပ်ပြီးစီးတော်မူသည်။ ဘုရားကြီး၏ ဉာဏ်တော် အမြင့်မှာ **၃၇.၄ ပေ** မြင့်ပြီး ပလ္လင်ပါဆိုလျှင် **၄၄ ပေ** မြင့်တော်မူသည်။ ဘုရားကြီးကို ကြေးပေါင်ချိန် **၂၇၄၄၂၈ ပေါင် (၁၃၇ တန်)**ဖြင့် သွန်းလောင်း ထုလုပ်ထားသည်။ မျက်နှာတော်မှာ **အလျား ၇.၇ ပေ** ရှိပြီး နားရွက်တော်မှာ **၆.၆ ပေ ရှိသည်။**

ကမာကုရဘုရားကြီး၏ ပတ်ဝန်းကျင်တွင် **ခင်ချောဂျိ** Kenchoji ၊ **အင်းဂကုဂျိ** Engakuji ၊ **တိုခဲဂျိ** Tokeiji ၊ **တိုဒိုက်ဂျိ** Todeiji ၊ **အင်းနော့ဂျိ** Ennoji ဟူသော နာမည်ကြီး ဂျပန်ဘုန်းကြီးကျောင်းများ တည်ရှိသည်။ **ခင်ချောဂျိ** ကျောင်းတော်မှာ ဂျပန်နိုင်ငံ၏ ပထမဦးဆုံး ဇင်ကျောင်းဟု ပြောစမှတ်ပြုကြသည်။

http://www.dhammadownload.com



## ယိုကိုဟားမားရေသတ္တဝါပြတိုက်

ကမာကုရဘုရားမှ အပြန်တွင် **ယိုကိုဟားမား** **YOKOHAMA** စက်မှုမြို့တော်ရှိ **ရေနန်းဗိမာန်** Sea Paradise သို့ ဝင်ရောက် ကြည့်ရှုကြသည်။ ထို ရေနန်းဗိမာန်တွင် ရေသတ္တဝါများကို သူ့အမျိုးအစား နှင့်သူ ခွဲခြားပြီး ဖန်လှောင်အိမ်ထဲတွင် ထည့်၍ ပြသထားကာ ရေသတ္တဝါ အမည်နှင့် တွေ့ရှိနိုင်သော နေရာတို့ကိုလည်း ရေးသား ဖော်ပြထားသည်။ ငါးများကို အသက်ရှင်သန် နေထိုင်နိုင် စေရန်အတွက် ထိုငါးကိုတွေ့ရသော နေရာနှင့် ရာသီ ဥတုချင်းတူအောင် ဖန်တီး၍ မွေးမြူထားသည်။ ပင်ဂွင်းငှက် များကိုလည်း ရေကန်ထဲတွင် ရေခဲမှတ်အထိ အေးသော ရေများထည့်၍ မွေးမြူထားသည်ကို တွေ့ရသည်။

တနေရာတွင် ကြီးမားသော မှန်လှောင်အိမ်ကြီး တခု အတွင်း၌ လင်းပိုင်ကြီးနှစ်ကောင်ကို မွေးမြူပြသထား သည်ကို တွေ့ရသည်။ လှောင်အိမ်ထဲတွင် ဘောလုံးလေး တစ်လုံးကို လင်းပိုင်ကြီးနှစ်ကောင်က ဆော့နေကြသည်။ လူလာလျှင် လူရှိသည့်နေရာသို့ ရောက်လာ၍ လူလုပ်သလို လိုက်လုပ်တတ်သည်။ လူက ခေါင်းငြိမ့်ပြလျှင် သူတို့ ကလည်း ခေါင်းပြန်ငြိမ့်ပြသည်။ လူက နှာမှုတ်ပြီး စိတ်ဆိုး ပြလျှင် သူတို့ကလည်း နှာခေါင်းမှုတ်၍ စိတ်ဆိုးပြသည်။ လူများထွက်သွားလျှင် သူတို့နှစ်ကောင်မှာ တကောင်နှင့်

http://www.dhammadownload.com



တကောင် နမ်းကြရှုတ်ကြသည်။ သူတို့ရှေ့တွင် တချို့လူတို့က ထိုကဲ့သို့ နမ်းရှုတ်ပြခဲ့ကြဟန် တူပေသည်။ သူတို့၏ ပြုမူပုံများမှာ ရယ်စရာကောင်းသလောက်တော်တော်လဲ သရုပ်ပီပြင်သည်။ တနေရာတွင် ရေခဲဝက်ဝံဖြူကြီး နှစ်ကောင်ကို ပြသထားသည်။ ဝက်ဝံဖြူကြီးနှစ်ကောင်မှာ လူလာကြည့်လျှင် ရေထဲသို့ ငုပ်သွားလိုက်၊ ပြန်တက်လာလိုက်၊ ရေများကို ခါထုတ်လိုက်ဖြင့် ဟန်ရေးပြတတ်သည်။

ပြတိုက်၏အလယ်တွင်တော့ အလွန်ကြီးမားသောဖန်လှောင်အိမ်ကြီးအတွင်း၌ ငါးမျိုးစုံထည့်၍ ပြသထားသည်။ လူတယောက်က ရေငုပ်ဝတ်စုံဖြင့် ဖန်လှောင်အိမ်အတွင်းသို့ဝင်၍ ငါးများကို အစာကျွေးနေသည်။ ဖန်လှောင်အိမ်၏ အလယ်တွင် လိုဏ်ခေါင်းသဏ္ဌာန် ဖေါက်ထွင်းထား၍ စက်လှေကားတခု တပ်ဆင်ပေးထားသည်။ ထိုစက်လှေကားမှ အပေါ်ထပ်သို့ တက်နိုင်သည်။ စက်လှေကားပေါ် စီး၍လိုက်သွားလျှင် ငါးများကို ဘေးနှစ်ဖက်မှာရောဦးခေါင်းပေါ်မှာပါ တွေ့မြင်နိုင်ပြီး အမှန်တကယ်ပင်ပင်လယ်ရေအောက် ရောက်နေသလို ခံစားရသည်။ တချို့ငါးများမှာ အလွန်လှပသည်။ ငါးလိပ် ကျောက်ကြီးများမှာ စကောကြီးလောက် ကြီးမားပြီး အမြီးရှည်ကြီးတန်းလန်းဖြင့် သွားလာလှုပ်ရှား နေကြသည်မှာ အလွန်ပင်

http://www.dhammadownload.com



ကြည့်၍ ကောင်းပေသည်။ ကောင်းကင်တွင် အတောင်ကြီးတွေဖြန့်လျက် ဝဲနေသော စွန်ကြီးများနှင့် အလွန်တူသည်။

ပြတိုက်အတွင်း အတော်ကလေး ကျယ်ကျယ်ဝန်းဝန်းရှိသော ကွက်လပ်တခုတွင်တော့ ထိုင်ခုံများပြုလုပ်ခင်းကျင်းထားပြီး ပင်လယ်ဖျံလိမ္မာ ပြပွဲ ပြသနေသည်။ ဖျံများကို ဘော်လီဘော ပုတ်ခိုင်းခြင်း၊ ဘောလုံးဖမ်းခိုင်းခြင်း၊ ကြိမ်ကွင်းပစ်၍ ခေါင်းစွပ်မိအောင် စွပ်ခိုင်းခြင်းစသည်ဖြင့် ပုံစံအမျိုးမျိုး ပြုလုပ်ပြသည်။ တမျိုးပြပြီးတိုင်းလည်း အစာတခါ ကြွေးရသည်။ ဖျံကြီးများမှာလူက စကားပြောလျှင် နားလည်ဟန်ဖြင့် ဦးခေါင်းတညိတ်ညိတ် လုပ်ပြတတ်သည်။ အမှန်တော့ လက်ကအချက်ပေး၍ ခိုင်းစေခြင်း ဖြစ်ပုံရပေသည်။

နောက်ဆုံးတွင် ပွဲသိမ်းပွဲအဖြစ် ကြိမ်ကွင်းစွပ်ပြပွဲပြုလုပ်သည်။ လာကြည့်နေသော ပရိသတ်ထဲမှ ကလေးများကို ကြိမ်ကွင်းများပေး၍ ဖျံကြီးများဆီသို့ ပစ်စေသည်။ ဖျံကြီးများက ခေါင်းဖြင့်လိုက်လျှို၍ လည်ပင်းတွင် စွပ်မိအောင် လိုက်စွပ်ကြသည်။ အပေါ် တည့်တည့်မှ ကြိမ်ကွင်းကျလာလျှင် ခုန်၍ စတန့်ထွင်ကာ ခေါင်းလျှို ပြကြသည်။ နောက်ဘက်သို့ အရှိန်လွန်နေသော ကြိမ်ကွင်းဆိုလျှင်ပက်လက်လုန်ချ၍ စွပ်မိအောင် စွပ်ပြသေးသည်။ ဘယ်လိုပုံစံဖြင့် ကြိမ်ကွင်းလာလာ စွပ်မိသည်ချည်းဖြစ်သည်။

http://www.dhammadownload.com



## သရဲအခြောက်ခံခဲ့ရခြင်း

Sea Paradise တွင် တခြား ပျော်စရာရှင်စရာ များကိုလည်း ပြုလုပ်ပြသထားရာ သရဲခန်းကို ဝင်ကြည့်ခဲ့ကြသေးသည်။ အဝင်ဝတွင် ကြိုးတချောင်း ပေးထားကာ အားလုံးက လူမကွဲစေရန် ကြိုးကိုကိုင်၍ ဝင်ကြရသည်။ အခန်းကို အမှောင်ချထားသည်။ အတွင်းတွင် မထင်မှတ်သည့်နေရာမှ ကြောက်လန့်စရာ ပုံစံများ ရုတ်တရက်ပေါ်လာ၍ ခြောက်လှန့်တတ်သည်။ မိန်းကလေးများက ကြောက်လန့်တကြား ထထအော်ကြသည်။ ကျွန်တော်တို့ အဖို့တော့ တော်တော်ရယ်ကြရသည်။ တချို့နေရာများတွင် ကြောက်စရာအရုပ်တခုက ရုတ်တရက် ပေါ်လာ၍ ရှီးကနဲ အသံပေးကာ အဝတ်ဖြင့် အသာလှမ်းရိုက်သည်။ တခါတရံ နင်းနေသည့် ကြမ်းခင်းအောက်မှ သွေးသံတရဲရဲ လူသေကောင်က လျှာထုတ်ပြတတ်သည်။

တနေရာတွင် လူရိုးစုတခုက ရုတ်တရက် ပေါ်လာ၍ ဓါးနှင့် လှမ်းခုတ်ဟန် ပြုသည်။ ကျွန်တော်က ထိုလူရိုးစုနှင့် သိုင်းကစားဟန် ပြန်၍ ဟန်ရေးပြသည်။ အတွင်းမှလူရိုးစုက ကြောက်စရာအသံဖြင့် မာန်သွင်း၍ ခုတ်ဟန်ပြုသည်။ ကျွန်တော်ကလည်း တဟားဟားရယ်၍ ကာဟန်၊ ခုတ်ဟန်ပြန်လုပ်သည်။ ကျွန်တော်နှင့် ပါလာသည့်အဖော်က "ဟိတ်ကောင် – စိတ်လိုက်မာန်ပါ မလုပ်

http://www.dhammadownload.com



လိုက်ပါနဲ့ကွာ ခြေလွန်လက်လွန် ဖြစ်ကုန်ပါ ဦးမယ်" ဟု လှမ်းနောက်သည်။ အပြင်သို့ ထွက်လာသောအခါ ဝင်ကြည့်သူအားလုံး အူနှိပ်၍ ရယ်ကြရသည်။ အခန်းအတွင်းတွင် ကြောက်၍ အော်မိသူတို့ကတော့ ရှက်လွန်း၍ လိုက်မရယ်နိုင်ကြပေ။

## ယိုကိုဟားမားကမ်းခြေ

နောက်ဆုံးတွင် ယိုကိုဟားမားကမ်းခြေကို သင်္ဘောစီး၍ လှည့်ပတ်ကြည့်ကြသည်။ သင်္ဘောကို Normal Class, Upper Class, Royal Class ဟူ၍ သုံးမျိုးခွဲခြားထားသည်။ ကျွန်တော်တို့က Upper Class မှ စီးနင်းလိုက်ပါ၍ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာကြသည်။ စက်ရုံကြီးများ၊ ပင်လယ်ကူးသင်္ဘောကြီးများကို တွေ့ခဲ့ရသည်။ ဂျပန်မလေး တယောက်က မိုက်ခွက်ကိုကိုင်ကာ တွေ့သမျှ မြင်သမျှကို လက်ညှိုးညွှန်၍ ဂျပန်စကားဖြင့် ရှင်းပြနေသည်။ ပတ်ဝန်းကျင်တွင် မြင်နေရသော စက်ရုံများ၊ သင်္ဘောများ၊ တံတားများ အကြောင်းကို ရှင်းပြနေခြင်းဖြစ်သည်။ အားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။ ကျွန်တော်တို့ ကတော့ ဘာမျှ နားမလည်ကြပါ။ သင်္ဘောတပတ် စီးပြီးသောအခါ တိုကျိုမြို့ အီခဲဘုကုရိုသို့ ပြန်ခဲ့ကြသည်။

http://www.dhammadownload.com



## တိုကျိုဘုရားကြီး

၁၁ ရက်နေ့တွင် **တိုကျိုဆင်းတုတော်ကြီး** Tokyo Daibusu ကို သွားရောက်ဖူးမြော်ကြသည်။ တိုကျိုဆင်းတုတော်ကြီးမှာ **ကမာကုရဆင်းတုတော်ကြီး**နှင့် ပုံစံတူသည်။ သို့သော် ကမာကုရဆင်းတုတော်ကြီးလောက် ကျော်ကြားမှု မရှိပေ။ ကမာကုရဆင်းတုတော်ကြီးမှာ ရှေးဟောင်းလက်ရာဖြစ်ခြင်း၊ အနုပညာလက်ရာ ကောင်းမွန်ခြင်း၊ ပတ်ဝန်းကျင်ရှုခင်းရှုကွက် ကောင်းမွန်သာယာခြင်း၊ ဂျပန်နိုင်ငံသမိုင်းနှင့် ဆက်စပ်နေခြင်း တို့ကြောင့် ပို၍ ထင်ရှားကျော်ကြားပုံ ရပါသည်။ တိုကျိုဆင်းတုတော်ကြီးမှာမူ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးမှ ထုလုပ်ပူဇော်ခြင်းဖြစ်၍ လူသိနည်းနေပုံ ရပါသည်။

အပြန်တွင် နာမည်ကျော် **ဂင်ဇာ** Ginza ရပ်ကွက်သို့ ဝင်ရောက်ခဲ့ကြသည်။ တိုကျိုမြို့ ဂင်ဇာရပ်မှာ ကမ္ဘာပေါ်တွင် မြေတန်ဖိုးအမြင့်ဆုံး နေရာဒေသ ဖြစ်သည်ဟု ဆိုပါသည်။ ရုံးချုပ်ကြီးများ၊ ဟိုတယ်ကြီးများ၊ ကုန်တိုက်ကြီးများ၊ စီးပွားရေး အဆောက်အဦးများကို အများဆုံးတွေ့ရသည်။

ဇွန်လ ၁၂ ရက်နေ့ နံနက်တွင် ဆရာတော်ဘုရားမှာ ဟော်တယ်၌ပင် စာကြည့်ရင်း၊ သတင်းစာဖတ်ရင်း နားနေ၍ ကျွန်တော်က ပတ်ဝန်းကျင်ရှိ ဆိုင်များကိုလှည့်ပတ် ကြည့်ရှုခဲ့သည်။ ထိုနေ့နံနက်တွင် မိုးအနည်းငယ် ရွာသောကြောင့်

http://www.dhammadownload.com



လမ်းပေါ်တွင် သွားလာနေကြသူအားလုံး ထီးဆောင်းလာကြသည်။ တချို့က စတိုးဆိုင်များသို့ ဝင်လာကြသည်။ စတိုးဆိုင် အပေါက်ဝတွင် ထီးများမှ မိုးရေစက် မကျစေရန် ပလတ်စတစ် ထီးစွပ်များကို ချပေးထားသည်။ ဝင်လာသူတို့က ပါလာသော ထီးများကို ထီးစွပ်ဖြင့်စွပ်ပြီး အနီးရှိ ခြင်းထဲသို့ ထည့်ခဲ့ကြကာ ဆိုင်အတွင်း လှည့်ပတ်ကြည့်ရှုကြသည်။

မိုးစဲသည့်အချိန်ကျမှ ပြန်ထွက်သွားကြသည်။ ထိုသူများမှာ သူတို့ထားခဲ့သော ထီးများကို ပြန်ယူသွားသည်ကို မတွေ့ရပါ။ တော်တော်လေးကောင်းသော ထီးများကို ဆောင်းလာသူများကတော့ ပြန်ယူသွားတတ်ကြသည်။ ကျန်ခဲ့သော ထီးများမှာလည်း ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အပေါစားထီးများ ဖြစ်ပုံရသည်။

## ဂျပန်ရုပ်ရှင်ရုံ

နေ့ဆွမ်းဘုဉ်းပေး ပြီးသောအခါ ကျွန်တော် တယောက်တည်း လျှောက်လည်သည်။ လျှောက်လည်ရင်း အင်မတန် အိပ်ချင်လာသောကြောင့် ရုပ်ရှင်ရုံတရုံတွင် ဝင်၍ ခေတ္တအိပ်စက်ခဲ့ရသည်။ သူတို့ဆီမှ ရုပ်ရှင်ရုံများမှာ တခါဝင်ပြီးလျှင် တနေ့လုံးပြန်မထွက်ပဲ ကြည့်လို့ရသည်။ ကားတကားတည်းကိုပဲ ထပ်ကာထပ်ကာ ပြနေသောကြောင့်

http://www.dhammadownload.com



ကြိုက်တဲ့အချိန် ဝင်ကြည့်နိုင်သည်။ ဓာတ်လမ်းတဝက်မှ ရောက်သူက နောက်တခါပြန်ပြသောအခါ မမီလိုက်သော နေရာအထိ ပြန်ကြည့်ရုံသာ။

ရုံဝင်ခမှာ ယန်းငွေ ၁၈၀၀ ပေးရသည်။ ခုံနံပါတ် ပေးမထားပေ။ ကြိုက်သည့်နေရာမှာ ဝင်၍ ထိုင်ကြည့် နိုင်သည်။ ရုပ်ရှင်ရုံမှာ သိပ်မကျယ်ဝန်းပေ။ လူဦးရေ ၁၀၀ ခန့်သာ ဆန့်ပါသည်။ လာကြည့်သူမှာ ၁၅ ယောက် လောက်သာရှိသည်။ ကျွန်တော်လည်း ရောက်ရောက်ချင်း ရုပ်ရှင်ခဏကြည့်၍ အိပ်ပျော်သွားသည်။ ပြန်နိုးသောအခါ နောက်တကြိမ်ပင် ထပ်ပြနေပေပြီ။ ထို့ကြောင့် ရုပ်ရှင် တကားလုံးကို ပြန်ဆက်မိသွားအောင် ကြည့်ခဲ့သည်။ ဓာတ်လမ်းမှာ VIRUS ဆိုသော သိပ္ပံနယ်လွန် ဓာတ်ကား ဖြစ်သည်။ အသံစနစ် အလွန်ကောင်း၍ ရုပ်များကလည်း ကြည်လင်ပြတ်သားသည်။

## တိုကျိုတရားပွဲ

ဇွန်လ ၁၂ ရက်နေ့ ညနေ ၅ နာရီခွဲတွင် တရားပွဲ ရှိသည်။ တရားပွဲကို IKEBUKURO-ECO TOSHIMA PLAZA အဆောက်အဦး၌ပင် ကျင်းပသည်။ ပရိသတ် ၁၀၀ ကျော်ခန့် လာရောက်၍ တရားတော်ကို နာယူကြသည်။ နာရီဝက်ခန့် သီလဆောက်တည်ခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာ ပို့ခြင်းများ

http://www.dhammadownload.com



ပြုလုပ်၍ ၆ နာရီခန့်မှ ၉ နာရီအထိ ယခင် တရားပွဲမှ ဝိပဿနာတရားကို ဆက်လက်ဟောကြားသည်။ ဆရာတော်ဘုရားက သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့ ကွဲပြားခြားနားပုံကို အသေးစိတ် နားလည်အောင် ဟောကြားသည်။ ၉ နာရီမှ စ၍ ၉း၅၀ နာရီအထိ ဝိပဿနာတရားကို လက်တွေ့ အားထုတ်စေသည်။ ည ၁၀ နာရီတွင် တရားပွဲသိမ်း၍ အားလုံးပြန်ခဲ့ကြသည်။

၁၃၊ ၆၊ ၉၉ နေ့တွင် တရားပွဲနှစ်ကြိမ်ကျင်းပပေးသည်။ ပထမတရားပွဲကို နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီ အထိကျင်းပရာ တနင်္ဂနွေနေ့ အလုပ်အားလပ်ရက်ဖြစ်သောကြောင့် တရားနာပရိသတ်မှာ ၂၀၀ ကျော်လောက်ရှိမည်ထင်ပါသည်။ ဆရာတော်ဘုရားက ဝိပဿနာတရားတော်ကို ဆက်လက်ဟောကြားပြီး နေ့လယ် ၁၁ နာရီတွင် တရားပွဲကို အဆုံးသတ်ကာ လက်တွေ့ တရားအားထုတ်စေသည်။

တရားနာပရိသတ်များက လက်တွေ့ကျင့်ကြံအားထုတ်နေစဉ် ဆရာတော်ဘုရားက နေ့ဆွမ်းဘုဉ်းပေးသည်။ နေ့ဆွမ်းအလှူရှင်မှာ ဆရာတော်ဘုရား၏ ဂျပန်နိုင်ငံ တရားပွဲစဉ် ကြော်ငြာနှင့် ပိုစတာများအတွက် ကွန်ပျူတာဒီဇိုင်း ရေးဆွဲပြုလုပ်ပေးသော ကိုဇော်ဇော်လှိုင်နှင့် မဆွေဇင်မာတို့ ဇနီးမောင်နှံဖြစ်သည်။ အလှူရှင်

http://www.dhammadownload.com



လှူဒါန်းသော ဆွမ်း၊ ဆွမ်းဟင်းနှင့် တရားနာ ပရိသတ်တို့ ယူလာသော ဆွမ်း၊ ဆွမ်းဟင်းများကို စားပွဲနှစ်လုံးဆက်၍ တင်ရသည်။ ဟင်းခွက်များ အလွန်များပြားသောကြောင့် ဆရာတော်ဘုရားနှင့် ဦးကိတ္တိဓဇတို့၏ ဆွမ်းစားပန်းကန် ထားရန်နေရာပင် အတော် လုပ်ယူရသည်။

ထိုနေ့တွင် တရားနာပရိသတ်များအား ကိုခင်မောင်ဇော်၊ ကိုခင်မောင်သက်၊ ကိုမြသွင်တို့က နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါသည်။ အချိန်မရ၍ မသုံးဆောင်နိုင်သူများ အတွက်ကိုမူ ကျွတ်ကျွတ်အိတ်များဖြင့် သပ်သပ်ရပ်ရပ် ထုတ်ပေးလိုက်ကြသည်။ ကျွန်တော်နှင့် ဝေယျာဝစ္စပြုလုပ်သူများမှာ ၁၂ နာရီကျော်မှ တရားဟော ခန်းမမှ ဆင်းလာကြပြီး အနီးရှိ ပန်းခြံတစ်ခုထဲတွင် ဝင်ရောက်စားသောက်ကြသည်။

ဇွန်လ ၁၃ ရက်နေ့ ညတရားပွဲကို ညနေ ၅း၃၀ နာရီ မှ ည ၉နာရီအထိ ကျင်းပပြုလုပ်ပါသည်။ တရားနာပရိသတ် စုစုပေါင်း ၂၀၀ ခန့် ရှိပါသည်။ ခန်းမပြည့်လာရောက် နာကြားကြသည်။ တရားပွဲမစမီ ဆရာတော်ဘုရားထံ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဖတ်ရှိခိုး ပူဇော်ခြင်း၊ မေတ္တာဘာဝနာ စီးဖြန်းပွါးများခြင်းများ ပြုလုပ်ကြပါသည်။

http://www.dhammadownload.com



ထို့နောက် ဆရာတော်ဘုရားက တရားတော်ကို ၈း၁၅ နာရီအထိ ဟောကြားချီးမြှင့်ပါသည်။ ၈း၁၅ နာရီမှ ၈း၄၅ နာရီအထိ ဆက်လက်၍ တရားထိုင်စေပါသည်။

ထို့နောက် တရားနာပရိသတ်က ဆရာတော်ဘုရားအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လှူဒါန်းကြသည်။ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီးသောအခါ ပြုစုဆည်းပူးခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဝေယျာဝစ္စကုသိုလ် အဖို့အစုစုတို့ကို ရေစက်ချ ဆုတောင်းအမျှပေးဝေကြသည်။ ထို့နောက် တရားပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။ တရားပွဲပြီးသောအခါ တဖွဲ့ပြီးတဖွဲ့ ဆရာတော် ဘုရားနှင့်အတူ ဓါတ်ပုံရိုက်ကြသည်။

## ဖူဂျီယာမ

ဇွန်လ ၁၄ ရက်နေ့ နံနက်တွင် ဂျပန်နိုင်ငံ၏ ကျက်သရေဆောင် ဖြစ်သော ဖူဂျီယာမ **FUJI YAMA** ရေခဲဖုံးတောင်သို့ သွားရောက် လည်ပတ်ကြသည်။ ဖူဂျီတောင်သည် အမြင့်ပေ ၁၂,၃၉၅ ပေ မြင့်သည်။ ဂျပန်လူမျိုးတို့က ဖူဂျီစံ ဟု အလေးအမြတ်ထား၍ သုံးနှုန်းခေါ်ဝေါ်ကြသည်။ ဂျပန် ပန်းချီဆရာ၊ ကဗျာလင်္ကာဆရာ

http://www.dhammadownload.com



တို့ကလည်း ဖူဂျီတောင်ကို အမွှန်းတင်၍ ပန်းချီရေးဆွဲကြ၊ ကဗျာလင်္ကာ ဖွဲ့သီကြသည်။ ဖူဂျီတောင်သို့ ကိုတင့်အောင်က သူ့ကားဖြင့် လိုက်ပို့ပေးသည်။ ဆရာတော်ဘုရား၊ ဦးကိတ္တိဓဇ၊ ကိုခင်မောင်ဇော်၊ ကိုမြသွင်၊ ကိုမောရစ်၊ အန်တီ နီ၊ မထွေးထွေးဆိုင်နှင့် ကျွန်တော် အပါအဝင် စုစုပေါင်း ၉ ဦးဖြစ်သည်။ ဖူဂျီတောင်သို့ မရောက်မီလမ်းတွင် ဦးနုဘုရားဟု မြန်မာအများက ခေါ်ကြသော **ဂေါ်တမ္မ** စေတီတော်ကို ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

ဖူဂျီတောင်သို့ ရောက်သောအခါ မြူဆိုင်းနေ၍ တောင်ထိပ်ကို မမြင်ရပေ။ နွေဦးရာသီ ရောက်လာပြီဖြစ်သောကြောင့် ရေခဲ အနည်းငယ်သာ ကျန်တော့သည်ကို တွေ့ရသည်။ ဖူဂျီတောင်ပေါ်မှနေ၍ ပတ်ဝန်းကျင် တခွင်လုံးကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်သည်။ တောင်အောက်သို့ ငုံ့ကြည့်လိုက်လျှင် တောင်ပေါ်တက်သောကားလမ်းကို အကွေ့အဝိုက်များစွာဖြင့် လှပစွာ မြင်ရသည်။ ဖူဂျီတောင်ပေါ်တွင် အမှတ်တရ ဓါတ်ပုံများ စုရိုက်ကြသည်။ အမှတ်တရပစ္စည်းများ ဝယ်ကာ ပြန်လာခဲ့ကြသည်။

## ဆဖာရီတိရစ္ဆာန်ဥယျာဉ်

ဖူဂျီတောင်မှ အပြန်တွင် သဘာဝတောရိုင်း တိရစ္ဆာန်ဥယျာဉ် SAFARI PARK သို့ သွားရောက်လည်ပတ်

http://www.dhammadownload.com



ကြသည်။ SAFARI PARK တွင် တောရိုင်း တိရစ္ဆာန်မျိုးစုံကို တွေ့မြင် ခဲ့ရသည်။ ခြင်္သေ့၊ ကျား ကဲ့သို့သော အသားစား သတ္တဝါများကို သီးသန့် ခြံဝင်းကျယ်ကြီးများ အထဲတွင် လွှတ်ထားသည်။ ထိုခြံများထဲသို့ ကားဖြင့်ဝင်၍ ကြည့်ရှု ရသည်။ ကားပေါ်မှဆင်း၍တော့ မကြည့်ရပေ။ ကား ပြတင်းပေါက်ပင် မဖွင့်ရပေ။ အသား မစားသော တိရစ္ဆာန် များကိုတော့ ရောနှော၍ လွှတ်ထားသည်။ ကမ္ဘာ အရပ်ရပ်တွင် မှီတင်းနေထိုင်ကြသော တောတွင်းတိရစ္ဆာန် မျိုးစုံကို တွေ့ရသည်။

မြန်မာကျမ်းဂန်များ၌ တွေ့ရတတ်သည့် **စာမဏီ**ဟု အသံထွက်များနေသော **စာမရီ**သားကောင်များကိုလည်း ရှားရှားပါးပါး တွေ့ခဲ့ရသည်။ စာမရီ ဆိုသည်မှာ တိဘက် လူမျိုးတို့ ထွန်ယက်၊ ကုန်တင် စသည်ဖြင့် အသုံးပြုကြသော အမွေးဖွါးဖွါး နူးညံ့လှပသော မြီးဆံပွပွနှင့် **ယက်**(Yak)ဟု ခေါ်သည့် တိဘက်နွားတမျိုးဟု သိမှတ်ဖူးပါသည်။ မြန်မာစာပေများတွင် 'စာမဏီသားမြီး ကဲ့သို့' ဟု အမွှန်းတင် ရေးဖွဲ့တတ်ကြသည်။ ရှင်မဟာ သီလဝံသက ပါရမီတော်ခန်း ပျို့၌ " ပမာသွေးညီ၊ စာမရီဟု၊ နောက်ချီပွပွ၊ မြီးဆံလှလျက်၊ တောမ ထိပ်ခေါင်၊ သရေ ဆောင်သည့်၊ ရွှေရောင်ပြိုးပြိုး၊ သားအမျိုး " ဟု စပ်ဆိုထားသည်။ သို့သော် ယခုတွေ့မြင် ရသည့် စာမရီ သားကောင် များမှာတော့ မွေးဖွားကြီး

http://www.dhammadownload.com



ပြင်းထိုက်ရာ ဒေသ အမှန် မဟုတ်သောကြောင့် အမွေး အရောင် ခပ်နွမ်းနွမ်း များသာဖြစ်သည်။ အမြီးမှာလည်း စာဖွဲ့သလောက် နူးညံ့လှမည် မထင်ပါ။ စာမရီတို့သည် ကားက အနားနား ကပ်လာသော်လည်း အိန္ဒြေရရပင် မလှုပ်မယှက် ရပ်နေ ကြသည်။ သမင်များ၊ မြင်းကျားများ ကိုတော့ အုပ်စုလိုက် စားသောက်နေကြသည်ကို တွေ့ရသည်။

အတော်အတန် လှည့်ပတ်ကြည့်ရှုပြီးသောအခါ SAFARI PARK အတွင်း နားနေရန် ပြုလုပ်ထားသော နေရာ၌ ခဏ နားကြသည်။ ထိုနေရာတွင် နွားပုများ၊ မြင်းပုများနှင့် အခြား အမျိုးအမည်မသိရသော ငှက်များကို မွေးမြူ ထားသည်။ အားလုံးမှာ လူနှင့် ယဉ်ပါးနေကြသည်။ နွားပုများ၏ အရပ်မှာ ခွေးကြီးကြီးတကောင်၏ အရပ် အမောင်းလောက်သာရှိသည်။ သို့သော် ခန္ဓာကိုယ် တည်ဆောက်ပုံမှာ တကယ့် နိုင်းနွားကြီးများအလား ပြည့်ပြည့်ဖြိုးဖြိုး ကြော့ကြော့မော့မော့ ရှိလှသည်။ မြင်းပုများမှာလည်း ခွေးကြီးကြီး တကောင်ခန့်သာ အရပ်မြင့်သည်။ သို့သော် မြည်းကဲ့သို့ ခပ်တုံးတုံးပုံစံမျိုး မဟုတ်ပေ။ ပြိုင်မြင်းတကောင်ကဲ့သို့ ကြွကြွရွရွ ရှိလှသည်။ ထိုအပန်းဖြေစခန်း၌ ခေတ္တအနားယူပြီးလျှင် **အဆာဟိ ရေကန်** သို့ ခရီးဆက်ခဲ့ကြသည်။

http://www.dhammadownload.com



## အဆာဟိပုံပြင်

**အဆာဟိ**ရေကန်မှာ **ဟာကိုနေ**တောင်နှင့် **ဖူဂျီ**တောင် ပတ်ဝန်းကျင်တဝိုက် ကျယ်ကျယ်ပြန့်ပြန့် နေရာယူထားသည်။ ဟာကိုနေဒေသမှာ အပန်းဖြေစခန်း အများစုရှိရာဒေသဖြစ်သည်။ ကားလမ်းတလျှောက်လုံး သာယာစိမ်းလန်းသော ရှုခင်းရှုကွက် အမျိုးမျိုးကို တွေ့မြင်ခံစားကြည့်ရှုခဲ့ရသည်။ ကောင်းကင်တွင်လည်း သံမဏိကြိုးကြီးများ တန်းထား၍ ကောင်းကင်ရထားငယ် များဟုခေါ်ရမည့် **Cable Car** များ ချိတ်ဆွဲကာ လူးလာတုံ့ခေါက်ရွေ့လျားပြေးဆွဲ နေကြသည်။ ထို ကောင်းကင်ရထားဖြင့်လည်း ဟာကိုနေဒေသ၏ သာယာရှုမောဖွယ် အလှကိုခံစားကြည့်ရှုနိုင်ပါသေးသည်။ ဟာကိုနေဒေသရှိ **အဆာဟိ**ရေကန်ကြီးမှာလည်း ကြီးမားကျယ်ဝန်း၍ ဖူဂျီတောင်နှင့်တဆက်တည်း တည်ရှိသည်။ အဆာဟိ ရေကန်ကြီးကို **နတ်နဂါးလျှူဂျင်** က စောင့်ရှောက်သည်ဟု ပုံပြင်ဆန်ဆန်ဒဏ္ဍာရီဇာတ်လမ်းများ ဖတ်ဖူးသည်။ အလွန် နတ်ကြီးသည်ဟု ဂျပန်လူမျိုးတို့က ယုံကြည်ကြသည်။

ကျွန်တော်တို့ ရောက်သွားချိန်မှာ ညနေဆည်းဆာအချိန်ဖြစ်သောကြောင့် အလွန်ပင် သာယာလှပသည်။ တောင်ခြေရှိ အစိမ်းရောင်တောအုပ်ကို ရွှေဝါရောင်နေခြည်ကပက်ဖြန်းနေခိုက် လေညှင်းကလည်း တဖြူးဖြူးတိုက်ခတ်

http://www.dhammadownload.com



နေသောကြောင့် စိတ်အစဉ်မှာ ကြည်လင် ရွှင်လန်းလာသည်။ အဆာဟိရေကန်နှင့် ဟာကိုနေပတ်ဝန်းကျင်ဒေသကို ကမ္ဘာ့အချမ်းသာဆုံး ၁၀ ဦး စာရင်းဝင်ဖြစ်သော **ဆုစုမိ မိသားစု**က ပိုင်ဆိုင်သည်ဟု သိရသည်။

## ဆုစုမိမိသားစု

အကြောင်းသင့်၍ **ဆုစုမိမိသားစု** အကြောင်းကို အနည်းငယ် ဖေါ်ပြလိုသည်။ ထိုအကြောင်းကို ပြောပြလျှင် **ယာဆူဂျိရိုဆုစုမိ** အကြောင်းလည်း မပါ၍မဖြစ်ပေ။ ယာဆူဂျိရိုကို ဂျပန်ပြည်အလယ်ပိုင်းရှိ **ယာဂီဆို** ရွာကလေးတွင် ဒုတိယကမ္ဘာစစ် မတိုင်မီက မွေးဖွားခဲ့သည်။ တိုကျိုမြို့သို့ တက်၍ အလုပ်လုပ်ရာမှ သူ၏ ပါးနပ်လိမ္မာမှုနှင့် စီးပွါးရေး အကွက်မြင်တတ်မှုကြောင့် ကြီးပွါးချမ်းသာလာသူ ဖြစ်သည်။ ဂျပန်နိုင်ငံ စုစုပေါင်းမြေဧကအကျယ်အဝန်း၏ ခြောက်ပုံတစ်ပုံခန့်ကို ၄င်းတို့၏ ဆုစုမိမိသားစုက ပိုင်ဆိုင်သည်ဟု သိရသည်။ သူ့မှာ မိန်းမများသလောက် သားသမီးကလည်း များသည်။ တချို့က သားသမီး ၅၀ ကျော်ရှိသည်ဟု ခန့်မှန်းကြသည်။ သူမှတပါး တိတိကျကျသိသူ မရှိနိုင်ပေ။ သို့သော်လည်း **ဆေဂျီ**နှင့် **ယိုရှီယာကီ** တို့ နှစ်ဦးကိုတော့ တရားဝင်သားများ အဖြစ်သတ်မှတ်ထားသည်။ သူတို့နှစ်ဦးမှာလည်း ဖအေတူ မအေကွဲ ညီအစ်ကိုများ ဖြစ်ကြသည်။

http://www.dhammadownload.com



ဖခင်ကွယ်လွန်သောအခါ သားငယ် ယိုရှိယာကိက လုပ်ငန်းအားလုံးနီးပါး အမွေရလိုက်၍ သားကြီး ဆေဂျိကတော့ ဆေးအိဘုကုန်တိုက်၊ မီးရထားလိုင်းအချို့နှင့် တခြားအမွေ အနည်းငယ်သာ ရရှိလိုက်သည်။ ယိုရှိယာကိသည် ဂျပန်နိုင်ငံတွင် အကောင်းဆုံးဆိုသော **ပရင့်စ်ဟိုတယ်လ် (PRINCE HOTAL)** စု၏ ဟိုတယ်လ် ၇၀ ကျော်ကို ပိုင်ဆိုင်ထားသည်။ ထို့အပြင် ကုန်တိုက်များ၊ စတိုးဆိုင်များ၊ မီးရထားလိုင်းများ၊ အားကစားကွင်းများ၊ အားကစားရုံများ၊ အပန်းဖြေစခန်းများ စသည်ဖြင့် လုပ်ငန်းခွဲပေါင်း များစွာကို လုပ်ကိုင်နေသူ ဖြစ်သည်။

ဆေဂျိမှာလည်း သူ့အစွမ်းအစနှင့်သူ ကြီးပွါးနေသူဖြစ်သည်။ ကမ္ဘာအရပ်ရပ်တွင် သူပိုင်သော ဟိုတယ်လ် ပေါင်း ၁၀၀ ကျော်ရှိကြောင်းသိရသည်။ မင်းသား ဟိုတယ်လ်စု ထက်ပင် ပို၍ အင်အားကောင်းနေသည်။

ဆေဂျိမှာ ဂျပန်နိုင်ငံ၏ ထင်ရှားသော ကဗျာဆရာ၊ ဝတ္ထုရေးဆရာလည်းဖြစ်သည်။ သူရေးသော ကဗျာများ၊ ဝတ္ထုများအတွက် ဆုများ မကြာခဏ ရတတ်သည်။ သူရခဲ့သော အမြင့်မားဆုံး ဆုတံဆိပ်မှာ **"ဂျပန်တာတာကာမီကဗျာ"** ဆု ဖြစ်သည်။ ယခုအချိန်တွင် ဆေဂျိမှာ အလုပ်မှ အနားယူလိုက်ပြီ ဖြစ်သည်။ အားလပ်သော အချိန်များတွင် စာရေး၊ ကဗျာရေး၊ ဝတ္ထုရေး၊ ဒါရိုက်တာလုပ်၍ ရုပ်ရှင်ရိုက်

http://www.dhammadownload.com



ခြင်းများ ပြုလုပ်လျက်ရှိသည်။ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ ထူးချွန်ဆုကိုလည်း သူက ရယူဖူးသည်။

**ကမ္ဘာ့အချမ်းသာဆုံးမိသားစု**

ထို ဆေဂျိနှင့် ယိုရှိယာကီတို့၏ ဆုစုမိမိသားစုမှာ **FORBES** မဂ္ဂဇင်းက ထုတ်ပြန်သော ကမ္ဘာ့အချမ်းသာဆုံး ၁၀ ဦး စာရင်းတွင် ၄ နှစ်ဆက်တိုက် နံပါတ် ၁ နေရာတွင် ရပ်တည်ခဲ့ဘူးသည်။ ယခုအချိန်တွင်တော့ **Microsoft** ကုမ္ပဏီနှင့် **Apple**ကုမ္ပဏီ တွင် ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသော ဘီလ်ဂိတ်က အချမ်းသာဆုံးဖြစ်သည်။ ဆုစုမိမိသားစုမှာ **FORBES** မဂ္ဂဇင်းက ခန့်မှန်းသော ကမ္ဘာ့အချမ်းသာဆုံး ၁၀ ဦးစာရင်းတွင် အမြဲတမ်းပါနိုင်သော တခုတည်းသော ဂျပန်မိသားစုဖြစ်သည်။ သူ တို့ လုပ်ကိုင်နေသော လုပ်ငန်းခွဲပေါင်း ၁၃၀ ကျော် ရှိသည်ဟု သိရသည်။ သို့သော် သူတို့၏ ပိုင်ဆိုင်ကြွယ်ဝမှုကို ဘယ်လောက်ပိုင်ဆိုင်သည်ဟု မည်သူမျှ တိတိကျကျသိသူ မရှိပေ။

**ယိုကိုဟားမား**

ဇွန်လ ၁၅ ရက်နေ့ နံနက်တွင် ယိုကိုဟားမား **YOKOHAMA** စက်မှုမြို့တော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ပထမဦးဆုံး ယိုကိုဟားမားမြို့၊ **SKY**

http://www.dhammadownload.com



**GARDEN** ၌ ရှိသော **LAND MARK TOWER လန်းမာ့ခ်** မျှော်စင်သို့ သွားရောက်လေ့လာ ကြသည်။ အထပ်ပေါင်း ၆၉ ထပ်ရှိသော ထိုမျှော်စင်တွင် ကမ္ဘာ့အမြန်ဆုံး ဓာတ်လှေခါး တပ်ဆင်ထားသည်။ ဓါတ်လှေခါးမှာ တစက္ကန့်လျှင် နှစ်ထပ်နှုန်းဖြင့် အတက်အဆင်း ပြုလုပ်သည်ဟု ခန့်မှန်းရသည်။ ခဲလုံးတလုံး ပစ်တင်လိုက်သလို မြန်သည်။ ခဲလုံးတလုံး ကျလာသလို မြန်သည်။ မျှော်စင်ပေါ်သို့ ရောက်သောအခါ နားတွေ အူသွားသည်။

မျှော်စင်ပေါ်မှနေ၍ ပတ်ဝန်းကျင်ကို လေ့လာ ကြည့်ရှုနိုင်ရန် အဝေးကြည့်မှန်ပြောင်းများ တပ်ဆင်ပေး ထားသည်။ မှန်ဘီလူးဖြင့် ကြည့်လိုလျှင် အကြွေစေ့ထဲ့ပြီးမှ ကြည့်လို့ရသည်။ အနီးအနားတွင် မြင်ရသော အဆောက် အအုံများမှာ ရုံးများ၊ စက်ရုံများသာ အများစုဖြစ်သည်။ ကမ်းခြေတွင် ခုတ်မောင်းနေသော သင်္ဘောများ၊ စက်လှေ များမှာ ရှုပ်ထွေးလျက်ရှိသည်။ လေယာဉ်များလည်း မျှော်စင်နှင့် ခပ်လှမ်းလှမ်းမှ မကြာခဏ ပျံသန်းသွား တတ်ကြသည်။

ထို့နောက် ယိုကိုဟားမားမြို့စီယမ် **YOKOHAMA MEUSIUM** သို့ သွားရောက် လေ့လာကြသည်။ မြို့စီယမ် ဆိုသော်လည်း ပန်းခြံတခုမျှသာ ဖြစ်သည်။ ပန်းခြံအတွင်း မှာတော့ ရှေးဟောင်း ဘုရားဆင်းတုတော် တချို့နှင့်

http://www.dhammadownload.com



ရှေးဟောင်း ဂျပန်ရိုးရာ နေအိမ်လေးများကို ပြသထားသည်။ နေအိမ်လေးများမှာ နှစ်ပေါင်းတရာကျော်က ဆောက်လုပ်ထားသော သစ်သားနေအိမ်လေးများ ဖြစ်သည်။ ရှေ့တွင် ပန်းခြံကလေးများပါ ပြုလုပ်ထားသဖြင့် အိမ်လေးများမှာ တက်ကြည့်ချင်စရာကောင်းသည်။ သို့သော် ရှေ့တွင် Please Don't Touch သို့မဟုတ် Touch Your Eyes Only ဟု ရေးသားထားသည်။ ယိုကိုဟားမားမြို့တွင် တွေ့ရသော ထူးခြားချက်တစ်ရပ်မှာ မြေနေရာမရှိ၍ မြေချဲ့သည့် အနေဖြင့် ပင်လယ်ရေမျက်နှာပြင်ကို မြေကြီးဖို့၍ ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများ ဖြစ်သည်။ အဆောက်အအုံ များမှာ ၁၀ ထပ်ကျော်အထိ ရှိတတ်သည်။

ဂျွန်လ ၁၆ ရက်နေ့တွင် အီခဲဘုကုရို့၌ရှိသော **SUN SHINE CITY 60** ဟုခေါ်သည့် မိုးထိတိုက်မြင့်ကြီးသို့ သွားရောက်လေ့လာ ကြည့်ရှုကြသည်။ မထွေးထွေးဆိုင်က လိုက်ပို့ပေးသည်။ **SUN SHINE CITY 60** မှာ အထပ် ၆၀ ရှိသည်။ အီခဲဘုကုရို့တခွင် ဘယ်နေရာက ကြည့်ကြည့် လှမ်းမြင်နိုင်သည်။ ရောက်စကပင် ကျွန်တော် စိတ်ဝင်စားနေသော အဆောက်အအုံဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြေငလျင် မကြာခဏ လှုပ်တတ်သော ဂျပန်ပြည်တွင် ထိုမျှမြင့်မားသော အဆောက်အအုံတခု ဆောက်ဝံ့ခြင်း၏ လျှို့ဝှက်ချက် နည်းပညာကို သိလို

http://www.dhammadownload.com



သောကြောင့်ဖြစ်သည်။ ဆောက်လုပ်ရေးတွင် အလုပ်လုပ်သော သူငယ်ချင်းတဦးအား မေးကြည့်ရာ အဆောက်အဦး ဆောက်လုပ်စကပင် အောက်ခြေတွင် ရာဘာတုန်းကြီးများ၊ သံစပရိန်ကြီးများ ခံ၍ ဆောက်လုပ်ထားကြောင်း သိရသည်။ အဆောက်အအုံတွင် တပ်ဆင်ထားသော မှန်များ၏ လိုင်နာကြားထဲတွင်လည်း ရာဘာပြားများ ခံထားကြောင်း သိရသည်။ မြေငလျင် လှုပ်လျှင် အလိုက်သင့် ယိမ်းခါလှုပ်ရှားနိုင်ပြီး အဆောက်အအုံ လဲကျ၊ ပြိုကျ မသွားအောင် ဟန်ချက်ထိန်းထားနိုင်ရန် စီစဉ်ထားပုံရသည်။ ဂျပန်နိုင်ငံ၏ မှတ်တမ်းမှတ်ရာများအရ ဂျပန်နိုင်ငံတွင် တရက်လျှင် ပျမ်းမျှ မြေငလျင် ၄ ကြိမ်ခန့် လှုပ်ပြီး ဂျပန်လူမျိုးတစ်ယောက်သည် တသက်တွင် တကြိမ်တော့ ကြီးမားသော မြေငလျင်လှုပ်ခတ်မှုနှင့် ကြုံတွေ့ရကြောင်း သိရှိရသည်။

တိုကျိုတွင် အင်အားသေးငယ်သော မြေငလျင်ကလေးများ မကြာခဏ လှုပ်တတ်သည်။ မြေငလျှင်လှုပ်လျှင် ထိုတိုက်အမြင့်ကြီး ဘယ်လိုရှိမလဲဆိုတာ သိချင်၍ ရောက်သည့်နေ့ရာမှ မကြာခဏ သတိထား ကြည့်မိသည်။ တနေ့တွင် ဘူတာမှအပြန်၌ အားသေးသော မြေငလျင် တစ်ခု လှုပ်ခတ်သွားသည်ကို သတိပြုမိ၍ ထိုတိုက်အမြင့်ကြီးသို့ ရုတ်တရက် လှမ်းကြည့်လိုက်မိသည်။ အဖျားပိုင်းမှာ

http://www.dhammadownload.com



အနည်းငယ် ဘယ်ညာ ယိမ်းခါ၍ နေသယောင်ယောင် ထင်ရသည်။ ကျွန်တော်စိတ်စွဲနေ၍ အမြင် မှားခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုနေ့ ၁၆၊ ၆၊ ၉၉ ညတွင် မြန်မာသံအမတ်ကြီး၏ ပင့်ဖိတ် လျှောက်ထားချက်အရ ဆရာတော်ဘုရားသည် မြန်မာသံရုံး၌ သံရုံးမိသားစုဝင်များကို တရားဟော ကြားသည်။ ထိုနေ့ည သံရုံးမှာပင် သီတင်းသုံးတော် မူသည်။

## တရုတ်တန်း

၁၇၊ ၆၊ ၉၉ နေ့၌ သွားရောက်လည်ပတ်ခဲ့သော နေရာမှာ ကမ္ဘာပေါ်ရှိ မြို့ကြီးတိုင်းလိုလို၌ တွေ့ရသော CHINA TOWN ဖြစ်သည်။ အဝင်ဝ၌ပင် CHINA TOWN ဟူသော ဆိုင်းဘုတ်ကြီးကို လှပသော အချွန် အတက်များဖြင့် ဆောက်လုပ်ထားသည့် မုခ်ဦးကြီးကို တွေ့မြင်ရသည်။ မုခ်ဦးကြီးမှာ တော်တော် ခန့်ညားလှပ၍ တရုတ်သဘာဝ သရုပ်ပေါ်လှသည်။ CHINA TOWNကို ရန်ကုန်မှာလိုပင် တရုတ်တန်း ဟု ခေါ်ဝေါ်ကြသည်။ တရုတ်လူမျိုးစုများ ဂျပန်နိုင်ငံ အနှံ့အပြား ပျံ့နှံ့နေသည်။ မကြာခဏလည်း ပင်လယ်ဘက်မှ စက်လှေများဖြင့် အုပ်စုလိုက် ဝင်ရောက်လာတတ်ကြသည်ဟု သိရသည်။

http://www.dhammadownload.com



ကားနိုးဂိုဏ်းများ ရှိသည်ဟုလည်း သိရသည်။ ကားပစ္စည်းများကို ဖြုတ်ခိုးခြင်းမဟုတ်၊ ကားကို စင်းလုံး မကြသည်ဟု သိရသည်။ သို့သော် ထိုကဲ့သို့သော နိုင်ငံခြားသားများကို အမိပြုပြီး စကားကို ဒွာန်ကရိဏ်းမကျ၊ မပီမသပြောဆို၍ နိုင်ငံခြားသား ဟန်ဆောင်ကာ ရာဇဝတ်မှုများ ကျူးလွန်သော ဂျပန်လူမျိုး တချို့ကလည်း ရှိနေပါသေးသည်။ ထို့ကြောင့်လည်း နိုင်ငံခြားသားများမှာ ပို၍ နာမည်ပျက်နေခြင်း ဖြစ်သည်ဟု သိရသည်။

## ကားပြိုင်ပွဲ

ဇွန်လ ၁၈ ရက်နေ့နံနက်တွင် ကိုသူရက ကားပြိုင်ပွဲသို့ လိုက်ပို့သည်။ ကားပြိုင်ပွဲကို ကမ္ဘာလုံးပုံစံ ဆောက်လုပ်ထားသော အဆောက်အဦးကြီးထဲတွင် ပြုလုပ်ထားခြင်းဖြစ်သည်။ အထဲတွင် ထိုင်ဖို့ရာ ကားထိုင်ခုံများ ပြုလုပ်ထားသည်။ ရှေ့တွင် ရုပ်ရှင်ပိတ်ကားတစ်ခု ထောင်ထားသည်။ ထို့နောက် ကားပြိုင်ပွဲကို ပြသသည်။ ကားပြိုင်ပွဲ မစခင် မင်းသားနှင့် မင်းသမီး စကားပြောကြသည်။ မင်းသမီးက သံပုရာရည်ဖျော်သည်။ ဘေးမှ ရှူးခနဲ အသံကြားရပြီး တခန်းလုံး သံပုရာနံ့ သင်းပျံ့သွားသည်။ ဖျော်ပြီးသောအခါ သောက်ပါဦးလားဟု မင်းသားကိုပြောသည်။ မင်းသားက ကျေးဇူးပါပဲ၊ မသောက်

http://www.dhammadownload.com



တော့ပါဘူး၊ ကော်ဖီပဲ သောက်တော့မယ် ဟု ပြောကာ ကော်ဖီဖျော်ပြန်သည်။ တခန်းလုံး ကော်ဖီနံ့ သင်းသွားပြန်သည်။ နံရံဘေးဘက် အပေါက်ကလေးများမှ ကော်ဖီနံ့ ထုတ်လွှတ်ပေးခြင်း ဖြစ်သည်။ ကော်ဖီသောက်ပြီးသောအခါ ကားပြိုင်ပွဲ စတင်သည်။ ကားများမှာ လမ်းကောင်းကောင်းတွင် မိုင်ကုန်မောင်း၍ ပြိုင်ပွဲဝင်နေကြသည်။ ထိုအချိန်တွင် ကျွန်တော်တို့ထိုင်နေသော ထိုင်ခုံများမှာ မသိမသာ နည်းနည်းလှုပ်လာသည်။ လမ်းကြမ်းသော နေရာများတွင် မောင်းသောအခါ ထိုင်ခုံများမှာ သိသိသာသာ လှုပ်ရမ်းလာသည်။ ကားပြိုင်ပွဲပြီးဆုံးသောအခါ မင်းသားမောင်းသော ကားက အနိုင်ရလိုက်သည်။ အမှန်တော့ ကားကြော်ငြာ ရုပ်ရှင်ကားတကားသာ ဖြစ်သည်။ ကားထဲတွင် ထိုင်စီးလျှင် ဒီလိုခံစားရမည် ဟု ပြောလိုဟန် ရှိသည်။

## အိုဆာကာသို့

ညနေဘက်တွင် **အိုဆာကာ** **OSAKA** မြို့သို့ သွားကြသည်။ အိုဆာကာခေါ် ရှေးမင်းများ နန်းစိုက်ရာ မြို့သို့ **ရှင်ကန်စင်း**ခေါ် ကျည်ဆံရထား **Bullet Train** ဖြင့် သွားကြသည်။ မထွေးထွေးဆိုင်နှင့် ဦးဝိမလတို့က လိုက်ပို့ကြသည်။ ဆရာတော်ဘုရား၊ ဦးကိတ္တိဓနှင့် ကျွန်တော်ပါ စုစုပေါင်း ငါးယောက်ဖြစ်သည်။ ကျည်ဆံ

http://www.dhammadownload.com



ရထားမှာ ဘေးဘီဝန်းကျင်ကို မကြည့်ရှုဘဲ အတွင်းထဲတွင်သာ မျက်စိမှိတ်၍ ထိုင်လိုက်နေလျှင် သွားသည်ဟုပင် မထင်ရပေ၊ အင်မတန်ငြိမ်သက်သည်။ အပြင်ကို ကြည့်လိုက်လျှင်လည်း အလွန်မြန်လှသည်ဟုတော့ မထင်ရပေ။ သို့သော် ဟိုက်ဝေးကားလမ်းနှင့် ယှဉ်ပြိုင်မိသော နေရာများသို့ ရောက်လျှင်တော့ လမ်းပေါ်တွင် မိုင်ကုန်မောင်းနေသော ကားများကို ကျည်ဆံရထားက လျင်မြန်စွာ ဖြတ်ကျော်သွားတတ်သည်။ ဒီတော့မှ ကျည်ဆံရထား အလွန်မြန်ပါကလားဟု သတိပြုမိသည်။ ကားဖြင့် ၅ နာရီခန့် မောင်းနှင်ရမည့် အိုဆာကာမြို့သို့ ကျည်ဆံရထားက ၂ နာရီအတွင်း ရောက်အောင် ခုတ်မောင်းသွားသည်။

အိုဆာကာမြို့သို့ ကျွန်တော်တို့ ရောက်သွားသော အခါ ညနေ နေဝင်ရီတရောအချိန်ဖြစ်သည်။ လျှပ်စစ်မီးများပင် ထွန်းလင်းစပြုနေပေပြီ။ အိုဆာကာဘူတာသို့ လာကြိုသူ၏ အမည်မှာလည်း **မစ္စတာအိုဆာကာ** ပင် ဖြစ်သည်။ အိုဆာကာစံမှာ ဆရာတော်၏ တပည့် တဦး ဖြစ်ပြီး ကျွန်တော်တို့ကို အိုဆာကာရဲတိုက်သို့ လိုက်ပို့ရင်း လမ်းတွင် ဆရာတော်ဘုရားနှင့် ရှေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောင်းပြောဆိုနေကြသည်။ အိုဆာကာ ရဲတိုက်သို့ ရောက်သောအခါ နောက်ကျသွားသောကြောင့် ရဲတိုက် အတွင်းသို့ ဝင်ခွင့်မရတော့ပေ။ ရဲတိုက် အပြင်ဘက်မှပင်

http://www.dhammadownload.com



ကြည့်ရှုခဲ့ရသည်။ ရဲတိုက်ကို ကာရံထားသော ကျောက်ပြား ကြီးများမှာ ၈ ပေ ပတ်လည်ခန့် အကျယ်ရှိပြီး ၂ ပေခန့် အထူရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကာရံ ထားခဲ့သည်ဟု သိရသည်။ ဤမျှကြီးမားသော ကျောက်ပြား ကြီးများကို စက်မှုနည်းပညာ မပါဘဲ မည်သို့ သယ်ယူ ရွှေ့ပြောင်း၍ ကာရံခဲ့ကြသည် မသိပေ။

အိုဆာကာရဲတိုက်မှ အပြန်တွင် အိုဆာကာ ညဈေး နှင့် လူစည်ကားသော နေရာများသို့ သွားရောက်ခဲ့ကြသည်။ ည ၉ နာရီတွင် အိုဆာကာမြို့မှ ပြန်လည်ထွက်ခွါ လာခဲ့ကြသည်။ တိုကျိုဘူတာသို့ ပြန်ရောက်သောအခါ ည ၁၁ နာရီပင် ထိုးနေပေပြီ။ ပြန်မည့်ခရီးသည်များ တက္ကစီကားရရန် တန်းစီစောင့်ကြရသည်။ တက္ကစီကား များက တစီးပြီး တစီး ထိုးထိုးရပ်သည်။ လူများ ကလည်း တသုတ်ပြီး တသုတ် လိုက်ပါသွားကြသည်။ တော်တော်နှင့် မပြီးနိုင်ပေ။ တက္ကစီရရန် တန်းစီ၍ စောင့်ရသည်ကို ဒီတခါသာ ကြုံဘူးသည်။

၁၉၊ ၆၊ ၉၉ နေ့သည် ဆရာတော်ဘုရားကြီး ဂျပန်ပြည်မှ ပြန်ကြွမည့်ရက် ဖြစ်သောကြောင့် မြန်မာ ပရိသတ်များ တဖွဲဖွဲ ရောက်လာကြ၍ ဆရာတော်ဘုရားကို ကန်တော့ကြပါသည်။ ကျွန်တော်နှင့် ကိုခင်မောင်ဇော်တို့က လိုအပ်သော ဗာဟီရပစ္စည်းများ ထွက်ဝယ်ကြသည်။

http://www.dhammadownload.com



ညနေ ၁ နာရီတွင် ရောက်လာကြသော ပရိသတ်များကို နှုတ်ဆက်၍ တိုကျိုမြို့မှ ထွက်ခွါလာခဲ့သည်။ နာရီတလေဆိပ်သို့ ကိုတင့်အောင်နှင့် ဦးကိတ္တိဓဇတို့က လိုက်ပါပို့ဆောင် ပေးကြသည်။

၁၉၉၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့၊ ညနေ ၄ နာရီလေယာဉ်ဖြင့် ဂျပန်ပြည်မှ ထွက်ခွါလာခဲ့ကြသည်။ ကိုးရီးယားနိုင်ငံ အင်ချွန်းလေဆိပ်တွင် ခေတ္တနားရသည်။ ထိုမှတဆင့် ည ၈ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်သို့ ခရီးဆက်ကြသည်။ ထိုင်းနိုင်ငံတွင် ၃ ရက်တာမျှ အနားယူပြီး ဇွန်လ ၂၂ ရက်နေ့တွင် ဆရာတော်ဘုရားနှင့်အတူ နယူးဇီလန်နိုင်ငံသို့ ဓမ္မခရီး ဆက်ခဲ့ကြပြန်သည်။

http://www.dhammadownload.com



# ချမ်းမြေ့ဆရာတော်ဘုရား၏
## ၂၂ ကြိမ်မြောက် ဓမ္မခရီးစဉ်
# နယူးဇီလန်နိုင်ငံ
### (၁၉၉၉ ခုနှစ်၊ ဇွန်လ ၂၃ ရက် မှ ဇူလိုင်လ ၂၁ ရက်)

**နယူးဇီလန်နိုင်ငံသို့**

ချမ်းမြေ့ဆရာတော်ဘုရားသည် ဂျပန်နိုင်ငံမှ ဘန်ကောက်သို့ ပြန်ရောက်၍ ၃ ရက်ခန့် နားနေပြီးလျှင် ဇွန်လ ၂၂ ရက်နေ့၌ နယူးဇီလန်နိုင်ငံသို့ ဆက်လက်၍ ဓမ္မခရီး ကြွချီရပါသည်။ ကျွန်တော်ပင် ကပ္ပိယအဖြစ် ဆက်လက်လိုက်ပါ ရပါသည်။ ကျွန်တော်နှင့် ဆရာတော် ဘုရားသည် ပထမ TG လေကြောင်းလိုင်းဖြင့် စင်္ကာပူနိုင်ငံ သို့ ကြွရပါသည်။ စင်္ကာပူလေဆိပ်၌ စင်္ကာပူ–နယူးဇီလန် ဖက်စပ် လေကြောင်းလိုင်းကို ပြောင်းစီးကာ နယူးဇီလန် နိုင်ငံသို့ ကြွပါသည်။

http://www.dhammadownload.com



မူလအစီအစဉ်မှာ ဖီဂျီနိုင်ငံသို့ ပထမသွားရောက်၍ တရားစခန်း ဖွင့်ပြီးမှ နယူးဇီလန်နိုင်ငံကို ကြွရမည် ဖြစ်သော်လည်း ထိုအချိန်က ဖီဂျီ ဟုခေါ်သော ကျွန်းနိုင်ငံငယ်ကလေးတွင် နိုင်ငံရေး မငြိမ်မသက်မှုများ ဖြစ်ပွါးနေ၍ တရားစခန်း မပြုလုပ်နိုင်သဖြင့် ဖီဂျီ ခရီးစဉ်ဖျက်ကာ နယူးဇီလန်နိုင်ငံကိုပဲ ကြွ၍ တရားဟော တရားပြရန် စီစဉ်ခဲ့ကြရပါသည်။

ဇွန် ၂၃ ရက်နေ့၊ နံနက် ၈ နာရီခန့်တွင် နယူးဇီလန်နိုင်ငံ AUCKLAND အောက္ကလန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ကြပါသည်။

ဦးစိုင်း၊ ကိုဖြူ(ကိုဋ္ဌေးဝင်း)နှင့် ကိုသင်အောင်ညွန့်တို့က လေဆိပ်သို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုကြပါသည်။ ကိုသင်အောင်ညွန့်က "ဖီဂျီကို မကြွဖြစ်တာတော့ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ငါတို့အတွက်တော့ ကံကောင်းသွားတယ်၊ ငါတို့ဆီမှာ ဆရာတော်ဘုရား ကြာကြာလေး နေဖြစ်သွားတာပေါ့"ဟု ကျွန်တော့်ကို ပြောသည်။

နေ့ဆွမ်းကို ကိုသင်အောင်ညွန့် နေအိမ်တွင် ဘုဉ်းပေး၍ ကိုသင်အောင်ညွန့်က သူ၏နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးရန် လှျောက်ထားသဖြင့် သူ့အိမ်မှာပဲ သီတင်းသုံးနားနေပါသည်။

http://www.dhammadownload.com



အောက္ကလန်တွင် နေသမျှ ကာလပတ်လုံးလည်း ကိုသင်အောင်ညွှန့်အိမ်မှာပင် ကျောင်းအဖြစ် ဝိဟာရပြု၍ သီတင်းသုံးရပါသည်။

ကိုသင်အောင်ညွှန့်မှာ ဆရာတော်ဘုရား ကြွလာခိုက်နှင့် သူ့မိခင် နယူးဇီလန်သို့ အလည်လာခိုက် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်၍ အလွန်ဝမ်းသာနေသည်။ "အမေလဲ ဆရာတော်ဘုရားကို ဖူးမြော်ခွင့်ရတယ်၊ ကျွန်တော့်အမေနဲ့ ကျွန်တော်နဲ့လည်း အတူတူတရားဝင်ခွင့်ရဦးမယ်၊ ကြည့်စမ်းဗျာ ကျွန်တော် ဘယ်လောက်ကံကောင်းလဲ"ဟု မကြာခဏ ပြောတတ်သည်။ တခါတရံ "ဩော် ဖိဂျီ ဖိဂျီ၊ ခင်ဗျားတို့ကိုတော့ ကျုပ် အများကြီးသနားတယ်ဗျာ"ဟု သံဝေဂရဟန်နှင့် ဟာသနှော၍ ပြောတတ်သည်။

ကိုသင်အောင်ညွှန့်၏ နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးသည့်အတွက် သူ့မိခင် ဒေါ်ခင်စောခိုင်နှင့် သူ့အိမ်သူ မလှစံသာတို့မှာ ညဘက်တွင် ကိုဖြူ(ကိုဒွေးဝင်း)၊ မလှရှမ်းဖြူတို့ နေအိမ်သို့ သွားရောက် အိပ်စက်ကြသည်။

**မိုးထိမျှော်စင်**

အောက္ကလန်သို့ ရောက်သည့်နေ့ ညနေ ၄ နာရီခန့်တွင် အောက္ကလန်မြို့ **မိုးထိမျှော်စင် SKY TOWER**သို့

http://www.dhammadownload.com



သွားရောက်လည်ပတ်ကြသည်။ ကိုသင်အောင်ညွန့်ကတော့ "ကိုင်း မောင်ဇော်လင်းရေ ဒီမှာ ကြည့်စရာ၊ ရှုစရာ၊ လေ့လာစရာတွေ အများကြီးရှိတယ်၊ မင်းစိတ်ကြိုက် လွတ်လွတ်လပ်လပ်သာ ကြည့်ရှုလေ့လာပါ၊ ဆရာတော် ဘုရားရဲ့ ကပ္ပိယတာဝန် ကျွန်တော့်ကို ပုခုံးပြောင်းပေး"ဟု ပြောကာ နိုသီဒိုင်(နေကထိုင်) ပုခုံးပေါ်တင်၍ ဆရာတော် နောက်မှ တကောက်ကောက် လိုက်နေသည်။ မြင်သမျှ၊ တွေ့သမျှ အရာများ အကြောင်းကိုလည်း ပါးစပ်မှ တတွတ်တွတ် ရှင်းပြနေသည်။ အလွန် သွက်လက်ချက်ချာ သူဖြစ်သည်။ မျှော်စင်ပေါ်တွင် ကိုကာကိုလာ သောက်ရင်း အောက္ကလန်မြို့ တမြို့လုံးကို အပေါ်စီးမှ ကြည့်ရှု လေ့လာကြသည်။

မျှော်စင်၏ အခင်းကြမ်းပြင်ကို မှန်ပြားများဖြင့် ခင်းထားသောကြောင့် အောက်ခြေတည့်တည့်ကို ပြန်ကြည့် နိုင်သည်။ မျှော်စင်မှာ ဆုံလည်ကုလားထိုင်ကဲ့သို့ ဆုံလည် မျှော်စင်ဖြစ်၍ အမြဲတစေ တရွေ့ရွေ့ လည်နေသောကြောင့် ထက်၊ အောက်၊ ဝဲ၊ ယာ အရပ်ဆယ်မျက်နှာစလုံးကို တနေရာတည်းတွင် ထိုင်လျက် သက်သောင့်သက်သာ ကြည့်ရှုလေ့လာနိုင်သည်။ မျှော်စင်ပေါ်၌ပင် ကော်ဖီဆိုင်၊ စားသောက်ဆိုင် စသည်တို့ ဖွင့်ထားသောကြောင့် ကြည့်ရှု လေ့လာသူ၊ အပန်းဖြေ အလည်အပတ် လာရောက်သူတို့

http://www.dhammadownload.com



အတွက် အဆင်ပြေလှသည်။ သို့သော် မျှော်စင်ပေါ်ရှိ စားသောက်ဆိုင်တွင် ဝယ်စားလျှင်တော့ အစားအသောက်ဖိုး ဈေးကြီးကြီးပေး၍ စားသောက်ရသည်။

## အောက္ကလန်၏ဆည်းဆာအလှ

ကျွန်တော်တို့ ရောက်သွားသောအချိန်မှာ နေဝင်ရီတရော အချိန်ဖြစ်သည်။ ပုဇွန်ဆီရောင် နေလုံးကြီးက ပင်လယ်ပြင်ထဲသို့ တပိုင်းတစ ငုပ်လျှိုးနေရင်း သူတတ်နိုင်သလောက် နောက်ဆုံးရောင်ခြည်များကို ထုတ်လွှတ်ကာ ကမ္ဘာလောကကို အလှဆင်နေသည်မှာ ကြည့်၍ကောင်းလှပေသည်။ မှောင်ရီသန်းလာပြီ ဖြစ်သောကြောင့် တမြို့လုံးလည်း မီးများထွန်းထားသည်။ ရောင်စုံမီးများ ထွန်း၍ထားသော တံတားများကလည်း အောက္ကလန်မြို့တော်၏ အလှကို တတ်နိုင်သလောက် တဖက်တလမ်းမှ ကူညီဖြည့်ဆည်းပေးလျက် ရှိသည်။ တောင်ပတ်လမ်းများပေါ်တွင် ကားများက မီးထိုး၍ စဉ်ဆက်မပြတ် မောင်းနှင်သွားလာ နေကြသောကြောင့် မီးတန်းကြီးများ ပြေးနေသလား ထင်မှတ်မှားရသည်။

ကမ်းခြေဘက်တွင် စိမ်းဖန့်ဖန့် မီးလုံးများကို ထွန်းထားသည်။ မီးရောင်အောက်တွင် အပျော်စီးစက်လှေ **Speed Boat** ကလေးများ အစီး၂၅၀ ခန့် တန်းစီ၍

http://www.dhammadownload.com



ရပ်ထားသည်မှာ အလွန်ပင် မျက်စိပသာဒ ရှိလှသည်။ သဘာဝအလှနှင့် လူတို့ ဖန်တီးထားသော အလှအပများ အားပြိုင်နေသလား၊ ဒါမှမဟုတ် အတူတူပူးပေါင်း၍ ကမ္ဘာလောကကို အလှဆင်နေသလား ခွဲခြား၍ မရနိုင်ပေ။ တခုစီကို ခွဲခြား၍ ခံစားကြည့်လျှင် ရသတမျိုးစီ ခံစားရမည်ဖြစ်ပြီး အကုန်ခြုံ၍ ပူးတွဲကြည့်လျှင်လည်း ရသ တမျိုးခံစား ရမည်ဖြစ်သည်။ အောက္ကလန်မြို့၏ ညနေ ဆည်းဆာ အလှကို တဝကြီး ခံစားပြီး နေစုံးစုံးမြုပ်မှ ပြန်ခဲ့ကြသည်။

အိမ်ပြန် ရောက်သောအခါ ကိုသင်အောင်ညွန့်၏ အိမ့်သူ မလှစံသာက မျှော်စင်ပေါ်မှာ ဆရာတော်ဘုရားကို ဘာဆက်ကပ်ခဲ့သလဲ ဟု မေးသည်။ ကိုသင်အောင်ညွန့်က ညနေပိုင်းမို့လို့ ကိုကာကိုလာပဲ ကပ်ခဲ့ရကြောင်း ပြောရာ မလှစံသာက ဆရာတော်ဘုရားအား "ဆရာတော်ဘုရား မိုးထိမျှော်စင် SKY TOWER ရဲ့ အရသာဟာ ကိုကာကိုလာ သောက်ပြီး ခံစားရတာထက် ဆွမ်းဘုန်းပေးရင်း ခံစားရတာ ပိုပြီး ပြည့်စုံပါတယ်ဘုရား။ အားတဲ့ တရက်လောက် မျှော်စင်ပေါ်မှာ တပည့်တော် နေ့ဆွမ်း ဆက်ကပ်လှူဒါန်း ချင်ပါတယ် ဘုရား" ဟု လျှောက်ထားသည်။ ရက်အား မရှိသောကြောင့် ပြန်မည့်နေ့ကျမှ နေ့ဆွမ်းကို မျှော်စင် ပေါ်တွင် ဘုဉ်းပေးရန် စီစဉ်ခဲ့ကြသည်။

http://www.dhammadownload.com



## ဆွမ်းကပ်လိုသူများ

ဆရာတော်ဘုရား နယူးဇီလန်နိုင်ငံတွင် သီတင်းသုံးနေစဉ်အတွင်း ဆွမ်းဆက်ကပ်လှူဒါန်းလိုသော ဒကာ၊ ဒကာမများသည် ကိုသင်အောင်ညွန့်အိမ်သို့ ဖုန်းဆက်၍ မကြာခဏ စုံစမ်းကြသည်။ ဆရာတော်ဘုရား ဘယ်လိုဟင်းမျိုး ကြိုက်တတ်သလဲ၊ အငန်ရှောင်သလား၊ အစပ်ကြိုက်သလား၊ ဘယ်လိုပုံစံမျိုးဖြစ်အောင် ချက်ရမလဲ စသည်ဖြင့် မျိုးစုံအောင်၊ ထောင့်စေ့အောင် စေ့စေ့စပ်စပ်မေးကြသည်။

ကိုသင်အောင်ညွန့်မှာ အိမ်ပြန်ရောက်လျှင် ဖုန်းဖြင့် စုံစမ်းသူများကို ပြန်၍အဖြေပေးရင်း အလုပ်ရှုပ်နေတတ်သည်။ ဖုန်းက မကြာခဏ လာနေတတ်သောကြောင့် နားနားနေနေ ထိုင်ရသည်ဟူ၍ မရှိပေ။ အသံသွင်း၍ **Answering Machine** မှ ဖြေခိုင်းဖို့ပင် ကောင်းနေပြီ။ သို့သော် ကိုသင်အောင်ညွန့်ကတော့ စိတ်ရှည်လက်ရှည် ပြန်ရှင်းပြသည်။ ကတ်သီး ကတ်သတ်မေးလာလျှင် ခေါင်းကုတ်၍ "မောင်ဇော်လင်းရေ၊ ဒီမှာ ဒီလိုမေးနေတယ်၊ ကျွန်တော် ဘယ်လို ပြန်ဖြေရမလဲ"ဟု လှမ်းမေးတတ်သည်။ နောက်ဆုံး သူမသိသည့် မေးခွန်းတွေချည်း ဆက်ကာဆက်ကာ မေးလာလျှင်တော့ "ကိုင်း ကိုင်း – ကိုဇော်လင်းနဲ့ တိုက်ရိုက်ပြော၊ အဲဒါ ဆရာတော်ဘုရားရဲ့

http://www.dhammadownload.com



ကပ္ပိယ၊ ဆရာတော်ဘုရားရဲ့ P.A. ၊ ဆရာတော်ဘုရားနဲ့ ပတ်သက်တာ မေးချင်တာမေး" ဟု ပြောကာ ကျွန်တော့်ကို တယ်လီဖုန်း ထိုးပေးလိုက်တော့သည်။

အောက္ကလန်မှာ နေစဉ်အတွင်း အလှူရှင်အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးရတာ ရှိသလို၊ အလှူရှင်က ကိုသင်အောင်ညွန့်အိမ်သို့ ယူလာ၍ ဆွမ်းကပ်သည်လည်း ရှိသည်။ အလှူရှင်အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးလျှင်တော့ ကိုသင်အောင်ညွန့်နှင့် ကိုဖြူတို့က ကားမောင်း၍ လိုက်ပို့ပေးကြသည်။

ဂျွန်လ ၂၄ ရက်နေ့ အရုဏ်ဆွမ်း ဘုန်းပေးပြီး အပြန်တွင် MOUNGAWHAU DOMAIN ဟု ခေါ်သော မီးတောင်ဟောင်း ပါးစပ်ပေါက်ကို သွားရောက် ကြည့်ရှုကြသည်။ တောင်ပေါ်မှနေ၍ အောက္ကလန်မြို့ကို ပြန်ကြည့်ကြသည်။ အောက္ကလန်မြို့မှာ တော်တော် ကျယ်ပြန့်သော မြို့တမြို့ဖြစ်သည်။ မြို့ကျယ်သလောက် အိမ်များမှာ ဟိုနေရာတအိမ်၊ သည်နေရာတအိမ် ကွက်တိကွက်ကျား ဖြစ်မနေပေ။ မြေနေရာ ရှိသရွေ့ အိမ်များကို ခပ်ကျဲကျဲ နေရာအနှံ့ အစီအစဉ်တကျ ဆောက်လုပ်ထားသည်။ မြို့လယ်ရှိ အတော်မြင့်သော တိုက်ကြီးများနှင့် မျှော်စင်ကို လှမ်းကြည့်လျှင် အပေါ်ပိုင်းကိုသာ မြင်ရ၍ အောက်ပိုင်း ပျောက်နေတတ်သည်။ နံနက်ပိုင်းဖြစ်၍ တိမ်လား၊ နှင်းလား

http://www.dhammadownload.com



ကွဲကွဲပြားပြား မသိရသော ဖြူဖြူအခိုးအငွေ့များ ကြားမှ တိုက်များနှင့် မျှော်စင်မှာ အပေါ်သို့ ထိုးဖေါက်ထွက် နေသည်။ ထို့ကြောင့် အောက္ကလန်မြို့ ဆိုသည်မှာ တိမ်တွေထဲမှာ တည်ဆောက်ထားသည့်မြို့များ ဖြစ်လေ သလား ဟု အောက်မေ့ရသည်။

ညနေဘက် ၃ နာရီခန့်တွင် **GEOGRAPHIC SOUTH POLE** ဟု ခေါ်သော **တောင်ဝန်ရိုးစွန်းမှ သတ္တဝါများ ပြတိုက်**သို့ သွားရောက်လေ့လာကြသည်။ ကုန်းနေ သတ္တဝါ များကို ပြသမထားပေ၊ ရေနေသတ္တဝါများကိုသာ ပြသ ထားသည်။ ထူးဆန်းသော သဘာဝရှိသည့် ငါးများကို အသားပေး၍ ပြသထားသည်။ တချို့ငါးများမှာ ငါးဟု မထင်ရပေ၊ သစ်တုံးတတုံး ချထားသကဲ့သို့ ထင်ရသည်။ လှုပ်ရှားလာမှသာ ငါးမှန်းသိရသည်။ တချို့ငါးများမှာ သဘာဝသမိုင်းပြတိုက် တခုတွင် ငါးရိုးများကို ပြသထား သလား ထင်ရလောက်အောင် ငါးအရိုးစုနှင့် အလွန် တူသည်။ လူရောက်လာ၍ လှုပ်ရှားလာမှသာ သက်ရှိ ငါးအရှင်မှန်း သိရသည်။

အဆိပ်ဆူးပါသော ငါးအမျိုးအစား လေးငါး မျိုးခန့်ကိုလည်း ပြသထားသေးသည်။ ငါးမန်းပေါက်စ လေးများကိုလည်း လှောင်အိမ်တခုအတွင်း သီးသန့်ထဲ့၍ ပြသထားသည်။ အဆိပ်ဆူးပါသော ငါးများနှင့် အန္တရာယ်

http://www.dhammadownload.com



ဖြစ်စေတတ်သော ငါးများကို **Poisonous & Venomous Fish** ဟူ၍ သီးသန့် ခွဲခြား ပြသထားသည်။ တခြား ငါးများနှင့် ရောနှောမထားပေ။

အန္တရာယ်မပြုတတ်သောငါးများ၊ အလှမွေး ငါးများနှင့် ငါးလိပ်ကျောက်များကိုတော့ ရောနှော၍ ပြသထားသည်။ ထိုငါးများကို ဖန်လှောင်အိမ် အကြီးကြီး ပြုလုပ်၍ ထည့်ထားပြီး လှောင်အိမ်အတွင်းပိုင်းသို့ ဥမင်လိုဏ်ခေါင်း ဖေါက်ထားသည်။ လှောင်အိမ်အတွင်းသို့ ဝင်ရန် ပြုလုပ်ထားသော အဝင်ပေါက်မှာ "ဂ"ငယ် ပုံ သဏ္ဍာန်ရှိ၍ တဖက်မှဝင်ပြီး အခြားတဖက်မှ ပြန်၍ ထွက်ရသည်။

အောက်ခံကြမ်းခင်းမှာ စက်ယန္တယား တပ်ဆင် ထားသောကြောင့် သူ့အလိုအလျှောက် လည်ပတ် နေသည်။ ထို့ကြောင့် လမ်းလျှောက်၍ ကြည့်စရာမလိုပဲ တနေရာတည်းတွင်သာ ရပ်နေရုံဖြင့် လိုဏ်ဂူအနှံ့သို့ ရောက်နိုင်သည်။ ကိုယ်စိတ်ဝင်စားသော ငါးကိုတွေ့လျှင် ဘေးထွက်၍ ရပ်နေပြီး သေသေချာချာ ကြည့်ရှု လေ့လာနိုင်သည်။ ဓါတ်ပုံရိုက်ယူနိုင်သည်၊ စိတ်ကြိုက် လေ့လာပြီးလျှင် လည်ပတ်နေသော အခင်း ကြမ်းပြင်ပေါ်သို့ ပြန်တက်လိုက်ရုံဖြင့် ထွက်ပေါက်သို့ သူ့အလိုအလျှောက် ရောက်သွားနိုင်သည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကတော့ ငါးလိပ်ကျောက်ကြီးများကို တော်တော်လေး သဘောကျပုံရသည်။ ငါးလိပ်ကျောက်ကြီးများနှင့်အတူ ဓါတ်ပုံအရိုက်ခံသည်။ ထိုငါးလိပ်ကျောက်ကြီးများကလည်း တော်တော် ချစ်စရာကောင်းသည်။ လူက လက်လှမ်းလိုက်လျှင် အနားသို့ရောက်လာပြီး ပြုံးပြသလိုလို၊ ပြောင်ပြသလိုလို မျက်နှာထားဖြင့် စပ်ဖြဲဖြဲ လုပ်ပြတတ်သည်။ အမြီးရှည်ကြီးဖြင့်ကြည့်၍ အလွန်ကောင်းလှသည်။ ကောင်းကင်တွင် အတောင်ကို ဖြည်းဖြည်းခတ်၍ ပျံဝဲနေသော စွန်ကြီးများနှင့် အလွန်တူသည်။ မျက်နှာအမူအရာမှာ လူနှင့်တူသည်။ ပြောင်ပြ ပြုံးပြသော အမူအရာရှိသောကြောင့် ငါးလိပ်ကျောက်ကို ပြတိုက်သို့ လာသူတိုင်းက သဘောကျကြသည်။ ဓါတ်ပုံအတူရိုက်ကြသည်။ ပြတိုက်မှာတော့ ငါးလိပ်ကျောက်က **Super Model Fish** ဆူပါမော်ဒယ်ငါးဖြစ်နေသည်။

**Geographic South Pole** မှ အထွက်၌ **The Ultimate Experience, Down Under Water** ဟူသော ရေသတ္တဝါ ပြတိုက်တခုသို့ ဝင်ရောက် ကြည့်ရှုကြသည်။ **Down Under Water** ဟူသော ခေါင်းစဉ်အောက်တွင် ကြည့်ရှု လေ့လာနိုင်သော နေရာများကို ခေါင်းစဉ်ငယ်များခွဲကာ –

http://www.dhammadownload.com



* Journeys of Discovery
* An Ice World Down Under
* Survival of The Fittest
* A Land Before Time

စသည်ဖြင့် ဖေါ်ပြထားသည်။ ကျွန်တော်တို့က An Ice World Down Under ဟူသော အစီအစဉ်ကို ဝင်ရောက်ကြည့်ရှုခဲ့ကြသည်။ ထို အစီအစဉ်မှာ ရေခဲလိုဏ်ဂူ ပုံသဏ္ဍာန် ပြုလုပ်ထားသော ဂူတခုအတွင်းသို့ လူခုနှစ်ယောက်ခန့် စီးနိုင်သော ယာဉ်ငယ်တစီးကို စီးကာ လိုက်လံကြည့်ရှုကြသည်။ လိုဏ်ဂူအဝင်ဝတွင် ရေခဲနံရံများကိုလည်းပတ်အောင် ပြုလုပ်ထားသည်။ ခရီးသွား လမ်းညွှန် ပုဂ္ဂိုလ် Tourist Guide က လေ့လာသူများအား လိုက်လံရှင်းလင်း ပြောကြားသည်။ ပင်ဂွင်းငှက်များ၊ ပင်လယ်ဖျံများကို အများအပြား ပြသထားသည်။

ဩဂုတ်လ ၂၅ ရက်နေ့ နံနက် ၈ နာရီခန့်တွင် WESTERN SPRING ဟုခေါ်သော သဘာဝပန်းခြံတခုသို့ သွားကြသည်။ ထိုပန်းခြံအတွင်း၌ ရေကန်ကြီးတခုရှိရာသို့ သွား၍ အနက်ရောင် ငန်းဘဲများ၊ မန်ဒါလီဘဲများ၊ ဇင်ယော်ငှက်များကို သွားရောက်ကြည့်ရှုကြသည်။ ငှက်များ၊ ဘဲများအား အသင့်ပါလာသော ပေါင်မုန့်များကို ပစ်ကျွေးကြသည်။ ငန်းနက်ကြီးများမှာ လက်ထဲ၌ကိုင်ထားသော

http://www.dhammadownload.com



ပေါင်မုန့်ကိုပင် လာ၍ အေးအေးဆေးဆေး စားကြသည်။ သူတို့သည် အစာလာစားလိုက်၊ နှစ်ကောင်တွဲ၍ ရေကူးကာ ဟန်ရေးပြလိုက်ဖြင့် အစာများပိုကြွေးအောင် ဖျော်ဖြေ အသုံးတော်ခံနေကြသည်။

ငန်းဘဲကြီးနှစ်ကောင်မှာ ပြိုင်တူ ရေကူး၍ ပုံစံအမျိုးမျိုးဖြင့် ဟန်ရေးပြတတ်သည်။ သူတို့နှစ်ကောင်၏ ဟန်ရေးပြနေပုံမှာ အကပညာရှင် တယောက်ယောက် အထံမှာ သေသေချာချာ လေ့လာ သင်ယူထားသလား ထင်ရသည်။ ကူးခတ်ပုံ အလွန် ညီညာပြီး တခါတရံ တည့်တည့်ကူးပြသည်။ တခါတရံ ခေါင်းချင်းဆိုင်၍ ပတ်ခြာလှည့်ပြသည်။ တခါတရံ လည်တံရှည်ကြီးများကို အလိုက်သင့်ကွေးညွှတ်ခါ ခေါင်းချင်းဆိုင်၍ အသဲပုံစံ ပြုလုပ်ပြသတတ်သေးသည်။ **Western Spring** မှအပြန်တွင် **Totara Park** ၌ရှိသော ရုက္ခဗေဒဥယျာဉ်တခုကို ဝင်ကြည့်ကြသည်။ သစ်ပင်မျိုးစုံ ပြသထားသည်။ သစ်ပင်ပြ၍ သစ်စေ့ရောင်းစားသော ဆိုင်ဖြစ်သည်။ ထွေထွေထူးထူး လေ့လာစရာ မရှိသော ကြောင့် ပန်းခြံအတွင်း ခဏတာအနားယူပြီး ပြန်ခဲ့ကြသည်။

ညနေဘက်တွင် **Natural History Museum သဘာဝသမိုင်းပြတိုက်**သို့ သွားရောက်လေ့လာကြသည်။ ဒိုင်နိုဆောကြီးများ၊ ငါးကြီးများ၊ မိုအာ(Moa)ငှက်ကြီးများ

http://www.dhammadownload.com



စသည့် မျိုးသုဉ်းသွားပြီဖြစ်သော သတ္တဝါကြီးများ၏ အရိုးစုများ၊ လက်ရှိ ရှင်သန်နေသေးသော သတ္တဝါများ၏ အရိုးစုများနှင့် နေလှန်း၊ အစာသွတ်၍ ပြုပြင်ထားသော တိရစ္ဆာန်များကိုလည်း ပြသထားသည်။ နယူးဇီလန် နိုင်ငံသည် ဒိုင်နိုဆောကြီးများ ရှင်သန်နေထိုင် ခဲ့ဖူးသော နိုင်ငံဖြစ်၍ ဂုဏ်ယူဟန်ရှိသည်။ ဒိုင်နိုဆော အရိုးစုကြီးကို တခမ်းတနား ပြသထားသည်။ တွေ့ရှိ သည့်နေရာနှင့် ရှင်သန်နေထိုင်ခဲ့သည်ဟု ယူဆရသော နေရာတို့ကို မြေပုံဆွဲ၊ စာရေး၍ ရှင်းပြထားသည်။

မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့် မိုအာငှက် အသေကြီးတကောင်ကိုလည်း အခြောက်လှန်း၊ အစာသွတ်၍ မူလပုံစံအတိုင်း ပြသထားသည်။ ငှက်ကြီးမှာ လူနှစ်ရပ်နီးနီးရှိသည်။ နယူးဇီလန်နိုင်ငံတွင် မိုအာငှက်ကြီးများ မျိုးသုန်းသွားသည်မှာ သိပ်ကြာသေးပုံ မရပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့တွင် ဓါတ်ပုံ အထောက် အထားများ ရှိနေသေးသောကြောင့်ဖြစ်သည်။

နယူးဇီလန်နိုင်ငံ၏ မူလတိုင်းရင်းသား **မာအိုရီ** လူမျိုးစုတို့က အကန့်အသတ်မရှိ ပစ်ခတ် သတ်ဖြတ် စားသောက်ကြသောကြောင့် ထိုငှက်ကြီးများ မြန်မြန် မျိုးသုဉ်းသွားခြင်း ဖြစ်သည်ဟု ပြတိုက်မှ ဝန်ထမ်း တယောက်က ရှင်းပြသည်။ မိုအာငှက်ကြီး အနီးတွင်

http://www.dhammadownload.com



မိုအာငှက် သားပေါက်အရွယ်နှင့် မိုအာငှက် အလတ်စား အရွယ်တို့ကိုပါ ယှဉ်တွဲပြသထားသည်။

မိုအာငှက်ဥကြီးများကိုလည်း ကလပ်ပေါ်တင်၍ ပြသထားသည်။ ငှက်ဥ၏ အရွယ်အစား၊ အလေးချိန်တို့ကိုလည်း စာရေး၍ မှတ်တမ်းပြုထားကြသည်။ ငှက်ဥကြီးမှာ ဆယ်နှစ်သားအရွယ် ကလေးငယ်တယောက်၏ ဦးခေါင်းခန့်ရှိသည်။ ကျွန်တော်တို့က လက်သီးဆုပ်ဖြင့် ယှဉ်၍ ဓါတ်ပုံရိုက်ခဲ့ကြသည်။ လူကြီးတယောက်၏ လက်သီးဆုပ်လေးလုံးခန့် ရှိသည်ကို တွေ့ရသည်။ ငှက်ဥကြီးရှေ့တွင် ရေးထားသော စာအရ ကြက်ဥအလုံး ၆၀ နှင့် ညီမျှပြီး ဥအတွင်းမှအရည်မှာ လေးလစ်တာခန့် ရှိသည်ဟု သိရသည်။

## ကီဝီနိုင်ငံ

ကီဝီငှက်အရိုးစုနှင့် အစာသွတ်ထားသော ကီဝီငှက်များကိုလည်း တွေ့ရသည်။ ကီဝီငှက်မှာ နယူးဇီလန်နိုင်ငံသားတို့၏ အမှတ်အသားဖြစ်သည်။ ကီဝီငှက်ကို ကမ္ဘာပေါ်တွင် သူတို့ နယူးဇီလန်နိုင်ငံ၌သာ ရှိသည်ဟု ဆိုကာ ဂုဏ်ယူကြသည်။ နယူးဇီလန်သုံး ဒေါ်လာများပေါ်တွင်လည်း ကီဝီငှက်ပုံကို ရိုက်နှိပ်ထားသည်။ နယူးဇီလန်နိုင်ငံ သားများကို **"ကီဝီ"** ဟု ခေါ်ကြသည်။

http://www.dhammadownload.com



ကီဝီငှက်မှာ တခြားသောငှက်များကို တိုက်ခိုက်ခြင်း မရှိသောကြောင့် ကီဝီကို Harmless အန္တရာယ်မပြုတတ်သော ငှက်ဟု ဆိုကြသည်။ ထို့ကြောင့် နယူးဇီလန်လူမျိုးတို့ ကိုလည်း သဘောကောင်းသော လူမျိုးဟု အဓိပ္ပါယ်ကောက် ယူကာ သူတို့ကိုသူတို့ **"ကီဝီ"**ဟု တင်စား၍ ပြောဆိုကြ ခြင်းဖြစ်သည်ဟု သိရသည်။ ကီဝီငှက်မှာ အလင်းရောင် ရှိလျှင် မနေနိုင်ဘဲ ညအခါတွင်သာ ကျင်လည်ကြက်စား လေ့ရှိသည်။

ယခုအခါ ကီဝီငှက်သည်လည်း နယူးဇီလန်နိုင်ငံ ဘွင် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံနေရသည်။ တနိုင်ငံ လုံးတွင်မှ ပြခန်းတွင်ပြထားသော ကီဝီငှက်အရှင် သုံး,လေး ကောင်ခန့်သာ ရှိသည်ဟု သိရသည်။ တောနက်ထဲတွင် ကီဝီငှက်ကောင်ရေ မည်မျှကျန်ရှိ နေသေးသည်ကို မည်သူမျှ မခန့်မှန်းနိုင်ပေ။ အမှောင်ထဲ၌သာ သွားလာကျက်စားတတ် သောကြောင့် နေ့အခါ၌ အလွန်တွေ့ရခဲသော ငှက် ဖြစ်သည်။ သို့သော်လည်း ကီဝီငှက် တံဆိပ်ပါသော ဖိနပ်တိုက်ဆေးဘူးကြောင့် ကမ္ဘာကျော်ငှက် ဖြစ်သည်။

စင်ယော်ငှက်၊ ဥဒေါင်း၊ ကြက်တူရွေး၊ ယစ်၊ ဘဲငန်း၊ ကြက်ဆင်၊ ရေဘဲနှင့် အခြားငှက်မျိုးစုံကိုလည်း အစာသွတ်၍ ပြသထားသည်ကို တွေ့ရသည်။ စင်ရော် ငှက်မှာ အမျိုးအစား သုံး,လေးမျိုးခန့် တွေ့ရသည်။ ရေသတ္တဝါ အကောင်များများကိုလည်း ပုံစံမပျက်အောင်

http://www.dhammadownload.com



အခြောက်ခံ အစာသွတ်၍ ပြသထားသည်။ တနေရာတွင် အတော်ကျယ်ပြန့်သော ကြိုးဝိုင်းအတွင်း၌ ကုန်းသတ္တဝါ မျိုးစုံကို အခြောက်လှမ်း၊ အစာသွတ်၍ ပုံစံမပျက် ပြသထားသည်။ ယုန်၊ မြင်း၊ တောဝက်၊ ကြွက်၊ ကြောင်၊ တောကြောင်၊ ကြောင်တံငါ၊ ဆိတ်၊ တောင်ဆိတ်၊ သိုး၊ သမင်၊ မြွေပါ၊ ကတိုး၊ သားမင်း၊ ကင်းဂရူးခေါ် သား ပိုက်ကောင်၊ ကိုအာလာ၊ ဝမ်ဘတ်၊ အိုဆမ် စသည်ဖြင့် ကုန်းသတ္တဝါပေါင်း ၄၅ မျိုးခန့်ကို တစုတဝေးတည်း တွေ့ရသည်။

မြွေကိုတော့ ဘယ်နေရာမှာမှ မတွေ့ရပေ။ နယူးဇီလန်နိုင်ငံတွင် အလွန်အေးသောကြောင့် မြွေများ မနေနိုင်ဟု သိရသည်။ ပြည်ပမှ တင်သွင်းသော ကုန်စည် များအကြားတွင် ကြားညှပ်၍ ပါလာတတ်သော မြွေ တချို့နှင့် ရေမျော၍ လာတင်တတ်သော မြွေအနည်းငယ် ခန့်သာ ရှိသည်ဟု သိရသည်။ ထိုမြွေများမှာလည်း ရာသီဥတုအအေးဒဏ်ကို ကြာရှည်မခံနိုင်ပဲ မကြာမီမှာပင် သူ့သဘောသူဆောင်ကာ ကိစ္စချောသွားတတ်ကြောင်း ပြောကြသည်။ ထို့ကြောင့် နယူးဇီလန်နိုင်ငံတွင် မြွေမျိုး ဆက်ကို ရှာမတွေ့ရခြင်းဖြစ်သည်ဟု ပြောကြသည်။ သဘာဝသမိုင်းပြတိုက်တွင် ဖေါ်ပြထားသော မှတ်တမ်းများ အရ နယူးဇီလန်နိုင်ငံတွင် ရေသတ္တဝါ၊ ကုန်းသတ္တဝါ စသည့် တိရစ္ဆာန်အမျိုးအစားပေါင်း သန်း(၇၀)ခန့် ရှိသည်ဟု

http://www.dhammadownload.com



သိရသည်။ ညနေ ၆ နာရီ ခန့်တွင် သဘာဝ သမိုင်း ပြတိုက်မှ ပြန်ခဲ့ကြသည်။

## အိမ်ကို ကားပေါ်တင်ရွှေ့

ဩဂုတ်လ ၂၆ ရက်နေ့တွင် ညတရားပွဲရှိသောကြောင့် ဘယ်မှ ဝေးဝေးလံလံ မသွားကြတော့ဘဲ အောက္ကလန် မြို့တွင်း၌သာ အနည်းငယ် လှည့်ပတ် ကြည့်ရှုကြသည်။ အောက္ကလန်မြို့တွင် ရောင်းရန် အသင့် ဆောက်လုပ်ပြီးသား အိမ်များကို အတော်များများ တွေ့ရသည်။

အိမ်များမှာ ထင်းရှူးသားဖြင့်သာ ဆောက်လုပ်ထားသောကြောင့် အင်မတန် ပေါ့ပါးသည်။ အိမ်ဝယ်သူ ရှိလျှင် အတော်အသင့် ကြီးမားသော အိမ်များကိုတော့ အိမ်တလုံးလုံး အလုံးလိုက် ကားဖြင့်တင်၍ ဝယ်သူထံသို့ ပို့ကြသည်။ အိမ်ဆောက်လိုသည့် နေရာတွင် ဖေါင်ဒေးရှင်း ချပြီး ထိုထင်းရှူးသားအိမ်ကို အပေါ်က တင်ထားလိုက် ရုံသာ ရှိသည်။ အိမ်တလုံးကို တခဏအတွင်း ပြီးအောင်၊ ပြောင်းရွှေ့နိုင်အောင် ဆောက်လုပ်ထားသည်။

အိမ်က ကြီးလွန်းနေလျှင် သို့မဟုတ် အိမ် ဝယ်သည့်နေရာမှ လမ်းက ကျဉ်းလွန်းနေလျှင်တော့ သူ့ အပိုင်းနှင့်သူ ဖြုတ်၍ သယ်ယူကြသည်။ ရောင်းချရန် အတွက် Ready made အိမ်များ ဆောက်လုပ်နေသည့်

http://www.dhammadownload.com



နေရာသို့လည်း ဝင်ရောက်လေ့လာခဲ့ကြသည်။ ထင်းရှူးသား များကို ထွင်းခြင်း၊ ဖောက်ခြင်း မပြုလုပ်ဘဲ ဆက်လိုသည့် နေရာတွင် သံပြားဖြင့် ကပ်ရိုက်၍ ဆက်ကြသည်။ အိမ်အတွင်းဘက်နှင့် အပြင်ဘက်နံရံများကို အထပ်သား သို့မဟုတ် မီးခံပြားများဖြင့် ပြုလုပ်ထားပြီး အတွင်းနံရံနှင့် အပြင်နံရံ အကြားတွင်တော့ အနွေးဓာတ် ရနိုင်သော အအေးခံပစ္စည်းဖြစ်သည့် ကျောက်ဂွမ်းများ ထည့်ထားသည်။ နံရံကြားတွင် ဘာမှထည့်မထားသော အိမ်များကိုလည်း တွေ့ရတတ်သည်။ အပြင်ဘက်နံရံကို ဆေးသုတ်ပြီး အတွင်းဘက်နံရံများကို နံရံကပ်စက္ကူများ ကပ်၍ အလှဆင်လိုက်သောအခါ တကယ့်တိုက်ကြီးများ အလား ခမ်းခမ်းနားနား ဖြစ်လာသည်။

နယူးဇီလန်တွင် နှစ်ထပ်အိမ် ဆောက်လိုသူများ ကတော့ အများအားဖြင့် အောက်ထပ်တခုလုံးကို အုတ်ဖြင့်ပင်ဆောက်၍ အခန်းများ၊ ကားဂိုဒေါင်များ ဖွဲ့ထားပြီး အပေါ်ထပ်ကိုသာ အသင့်ဆောက်ပြီးသား အိမ်ဝယ်၍ တင်ထားတတ်ကြသည်။

## ညတရားပွဲ

ဂျွန်လ ၂၆ ရက်နေ့ညနေ ၆ နာရီတွင် အောက္ကလန်မြို့ရှိ ကိုသင်အောင်ညွန့် နေအိမ်၌ညတရားပွဲ

http://www.dhammadownload.com



ကျင်းပသည်။ တရားပွဲသို့ မြန်မာပရိသတ် ၈၀ ခန့် လာရောက်၍ တရားနာယူကြသည်။ တရားနာယူကြသူများအား ပထမဦးဆုံး သီလယူ၊ ဘုရားရှိခိုး၊ မေတ္တာပို့၊ မေတ္တာပွါးများစေပြီးမှ တရားပွဲကို စတင်ကျင်းပသည်။ တရားပွဲတွင် ဝိပဿနာ အလုပ်ပေးတရားကို အားထုတ်တတ်အောင် ဟောပြောညွှန်ကြားပြီးလျှင် တရားနာယူသူများကို ၁၅ မိနစ် တရားထိုင်စေသည်။ ည ၈ နာရီတွင် တရားပွဲ ပြီးဆုံးသည်။

တရားပွဲပြီးသောအခါ ဆရာတော်ဘုရားက ဘုရားအနေကဇာ တင်လိုသူများ နောက်နေ့တရားပွဲတွင် မိမိတို့အိမ်ရှိ ဘုရားဆင်းတုတော်များကို ကိုသင်အောင်ညွှန့် နေအိမ်သို့ ပင်ဆောင်ခဲ့ရန် မိန့်ကြားသည်။

ထို့နောက် တရားနာ ပရိသတ်များကို ကိုသင်အောင်ညွှန့် မိသားစုက မုန့်ပဲ သရေစာများ၊ အချိုရည်များဖြင့် ကျွေးမွေးဧည့်ခံသည်။ အားလုံး ဟိုနေရာတဝိုင်း ဒီနေရာ တဝိုင်းဖြင့် ဝိုင်းဖွဲ့စားသောက်ကြ၊ စကားပြောကြဖြင့် တွေ့ခိုက်ကြုံခိုက် လှိုက်လှဲဝမ်းသာ ပီတိတွေဖြာနေကြသည်။

ကိုသင်အောင်ညွှန့် မိသားစုမှာ တရားပွဲတခု အောင်မြင်စွာ ကျင်းပနိုင်လိုက်သဖြင့် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

http://www.dhammadownload.com



## ပင်လယ်ကမ်းခြေ

ဂျွန်လ ၂၇ ရက်နေ့ ညနေ ၃ နာရီတွင် အောက္ကလန်မြို့ ပင်လယ်ကမ်းခြေသို့ သွားရောက် ကြည့်ရှုကြသည်။ အောက္ကလန်ကမ်းခြေမှာ သာယာလှပသော်လည်း ရေကူးသူ၊ နေပူလှုန်းသူများ မရှိပေ။ နယူးဇီလန် ရာသီဥတုကြောင့် ဖြစ်ပုံရပေသည်။ နယူးဇီလန်နိုင်ငံမှာ အိုဇုန်းလွှာပေါက်သောနေရာနှင့် နီးကပ်သောကြောင့် နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် အများအပြားပါဝင်သည်ဟု သိရသည်။ သို့သော် ဝင်ရိုးစွန်းဒေသတွင် တည်ရှိသောကြောင့် အလွန်အေးပြီး ရေကန်ထဲရှိ ရေများပင် ခဲနေသည်ကို တွေ့ရသည်။ ဆီးနှင်း များစွာကျသည်။ ထို့ကြောင့် လေနှင့်ရေမှာ စိမ့်နေအောင်အေးသည်။ ထိုကဲ့သို့သော တဖက်စွန်းရောက် ရာသီဥတုများကြောင့် လူများက သဲသောင်ပြင်ပေါ်တွင် အပန်းဖြေလိုကြခြင်း ရှိဟန်မတူပေ။ သို့သော် ကျန်းမာရေးအတွက် လမ်းလျှောက်သူများနှင့် လာရောက်လည်ပတ်သူ အနည်းငယ်တော့ ရှိသည်။

ကမ်းခြေသို့ လာရောက်လည်ပတ်သူများ၏ အဓိကရည်ရွယ်ချက်မှာ ကမ်းခြေရှိသော ခပ်မတ်မတ် တောင်ကုန်းများ ထိပ်သို့ တက်ရောက်ရေးပင် ဖြစ်ပုံရပေသည်။ ရောက်လာကြသူတိုင်း ထိုတောင်ကုန်းများ

http://www.dhammadownload.com



ထိပ်သို့ ရောက်အောင်တက်၍ ပင်လယ်ပြင်ကို အပေါ်စီးမှ ကြည့်ရှုခံစားကြသည်။ ညနေ နေဝင်အောင်စောင့်၍ ညနေဆည်းဆာကို ခံစားကြည့်ရှုကြသည်။ ည တရားပွဲ ရှိသောကြောင့် အောက္ကလန်ကမ်းခြေကို ခဏတာမျှ ကြည့်ရှုလေ့လာပြီး ပြန်ခဲ့ကြသည်။

## ဒုတိယတရားပွဲ

ညနေ ၆ နာရီတွင် ထိုနေ့ တရားပွဲစသည်။ တရားမဟောမီ ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ မေတ္တာပို့ မေတ္တာပွါးများခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် စုပေါင်း၍ ဘုရားအနေကဇာ တင်ကြသည်။ ပရိသတ်က ပါလာသော ဆင်းတုတော်များကို ဆရာတော် ဘုရားရှေ့ရှိ စားပွဲခုံပေါ်တွင် တင်ထားကြသည်။

ပထမနေ့က ရှေ့ဆုံးမှ တရားနာသော တရုတ် ကလေးငယ်တစ်ဦးက ယနေ့ အနေကဇာတင်မည်ဟု ပြောသောကြောင့် သူ့ရဲ့ရုပ်တုကို ယူလာ၍ ဆရာတော် ဘုရားရှေ့ရှိ စားပွဲပေါ်သို့ လာတင်ထားသည်။ သူ ယူလာသော ရုပ်တုမှာ အင်္ကျီမပါ၊ ဗိုက်ရွှဲရွှဲဖြင့် လှိုက်လှိုက် လှဲလှဲပြုံးနေသော အံကုန်းဘိုးတော်ရုပ်တုဖြစ်သည်။ ဆရာတော်ဘုရားကလည်း ထိုကလေးငယ်၏ တရား နာသော သဒ္ဓါတရားကို သဘောကျသောကြောင့်

http://www.dhammadownload.com



ထိုရုပ်တုကို စားပွဲပေါ်တင်ခွင့်ပြုပါသည်။ ကျွန်တော်ကတော့ ဘုရားဆင်းတုများကြားတွင် ရောက်နေသော ထိုအံကုန်းဘိုးတော်ကို ဗွီဒီယိုဖြင့် မှတ်တမ်းတင်ထားလိုက်ပါသည်။ အမှန်တော့ အံကုန်းဘိုးတော်မှာ တရုတ်မဟာယာန ဗုဒ္ဓဘာသာအရ ရဟန္တာတပါးပင် ဖြစ်သည်။

ဆရာတော်ဘုရားက ယခင်နေ့မှ တရားအဆက်ကိုပဲ ဆက်လက်ဟောကြားပါသည်။ တရားပွဲပြီးသောအခါ တရားနာပရိသတ်အား ၁၅ မိနစ် တရားထိုင်စေသည်။ တရားထိုင်ပြီးကြသောအခါ ကိုသင်အောင်ညွန့်တို့စီစဉ်ထားသော မုန့်များ၊ အဖျော်ရည်များနှင့် တခြားစေတနာရှင်တဦး ယူလာသော မုန့်များကို တရားနာပရိသတ်များက ဝိုင်းဖွဲ့စားသောက်ကြသည်။ ထိုအချိန်တွင် တရားနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းလိုသူများက ဆရာတော်ဘုရား အနီးသို့ သွား၍ တိုးတိုးတိတ်တိတ် မေးမြန်းကြသည်။ ဆရာတော်ဘုရားနှင့်အတူ အမှတ်တရ ဓါတ်ပုံများ ရိုက်ယူကြသည်။ ည ၁၀ နာရီခန့်တွင် အသီးသီး မိမိတို့အိမ်သို့ ပြန်သွားကြသည်။

## ရိုပေဟူးရေခဲတောင်

ဖွန်လ ၂၈ ရက်နေ့တွင် **မောင့်ရိုပေဟူး** (MOUNT ROPAHU)သို့ သွားကြသည်။ ကိုဖြိုးနှင့် ကိုသင်အောင်ညွန့်

http://www.dhammadownload.com



တို့ လိုက်ပါပို့ဆောင်ကြသည်။ ကိုသင်အောင်ညွှန့်၏ မိခင် ဒေါ်ခင်စောနိုင်ပါ လိုက်ပါလာသည်။

လမ်းတွင် တွေ့ရသော ကြည့်ရှုစရာ နေရာများကိုလည်း ဝင်ရောက် ကြည့်ရှုလေ့လာကြသည်။ ထိုနေ့ နံနက် ၇ နာရီခန့်တွင် အောက္ကလန်မြို့မှ ထွက်လာရာ ၉ နာရီခန့်တွင် **သတိုးသမီးပုဝါပါး ရေတံခွန်** BRIDAL VEIL FALLS သို့ ရောက်ကြသည်။ ရေတံခွန်ကို အပေါ်စီးမှ ကြည့်ရှုကြသည်။ ရေတံခွန်အောက်ခြေအထိ ၅၅ မီတာ နက်သည်ဟု သိရပါသည်။ ရေတံခွန်အောက်ခြေသို့ ဆင်းလိုလျှင် တခြားလမ်းမှ ကွေ့ပတ်၍ ၁၀ မိနစ်ခန့် လမ်းလျှောက် ဆင်းရသည်။ ကျွန်တော်တို့မှာ အချိန်မရှိ၍ ရေတံခွန် အောက်ခြေအထိ မဆင်းခဲ့ပေ။

တမိနစ်ခန့် လမ်းလျှောက်ရသော **ရှုခင်းသာ** View Point သို့သွားရောက်ကြည့်ရှုကြသည်။ ထိုနေရာမှ ရေတံခွန်နှင့် တကွ ပတ်ဝန်းကျင်တွင်ရှိသော တောင်ကုန်းတောင်တန်းများ၊ စိမ်းလန်းသော ရှုခင်းရှုကွက်များကို ကြည့်ရှုခံစား ကြသည်။ ပတ်ဝန်းကျင်ရှိ တောင်ကုန်းများပေါ်တွင် သိုးအုပ်များ၊ နွားအုပ်များနှင့် မြင်းအချို့ အစာစားနေသည်ကို တွေ့ရသည်။ မြင်းများကို ဆီးနှင်းနှင့် အအေးဒဏ် ခံနိုင်စေရန် အနွေးထည်၊ ခြုံထည်များ ဝတ်ပေးထားကြသည်။

http://www.dhammadownload.com



## ရောင်တောက်ပိုးကောင်ဂူ

ရေတံခွန်မှ ထွက်ခွါလာကြပြီး လမ်းတွင် ကားပေါ်မှာပင် နေ့လယ်စာ စားကြသည်။ လမ်းတွင် **ရောင်တောက်ပိုးကောင်ဂူ** **GLOW WORM CAVE** သို့ ဝင်ရောက်လေ့လာကြသည်။ ရောင်တောက်ပိုးကောင်ဂူထဲ၌ အောက်ခြေတွင် ရေများ တဖြည်းဖြည်း စီးဆင်းနေသည်။ ဂူထဲသို့ ဝင်သောအခါ လှေဖြင့် သွားရသည်။ လှေကို တာဝန်ယူထိန်းသိမ်းသူက မီးခြစ်၊ ဓါတ်မီး စသည်တို့ကို အသုံးမပြုရန် သေသေချာချာ မှာကြားသည်။ ထို့အပြင် စကားမပြောပဲ တိတ်ဆိတ်စွာ လိုက်ပါကြည့်ရှုကြရန်လည်း မှာကြားသည်။

ဂူထဲသို့ ဝင်မိသောအခါ ဂူထဲ၌ **GLOW WORM** ဟူသော အကောင်သေးသေးလေးများ ဂူအမိုးနှင့် ဂူနံရံအနှံ့ တွယ်ကပ်နေသည်ကို တွေ့ရသည်။ ထို ပိုးကောင်ကလေးများမှ ခပ်မှိန်မှိန် အလင်းရောင်လေးများ ထွက်ပေါ်နေသည်။ ထို့ကြောင့် ထိုပိုးကောင်လေးများကို **GLOW WORM ရောင်တောက်ပိုးကောင်**ဟု ခေါ်ခြင်းဖြစ်သည်။ **GLOW WORM** ကောင်လေးများမှာ ပိုးစုန်းကြူးများကဲ့သို့ မှိတ်တုတ်မှိတ်တုတ်မလင်းပဲ အလင်းရောင်များကို တဆက်တည်း ထုတ်လွှတ်နေသည်။ ပိုးကောင်ပေါင်းများစွာ ပေါင်းစုလိုက်သောအခါ အနည်းငယ်မြင်သာသော အလင်းရောင်ကို

http://www.dhammadownload.com



ရရှိလာသည်။ ထိုအလင်းရောင်ဖြင့်ပင် ဂူထဲတွင် သွယ်တန်း ထားသော ကြိုးတန်းများကို ဆွဲကာ လှေကို ရွေ့လျား စေရသည်။

အတန်ငယ်သွားမိသောအခါ ခေတ္တနားနေရာ ဌာနသို့ ရောက်လာကြသည်။ ထိုနေရာမှာ ဂူအတွင်းပိုင်း တနေရာဖြစ်ပြီး GLOW WORM အကောင်ကလေးများ မရှိသောနေရာဖြစ်သည်။ အလင်းအားနည်းသော မီးလုံး တလုံးကို ထွန်းပေးထားသည်။ ထိုနေရာတွင် လှေပေါ်မှ ဆင်းပြီး ဂူအတွင်းပိုင်းကို လေ့လာကြည့်ရှုကြသည်။ လှေကို ပဲ့ကိုင်၍ လိုက်ပို့သူက GLOW WORM CAVE အကြောင်းကို ရှင်းပြသည်။ GLOW WORM ပိုးကောင်လေးများမှာ မီးရောင် နှင့် ဆူညံသောအသံကို ကြောက်တတ်ကြောင်း၊ ထို့ကြောင့် မီးခြစ်၊ ဓါတ်မီးတို့ကို အသုံးမပြုရန်နှင့် စကားမပြောရန် တားမြစ်ထားခြင်းဖြစ်ကြောင်း ပြောပြ၍ တောင်းပန် လိုက်သည်။ ဂူအတွင်း လည်ပတ်စဉ် ခရီးသည်များက မီးခြစ်၊ ဓါတ်မီး စသည်တို့ကို အသုံးမပြုပဲ စည်းကမ်းရှိစွာ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာကြသောကြောင့် ကျေးဇူး တင်ပါကြောင်းလည်း ပြောသည်။

ထို့နောက် ရောင်တောက်ပိုးကောင်ဂူ အကြောင်းကို ဆက်လက်ရှင်းပြသည်။ ထိုနေရာမှာ ယခင်က လူသူ အရောက်အပေါက် လုံးဝမရှိသော တောတောင်ဖြစ်ကြောင်း၊

http://www.dhammadownload.com



မုဆိုးတယောက်က သားကောင်လိုက်ရင်း မျက်စိလည် လမ်းမှားကာ ထိုနေရာသို့ ရောက်ရှိလာပြီး ရေးဟောင်း မြို့ပျက်တစ်ခုကို တွေ့ရကြောင်း၊ ထိုမြို့ပျက် အနီး၌ ရောင်တောက်ပိုးကောင်ဂူကို တွေ့ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ဂူအတွင်းကို လိုက်လံပြသရင်း **ရောင်တောက် ပိုးကောင်ဝှ**နှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာ၊ မှတ်သား ဖွယ်ရာ သမိုင်းဖြစ်စဉ်များကို ရှင်းပြသည်။ တပတ်ပတ်၍ ကြည့်ရှုလေ့လာပြီးသောအခါ ဂူအတွင်းမှ တိတ်ဆိတ်စွာ ပြန်ထွက်လာခဲ့ကြသည်။

## ရူပေဟူးမီးတောင်

ညနေ ၃ နာရီခန့်တွင် **ရူပေဟူးတောင် Mount Rupahu** သို့ ရောက်ကြသည်။ ရူပေဟူးမှာ ရေခဲတောင် တတောင်ဖြစ်သည်။ တောင်ခြေမှတပါး တတောင်လုံး နှင်းခဲများ ဖုံးထားသဖြင့် ငွေတောင်ကြီးသဖွယ် ဖြစ်နေသည်။ တောင်ခြေမှ စတက်လာစဉ်က အလွန် အေးပြီး တောင်ပေါ်သို့ ရောက်သောအခါ သိပ်မအေး လှပေ။ ရူပေဟူးတောင်သည် မီးတောင်ဟောင်းတခု ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် နောက်ဆုံးတကြိမ် ပေါက်ကွဲခဲ့ပြီး ထိုနှစ်နောက်ပိုင်းတွင် ထပ်မံပေါက်ကွဲမှု မရှိသေးပေ။ ထို့ကြောင့် ဘယ်အချိန် ထပ်မံပေါက်ကွဲမလဲဟု

http://www.dhammadownload.com



သိပ္ပံ ပညာရှင်များက ရင်တမမဖြင့် စောင့်ကြပ်တိုင်းတာ ခန့်မှန်းနေကြရသည်။

ရေခဲတောင်ပေါ်တွင် နှင်းခဲများကို ဆော့ကစားရင်း ဓါတ်ပုံရိုက်ခဲ့ကြသည်။ နှင်းပြင်ပေါ်တွင် လမ်းလျှောက်ကြသည်။ နှင်းပြင်ပေါ်တွင် နှင်းလိုက်တိုင်း ခြောက်၍ ကြွပ်နေသော နှင်းခဲများသည် တဂ္ဂျမ်းဂ္ဂျမ်းမည်ကာ ကွဲပျက်ကြေမွသွားကြသည်။

မောင့်ရှုပေဟူးနှင့် ခပ်လှမ်းလှမ်းတွင် လှပသော **မောင့်ငေါ်လူဟွီး**ရေခဲတောင်ကို လှမ်းမြင်ရသည်။ ၂၁၉၁ မီတာမြင့်သော မောင့်ငေါ်လူဟွီးတောင်မှာ ဂျပန်နိုင်ငံရှိ **ဖူဂျီတောင်**နှင့် ခပ်ဆင်ဆင်တူသည်။ သို့သော် ဖူဂျီတောင်နှင့်စာလျှင် တော်တော်သေးငယ်သည်။ မောင့်ငေါ်လူဟွီးတောင်သည်လည်း ငြိမ်နေသောမီးတောင် တတောင်ဖြစ်သည်။ မောင့်ရှုပေဟူးတောင်သည် ကြီးမားခန့်ထည်သော တောင်ဟုဆိုလျှင် မောင့်ငေါ်လူဟွီးတောင်သည် သေးငယ်လှပသောတောင်ဟု ပြောရမည် ထင်သည်။

မောင့်ရှုပေဟူးတောင်ပေါ်မှ ဆင်းလာခဲ့ကြပြီး ထိုတောင်ကိုပင် အခြားတဘက်မှ ပတ်၍ တက်ကြပြန်သည်။ ကားရပ်စခန်းသို့ ရောက်သောအခါ ဆင်း၍ လေ့လာ ကြည့်ရှုကြသည်။ တောင်ပေါ်သို့ ခြေလျင်တက်သူများ၊ စကိတ်စီးသူများဖြင့် စည်ကားလှသည်။

http://www.dhammadownload.com



တောင်ပေါ်သို့ တက်လိုလျှင် ကောင်းကင်ရထားဖြင့်လည်း တင်ပေးသည်။ လေတိုက်ပြီး အလွန်အေးသောကြောင့် ခဏသာ ကြည့်ရှုလေ့လာပြီး ပြန်ခဲ့ကြသည်။

## တာပိုရေကန်ကြီး

အပြန်လမ်းတွင် တွေ့ရသော **တာပိုရေကန်ကြီး** **LAKE TAPO** ၌ ကားရပ်၍ ခေတ္တ အနားယူကြသည်။ တာပိုရေကန်မှာ အင်မတန် ကြီးမားရှည်လျားသော ရေကန်ကြီးဖြစ်သည်။ ရေကန်ကြီးမှာ ကြီးမားသော မီးတောင်ဟောင်း၏ ချော်မြုပ်များထွက်ရာ မီးတောင်ဝကြီးမှ ဖြစ်ပေါ်လာသော ကန်ကြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်ရှိသော အင်းလေးကန်ထက် ပိုမိုရှည်လျားသည်။ သို့သော် အင်းလေးကန်ကဲ့သို့ ဖြောင့်ဖြောင့် ရှည်လျားခြင်း မဟုတ်ဘဲ ဟိုနေရာကွေ့သွားလိုက် ဒီနေရာကွေ့သွားလိုက်ဖြင့် ကွေ့ကွေ့ကောက်ကောက် ရှည်လျားခြင်းဖြစ်သည်။ တာပိုရေကန်ကို နယူးဇီလန် မြောက်ကျွန်းတလျှောက် ကားမောင်းနေစဉ် ဟိုနေရာမှာ တွေ့လိုက် ဒီနေရာမှာ တွေ့လိုက်ဖြင့် မကြာခဏတွေ့ရသည်။

ကန်ကြီးအနီး တနေရာတွင် လူများ စုရုံးစုရုံးဖြင့် ဂေါက်သီး ရိုက်နေကြသည်။ ကန်အတွင်း တနေရာရှိ ကျွန်းကလေး ပေါ်တွင် ဂေါက်ကျင်းရှိသည်။ ကန်ဘောင်

http://www.dhammadownload.com



ပေါ်မှနေ၍ ထိုတွင်းထဲသို့ဝင်အောင် ဂေါက်ရိုက်နေကြခြင်းဖြစ်သည်။ ထိုတွင်းထဲသို့ ဝင်အောင် ရိုက်နိုင်လျှင် ဒေါ်လာ(၅၀၀၀၀) ချီးမြှင့်မည်ဟု ကြေညာထားသည်။ သို့သော် ရိုက်မည့် ဂေါက်သီးများကိုတော့ ဝယ်ယူရသည်။ ဂေါက်သီးကို ကျွန်းကလေးပေါ်သို့ ရောက်အောင် ရိုက်နိုင်ကြသော်လည်း ဘယ်သူမှ တွင်းထဲသို့ ဝင်အောင် မရိုက်နိုင်ကြပါ။ ဂေါက်သီးရောင်းသမား၏ စိတ်ကူးကောင်းပုံကို ကြိုက်၍ ချီးကျူးမိသည်။

ညနေ ၆ နာရီခန့်တွင် လျှပ်စစ်ဓာတ်အားပေး စက်ရုံ တခုသို့ သွားရောက်ကြည့်ရှုကြသည်။ ထိုလျှပ်စစ်ဓာတ်အားပေး စက်ရုံမှာ **ရိုတိုရူးဝါး**မြို့အနီး၌ တည်ရှိသည်။ ရိုတိုရူးဝါးမြို့ ဒေသတဝိုက်မှာ မြေအောက်မှ အပူငွေ့များ နေရာအနှံ့အပြား ထွက်နေသော ဒေသဖြစ်သည်။ ထို မြေအောက်အပူငွေ့များကို ပိုက်ကြီးများဖြင့် သွယ်တန်း သယ်ယူ၍ စက်ရုံသို့ ပို့ပြီးလျှင် မြေအောက်အပူငွေ့၏ အပူရှိန်ဖြင့် ရေများကို ဆူပွက်စေကာ ရေနွေးငွေ့ဖိအားဖြင့် တာဘိုင်ကိုလည်စေလျက် လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်း ဖြစ်သည်။ နယူးဇီလန်နိုင်ငံတွင် အလွန်အေးသောကြောင့် အိမ်တိုင်းတွင် အပူပေးစက် Heater များ တပ်ဆင်ထား ကြရသော်လည်း ရိုတိုရူးဝါးမြို့၌မူ အပူပေးစက် တပ်ဆင် စရာမလိုပေ။ မြေအောက်မှထွက်သော အပူငွေ့များကို

http://www.dhammadownload.com



သံပိုက်ဖြင့်သွယ်ကာ အခန်းအတွင်းမှ ဖြတ်သန်းစီးဆင်းစေခြင်းဖြင့် အအေးဒဏ် ကာကွယ်နိုင်ကြသည်ကို တွေ့ရသည်။ ရိုတိုရူးဝါး ပတ်ဝန်းကျင်ဒေသတလျှောက်တွင် မြေအောက်မှ အပူခိုး၊ အပူငွေ့များ ထွက်နေသည်ကို နေရာအနှံ့အပြားမှာ တွေ့မြင်ရသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ အပြန်တွင် ရိုတိုရူးဝါးမြို့ထဲသို့သွား၍ တည်းခိုခန်းတွင် ညအိပ်ရန် စီစဉ်ကြသည်။ ထိုဒေသတဝိုက်တွင် မြေအောက်မှ ထွက်သောအပူငွေ့များနှင့် ရေပူများ၌ ကန့်ဓါတ် Sulfa များစွာပါဝင်သဖြင့် ရိုတိုရူးဝါးမြို့ထဲသို့ မဝင်မီမှာပင် ကန့်နံ့များကို ရှူမိကြသည်။ တမြို့လုံး ကန့်နံ့များ ဖုံးလွှမ်းနေသည်။ ရိုတိုရူးဝါးမြို့ ပတ်ဝန်းကျင်ဒေသမှာ ရေပူစမ်းများ၊ နဂါးပွက်အိုင်များကို တော်တော်များများ တွေ့ရသည်။ ထို့အပြင် ရေပူများ ပန်းထွက်နေသော ရေပူစမ်းများလည်း ရှိသည်ဟု သိရသည်။ ရိုတိုရူဝါးမြို့၌ နေရာ အနှံ့အပြားမှာ ရေပူများထွက်သောကြောင့် တမြို့လုံး ရေပူစမ်းချည်းဖြစ်နေသည်။ ထိုရေပူစမ်းများသည် ရိုတိုရူးဝါး မြို့၏ စီးပွါးရေးလည်းဖြစ်သည်။ ရိုတိုရူးဝါးမြို့တွင်းရှိ များစွာသော အိမ်တို့မှာ ကမ္ဘာလှည့်ခရီးသည်များ အထံမှ အခကြေးငွေယူ၍ ရေပူစမ်းရေ ချိုးနိုင်ရန် ရေပူကန်များ၊ ရေချိုးခန်းများပြုလုပ်ထားခြင်းကြောင့်လည်းကောင်း၊ မြို့တွင်း၌လည်း

http://www.dhammadownload.com



မြေအောက်မှ ကန့်ဓာတ်ပါသော အပူငွေ့များ နေရာအနှံ့အပြား၌ ထွက်နေသောကြောင့်လည်းကောင်း တမြို့လုံးကြက်ဥပုပ်နံ့နှင့် တူသော ဆာလဖာ(ကန့်)နံ့များ ဖုံးလွှမ်းနေတော့သည်။

မြို့နေလူထုမှာ ထိုအနံ့များကို အမြဲရှူနေကြရသောကြောင့် ထူးခြားလှမည်မဟုတ်သော်လည်း ဧည့်သည်များမှာမူ ယခုမှ တွေ့ရ ရှူရသည်ဖြစ်ရာ နှာခေါင်း မယဉ်နိုင်ကြသေးသဖြင့် အတော်လေး ကသိကအောက် ဖြစ်ကြရသည်။ လူ့သဘာဝအတိုင်း နံပါသည်ဆိုမှ တခါတရံပိုပြီး ရှူကြည့်မိကြသေးသည်။

**မာအိုရီများ**

ည ၇ နာရီခန့်တွင် ရိုတိုရူးဝါးမြို့ရှိ မာအိုရီတိုင်းရင်းသား ရိုးရာပြပွဲသို့ သွားရောက်ကြည့်ရှုကြသည်။ တိုင်းရင်းသားရိုးရာပြပွဲတွင် တိုင်းရင်းသားရိုးရာ သီချင်းများ၊ အကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ တိုင်းရင်းသားရိုးရာ ကိုယ်ခံပညာများနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့ဟန်များကိုပါ ကြည့်ရှုလေ့လာခွင့် ရခဲ့ကြသည်။

ည ၉ နာရီခန့်တွင် နှုတ်ဆက်ပွဲ ကျင်းပပေးသည်။ ကပြဖျော်ဖြေသူတို့က သူတို့ရိုးရာအတိုင်း နှုတ်ဆက်လိုလျှင်

http://www.dhammadownload.com



စင်မြင့်ပေါ်သို့ တက်ခဲ့ပါရန် ဖိတ်ခေါ်သည်။ ပရိသတ်ထဲမှ ခုနစ်ယောက်ခန့်ထွက်၍ စင်မြင့်ပေါ်သို့ တက်သွားကြသည်။ ထို့နောက် နှာခေါင်းခြင်းထိ၍ နှုတ်ဆက်ကြသည်။ နှုတ်ဆက်ပွဲဖြင့် မာအိုရီ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ပြပွဲကို နိဂုံးချုပ်လိုက်ကြသည်။

## နယူးဇီလန်တိုင်းရင်းသား

**မာအိုရီ**တို့သည် နယူးဇီလန်နိုင်ငံ၌ ရှေးဦးစွာ နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးစုများ ဖြစ်ကြသည်။ သူတို့၏ မူလဘူတ နေရာဒေသမှာ နယူးဇီလန်ကျွန်း မဟုတ်ပေ၊ ပစိဖိတ်ပင်လယ် မြောက်ပိုင်းရှိ ကျွန်းများ ဖြစ်သည်။ သူတို့သည် ထို မြောက်ပိုင်းကျွန်းများမှ ရေကြည်ရာမြက်နုရာဆိုသလို ရှာဖွေရင်း တောင်ဘက် ပစိဖိတ်ဒေသသို့ ပင်လယ်ခရီးလွှင့်ရာမှ နယူးဇီလန်ကျွန်းသို့ ရောက်လာကာ ကျွန်း၏ ရှေးဦးလူမျိုးများအဖြစ် နေထိုင်ကြခြင်းဖြစ်သည်။ အမှန်မှာ မာအိုရီတို့သည် ပစိဖိတ် ပင်လယ်အတွင်းရှိ ကျွန်းများတွင် ပျံ့နှံ့နေထိုင်ကြသော **ပိုလီနီးရှန်း (POLINESION)** မျိုးနွယ်များ ဖြစ်ကြသည်။

မာအိုရီတို့သည် များသောအားဖြင့် သန်မာ ထွားကြိုင်း၍ လူလုံးလူဖန် တောင့်တင်းပြည့်ဖြိုးသောလူမျိုး

http://www.dhammadownload.com



ဖြစ်သည်။ အသားအရောင် ညိုသော်လည်း သူတို့၏ ထွားကြိုင်းတောင့်တင်း ပြည့်ဖြိုးသော ခန္ဓာကိုယ်နှင့် လိုက်လျောသဖြင့် အရုပ်မဆိုးကြပဲ ကြည့်ပျော်ရှုပျော်ရှိသော လူမျိုးဖြစ်သည်။ အချို့သော ဥရောပတိုက်သူ အဖြူ အမျိုးသမီးများသည် မာအိုရီအမျိုးသားတို့နှင့် လက်ဆက်၍ ပေါင်းဖက်နေထိုင်ကြသည်။ လွန်ခဲ့သည့် လေးငါးနှစ်ခန့်က မာအိုရီအမျိုးသားနှင့် အိမ်ထောင်ပြုထားသော ဂျာမန် အမျိုးသမီး တယောက် ရန်ကုန်ချမ်းမြေ့ရိပ်သာသို့ လာ၍ တရားအားထုတ်သည်ကို တွေ့ရဖူးသည်။

မာအိုရီမျိုးနွယ်စု၌လည်း **အတီယာဝ၊ ဂိုက်ကတို၊ မဏီယိုပိုတို** စသည်ဖြင့် လူမျိုးစုငယ်များ များစွာရှိကြသည်။ လူမျိုးစုငယ်များ ကွဲပြားသလောက် ပိုင်ဆိုင်သည့် နယ်ပယ် ဒေသနှင့် အကြီးအကဲများလည်း ကွဲပြားကြသည်။ မျိုးစု ကွဲသလောက် နယ်နိမိတ် အငြင်းပွားခြင်း၊ နယ်ပယ်လုခြင်း စသော ပဋိပက္ခများလည်း ဖြစ်ပွားကြသဖြင့် အချင်းချင်း အကြားတွင် အမြဲလိုလို စစ်ပွဲများဖြစ်ပွားကြကာ တိုက်ခိုက် နေကြရသည်။ သို့ဖြင့် စစ်တိုက်ရမည်ကို ဝန်မလေးသော စစ်သွေးကြွ လူမျိုးတမျိုး ဖြစ်လာလေသည်။ ရှေးအခါက မာအိုရီလူမျိုးများသည် မိန်းမများက လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြ၍ ယောကျ်ားသားများ၏ အဓိကလုပ်ငန်းမှာ စစ်မက်တိုက်ခိုက်ခြင်း ဖြစ်သည်။ စစ်ပွဲများ အမြဲလိုလို

http://www.dhammadownload.com



ဖြစ်ပွါးနေသောကြောင့် ၁၈၄၀ ပြည့်နှစ်လောက်တွင် မာအိုရီ လူဦးရေမှာ ၄၀၀,၀၀၀ ခန့် ရှိခဲ့သော်လည်း နောက် အနှစ် ၅၀ ခန့် ကြာသောအခါ မာအိုရီလူဦးရေ ၄၀,၀၀၀ ခန့်သာ ရှိတော့သည်ဟု သိရသည်။ သို့သော် တိုးတက်သည့် အတွေးအခေါ်ရှိသော မာအိုရီလူငယ်တို့က မိမိတို့လူမျိုး တိုးတက်ထွန်းကားရေးကို ဆောင်ရွက်လာကြသောကြောင့် ယနေ့ ခေတ်အခါတွင် မာအိုရီလူဦးရေမှာ တိုးပွါးများပြား လာပြီး မျက်နှာဖြူများနှင့်လည်း အခွင့်အရေး တန်းတူ ရည်တူ ရရှိနေပြီဖြစ်သည်။

## ဥရောပတိုက်သားများ စတင်ရောက်ရှိချိန်

ပင်လယ်ခရီးသွား ဥရောပတိုက်သားများသည် **၁၇ ရာစုနှစ်** အလယ်ပိုင်းလောက်တွင် နယူးဇီလန်ကျွန်းကို တွေ့ရှိကြသည်။ **ဒတ်(ချ်)**လူမျိုး သင်္ဘောသား **အေဘယ် တက်(စ်)မင်း** (Abel Jansgoon Tasman)သည် ၁၆၄၂ခုနှစ်၌ နယူးဇီလန်ကျွန်းသို့ရောက်၍ ကျွန်းပေါ်သို့ တက်နိုင်ရန် ကြိုးစားခဲ့သည်။ သို့သော်လည်း တိုင်းရင်းသား မာအိုရီ တို့၏ ခုခံတိုက်ခိုက်မှုကြောင့် မအောင်မြင်ခဲ့ပေ။ သူ၏ သင်္ဘောသား အများအပြားလည်း အသက်ဆုံးရှုံးခဲ့ကြ ရသည်။ သို့သော် **နယူးဇီလန်** (NEW ZEALAND)ဟူသော အမည်မှာ ထိုစဉ်က တက်(စ်)မင်းပေးခဲ့သော အမည်

http://www.dhammadownload.com



ဖြစ်သည်။ ဒတ်ချ်တို့၏ နယ်သာလန်နိုင်ငံ၌ ရှိသော **ဇီလန်**နယ်ကို ရည်ညွှန်း၍ ဤကျွန်းစုကို **ဇီလန်နယ်သစ်** **(NEW ZEALAND)**ဟု အမည်မှည့်ခဲ့ဟန် တူပါသည်။

## ကပ္ပတိန်ကွတ်

နယူးဇီလန်မြေပေါ်သို့ ပထမဆုံး ခြေချနိုင်သူမှာ ဗြိတိသျှရေတပ်အရာရှိနှင့် နယ်သစ်ရှာဖွေရေးသမား ကပ္ပတိန် **ဂျိမ်း(စ်)ကွတ်** (James Cook) ဖြစ်သည်။ ကပ္ပတိန်ကွတ်သည် **၁၇၆၉** ခုနှစ်တွင် နယူးဇီလန်သို့ ရောက်၍ ကျွန်းပေါ်သို့ တက်နိုင်ခဲ့သည်။ သူသည်လည်း အစဦးတွင် မာအိုရီလူမျိုးတို့၏ တိုက်ခိုက်မှုကို ခံလိုက်ရသေးသည်။ နောက်ပိုင်းတွင်မူ အချင်းချင်းနားလည်မှုယူ၍ ပြေပြေလည်လည် ဆက်ဆံနိုင်ကြသဖြင့် အကျွမ်းတဝင်ဖြစ်လာကြ၏။

ကပ္ပတိန်ဂျိမ်း(စ်)ကွတ်သည် နယူးဇီလန်နိုင်ငံရှိ တောင်ကျွန်း မြောက်ကျွန်း နှစ်ကျွန်းလုံးကို သင်္ဘောဖြင့် လှည့်ပတ်ကြည့်ရှု၍ စေ့စပ်သေချာစွာ လေ့လာ၏။ သို့သော် သူနှင့် သူ၏လူများသည် နယူးဇီလန်၌ အခြေချ၍ မနေကြပေ။ မွေးရပ်ဌာနေ အင်္ဂလန်ပြည်သို့ ပြန်ခဲ့ကြ၏။

သို့သော်လည်း ကပ္ပတိန်ကွတ်သည် နယူးဇီလန်ကို စိတ်ဝင်စားနေပြီဖြစ်၍ ထိုအချိန်မှ နောက်၌လည်း နယူး

http://www.dhammadownload.com



ဇီလန်သို့ သွား၍ မာအိုရီတို့၏ ဘဝနှင့် ယဉ်ကျေးမှုဓလေ့ ထုံးစံတို့ကို သေချာစွာ လေ့လာခဲ့သည်။ **၁၇၇၇** ခုနှစ်၌မူ သူ၏ **Towards South Pole and Round The World** ဂျာနယ်တွင် မာအိုရီတို့၏ ဘဝနှင့် ယဉ်ကျေးမှုအကြောင်း ဆောင်းပါးတပုဒ်ကို ရေးသားဖော်ပြလိုက်ရာ ဥရောပ တိုက်သားတို့၏ အကြားတွင် ရေပန်းစားသော အကြောင်း အရာ ဖြစ်သွား၏။ **ကွတ်**က ထိုဆောင်းပါး၌ မာအိုရီတို့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပုံနှင့် ကျွန်းမှာလည်း နေချင်စဖွယ်ရှိပုံကို မီးမောင်းထိုးပြထား၏။

## သူတို့လာကုန်ကြပြီ

ထိုဆောင်းပါးကြောင့် နယူးဇီလန်ကို ဥရောပ တိုက်သားများ အထူးစိတ်ဝင်စားလာကြ၏။ သို့ဖြင့် ဝေလငါးဖမ်းသမားများ၊ ပင်လယ်ဖျံ သားရေကုန်သည် များနှင့် အခြား အမျိုးမျိုးသော စီးပွားရေးသမားများလည်း နယူးဇီလန်သို့ တကူးတက သွားရောက်လေ့လာပြီး နေထိုင် ကြ၏။ ဩစတြေးလျနိုင်ငံ အကျဉ်းထောင်များမှ လွတ်လာ ကြသော အကျဉ်းသားတို့သည်လည်း နယူးဇီလန်သို့သွား၍ နေထိုင်ကြ၏။ အချို့သော ပင်လယ်ခရီးသွား သင်္ဘောသား များသည်လည်း မာအိုရီတို့နှင့် အဆင်ပြေအောင် မိတ်ဖွဲ့၍ နယူးဇီလန်၌ပင် အခြေချကာ နေထိုင်ကြ၏။ ဤသို့ဖြင့်

http://www.dhammadownload.com



နယူးဇီလန်ကျွန်းတွင် ဥရောပတိုက်သားဦးရေ တဖြည်းဖြည်း တိုးပွားများပြားလာ၏။

ခရစ်ယာန် သာသနာပြုအဖွဲ့များကလည်း နယူးဇီလန်ကို မျက်စိကျလာကြ၏။ **၁၈၁၄** ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံမှ **ဝက်စလီယန်**နှင့် **ရိုမင်ကက်သလစ်** သာသနာပြုအဖွဲ့များသည် နယူးဇီလန်သို့ လာရောက်အခြေချကာ သာသနာပြုကြ၏။ အစအဦးတွင် အောင်မြင်မှု နှေးသော်လည်း **၁၉ ရာစုနှစ်** အလယ်ပိုင်းလောက်တွင်မူ မာအိုရီအများစုသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြ၏။

နယူးဇီလန်ကျွန်း၌ နေထိုင်ကြသူများသည် ဩစတြေးလျနိုင်ငံနှင့် လည်းကောင်း၊ ဥရောပတိုက်နှင့် လည်းကောင်း ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာကြသောအခါ နယူးဇီလန်သို့ လာရောက်နေထိုင်သူများ ပိုမိုများပြားလာ၏။

## ကိုလိုနီနယ်ချဲ့သမားများ

ကိုလိုနီနယ်ချဲ့သမားများကလည်း မျက်စိကျလာကြ၏။ နယူးဇီလန်ကို ကိုလိုနီပြုလုပ်ရန် နည်းလမ်းအမျိုးမျိုးရှာကာ ဆင်ကြံကြံနေကြ၏။ **၁၈၃၉** ခုနှစ်၌မှ ကိုလိုနီပြုလုပ်ရာတွင် ကျွမ်းကျင်လှသော ဗြိတိသျှအစိုးရသည် မာအိုရီလူမျိုးစုများ၏ အကြီးအကဲများကို

http://www.dhammadownload.com



မျက်နှာချိုသွေး လှည့်ပတ်ဆွေးနွေးပြီးလျှင် တောင်ကျွန်း မြောက်ကျွန်း နှစ်ကျွန်းလုံးကိုပင် သိမ်းယူလိုက်ကာ ကိုလိုနီနိုင်ငံ ပြုလုပ်လိုက်သည်။ နယူးဇီလန်ကျွန်းကို ဩစတြေးလျနိုင်ငံ၊ နယူးဆောက်သ်ဝေး **NEW SOUTH WALES** ပြည်နယ်၏ အစိတ်အပိုင်းအဖြစ်ဖြင့် သွင်းယူလိုက်သည်။ နယူးဇီလန်ကို အုပ်ချုပ်ရန် အင်္ဂလိပ်အမျိုးသား တစ်ဦးကို ဘုရင်ခံအဖြစ် ခန့်ထားလိုက်သည်။ **၁၈၄၁** ခုနှစ်၌ နယူးဇီလန်နိုင်ငံကို နယူးဆောက်သ်ဝေးပြည်နယ်မှ ခွဲထုတ်၍ သီးခြားနိုင်ငံ တနိုင်ငံအဖြစ် အုပ်ချုပ်ခဲ့သည်။ **၁၈၅၂** ခုနှစ်၌မှ နယူးဇီလန်နိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးလိုက်သည်။

## အသက်ပေါင်းများစွာ စတေးရသည်

ဗြိတိသျှတို့သည် နယူးဇီလန်နိုင်ငံကို လွယ်လွယ်ကူကူနှင့် ကိုလိုနီလက်အောက်ခံ ပြုလုပ်ရသည်တော့ မဟုတ်ပေ။ မိမိတို့၏ နယ်မြေနှင့် အာဏာကို အထိပါး မခံနိုင်ကြသော အချို့သော စစ်သွေးကြွ မာအိုရီ အကြီးအကဲတို့၏ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်မှုကို နှစ်ပေါင်းများစွာကြာအောင် အသက်ပေါင်းများစွာ စတေး၍ တိုက်ခိုက်နှိမ်နင်းပြီးမှ ငြိမ်းချမ်းသော ကိုလိုနီနိုင်ငံကို တည်ထောင်နိုင်ကြခြင်းဖြစ်သည်။ မာအိုရီလူမျိုးတို့သည်

http://www.dhammadownload.com



**၁၈၄၅** ခုနှစ်မှ **၁၈၄၈** ခုနှစ်အထိ တကြိမ်၊ **၁၈၆၁** ခုနှစ်မှ **၁၈၇၁** နှစ်အထိ တကြိမ် ဗြိတိသျှအစိုးရကို အပြင်းအထန် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ လွှတ်တော်တွင် ကိုယ်စားလှယ်အမတ်တဦး အပါအဝင် မာအိုရီတို့ ရသင့်သော အခွင့်အရေးများကို ပေးလိုက်မှပင် ငြိမ်းအေးသွားကြသည်။ ယခုအခါ ပြည်သူ့ကိုယ်စားလှယ် အမတ် ၈၀ ရှိသော နယူးဇီလန် လွှတ်တော်၌ မာအိုရီကိုယ်စားလှယ်အမတ် တချို့လည်း ပါဝင်လျက်ရှိသည်။ အချို့မှာ ကက်ဗိနက် အဖွဲ့ဝင် ဝန်ကြီးရာထူးများကိုပင် ထမ်းဆောင်ခဲ့ကြပြီ ဖြစ်သည်။

ဗြိတိသျှတို့၏ ကိုလိုနီနိုင်ငံ ဖြစ်လာသောအခါ အကြောင်းအမျိုးမျိုးဖြင့် အင်္ဂလိပ်လူမျိုးများ တဖြည်းဖြည်း အမြောက်အများ လာရောက်နေထိုင်ကြသည်။ ထို့ကြောင့် နယူးဇီလန်နိုင်ငံသားဟု ဆိုလျှင် အင်္ဂလိပ်တို့ကို ရည်ညွှန်းသလို ဖြစ်နေ၏။ အမှန်တော့ နယူးဇီလန်နိုင်ငံသား စစ်စစ်မှာ မာအိုရီလူမျိုးများသာ ဖြစ်ကြ၏။

## မာအိုရီသန့်သန့်နေရာ

ယခုအခါ တိုင်းရင်းသား မာအိုရီလူမျိုးများလည်း နယူးဇီလန်ရှိ မျက်နှာဖြူများနှင့်အတူ ရောနှောနေထိုင်

http://www.dhammadownload.com



ကြသည်။ သို့သော် မာအိုရီတိုင်းရင်းသား စစ်စစ်များ နေထိုင်သော ဒေသများလည်း သီးသန့်နေရာအဖြစ် ရှိနေသေးသည်။ သူတို့နေထိုင်ရာ ဒေသမှာ တွင်းထွက် ကျောက်မျက်ရတနာများ ထွက်ရှိရာဒေသဖြစ်သော်လည်း နယူးဇီလန်အစိုးရက ဘာအနှောင့်အယှက်မှ မပေးပဲ သီးသန့်နေရာအဖြစ် ထားရှိကာ ယဉ်ကျေးမှုကို ထိန်းသိမ်းသူများအဖြစ် သတ်မှတ်ထားသည်ဟု သိရသည်။

ထိုဒေသသို့ ဝင်ရောက်လေ့လာ ကြည့်ရှုလိုလျှင် မည်သူမဆို မာအိုရီလူမျိုးစု အကြီးအကဲထံမှ ခွင့်ပြုချက် ရရှိပြီးမှ ကြည့်ရှုနိုင်သည်။ ခွင့်ပြုချက်မရပဲ ဝင်ရောက်ကြည့်ရှုလျှင် မာအိုရီတိုင်းရင်းသားတို့၏ အန္တရာယ်ပြုခြင်းကို ခံရနိုင်သည်ဟု သိရသည်။

မာအိုရီတိုင်းရင်းသားတို့မှာ မြန်မာနှင့် မျက်နှာပုံပန်းသဏ္ဌာန်၊ အသားအရောင် အတော်တူသည်။ သို့သော် မာအိုရီတိုင်းရင်းသားတို့မှာ များသောအားဖြင့် သန်မာထွားကြိုင်း၍ အချို့သော မာအိုရီတို့သည် မျက်လုံး၊ နဖူးနှင့် ပါးစပ်တဝိုက်တွင် အမဲရောင်များ ခြယ်သထားတတ်ကြသည်။ ယောက်ျားများက သတ္တိရှိသည်၊ ရဲရင့်သည်ဟု ဖော်ပြလို၍ ခြယ်လှယ်ကြခြင်းဖြစ်ပြီး မိန်းမများကတော့ လှပစေရန် ခြယ်သကြခြင်းဖြစ်သည်ဟု သိရသည်။

http://www.dhammadownload.com



## သီးပြပွဲ

ဇွန်လ ၂၉ ရက်နေ့ နံနက်စာစားပြီးသောအခါ သီးပြပွဲ ကြည့်ရှုရန် ထွက်ခွါလာခဲ့ကြသည်။ ကျွန်တော်တို့ ရောက်သွားချိန်မှာ အနည်းငယ်စောနေသဖြင့် သိုးပြပွဲသို့ မဝင်သေးပဲ သိုးပြပွဲပြုလုပ်ရာ အဆောက်အအုံဝင်းအတွင်း ပြုလုပ်ထားသော KRATTER VILLE ဟုခေါ်သော တိရစ္ဆာန် ဥယျာဉ် အငယ်စားလေးထဲသို့ ဝင်ရောက်၍ တိရစ္ဆာန်များကို အစာကျွေးကြသည်။ ၈ နာရီခွဲခန့်တွင် THE AGRODOME ဟူသော သိုးပြပွဲပြုလုပ်ရာ အဆောက်အအုံအတွင်းသို့ ဝင်ခဲ့ကြသည်။ ကိုသင်အောင်ညွန့်နှင့် ကိုဖြူတို့မှာ အပြော ကောင်း၍ ရုံဝင်ခမပေးရပေ။ သူတို့က လက်မှတ်ရောင်း သူအား "ကျွန်တော်တို့က ကြည့်ပြီးသား၊ အခု ကျွန်တော် တို့က ဧည့်သည်တွေကို လိုက်ပြတာပါ၊ နောက်လဲ ဧည့်သည်တွေကို ခေါ်လာဦးမယ်"ဟု ပြောသောကြောင့် လက်မှတ်ရောင်းသူက သူတို့အား မေတ္တာလက်ဆောင် လက်မှတ်များ ပေးလိုက်သည်။ အပြောကောင်း၍ ရုံဝင်ခ အထောင်းလွတ်သွားခြင်းပင်။

အတွင်း၌ အရွယ်မျိုးစုံသော သိုးများကို တွေ့ရ၍ သိုးများနှင့်အတူ ဓါတ်ပုံရိုက်ကြသည်။ သိုးများမှာ လူတို့နှင့် လက်ပွန်းတတီး နေထိုင်နေကျ ဖြစ်သဖြင့် အလွန်ယဉ်ပါး နေကြသည်။ တချို့ သိုးကြီးများမှာ သက်တမ်းရင့် သိုးကြီး

http://www.dhammadownload.com



များ ဖြစ်သဖြင့် ဦးချိုကြီးများမှာ နှစ်ပတ်သုံးပတ်ခန့်ပင် ခွေလျက်နေပြီဖြစ်သည်။ လူအများက ထို သက်ရင့်သိုးကြီး များနှင့် တွဲ၍ ဓါတ်ပုံရိုက်ကြသည်။ နောက်ပိုင်းတွင် လူများ အလျှိုအလျှိုရောက်လာကာ ခုံလွတ်များတွင် နေရာယူ၍ ထိုင်နေကြသည်။ နံနက် ၉ နာရီတွင် သိုးပြပွဲ စတင် တော့သည်။

သိုးပြပွဲ စတင်သောအခါ သိုးပြပွဲကျင်းပသူက အနက်ရောင် ချိုင်းပြတ်အင်္ကျီကိုဝတ်၍ ထွက်လာသည်။ လာရောက်ကြည့်ရှုသူများမှာ ချမ်းအေးလှသဖြင့် အနွေးထည် အထပ်ထပ် ဝတ်နေကြရချိန်တွင် ထိုလူက ချိုင်းပြတ်အင်္ကျီ ဝတ်၍ ထွက်လာသောကြောင့် အားလုံး အံ့သြနေကြပုံ ရသည်။ သူက လာရောက်ကြည့်ရှုသူများဘက်သို့ လှည့်၍ "ရာသီဥတုက အေးတယ်နော်၊ ကျွန်တော်ကတော့ မချမ်း ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ မမြင်ရတဲ့ စွမ်းအင်ပါဝါတွေ ရှိနေလို့ပဲ၊ ကျွန်တော်က သိုးတွေကိုလဲ နားလည်အောင် စကားပြောတတ်တယ်၊ ကိုင်း လက်တွေ့ ပြမယ်"ဆိုပြီး နာမည်တလုံးကို ဟစ်အော်လိုက်သည်။ ထိုအခါ သိုးများထဲတွင် အကြီးဆုံး သိုးကြီးက စင်မြင့်ပေါ် တက်လာ၍ သူ့အတွက်လုပ်ထားသော အမြင့်ဆုံးနေရာတွင် နေရာယူကာ သူ့အတွက်ချထားသော အစာခွက်တွင် အစာစားနေသည်။ ထို့နောက် သိုးများကို တကောင်ပြီး

http://www.dhammadownload.com



တကောင် ဟစ်အော် ခေါ်ငင်၍ စင်မြင့်ပေါ်တွင် နေရာယူစေသည်။ သိုးအကောင် ၂၀ခန့်မှာ စင်မြင့်ပေါ်သို့ ရောက်လာသည်။ သိုးများသည် သူတို့အတွက် အဆင်သင့် ပြုလုပ်ထားသော နေရာများတွင် အစီအစဉ်တကျ နေရာယူ၍ ငြိမ်သက်စွာ ရပ်နေကြသည်။ သိုးပြပွဲ ကျင်းပသူက သိုးများကို မည်ကဲ့သို့ မွေးမြူရပုံနှင့်၊ သိုးများကြိုက်သော ရာသီဥတု၊ အစားအစာ စသည်တို့ကို ရှင်းပြသည်။

သိုးကျောင်းခွေးများဖြင့် သိုးကျောင်း သရုပ်ပြပွဲလည်း လုပ်သည်။ သူကပင် လက်ကွင်းထိုး၍ သိုးကျောင်းခွေးများကို ခေါ်လိုက်သည်။ လက်ကွင်းသံ အမျိုးမျိုးထိုး၍ သိုးကျောင်းခွေးများကို ခိုင်းစေ အမိန့်ပေးသည်။ သိုးကျောင်းခွေးများက သူခိုင်းစေသည့်အတိုင်း သိုးများ၏ဘယ်ဘက်က ပတ်ပြေးလိုက်၊ ညာဘက်ကပတ်ပြေးလိုက်၊ ရှေ့က ပတ်ပြေးလိုက်၊ သိုးများ၏ ကျောကုန်းပေါ်တက်၍ ပြေးလိုက်ဖြင့် သရုပ်ပြ ဖျော်ဖြေသည်။ နောက်ဆုံးသူက ရပ်ရန် အမိန့်ပေးလိုက်သောအခါ ခွေးများက အကြီးဆုံးသိုးကြီးများ၏ ကျောပေါ်တွင် အကျအနထိုင်၍ အူနေကြပြန်သည်။ သူက တော်တော့၊ ရပ်တော့ဟု အမိန့်ပေးလိုက်တော့မှ သိုးကြီးများ၏ ကျောပေါ်တွင် ထိုင်နေကြရင်း အနားယူနေကြသည်။

http://www.dhammadownload.com



ထို့နောက် ဘဲကျောင်းခွေးကို သရုပ်ပြသည်။ စင်မြင့်ပေါ်တွင် လွှတ်လိုက်သော ဘဲတအုပ်ကို ဘဲကျောင်း ခွေးက သတ်မှတ်ထားသော နေရာမှ ကျော်ထွက်မသွား ရအောင် ထိန်းကျောင်းပြသည်။ ခွေးက ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်၊ ခုန်အုပ်လိုက်၊ ကိုက်မည့်ဟန်လုပ်လိုက်ဖြင့် သရုပ်ဆောင်နေသည်။ ဘယ်တော့များ ကိုက်မလဲဟု အသဲတယားယား၊ ရင်တဖိုဖိုဖြင့် ကြည့်ရှုရအောင် သရုပ်ပြ ထိန်းကျောင်းပြသည်။ ဘဲကျောင်းပုံ ပြပြီးသောအခါ သိုးတကောင် ထုတ်လာ၍ သိုးမွေးများ ရိတ်ပြသည်။ သိုးတကောင်လုံးကို စက်ဖြင့် သိုးမွေးရိတ်ပြရာ ငါးမိနစ်ပင် မကြာပေ၊ တကောင်လုံး အမွေး တုံးတိ ဖြစ်သွားသည်။ အမွေးမရှိတော့သော သိုးကြီးမှာ သိုးကြီးဘဝမှ သိုးပေါက်စကလေးဘဝသို့ ပြန်ရောက်သွားသည်။ သရုပ်ပြသူက လာကြည့်ကြသော ပရိသတ်ကို သိုးမွေးများ အနည်းငယ်စီ လိုက်ပေးသည်။

ထို့နောက် အမွေးရိတ်ပြီးသား သိုးကို အမှတ်တရ လေလံတင် ရောင်းချမည်ဟု ကြေညာလိုက်သည်။ လေလံဆွဲလိုသူ နှစ်ယောက်၊ သုံးယောက်က လက်ထောင် ကြသော်လည်း လေလံပစ်သူမှာ စကားကို စုံနေအောင် ပြောပြီး ဟာသများပါ ထည့်ပြောသောကြောင့် ပရိသတ်မှာ တအုန်းအုန်းဖြင့် ပွဲကျနေသည်။ လေလံပစ်သူက ဟို လက်

http://www.dhammadownload.com



ညှိုးထိုး၊ ဒီလက်ညှိုးထိုး တောင်စဉ်ရေမရ လျှောက်ပြော နေသည်။ "ဆယ်ဒေါ်လာ-အဲဟိုဘက်က ဒေါ်လာငါးဆယ်၊ ဟုတ်ပြီ၊ ဟုတ်ပြီ ဒေါ်လာတထောင် ဘယ်သူဆွဲဦးမလဲ၊ အဲ ဟိုဘက်က ဒေါ်လာငါးထောင့်ငါးရာ ပေးနေပြီ၊ ပြိုင်မယ့်သူရှိသေးလား၊ ဪ ရှိတယ်၊ ငါးသိန်း ဟုတ်ပြီ၊ ဘယ်သူ ဆွဲဦးမလဲ၊ တသန်း ဟော နှစ်သန်း၊ ဒေါ်လာ နှစ်သန်း ဒေါ်လာနှစ်သန်း၊ လိုက်နိုင်တဲ့သူရှိလား၊ မရှိပါဘူးခင်ဗျား။ ပွဲကြည့်ပရိသတ် တယောက်က ဒေါ်လာ နှစ်သန်းနဲ့ လေလံဆွဲ ဝယ်သွားပါပြီ ခင်ဗျား"ဟု ကြေညာ လိုက်သည်။ ထို့နောက် ပရိသတ်ထဲမှ အဘိုးကြီးတ ယောက်ကို လက်ညှိုးထိုး၍ "ကဲ – သိုးတကောင်ကို ဒေါ်လာ နှစ်သန်း ပေးဝယ်တဲ့ ပုဂ္ဂိုလ် စင်မြင့်ပေါ်သို့ကြွပါ ခင်ဗျာ"ဟု ဦးညွှတ် အရိုအသေပေး၍ ခေါ်ယူလိုက်သည်။

အဖိုးကြီးမှာ ယောင်နနနှင့် စင်မြင့်ပေါ်သို့ တက် သွားသည်။ သိုးပိုင်ရှင်က "ခင်ဗျားက တော်တော် ချမ်းသာပုံရတယ်၊ ဘယ်နိုင်ငံက ပါလဲခင်ဗျာ"ဟုမေးရာ အဘိုးကြီးက နော်ဝေကပါဟု ပြောလိုက်သည်။ "အင်း- နော်ဝေ ဆိုရင်တော့ အဝေးကြီးပဲ၊ ဒီသိုးကို ဘယ်လိုလုပ် သယ်သွားမလဲ၊ လေယာဉ်စင်းလုံးငှားပြီး သယ်သွား ပါလား"ဟု အကြံ ပေးသလိုလိုနှင့် ဘာလိုလိုနှင့် အဘိုး ကြီးကို ချောက်ချနေသည်။ အဘိုးကြီးမှာ ဘာမှပြန်၍

http://www.dhammadownload.com



မပြောနိုင်ပဲ တဟဲဟဲနှင့် ရယ်နေသည်။ နောက်ဆုံးတော့ လေလံပစ်သော သိုးပိုင်ရှင်က "ကဲ – လူကြီးမင်းရဲ့ အခက်အခဲကို ကျွန်တော် ကူညီပါ့မယ်၊ လူကြီးမင်းရဲ့ ဒေါ်လာနှစ်သန်းတန် သိုးအစား ဒီသိုးလေးကိုပဲ ယူသွားပါ ခင်ဗျာ၊ ကျွန်တော်က လက်ဆောင်ပေးပါတယ်"ဟု ပြောပြီး သိုးရုပ်ကလေးတရုပ်ကို အဘိုးကြီးအား လက်ဆောင် ပေးလိုက်သည်။ ထိုအခါမှ အဘိုးကြီးက သူ့အခက်အခဲ အဆင်ပြေသွားသဖြင့် ဝမ်းသာသော မျက်နှာဖြင့် စင်ပေါ်မှ ပြန်ဆင်းလာသည်။ သိုးပြပွဲ ပြီးဆုံးသောအခါ တည်းခိုခန်းသို့ ပြန်ခဲ့ကြသည်။

ဇွန်လ ၃၀ ရက်နေ့တွင် အောက္ကလန်မြို့သို့ ပြန်ခဲ့ကြသည်။ ညနေ ၅ နာရီလေယာဉ်ဖြင့် အောက္ကလန်မြို့မှ **ဝယ်လင်တန်**မြို့သို့ ထွက်လာခဲ့ကြသည်။ **ဓာတိဉာနာရာမ** ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၌ ခေတ္တတည်းခိုကြသည်။ ထိုကျောင်း၌ မျက်နှာဖြူဘုန်းကြီးသုံးပါး သီတင်းသုံးကြသည်။ ထိုကျောင်းနှင့် ကျောင်းတွင် သီတင်းသုံးသော ဘုန်းကြီးများသည် ထိုင်းနိုင်ငံမှ နာမည်ကြီး ကမ္မဋ္ဌာန်းဆရာတော် **အာကျန်ချ** ၏ အဆက်အနွယ်များ ဖြစ်ကြသည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ဦးမျိုး၊ ဒေါ်ခင်ညိုဝင်းတို့၏သား ဖီးလစ်မြင့် ရဟန်းခံပွဲ ကျင်းပသည်။ ကံဆောင်

http://www.dhammadownload.com



သံဃာတော်များမှာ ချမ်းမြေ့ဆရာတော်၊ ချမ်းမြေ့ရိပ်သာတွင် ဘုန်းကြီးဝတ်သွားသော အင်္ဂလိပ်ဘုန်းကြီး တပါးနှင့် ထိုင်းနိုင်ငံတွင် ဘုန်းကြီးဝတ်ခဲ့ကြသော မျက်နှာဖြူဘုန်းကြီး သုံးပါး၊ ပေါင်း ငါးပါးဖြစ်သည်။ ထိုရဟန်းခံပွဲမှာ နယူးဇီလန်မြေပေါ်တွင် ပထမဆုံးကျင်းပသော ရဟန်းခံပွဲ ဖြစ်သည်ဟု သိရသည်။ နံနက် ၉ နာရီခန့်တွင် နယူးဇီလန်နိုင်ငံ၌ ပထမဆုံးအကြိမ် ရဟန်းခံပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ ရဟန်းခံပွဲ ပြီးသောအခါ မြန်မာမှု မြန်မာ့ဟန်အတိုင်း စုပေါင်း၍ သိမ်ထွက်လောင်းလှူကြသည်။ ထို့နောက် ရဟန်းအသစ်ကို မိဘာနှစ်ပါးက ကန်တော့၍ ဓာတ်ပုံအရိုက်ခံကြသည်။

## ပါမာစတန်နော့(သ်)မြို့

ဇူလိုင်လ ၂ ရက်နေ့တွင် အိုတာကီတရားစခန်းသို့ သွားရန်အတွက် မမာမာ(မအေးကျော်စိုး)က ကားဖြင့် လာပင့်သည်။ တရားစခန်းပြုလုပ်ရာ **အိုတာကီ Otaki** သို့ တိုက်ရိုက်မသွားပဲ မမာမာတို့နေထိုင်သော **ပါမာစတန်နော့(သ်)**သို့ အလျင်ကြွကြရသည်။ ထိုနေ့ညအဖို့ ပါမာစတန်နော့(သ်)၌ ရှိသော မမာမာတို့နေအိမ်၌ ကျောင်းအဖြစ် ဆရာတော်ဘုရား သီတင်းသုံးရသည်။ အိမ်သူအိမ်သားများ ဖြစ်ကြသည့် မမာမာ၊ မမြမြအေးနှင့် ညီမငယ် ပိုပိုတို့မှာ

http://www.dhammadownload.com



တခြားသူငယ်ချင်းများအိမ်သို့ ပြောင်းရွှေ့၍ အိပ်ကြသည်။ ဂျူလိုင်လ ၃ ရက်နေ့ နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးသော အခါ မိုးအနည်းငယ်ရွာသောကြောင့် ထူးထူးခြားခြား ဘယ်မှ မသွားကြဘဲ အိမ်ထဲ၌သာ နေကြရသည်။

နေ့ဆွမ်းကို မမာမာတို့ နေအိမ်၌ပင် မမာမာ၊ မမြမြအေးနှင့် ပိုပိုတို့က ဆွမ်းခဲဘွယ်ဘောဇဉ်များ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကြော်လှော်၍ ကပ်ကြသည်။ ပါမာစတန်နော့(သ်)တွင် နေထိုင်ကြသော ဦးအောင်ကြည် မိသားစုနှင့် ဦးညိုညိုမိသားစုတို့ကလည်း ဆွမ်းဟင်းများ ချက်၍ လာကပ်ကြသည်။ မျက်နှာဖြူနှစ်ဦးနှင့် ပါမာ စတန်နော့(သ်)ရှိ သီရိလင်္ကာ လူမျိုးများကလည်း လှူရန်ပစ္စည်းများ၊ ဆွမ်းခဲဘွယ်ဘောဇဉ်များ ကိုယ်စီကိုယ်စီ စီစဉ်၍ ယူလာကြသည်။ ဆရာတော်၏ဆွမ်းဝိုင်းမှာ စားပွဲမဆံ့လောက်အောင် ဆွမ်းဟင်းခွက်များ ပြည့်လျှံ၍ နေတော့သည်။ လာရောက်ဆွမ်းကပ်သူအားလုံး ကျေနပ် စေရန်အတွက် ဆရာတော်ဘုရားမှာ ဟင်းခွက်စေ့အောင် ဇွန်းဖျားလေးဖြင့် တို့ကာတို့ကာ ဘုဉ်းပေးရသည်။ ဆွမ်းဘုဉ်းပေး ပြီးသောအခါ၌လည်း အချိုပွဲပန်းကန်များ ဝိုင်းလုံးပြည့် ဖြစ်နေတော့သည်။

ဆွမ်းဘုဉ်းပေးပြီး ဆရာတော် အနားယူသော အခါတွင်မှ ဧည့်ပရိသတ်များ အလ္လာပသလ္လာပ စကား

http://www.dhammadownload.com



ပြောကြရင်း ထမင်းစားကြသည်။ မွန်းလွဲ ၂ နာရီတွင် ဆရာတော်ဘုရားက ဆွမ်းအနုမောဒနာတရား ဟောကြားသည်။

**အိုတာကီတရားစခန်း**

ဆွမ်းအနုမောဒနာတရား ဟောကြားပြီးသောအခါ တရားစခန်းပြုလုပ်မည့် **အိုတာကီ**မြို့သို့ သွားကြသည်။ အိုတာကီမြို့ကို ညနေ ၆ နာရီခန့်တွင် ဆိုက်ရောက်သည်။ **ဝယ်လင်တန်နှင့် အောက္ကလန်**မှ တရားဝင်မည့်ယောဂီများက အိုတာကီမြို့ရှိ တရားစခန်းပြုလုပ်မည့်နေရာ **ရစ်ဗားစလီး လော့ဂျ် RIVERSLEA LODGE** ၌ ဆရာတော်ဘုရား ကြွအလာကို စောင့်ကြိုနေကြသည်။

ဂျူလိုင်လ ၄ ရက်နေ့တွင် အိုတာကီ တရားစခန်းကို စတင်ဖွင့်လှစ်သည်။ တရားစခန်းတွင် ရဟန်းယောဂီ ၂ ပါး၊ အမျိုးသားယောဂီ ၉ ယောက်၊ အမျိုးသမီးယောဂီ ၁၇ ယောက် တို့က ဆရာတော်ဘုရား၏ ဟောပြောညွှန်ပြ ဆုံးမမှုကို ခံယူကာ တရားရှုမှတ်ကြသည်။ နိုင်ငံခြားယောဂီတယောက်မှာ သမထနည်းပြဆရာမ တဦးဖြစ်သည်ဟု သိရသည်။ ယောဂီများမှာ တရားဝင် နေစဉ်ကာလအတွင်း သက်သတ်လွတ် မေတ္တာဆွမ်း သုံးဆောင်ကြသည်။

http://www.dhammadownload.com



ဝေယျာဝစ္စ မလုံလောက်သောကြောင့် ဦးမျိုးနှင့် ဒေါ်ခင်ညိုဝင်းတို့မှာ တရားဝင်နေရင်းပင် ယောဂီများ အတွက် အစားအသောက်များ ဝယ်ခြင်း၊ ချက်ပြုတ်ခြင်းဖြင့် အလွန်အလုပ်များကြသည်။ ကျန်တဲ့ယောဂီများ သက် သောင့်သက်သာ ကောင်းမွန်စွာ တရားကို ရှူးရှူးစိုက်စိုက် အားထုတ်နိုင်ရန်အတွက် သူတို့ကိုယ်တိုင် အနစ်နာခံကာ ဆောင်ရွက်ပေးကြခြင်းဖြစ်သည်။ သူတို့မှာ နေ့ဆွမ်းစား ပြီးချိန် နောက်ပိုင်းမှသာ တရားအားထုတ် ချိန်ရသည်။

ကိုကျော်ဇေယျကတော့ အချိန်ပိုင်းယောဂီ ဖြစ်သည်။ သူ့အလုပ်မှ ခွင့်မရသောကြောင့် အချိန်ပြည့် ယောဂီ မလုပ်နိုင်ကြောင်းသိရသည်။ ကိုကျော်ဇေယျမှာ အလုပ်ဆင်းသည်နှင့် တရားစခန်းသို့လာ၍ လုပ်စရာ ရှိသည်များကို ကူညီလုပ်ဆောင်ပေးသည်။ အလုပ်ကိစ္စများ ပြီးမှ တရားအားထုတ်သည်။ ကျွန်တော်ကတော့ ဝေယျာဝစ္စ ဆောင်ရွက်အပြီး အားလပ်ချိန်ရတိုင်း တရားစခန်း အနီးအနား ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုသည်။ ထူးထူးခြားခြား **ဗမာတံတား Burma Bridge** ဟူသော တံတား တခုကို တွေ့ရသည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင် တရားစခန်းပြီးသည်။ တရား အားထုတ်သူတို့က ဆရာတော်ဘုရားအား နောက်တနှစ် ထပ်ကြွပေးဖို့ ပင့်လျှောက်ကြသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားက "နှစ်နှစ် ဆက်တိုက်တော့ မရနိုင်ဘူး၊ တခြားနိုင်ငံတွေကိုလည်း တရားစခန်းဖွင့်ဖို့ ရက်ပေးထားရသေးတယ်၊ ၂၀၀၁ ခုနှစ်လောက်တော့ ကြွပေးနိုင်ကောင်းပါရဲ့"ဟု မိန့်ကြား ခဲ့သည်။

## ယောဂီကျောင်းဆောင်အလှူ

တရားစခန်း သိမ်းပြီးသောအခါ **အောက္ကလန်နှင့် ဝယ်လင်တန်**မှ ဒကာ ဒကာမများက အလှူငွေစု၍ မော်ဘီမြို့ရှိ ချမ်းမြေ့ရိပ်သာကျောင်းခွဲ၌ **နယူးဇီလန်ကျောင်းဆောင်** အမည်ဖြင့် ယောဂီကျောင်းတဆောင် ဆောက်လုပ်ရန် လှူဒါန်းကြသည်။ ဒေါ်နွဲ့နွဲ့ညို ကလည်း သူတဦးတည်းအနေဖြင့် ယောဂီကျောင်းဆောင် တဆောင် ဆောက်လုပ်ရန် အလှူငွေများ လှူဒါန်းသည်။ ထိုအလှူများကို ရေစက်ချ အမျှပေးဝေပြီးနောက် အိုတာကီ တရားစခန်းမှ ဝယ်လင်တန်သို့ ပြန်ခဲ့ကြသည်။

## သဘာဝ၏အလှနှင့်အန္တရာယ်

ဂျူလိုင်လ ၁၄ ရက်နေ့ နံနက်တွင် **ရီမူတက (Rimutaka)** တောင်တန်းများသို့ အလည်အပတ်သွားကြသည်။ ရီမူတက တောင်တန်းတနေရာရှိ ပင်လယ်ရေမျက်နှာပြင်အထက် ၅၅၅ မီတာအမြင့်၌ ဆောက်လုပ်

http://www.dhammadownload.com



ထားသော စားသောက်ဆိုင်နှင့် ရှုခင်းသာ (View Point) တွင် ခေတ္တဆင်း၍ ကြည့်ရှုကြသည်။ နယူးဇီလန် တောင်တန်းများ၏ စိမ်းလန်းသော တောင်အထပ်ထပ်ကို ရှုမြင်ရသည်မှာ အလွန် စိတ်ကြည်နူးလန်းဆန်းသည်။ သို့သော် ထိုလှပသော တောင်တန်းများတွင် သဘာဝဘေးအန္တရာယ်များလည်း ရှိသည်ဟု သိရသည်။ ထို တောင်တန်းများပေါ်၌ လေဖိအားလျော့နည်းလာသော အခါများနှင့် တခါတရံ ကြုံကြိုက်တတ်သည်ဟု သိရသည်။ ထိုသို့ ကြုံရသောအခါ ကားများ တိမ်းမှောက်သွားတတ်သည်ဟု သိရသည်။

ထို့အပြင် တောင်များ မြင့်တက်လာမှု အန္တရာယ်နှင့်လည်း ရင်ဆိုင်နေကြရကြောင်း သိရသည်။ တောင်များမှာ ရာသီဥတုဒဏ်ကြောင့် နိမ့်ကျမသွားပဲ တောင်များ တဖြည်းဖြည်း မြင့်တက်လာမှုကြောင့် သိပ္ပံပညာရှင်များ အပူတပြင်း သုတေသနပြုကာ တောင်များမြင့်တက်လာမှု ပြဿနာ၏ တိကျသောအဖြေကို ရှာနေကြရသည်။ သူတို့က သဘာဝဘေးအန္တရာယ် တခုခု ကျရောက်လာမည်ကို စိုးရိမ်နေကြသည်ဟု သိရသည်။

## ပြတ်ရွေ့အန္တရာယ်

နယူးဇီလန် နိုင်ငံသားများအတွက် မြေငလျင်၊ မီးတောင် စသည့် သဘာဝဘေးအန္တရာယ်များထက် ပို၍

http://www.dhammadownload.com



ကြောက်စရာကောင်းသော သဘာဝ ဘေးအန္တရာယ်တခု ကလည်း အချိန်မရွေး ကျရောက်နိုင်သည်ဟု သိရသည်။ ထို အန္တရာယ်မှာ သိပ္ပံပညာရှင်များ၏ တိုင်းတာတွေ့ရှိချက် အရ သူတို့နိုင်ငံတွင် မြေငလျင် သိပ်မဖြစ်နိုင်ဘဲ ဖြစ်ခြင်း ဖြစ်လျှင် ပြတ်ရွေ့ဟုခေါ်သော ကမ္ဘာမြေကြီး ထက်ခြမ်းကွဲ သွားမည့် အန္တရာယ်မျိုး ဖြစ်လာနိုင်ကြောင်း သိရှိရသည်။ မူလကပင် တောင်ကျွန်းနှင့် မြောက်ကျွန်းဟူ၍ ကျွန်း နှစ်ကျွန်းဖြင့် နယူးဇီလန်နိုင်ငံကို ဖွဲ့စည်းထားခြင်းဖြစ်ရာ ထိုကျွန်းနှစ်ကျွန်းမှာလည်း ပြတ်ရွေ့ဖြစ်ပေါ်ခြင်းကြောင့်ပင် ကွဲသွားခြင်းဖြစ်ကြောင်း ပြောကြသည်။ အောက္ကလန်မြို့နေ ပြည်သူများက ထိုအန္တရာယ်ကို ပို၍ စိုးရိမ်နေကြရသည်။ သိပ္ပံပညာရှင်များ၏ တိုင်းထွာတွေ့ရှိချက်အရ အောက္ကလန် မြို့ကြီးမှာ ပြတ်ရွေ့လမ်းကြောင်းပေါ်တွင် တည်ရှိနေသည်ဟု ယူဆနေကြသောကြောင့် ပြတ်ရွေ့ဖြစ်ပေါ်လာလျှင် အန္တရာယ်ဖြစ်နိုင်သည်ဟု သိရသည်။

## ပါလီမန်နှင့်ဘီးဟိုက်

ညနေဘက်တွင် ပါလီမန်လွှတ်တော် အဆောက် အအုံနှင့် ပျားအုံပုံစံ ဘီးဟိုက်(BEEHIVE)အဆောက်အအုံသို့ သွားကြသည်။ အဆောက်အအုံ နှစ်ခုစလုံးမှာ ကပ်၍ ဆောက်ထားခြင်းဖြစ်သည်။ နှစ်ခုလုံးလည်း ကြည့်၍

http://www.dhammadownload.com



အလွန်လှပါသည်။ အဆောက်အအုံကြီး နှစ်ခု၏ရှေ့တွင် ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးနှင့် ထည်ဝါခန့်ညား ပန်းစားလှသည်။ သို့သော် သတိပြုမိလျှင်တော့ အဆောက် အအုံတခုမှာ တခြမ်းသာရှိသည်ကို တွေ့ရမည်။ တခြမ်း သာရှိသော အဆောက်အအုံကြီးမှာ ပါလီမန်လွှတ်တော် အဆောက်အအုံဖြစ်သည်။ သမန်ကာလျှံကာကြည့်လျှင် တခြမ်းပဲ့နေမှန်း သိပ်မသိသာပေ။ ပထမ ဆောက်လုပ် ထားသော ဘီးဟိုက်အဆောက်အအုံက နေရာယူထား သောကြောင့် ပါလီမန်အဆောက်အအုံမှာ တခြမ်း ကျော်ကျော်သာ ဆောက်လုပ်ထားရသည်။ ထို့ကြောင့် အဆောက်အအုံကြီးမှာ အင်္ဂါမစုံလင်ဘဲ အစွမ်းကုန် မလှပ၊ မခန့်ထည်၊ မဝံ့ကြွားနိုင်ပဲဖြစ်နေသည်။

## ပြည်သူ့ဆန္ဒလေးစားရ

နယူးဇီလန်အစိုးရက ပါလီမန်အဆောက်အအုံကို အပြည့်ဆောက်နိုင်ရန်အတွက် တခြားနေရာကို ပြောင်းရွှေ့ လိုသည်။ ထိုသို့ပြောင်းရွှေ့လျှင် ဒေါ်လာသန်းချီ၍ ကုန်ကျ မည်ဖြစ်သည်။ အစိုးရက ကုန်ကျမည့်ငွေများမှာလည်း အစိုးရက ပြည်သူလူထုထံမှ ကောက်ယူရရှိထားသော အခွန်ငွေများဖြစ်သောကြောင့် ပြည်သူပိုင်ငွေကြေးပင် ဖြစ်သည်။ ထို့ကြောင့် အစိုးရက သူတို့သဘောဆန္ဒ

http://www.dhammadownload.com



တခုတည်းဖြင့် မပြောင်းရွှေ့သေးပဲ ကုန်ကျမည့်စရိတ်ကို တွက်ချက်၍ ပြည်သူလူထုထံသို့ တင်ပြသည်။ ထိုပါလီမန် အဆောက်အအုံကို အစိုးရက နေရာရွှေ့လိုသောကြောင့် ပြည်သူလူထုဆန္ဒကို သိလို၍ ဆန္ဒမဲပေးကြပါရန် မေတ္တာ ရပ်ခံသည်။ ပြည်သူလူထုထံမှ ထောက်ခံမဲ ငါးဆယ်ရာခိုင် နှုန်းကျော်အောင် မရသောကြောင့် ထိုပါလီမန် အဆောက် အအုံကို မရွှေ့ဖြစ်တော့ပဲ ဒီအတိုင်း ထားရသည်။

## ပြည်သူ့ဝေဖန်သံ

ပြည်သူလူထုက "အစိုးရပိုင်းက လူကြီးတွေဟာ လေးထောင့်ဆိုလေးထောင့်၊ အဝိုင်းဆိုအဝိုင်း အများ လက်ခံနိုင်အောင် မတွေးကြဘူး။ သူတို့ ဘီးဟိုက်အဆောက် အအုံထဲက အခန်းတွေဖွဲ့ထားသလိုပဲ ငါးထောင့်(ပဉ္စဂံ)တွေး တွေးကြတယ်၊ သုံးထောင့်(တြိဂံ)တွေး တွေးကြတယ်၊ ကန့်လန့်တွေးကြတယ်"ဟု ဝေဖန်သည်ကိုပင် ခံလိုက်ရ သေးသည်ဟု ပြောကြသည်။ ဘီးဟိုက်အဆောက်အအုံတွင် အစိုးရ၏ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ ဧည့်ခံပွဲများကို အခါအားလျော်စွာ ပြုလုပ်တတ်သည်ဟု သိရသည်။ သူတို့ ဘီးဟိုက် အဆောက်အအုံမှာ ပျားအုံတအုံတွင် ပျားကောင် များ နေထိုင်ရန် အခန်းများ ဖွဲ့စည်းထားသကဲ့သို့ အခန်း များကို ဖွဲ့စည်းထားသောကြောင့် (BEEHIVE)ဟု ခေါ်ကြခြင်း

http://www.dhammadownload.com



ဖြစ်သည်။ ပြည်သူလူထုက ထိုဘီးဟိုက် အဆောက်အအုံကို ဥပမာပေး၍ အစိုးရကို ဝေဖန်ကြခြင်းဖြစ်သည်။ မည်သို့ဆိုစေ ပြည်သူလူထု၏ သဘောဆန္ဒကို အလေးအနက်ထားသော ထိုအစိုးရမျိုးကို ပြည်သူ့အစိုးရဟုပင် သတ်မှတ်ရမည် ဖြစ်ပေသည်။ နယူးဇီလန်လွှတ်တော်သည်လည်း ကမ္ဘာပေါ်တွင် ဒီမိုကရေစီအကျဆုံး လွှတ်တော်ဟု တကမ္ဘာလုံးက အသိအမှတ်ပြုထားကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် လူမှုဖူလုံရေးအတွက် အက်ဥပဒေများ ပြုလုပ်ပြဋ္ဌာန်းပေးရာတွင်လည်း ရှေ့ဆောင်ဖြစ်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် သက်ကြီးရွယ်အိုများအတွက် ရိက္ခာအပြည့်အဝ ထုတ်ပေးရေးစံနစ်ကို ကမ္ဘာပေါ်တွင် ပထမဦးဆုံး ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ထို့အပြင် သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများနှင့် အလုပ်လက်မဲ့များအတွက် အနည်းဆုံးဝင်ငွေ သတ်မှတ်ပေးခြင်း၊ အလုပ်လက်မဲ့များကို အခမဲ့ ဆေးဝါးကုသပေးခြင်းနှင့် အခြားသော လူမှုဖူလုံရေး အစီအစဉ်များကိုလည်း စီစဉ်ပေးထားခြင်းတို့ ဖြစ်သည်။ ယင်းသို့ အက်ဥဒေများ ပြဋ္ဌာန်းခြင်းမှာ ထိုအချိန်အခါအဖို့ ခေတ်ရှေ့ပြေးလုပ်ငန်းများ ဖြစ်နေသောကြောင့် နယူးဇီလန်နိုင်ငံကို "လူမှုဖူလုံရေး စမ်းသပ်မှုများ ပြုလုပ်ရာဓာတ်ခွဲခန်း"ဟု ခေါ်ဝေါ်ကာ တကမ္ဘာလုံးက အာရုံစိုက်လာကြသည်ဟု သိရသည်။

http://www.dhammadownload.com



## မြို့တော်ဝန်လည်းဒဏ်ငွေဆောင်

နိုင်ငံခြားတိုင်းပြည်များတွင် ကားမောင်း၊ ကားစီးလျှင် ထိုင်ခုံခါးပတ်ပတ်၍ စီးကြရသည်။ နိုင်ငံ အတော်များများတွင် ဥပဒေပြဋ္ဌာန်း၍ ကားထဲ၌ ထိုင်ခုံခါးပတ် မပတ်သူတို့ကို ယာဉ်ထိန်းရဲက တွေ့ရှိပါက အရေးယူကြသည်။ နယူးဇီလန်နိုင်ငံသည်လည်း ကားထဲ၌ ထိုင်ခုံခါးပတ် မပတ်လျှင် ဥပဒေအရ အရေးယူသော နိုင်ငံဖြစ်သည်။ တခါက မြို့တော်ဝန်မှာ မြို့တော်အတွင်း လှည့်လည်ကြည့်ရှုသည်။ မြို့တော်ဝန်မှာ အရေးတကြီးထွက်လာခဲ့ရဟန် ရှိသည်။ ကားထဲ၌ ထိုင်ခုံခါးပတ်ပတ်မထားပဲ ထွက်လာခဲ့မိသည်။ သတင်းထောက်များကဝိုင်းနေသောကြောင့် မြို့တော်ဝန် ထိုင်ခုံခါးပတ် ပတ်မထားသည်ကို သတိမပြုမိကြပေ။ တခြားသူများကလည်း သတိမပြုမိကြပေ။

မြို့တော်ဝန်မှာ မြို့တော်အတွင်း လှည့်လည်ကြည့်ရှုပြီး၍ အိမ်တော်သို့သာ ပြန်ရောက်သွားသည်။ ဘာအဟန့်အတား၊ ဘာပြဿနာမှ မရှိ။ ပြည်သူလူထုနှင့်လည်း နွေးနွေးထွေးထွေး၊ လက်ပွန်းတတီး တွေ့ဆုံခဲ့ရသည်။ သူ့ခရီးစဉ်မှာ အောင်မြင်သည်ဟု ဆိုရမည်ပင်ဖြစ်သည်။

http://www.dhammadownload.com



သို့သော် – ဒီလိုနဲ့ရရိုးလား၊ မကြာခင်မှာပင် အရေးယူရန် အကြောင်း ပေါ်ပေါက်လာသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ ရုပ်မြင်သံကြား သတင်းတွင် မြို့ဝန်မင်း၏ သတင်း ပါလာသောအခါ မြို့ဝန်မင်းမှာ ရယ်ရယ်မောမောနှင့် ရှိနေပုံ ပါလာသော်လည်း ကားထဲတွင် ထိုင်ခုံခါးပတ် ပတ်မထားဘဲ ထိုင်နေသည်ကို ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်တွင် ထင်ထင်ရှားရှား တွေ့မြင်လိုက်ကြရာ နောက်နေ့တွင် ယာဉ်စည်းကမ်းဥပဒေအရ မြို့တော်ဝန်မှာ အရေးယူခြင်း ခံရသည်ဟု သိရသည်။ အရေးယူ မခံလို့လည်း မရပေ အဘယ့်ကြောင့်ဆိုသော် သူတို့နိုင်ငံတွင် တရားဥပဒေအပေါ်က အခွင့်ထူးခံလူတန်းစား ဟူ၍ မရှိသောကြောင့်ဖြစ်သည်။ အကောင်ဘယ်လောက်ကြီးကြီး တရားဥပဒေကို လေးစားလိုက်နာကြရပေသည်။ အားလုံး တပြေးတည်း အညီ တရားဥပဒေဘောင်အတွင်းမှာပဲ ရှိကြရသည်။

## ဥပဒေကိုလက်တလုံးခြားလုပ်သူ

သို့သော် တိကျသောဥပဒေကို တိကျသော အကြောင်းပြချက်များဖြင့် လက်တလုံးခြားလုပ်သူ တချို့လည်း ရှိနေသေးသည်ဟု သိရပါသည်။ ဥပမာဆိုရသော် တခါက ကားသမားတယောက် ကားမောင်း

http://www.dhammadownload.com



လာစဉ် လမ်းတွင် ရဲတယောက်က ဖမ်း၍ လက်တားသည်။ ထိုလူက ရဲကို "ကျွန်တော် ဘာအမှားများ လုပ်မိလို့ တားတာလဲ"ဟု မေးသောအခါ ရဲက ကားနံပါတ်ကို လက်ညှိုးထိုးပြပြီး "ခင်ဗျား ကားနံပါတ်တပ်တာ ဇောက်ထိုးဖြစ်နေတယ်၊ အဲဒါကြောင့် ဖမ်းတာ"ဟု ပြောသည်။

သို့သော် ကားမောင်းသမားက လက်မခံပါ၊ သူက အကြောင်းပြချက်ကောင်းကောင်း မင်သေသေဖြင့် ထိုရဲကို ပြန်ထောက်လိုက်သည်။ သူ ထောက်လိုက်ပုံမှာ "ဒီမှာ– ခင်ဗျားတို့ ယာဉ်စည်းကမ်းဥပဒေမှာ ယာဉ်နံပါတ် တပ်ရမယ်လို့ပဲ ပါတယ်၊ အဲဒါ ကျွန်တော်တပ်ထားတယ်၊ ဒါပေမယ့် ယာဉ်နံပါတ် ဇောက်ထိုးမတပ်ရ၊ တည့်တည့် တပ်ရမယ်လို့တော့ မပါဘူး မဟုတ်လား၊ အဲဒါကြောင့် ကျွန်တော် တပ်ချင်သလိုတပ်တယ်၊ ဥပဒေကို မဖောက် ဖျက်ဘူး၊ ခင်ဗျား အရေးယူလို့ မရဘူး"ဟု ပြောလိုက်ရာ ယာဉ်ထိန်းရဲမှာ ထိုကားမောင်းသမား၏ လုပ်ရပ် မှားနေ သော်လည်း ဥပဒေနှင့် ထိုလူ၏ အကြောင်းပြချက်မှာ မှန်ကန်နေသဖြင့် ထိုလူကို လွှတ်ပေးလိုက်ရသည်။ သည်မျှမကသေး အဆူအဟောက် ခံလိုက်ရသေးသည်။ ထို ကားသမားက "ခင်ဗျားနှောင့်ယှက်လို့ ကျွန်တော့်အချိန် တွေဆုံးရှုံးကုန်ပြီ၊ ခင်ဗျားကို ကျွန်တော်ဆန္ဒရှိလို့ရှိရင်

http://www.dhammadownload.com



တရားစွဲလို့ရတယ် ဆိုတာ သိလား”ဟု ပြောပြီးမှ ကားကို မောင်းထွက်သွားသည်။

ထိုအဖြစ်အပျက်ကို ကျွန်တော့်မိတ်ဆွေ တဦးက စကားစပ်မိ၍ သူ့အပေါင်းအသင်း ကားမောင်းသမား တယောက်၏ ကိုယ်တွေ့ အဖြစ်အပျက်ကို ပြန်ပြောပြသောကြောင့် သိရခြင်းဖြစ်သည်။

အခြား သူ့အပေါင်းအသင်း တယောက်ကတော့ မီးပွိုင့်တွင် (U, Turn)ဟု ခေါ်သော “ဂ”ငယ်ကွေ့ မကြာခဏ ကွေ့လေ့ရှိသည်ဟု သိရသည်။ ထိုပုဂ္ဂိုလ်၏ အကြောင်းပြချက်ကတော့ မီးပွိုင့်တွင် ရှေ့တည့်တည့်၊ ဘယ်ကွေ့၊ ညာကွေ့ စသည်ဖြင့် လမ်းညွှန်အမှတ်အသား များ ပြသထားသော်လည်း “ဂ”ငယ်ကွေ့ မကွေ့ရ ဟူသော တားမြစ်ချက်သင်္ကေတ အမှတ်အသား မရှိသောကြောင့် ကွေ့ချင်တဲ့အခါ ကွေ့လိုက်တယ် ဟု ပြောသည်။

**ကားနံပါတ်များ**

နယူးဇီလန်နိုင်ငံတွင် ကားနံပါတ်များနှင့် မီးပွိုင့် များမှာလည်း အထူးအဆန်းဖြစ်သည်။ ကားနံပါတ်များမှာ ဂဏန်းများချည်းသာ မဟုတ်ဘဲ တချို့ကားများတွင် ဂဏန်း မရေးပဲ စာတန်းလေးသာ ရေးထားသည်။ အဘယ့်ကြောင့်

http://www.dhammadownload.com



နည်းဟူမူ ကားပိုင်ရှင်များအနေဖြင့် မိမိတို့ နှစ်သက်ရာ ဂဏန်းခြောက်လုံး၊ သို့မဟုတ် အင်္ဂလိပ်အက္ခရာခြောက်လုံးကို ကားနံပါတ်အဖြစ် အသုံးပြုခွင့်ပေးပါရန် အစိုးရထံတွင် ခွင့်တောင်း၍ မိမိတို့ယာဉ်ကို မှတ်ပုံတင်ထားနိုင်ကြောင်း သိရသည်။ အစိုးရက ချပေးသည့် ကားနံပါတ်အတိုင်း အသုံးပြုသူများလည်း ရှိသည်။ ကားနံပါတ်ကို စာလုံးများဖြင့် ရေးသူများမှာ တည်တည်ငြိမ်ငြိမ် နာမည်များ၊ နှစ်သက်ဖွယ် စကားလုံးများကို အသုံးပြုသူများ ရှိသလို နောက်မှကားကို လှောင်သလိုလို၊ ထေ့သလိုလို စကားလုံးများကိုလည်း သုံးတတ်ကြသည်။ ကားနံပါတ်အဖြစ် အသုံးပြုသည့် စာတမ်းများကိုဖတ်၍ အဓိပ္ပါယ် ဖေါ်ကြည့်ရသည်မှာလည်း ပျော်ရွှင်စရာ ကောင်းလှသည်။

တချို့ ကားများတွင် THESEA (The Sea), THESKY (The Sky) စသည်ဖြင့် တည်တည်ငြိမ်ငြိမ် စကားလုံးများ သုံးတတ်ကြသည်။ တချို့ကားများမှာတော့ SWEETL (Sweet love), GBUNME (God Bless You and Me) စသည်ဖြင့် သုံးတတ်ကြသည်။ တချို့ကားများမှာတော့ နောက်မှကျန်ခဲ့သည့် ကားကို မခံချင်အောင် နှုတ်ဆက်သည့် စာလုံးများ သုံးထားသည်။ SEEYOU (See You), SEEYEA (See You), SORRYC (Sorry Child), SORRYS (Sorry Son) BYEBYE (Bye Bye) စသည်ဖြင့် သုံးတတ် ကြသည်။ ထိုကားမျိုးက ကျော်တက်

http://www.dhammadownload.com



သွားလျှင်တော့ နောက်မှ ကျန်ခဲ့သည့်ကားက ပြန်၍ ကျော်တက်ရန် ကြိုးစားတတ်သည်။

**မီးပွိုင့်များ**

မီးပွိုင့်များကလည်း တမူထူးခြားသည်။ မီးပွိုင့်များတွင် ပထမ ယာဉ်ကြောတကြောကို မီးစိမ်းပေးသည်။ ထို့နောက် ပထမယာဉ်ကြောကို မီးနီပြပြီး ဒုတိယ ယာဉ်ကြောကို မီးစိမ်းပေးသည်။ ပြီးတော့ လူတွေ လမ်းကူးနိုင်ရန်အတွက် ယာဉ်ကြော နှစ်ကြောလုံးကို မီးနီပြပေးထားသည်။ ထိုအခါ လမ်းကူးလိုသူတို့က လမ်းကူးကြသည်။ လမ်းကူးကြပုံမှာ တည့်တည့် လမ်းကူးသူများရှိသလို ထောင့်တန်းဖြတ်၍ လမ်းကူးကြသူ များလည်းရှိသည်။ ထိုအချိန်တွင် မီးပွိုင့်လေးခု၏ ဧရိယာအတွင်း သူတို့ ကူးချင်သလို ကူးနိုင်သည်။

**မီးပွိုင့်ကြောင့်လှသူများ**

မီးပွိုင့် မီးနီနေချိန်တွင် ကိုယ်တိုင်ကားမောင်း၍ အလုပ်ခွင်သို့လာသော အမျိုးသမီးများက ထိုအချိန်ကို အကျိုးရှိရှိ အသုံးချတတ်သည်။ သူတို့မှာ အိမ်တွင် အိပ်ရေးဝအောင်အိပ်၍ မျက်နှာသစ်၊ သွားတိုက်၊ ကော်ဖီနှင့် မုန့်စားသောက်၍ အလုပ်ခွင်သို့ဝင်ရန် အလျင်အမြန်

http://www.dhammadownload.com



ထွက်လာကြပြန်တူသည်။ သူတို့ အလုပ်ကို အချိန်မီ ရောက်နိုင်ရန်အတွက် အလှပြင်ဖို့ အချိန်မပေးနိုင်ပေ။ ထို့ကြောင့် မီးပွိုင့်မီးနီ၍ ကားရပ်နေချိန်တွင် မိတ်ကပ်လိမ်း၊ နှုတ်ခမ်းဆေးဆိုး စသည်ဖြင့် လုပ်ကြသည်။ သို့ဖြင့် ရုံးသို့ ရောက်သောအခါ အားလုံး လှလှပပ ပြင်ပြီးဆင်ပြီး ဖြစ်နေတော့သည်။ ရသမျှအချိန်ကို အကျိုးရှိရှိ အသုံးချတတ်သော အမျိုးသမီးများပါတကား ဟု တကိုယ်တည်း စဉ်းစားမိသည်။

**စာဖတ်နှုန်း**

စပ်မိ၍ တဆက်တည်း ရေးရဦးမည်။ နယူးဇီလန် နိုင်ငံသားတို့က သူတို့နိုင်ငံ၏ စာဖတ်နှုန်းမှာ ပျမ်းမျှခြင်းအားဖြင့် လူတဦးလျှင် တနေ့ကို စာအုပ်ငါးအုပ်နှုန်း ဖတ်သည်ဟု သိရသည်။ ဤသည်ကို သူတို့က အလွန်ဂုဏ်ယူကြသည်။ ကျွန်တော့်အထင်တော့ ထိုစာဖတ်နှုန်း တွက်ချက်ပုံမှာ ဝတ္ထု၊ မဂ္ဂဇင်းများချည်း သက်သက်တော့ ဟုတ်ပုံမရပေ။ ဂျာနယ်၊ သတင်းစာ စသည်တို့ကိုပါ ထည့်တွက်ပုံရပေသည်။ အဘယ့်ကြောင့် ဆိုသော် သူတို့နိုင်ငံတွင် ဝတ္ထု၊ မဂ္ဂဇင်းစသည့် စာအုပ်များကို အများကြီးထိုင်ဖတ်နိုင်ရန် အားလပ်ချိန် များများစားစား မရှိကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဂျာနယ်များ၊

http://www.dhammadownload.com



သတင်းစာများကိုပါ ထည့်တွက်ပုံရသည်ဟု ခန့်မှန်းရခြင်း ဖြစ်သည်။

## မင်းတုန်းမင်းစကားမှတ်သားစရာ

သတင်းစာကတော့ လူတိုင်း ဖတ်ကြပုံရပါသည်။ ဖတ်လည်းဖတ်ထိုက်ပေသည်။ သူတို့ သတင်းစာများမှာ ပါတီစွဲ၊ ဝါဒစွဲ ကင်းရှင်းပြီး ဘက်မလိုက်ပဲ မှန်မှန်ကန်ကန် ရေးသားကြသောကြောင့် ဖြစ်သည်။ သတင်းဖုံးကွယ်မှု၊ သတင်းထိန်ချန်မှုလည်း မရှိပေ။ ရေးသင့်သည့်သတင်း ဆိုလျှင် သတင်းစာ တစောင်နှင့် တစောင် သူ့ထက်ငါ ဦးဦးဖျားဖျား သတင်းထူး၊ သတင်းဦး ဖေါ်ပြနိုင်အောင် အပြိုင်အဆိုင် ကြိုးစားတတ်ကြသည်။ ပါလီမန်အတွင်း နိုင်ငံတော် အကြီးအကဲများ အစည်းအဝေး ပြုလုပ်နေချိန် ၌လည်း သတင်းထောက်များက ဝင်ရောက်၍ သတင်း ရယူနိုင်သည်။

မြန်မာနိုင်ငံ မင်းတုန်းမင်းတရားကြီး ပြောဆိုခဲ့ သော "ငါမကောင်းလျှင် ငါ့အကြောင်းကိုရေး၊ ငါ့မိဖုရား မကောင်းလျှင် ငါ့မိဖုရားအကြောင်းကိုရေး၊ သတင်းစာ ဆရာများ အနေနှင့် ငါ့နန်းတော်အတွင်းသို့ တံခါးမရှိဓားမရှိ ဝင်နိုင်ထွက်နိုင်သည်"ဟူသော စကားနှင့် ညီလှပေသည်။ ထို့ကြောင့် ကျွန်တော်ကလည်း "တို့နိုင်ငံမှာ ဒီလို အတွေး

http://www.dhammadownload.com



အခေါ်မျိုး ရေးကတည်းက ပေါ်ပေါက်ခဲ့ပါတယ်" ဟု တွေးကာ အသားလွတ် ဂုဏ်ယူလိုက်မိသည်။

**နယူးဇီလန်ပညာရေး**

နယူးဇီလန်နိုင်ငံ ပညာရေးသည်လည်း ကမ္ဘာတွင် တော်တော်နာမည်ရသည်။ သို့သော် သင်ကြားပေးသော ပညာအရည်အသွေး မြင့်မားခြင်းထက် ကျောင်းသားများကို ထိန်းကျောင်းပြုပြင်ပေးသော စနစ်၊ မြေတောင်မြှောက် ပေးသော စနစ်နှင့် တခြားနိုင်ငံများမှ ကျောင်းသားအရွယ် လူငယ် ဒုက္ခသည်များကိုပါ ပညာသင်ကြားစေနိုင်ရန် ကူညီ စောင့်ရှောက်ပေးထားသော စေတနာတို့က ပို၍နာမည် ကြီးသည်။ နယူးဇီလန်နိုင်ငံတွင် အသက် ၇ နှစ်နှင့် ၁၄ နှစ်အကြားရှိ ကလေးသူငယ်များကို မသင်မနေရ အခမဲ့ ပညာသင်ကြားရေး စနစ်ကို ကျင့်သုံးသည်။ ကလေး သူငယ်များအား ကိုယ့်ကိုယ်ကို ကာကွယ်စောင့်ရှောက် တတ်အောင်၊ အလုပ်တာဝန် ခွဲဝေယူတတ်အောင်၊ ပတ်ဝန်း ကျင်ကို ဦးဆောင်တတ်အောင် အမြဲတမ်း လေ့ကျင့်ပေး ထားသည်ဟု သိရသည်။ ကျောင်းဝင်းအတွင်းတွင်တော့ ဘယ်သို့ရှိမည် မသိရပေ၊ ကျောင်းဆင်းချိန် ရောက်လာ လျှင်တော့ သီးသန့် ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားသော ကျောင်းသား ကလေးငယ်များက ကားများကိုတား၍

http://www.dhammadownload.com



ကျောင်းသား ကျောင်းသူများကို လမ်းကူးစေလိုက်၊ ကျောင်းသား ကျောင်းသူများကို ရပ်စေ၍ ကားများကို မောင်းစေလိုက်ဖြင့် သူတို့ကိုယ်တိုင် ယာဉ်ထိန်းရဲလုပ်နေသည်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရသည်။

အမိက မြို့ကြီးများတွင် တက္ကသိုလ်ကျောင်း တကျောင်းစီရှိပြီး၊ ပါမာစတန်နော့(သ်)နှင့် လင်ကွန်းမြို့တို့တွင်ကား စိုက်ပျိုးရေးကောလိပ်ကျောင်း တကျောင်းစီရှိသည်။ ထိုကျောင်းများကလည်း နိုင်ငံရပ်ခြားမှ ပညာရည်ထူးချွန်သော ကျောင်းသားများကို စကောလားရှစ် (အခမဲ့ပညာသင်ကြားခွင့်)ပေး၍ သူတို့ ကောလိပ်ကျောင်းများတွင် တက်ရောက်သင်ကြားစေသည်။ သူတို့ စကောလားရှစ် အပေးခံရသူတို့မှာ ကံထူးသူများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စကောလာရှစ် အပေးခံရသူ၏ နေထိုင်စားသောက်စရိတ်ပါ ရရှိသည့်အပြင် သားမယားရှိပါကလည်း ထိုသားမယား တို့၏ နေထိုင်စားသောက်စရိတ်နှင့် ပညာသင်ကြားမှု စရိတ်တို့ကိုပါ အထိုက်အလျောက် ထောက်ပံ့ပေးထားသောကြောင့် ဖြစ်သည်။

**အကျိုးအမြတ်**

ထိုသို့ စရိတ်စကများစွာ ထောက်ပံ့ပေးထားခြင်းကြောင့် သူတို့အတွက်လည်း အဖိုးမဖြတ်နိုင်သော

http://www.dhammadownload.com



အကျိုးအမြတ်များ ရရှိသွားနိုင်သည်။ အဘယ့်ကြောင့် ဆိုသော် ဘွဲ့ယူမည့် ကျောင်းသားက ဘွဲ့ရရန်အတွက် ကျမ်းတစောင် ပြုစု၍ တင်ပြရမည်ဖြစ်ရာ ထိုကျမ်းသည် ထိုကျောင်းသား၏ အကောင်းဆုံး လေ့လာတွေ့ရှိချက် ဖြစ်မည်မှာ သေချာလှပေသည်။ ထိုလေ့လာတွေ့ရှိချက်မှာ ကမ္ဘာပေါ်တွင် ပထမဦးဆုံး လေ့လာတွေ့ရှိချက်လည်း ဖြစ်လာနိုင်ပါသေးသည်။ ထိုလေ့လာတွေ့ရှိချက်မှာ နယူးဇီလန်နိုင်ငံကို များစွာအကျိုးပြုသော လေ့လာတွေ့ရှိချက်လည်း ဖြစ်လာနိုင်ပါသေးသည်။ ထို့ကြောင့်သာ နိုင်ငံရပ်ခြားမှ ပညာရည်ထူးချွန်သော ကျောင်းသားများကို စကောလားရှစ် ပေးကာ ပညာသင်ကြားစေခြင်း ဖြစ်သည်။

ကျွန်တော့်အသိ ပါမာစတန်နော့(သ်) စိုက်ပျိုးရေးကောလိပ်ကျောင်းမှ ဦးအောင်ကြည် ဆိုသူမှာ ထိုကဲ့သို့ ကျမ်းတစောင် တင်နိုင်ရန်အတွက် သုတေသန ပြုလုပ်နေသည်။ နယူးဇီလန်နိုင်ငံတွင် မြက်ပင်များ၏ အမြစ်ကို စားကာ မြက်ပေါင်း ရှင်းစေသော ဗိုင်းရပ်(စ်)ပိုးတမျိုး ရှိသည်။ သူက ထိုဗိုင်းရပ်(စ်)ပိုးကို မည်သည့်ပမာဏ လွှတ်ပေးလျှင် မြက်ခင်းဘယ်နှစ်ဧကကို ဖျက်ဆီးစေသည်၊ ထိုဗိုင်းရပ်(စ်) ပိုးကို မည်ကဲ့သို့ ပိုမိုရှင်သန် ပေါက်ပွါးအောင် မွေးမြူရမည် စသည်တို့ကို သုတေသန ပြုလုပ်နေသည်ဟု သိရပါသည်။ တော်တော်လေး ခရီးရောက်နေပြီဟု သိရ

http://www.dhammadownload.com



ပါသည်။ ထို သုတေသနမှာ မည်သူမျှ အောင်မြင်အောင် ပြုလုပ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

စကားစပ်မိ၍ ကျွန်တော်တွေ့ကြုံ ကြားသိခဲ့သမျှ ပြန် ဖေါက်သည်ချလိုက်သောကြောင့် စာလည်း အတော် ရှည်သွားပေပြီ။ ခရီးစဉ်ကို အစပြန်ကောက်၍ ဆက်လက် ဖေါ်ပြပါဦးမည်။

## နယူးဇီလန်မှ ရွှေတိဂုံစေတီတော်

ဂျူလိုင်လ ၁၅ ရက်နေ့နံနက်တွင် ဝယ်လင်တန်မြို့ **ဗောဓိဉာဏာရာမ** ဘုန်းကြီးကျောင်းအတွင်းရှိ တောင်ကုန်း ပေါ်တွင် တည်ထားကိုးကွယ်ထားသော စေတီတော်ကို သွားရောက်ဖူးမြော်ကြသည်။ စေတီတော်ကို ရွှေတိဂုံစေတီ တော်နှင့် ပုံစံတူအောင် တည်ထားသည်။ စေတီတော်ကို နယူးဇီလန်ရောက် မြန်မာမိသားစုများနှင့် သီရိလင်္ကာ မိသားစုများ၏ ဝိုင်းဝန်းမတည်ငွေဖြင့် တည်ထားကိုးကွယ် ခြင်းဖြစ်ကြောင်း သိရသည်။ ဘုရာ တည်ဆောက်တည်မည့် ဆောက်လုပ်ရေး ပညာရှင်များကိုတော့ မြန်မာနိုင်ငံမှ ခေါ်ယူ၍ တည်ဆောက်ခဲ့သည်။ ကျွန်တော်တို့ ဝယ်လင် တန်သို့ ရောက်ချိန်တွင် စေတီတော်မှာ ပြီးခါနီးနေပေပြီ။ ထို့ကြောင့် ဆောက်လုပ်ရေး ပညာရှင်လေးယောက် ပြန်သွားကြပေပြီ။ အပြီးသတ် အချောလုပ်ကိုင်ရန်နှင့်

http://www.dhammadownload.com



ထီးတင်ရန်အတွက် ကိုနေမျိုး တယောက်သာ ကျန်နေခဲ့သည်။

## တေပပပြတိုက်

ဂျူလိုင်လ ၁၅ ရက်နေ့ ညနေပိုင်းတွင် တေပပပြတိုက် TEPAPA MUSEUM သို့ သွားရောက်ကြည့်ရှုကြသည်။ တေပပပြတိုက်မှာ တော်တော် ကြီးကျယ်ခမ်းနားသည်။ ပြတိုက်တည်ဆောက်မှု ကုန်ကျစရိတ်မည်မျှရှိမှန်းတော့ မသိခဲ့ပေ။ သို့သော် ပြတိုက်ရှေ့တွင်စိုက်ထူထားသော ပြတိုက်၏အမှတ်အသား LOGO ဒီဇိုင်းရေးဆွဲသော ဒီဇိုင်းဆရာကို ဒီဇိုင်းဆွဲခ ဒေါ်လာနှစ်သန်းပေးရသည်ဟု သိရသည်။ ထို့ကြောင့် တေပပပြတိုက်ဆောက်လုပ်သော ကုန်ကျစရိတ်ကို ခန့်မှန်းကြည့်နိုင်သည်။

ကျွန်တော်တို့ ရောက်သွားသော အချိန်မှာ ပြတိုက်ဖွင့်ပြီး တနှစ်မပြည့်ခင်အချိန် ဖြစ်သောကြောင့် အခမဲ့ဝင်ခွင့်ရခဲ့သည်။ လာရောက်လည်ပတ်သူများကို ရေတွက်၍ဈေးနှုန်းသတ်မှတ်ကာ တွက်ချက်ကြည့်သောအခါ ပထမခြောက်လအတွင်းမှာပင် အဆောက်အအုံ ကုန်ကျစရိတ်မှာတဝက်ကြေနေပြီဟု သိရသည်။ ထို့ကြောင့် ဝင်ရောက်ကြည့်ရှုသူ အရေအတွက်မှာလည်း အံ့မခန်းများပြားကြောင်းသိနိုင်ပေသည်။

http://www.dhammadownload.com



ကျွန်တော်တို့ ပြတိုက်အတွင်းသို့ ဝင်သွားသော အခါ ပြတိုက်အတွင်းမှ မျက်နှာဖြူ အမျိုးသမီးဝန်ထမ်း တဦးက ဆရာတော်ကို ကန်တော့ပြီး လာမိတ်ဆက်သည်။ သူမက သူ့နာမည်ကို ထုတ်ဖော်၍ စတင်မိတ်ဆက်ပြီး ဆရာတော့်ကို ဘယ်နိုင်ငံက ကြွလာကြောင်း မေးသည်။ ဆရာတော်က မြန်မာပြည်မှလာကြောင်း ဖြေသည်။ သူမမှာ တိဘက်တန် ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း ပြောပြသည်။ ဆရာတော် ဘုရားကိုလည်း ဗုဒ္ဓဘာသာ ဘုန်းကြီးမှန်း သိသောကြောင့် လာရောက် အရိုအသေပေးခြင်း ဖြစ်သည်။ ဆရာတော်ဘုရားကို သူမက "အရဟံ"ဟု ခေါ်သည်။ ထို့နောက် သူမက လမ်းညွှန်စာရွက်များ၊ ကြော်ငြာ စာရွက်များ ပေး၍ ဘယ်နေရာ ဘယ်နေရာများကို သွားသင့်ကြောင်း ရှင်းလင်းပြောပြလိုက်သည်။

ကျွန်တော်တို့မှာ အချိန်သိပ်မရ၍ တချို့ သိပ် မထူးဆန်းသော နေရာများမှာတော့ သဘောလောက်သာ ကြည့်ခဲ့ကြသည်။ တေပပြတိုက်တွင် ကျောက်ဖြစ်ရုပ်ကြွင်း မျိုးစုံ၊ ဝေလငါး၊ ငါးမန်း၊ ဒိုင်နိုဆောနှင့် အခြား ခန္ဓာကိုယ်ကြီးမားသော သတ္တဝါများ၏ အရိုးစုများ၊ ခရုကျောက်ဖြစ်ရုပ်ကြွင်း၊ ကုန်းနေ ရေနေနှင့် ပျံသန်းနိုင် သော ငှက်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို စုံနေအောင် ပြသထားသည်။

http://www.dhammadownload.com



သူတို့နိုင်ငံတွင် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း တွေ့ရသောကြောင့် ယခင်က ဒိုင်နိုဆောများ ရှင်သန်နေထိုင်ခဲ့ဘူးကြောင်း၊ ဘယ်လိုနေရာများတွင် ကျက်စားကြကြောင်း မြေပုံဆွဲပြထားသည်။ အမျိုးအမည် မသိရသော၊ မျိုးသုဉ်းသွားပြီဖြစ်သော ငါးကြီးများ၏ အရိုးစုများကိုလည်း တခမ်းတနား ပြသထားသည်။ ခရုပုံ ကျောက်ဖြစ်ရုပ်ကြွင်းများ ပြသထားသော နေရာတွင် ကြီးမားသော ခရုခွံကြီးကို ပြသထားသည်။ ထို ခရုခွံကြီးမှာ ထမင်းစား စားပွဲဝိုင်းခန့် ကြီးမားသည်။ ရှားရှားပါးပါး ရှာဖွေတွေ့ရှိထားခြင်း ဖြစ်ပုံရပေသည်။ သရဲခန်း DOOM ROOM အတွင်းသို့ ဝင်ရောက်ကြသောအခါ သရဲခန်းထဲမှ အရုပ်များက ကြောက်စရာ အသံထုတ်လိုက် သွားဖြဲပြလိုက် လျှာထုတ်ပြလိုက်နှင့် တော်တော်ရယ်စရာကောင်းသည်။

ပြခန်းတခုအတွင်းတွင် ကမ္ဘာမြေကြီး အဆင့်ဆင့် ပြောင်းလဲလာပုံကို ဗွီဒီယိုပရိုဂျက်တာထိုး၍ ပြသထားသည်။ လုံးဝန်းသော ကမ္ဘာမြေကြီးပေါ်တွင် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၆၀ ခန့်က ကမ္ဘာမြေကြီးမှာ အားလုံးတဆက်တည်း ဖြစ်သည်။ ထိုမှ လေ၊ ရေ၊ ရာသီဥတု တို့၏ တိုက်စားမှု၊ ကြီးမားသော မီးတောင်ကြီးများ ပေါက်ကွဲ တုန်ခါမှု တို့ကြောင့် ကမ္ဘာမြေကြီးမှာ တဆက်တည်း မနေနိုင်တော့ပဲ တစ်ပိုင်း၊ နှစ်ပိုင်း၊ သုံးပိုင်း စသည်ဖြင့် ပြတ်ရွေ့များ

http://www.dhammadownload.com



ဖြစ်ပေါ်လာပြီး နောက်ဆုံး ယနေ့အချိန်အထိ ထိုပြတ်ရွှေ့များကြောင့် တိုက်ကြီးများ ဖြစ်ပေါ်လာပုံကို အဆင့်ဆင့်ပုံဖော်တင်ပြ ထားသည်။ လွန်ခဲ့သော နှစ် သန်းပေါင်း ၁၆၀ ခန့်မှ ယနေ့အချိန်အထိ ကမ္ဘာမြေကြီး၏ ပြောင်းလဲလာပုံကို စီစဉ်ပြသထားသည်မှာ အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

အခြားတခန်းတွင် မြေငလျင် လှုပ်ပုံကို ပြသထားသည်။ အပြင်မှ အမြင်နှင့် အတွင်းထဲသို့ဝင်၍ ခံစားနိုင်အောင်ပါ စီစဉ်ထားသည်။ အပြင်မှကြည့်လျှင် အဆောက်အအုံများ လှုပ်ခါနေပုံကို တွေ့နိုင်သည်။ မြင့်မားသော အဆောက်အအုံများကတော့ အဖျားပိုင်းသာ လှုပ်ရမ်းနေသည်ကို တွေ့ရသည်။

ထိုကဲ့သို့ မြင့်မားသော အဆောက်အအုံများ မြေငလျင်လှုပ်လျှင် ပြိုကျမသွားဘဲ အလိုက်သင့် လိုက်၍ လှုပ်ရှားနိုင်အောင် ဆောက်သော ဆောက်လုပ်ရေး နည်းပညာများ ယခုခေတ်တွင် ထွန်းကားနေပြီဖြစ်သည်။

မြေငလျင်လှုပ်ပုံကို လက်တွေ့ခံစား ကြည့်လိုလျှင်တော့ သူတို့ဆောက်ထားသော နမူနာပြ အဆောက်အအုံအတွင်းသို့ ဝင်ကြည့်ရသည်။ အဆောက်အအုံအတွင်းဝင်ပြီး ခဏအကြာတွင် မြေငလျှင်လှုပ်ခြင်းနှင့် ခံစားမှုတူအောင် အဆောက်အအုံကို လှုပ်ပြသည်။ အဆောက်အအုံ

http://www.dhammadownload.com



အတွင်းရှိ ရုပ်မြင်သံကြားစက်တလုံး၏ ဖန်သားပြင်ပေါ် မှာတော့ မြေလျှောင်လှုပ်သောကြောင့် ပရိဘောဂပစ္စည်းများ လဲပြိုသွားပုံ၊ ပြတင်းတံခါးများ ကွဲထွက်ကုန်ပုံတို့ကို ပြသထားသည်။

ကျွန်တော်တို့မှာ ထိုမျှသာ သေသေချာချာ ကြည့်ခဲ့ကြသည်။ အခြားနေရာများတွင်တော့ မြင်ဘူးတယ်ရှိအောင်၊ ကြည့်ဘူးတယ်ရှိအောင် အဖြစ်သဘောလောက်သာ ကြည့်ရှုလေ့လာခဲ့ကြသည်။ ပြတိုက်မှ အပြန်တွင် ဥယျာဉ်တခုသို့ ဝင်၍ နယူးဇီလန်နိုင်ငံကို ကိုယ်စားပြုသော ကီဝီငှက် အရှင်ကို ကြည့်ခဲ့ကြသေးသည်။ နေ့အခါတွင် ကီဝီငှက်ကို မြင်ရဖို့ရန် ခဲယဉ်းသဖြင့် တကူးတက သွားကြည့်ကြခြင်း ဖြစ်သည်။

ထိုနေ့ ဂျူလိုင်လ ၁၅ ရက်နေ့ ည ၇ နာရီ အချိန်တွင် နိုင်ငံခြားသားများအတွက် ဆရာတော်ဘုရားက တရားတပွဲဟောကြားချီးမြှင့်သည်။ မြန်မာပရိသတ် များလည်း လာရောက်၍ နာကြားကြသည်။

ဂျူလိုင်လ ၁၆ ရက်နေ့တွင် ဝယ်လင်တန်မှ အောက္ကလန်သို့ ဆရာတော်ဘုရားနှင့်အတူ ပြန်ခဲ့ကြသည်။

ဂျူလိုင်လ ၁၇ ရက်နေ့တွင်တော့ မိုးထိမျှော်စင်သို့ သွားရောက်၍ နေ့လယ်စာ စားကြသည်။ ကျွန်တော်တို့

http://www.dhammadownload.com



မျှော်စင်အောက်တွင် ရှိနေစဉ်က မိုးရွာနေသော်လည်း မျှော်စင်ပေါ်ရောက်သောအခါ မိုးရွာသည်ကို မတွေ့ရတော့ပေ သေသေချာချာ ကြည့်မိမှ မိုးတိမ်များသည် ကျွန်တော်တို့အောက်မှ ဖြတ်ပြေးနေပြီး ထိုမိုးတိမ်များမှ အောက်သို့ မိုးရွာချနေကြောင်း တွေ့ရသည်။ မိုးထိမျှော်စင် အကြောင်းကိုတော့ ရှေ့ပိုင်းတွင် အတန်အသင့် ဖော်ပြခဲ့ပြီးပါပြီ။ နေ့လယ်စာစားပြီး ခေတ္တအနားယူကာ ပြန်ဆင်းခဲ့ကြသည်။

ဂျူလိုင်လ ၁၇ ရက်နေ့ ညနေတွင် နယူးဇီလန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ခွါခဲ့ကြသည်။ ဂျူလိုင်လ ၁၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိခဲ့ပြီး ၁၈, ၁၉ , ၂၀ ရက်နေ့များတွင် ထိုင်းနိုင်ငံအတွင်း ကြည့်ရှုလေ့လာစရာရှိသည်တို့ကို သွားရောက်လည်ပတ် ကြည့်ရှုကြသည်။ ၁၉၉၉ ခုနှစ်၊ ဂျူလိုင်လ ၂၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ **TG** လေကြောင်းလိုင်းဖြင့် အမိမြန်မာနိုင်ငံသို့ ပြန်ခဲ့ကြသည်။

မြန်မာနိုင်ငံ မင်္ဂလာဒုံလေဆိပ်သို့ ညနေ ၇ နာရီအချိန်တွင် ပြန်ရောက်ကြသည်။

http://www.dhammadownload.com



## ကျေးဇူးတင်ပါသည်

ကျွန်တော် နိုင်ငံခြားတွင် ရောက်ရှိနေစဉ်အတွင်း အစစအရာရာ အဆင်ပြေစေရန် အထူးသဖြင့် ကူညီခဲ့ကြသော တောင်ကိုရီးယားနိုင်ငံမှ ဘုန်တော်ကြီး ဘိုချွန်း၊ မစ္စတာအိုး၊ မခေမာ တို့ကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံရောက် ကိုထွန်းထွန်းလတ်နှင့် ကိုစိုးနိုင်တို့ကိုလည်းကောင်း၊ ဂျပန်နိုင်ငံရောက် ဦးတင့်အောင်၊ ကိုခင်မောင်ဇော်၊ ကိုမြသွင်၊ ကိုသူရ၊ အန်တီနီနှင့် မထွေးထွေးဆိုင်တို့ကိုလည်းကောင်း၊ ဦးဝိမလ၊ မစ္စတာကီတာတာနီနှင့် မစ္စတာစူဇူကီးတို့ကိုလည်းကောင်း၊ နယူးဇီလန်နိုင်ငံမှ ကိုသင်အောင်ညွန့်–မလှစံသာမိသားစု၊ ကိုဖြူ(ကိုဒွေးဝင်း)– မလှရှမ်းဖြူမိသားစု၊ ဦးမျိုး–ဒေါ်ခင်ညိုဝင်း မိသားစု၊ ကိုကျော်ဇေယျ–မလှစိန်ဝေမိသားစုနှင့် အစစအရာရာ အဆင်ပြေစေရန် ကူညီခဲ့ကြသော အခြားအခြားသော မြန်မာများကို လည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

မောင်ဇော်လင်း